
ဓမ္မဘေရီစာစဉ်(၉)




ဓမ္မဘေရီအရှင်ဝိရိယ(တောင်ဗွန်း)

# ဘုန်းရယ်၊ ကံရယ်၊ ကုသိုလ်ရယ်

[ အနန္တမော်ကွန်းဝင် အစွမ်းအစများ ]



ဓမ္မာစရိ အရှင်ဝီရိယ



“ တစ်လောကလုံး ကျက်သရေရှိစေချင်တာ
စာရေးသူရဲ့ စေတနာပါ။
တစ်လောကလုံး ဖြစ်ဖို့ဆိုတာ
တစ်ယောက်ကပဲ စ ရတာဖြစ်လို့
တစ်ယောက်တလေ ကျက်သရေကိုသိပြီး
ကျက်သရေ ရှိသွားမယ်ဆိုရင်လည်း ကျေနပ်စရာပါ။
အဲဒီတစ်ယောက်ဟာ စာဖတ်သူကိုယ်တိုင်
ဖြစ်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့။ ။ ”

/ ဓမ္မဘေရီ အရှင်ဝီရိယ /



တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက အရှင်ဝီရိယအား
"နိကာယဓမ္မောတက ဒီယဘာဏက" ဘွဲ့လက်မှတ် ပေးအပ်စဉ် (၁၃၄၂ - ခု)

# ဝီရိယပုဂ္ဂိုလ်အကျဉ်း

၁။ ၁၃၀၇ ခုနှစ်တွင် နတ်မောက်မြို့နယ်၊ ဥယျာဉ်တောင်ရွာမှာ ဦးပု + ဒေါ်မင်းစိန်တို့က မွေးဖွားတယ်။

၂။ ၁၃၁၉ နှစ်မှာ ရှင်သာမဏေပြုပြီး၊ ၁၃၂၃ နှစ်မှာ အမရပူရ တူမောင်းတိုက်ကို ပညာသင်ရောက်ရှိ။

၃။ ၁၃၂၅ ခုနှစ်မှာ ပထမငယ်တန်း တစ်နိုင်ငံလုံး တတိယဖြင့် အောင်မြင်၊ ၁၃၂၆ ခုနှစ်မှစ၍
တူမောင်းတိုက်မှာ သာမဏေဘဝဖြင့် စာချ စာသင် နှစ်တာဝန်ကို ထမ်းဆောင်ခဲ့။

၄။ ၁၃၃၂ ခုနှစ်မှာ သာသနဓဇ ဓမ္မာစရိယဘွဲ့ အောင်မြင်ရရှိ။ ၁၃၄၂ ခုနှစ် တိပိဋကရွေးချယ်ရေး
စာမေးပွဲမှာ ပိဋကတစ်ပုံဆောင် ဒီယဘာဏက ဘွဲ့ ရရှိ။ ၁၃၄၃ ခုနှစ်မှာ " ဒီယနိကာယအဋ္ဌကထာ ဓမ္မာစရိယ"
ဘွဲ့ကို တစ်နိုင်ငံလုံး ဒုတိယဖြင့် အောင်မြင်ရရှိ။

၅။ ၁၃၄၂ နှစ်ကစပြီး အမရပူရမြို့ တူမောင်းတိုက်၊ တောင်ကြီးမြို့ - သိမ်တောင်ပရိယတ္တိတိုက်တို့မှာ
ပဋ္ဌာန်းညဝါကို နှစ်စဉ် တစ်နှစ် (၂)ကြိမ် ပို့ချခဲ့။

၆။ ၁၃၆ဂ နှစ်မှစပြီး မော်ဘီမြို့၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်မှာ
အဘိဓမ္မာ နေ့ဝါနှင့် ပဋ္ဌာန်းညဝါ ကို ယခုတိုင် ပို့ချဆဲ။

၇။ ၂၀၀၀ ခုနှစ်မှစပြီး စာရေးဆရာကြီး မောင်မဲ၊ ကံထွန်းသစ် နှင့် ရဝေနွယ်(အင်းမ)တို့ရဲ့
တိုက်တွန်းမှုအရ မြတ်သတိဝါဒီ၊ ဓမ္မရိပ်၊ ဓမ္မဗျူဟာ၊ အတွေးသစ်၊ အလင်းတန်း၊ ရွှေမန္တလေး တို့မှာ
မထေရ်မြတ်တို့ စကားဝိုင်းနှင့် ဓမ္မရေးရာ စာပေများ ရေးသားခဲ့ပြီး၊ အခါအားလျော်စွာ
တရားဓမ္မဟောကြားခြင်း၊ ယဉ်ကျေးလိမ္မာကလေးသင်တန်းများ ပို့ချခြင်း စတဲ့ လောကရေး၊ ဓမ္မရေး
အလုပ်များကို စွမ်းနိုင်သမျှ လုပ်ဆောင်နေပါတယ်။
လုံးချင်း စာအုပ်များအဖြစ် မထေရ်မြတ်တို့ စကားဝိုင်း၊ ကြောက်တတ်ရင်ရှေ့တိုး၊
လျှောက်တတ်ရင် လမ်း၊ စိန်ခေါ်ရင် တိမ်ပေါ်ရောက်ရမယ်၊ အောင်ပွဲဆင်မယ့် ခြေလမ်းများ၊
ဖောင်ဖျက်တိုက်ပွဲ၊ ရှင်ရာဟုလာရတဲ့ အမွေများ၊ တရားဦး၊ ယောကျာ်းမြတ်တို့ အမှတ်လက္ခဏာ၊
ဘုန်းရယ်ကံရယ်ကုသိုလ်ရယ် စတဲ့ စာအုပ်ကြီးငယ် (၁၇)အုပ်တို့ ထွက်ရှိပြီး ဖြစ်ပါတယ်။

# မာတိကာ


၁။ ဘုန်းရယ်၊ ကံရယ်၊ ကုသိုလ်ရယ် ၁
၂။ မေတ္တာတုထုတ်လုပ်မှု ပြဿနာ ၁၇
၃။ အနန္တကို မှန်းဆကြည့်ခြင်း (၁) ၂၅
၄။ အနန္တကို မှန်းဆကြည့်ခြင်း (၂) ၃၂
၅။ အနန္တကို မှန်းဆကြည့်ခြင်း (၃) ၄၀
၆။ အနန္တကို မှန်းဆကြည့်ခြင်း (၄) ၄၉
၇။ အနန္တကို မှန်းဆကြည့်ခြင်း (၅) ၅၈
၈။ အနန္တကို မှန်းဆကြည့်ခြင်း (၆) ၆၉
၉။ အနန္တကို မှန်းဆကြည့်ခြင်း (၇) ၇၈
၁၀။ သမုဒ္ဒရာမှာ ဘယ်သူမဆို ရေချိုးခွင့်ရှိတယ် ၈၆
၁၁။ အဆိပ်မိုးနဲ့ ပျိုးတဲ့သစ်ပင် ၉၄
၁၂။ အဆိပ်ဖြေမိုးနဲ့ မျိုးစေ့သစ် ၁၁၃
၁၃။ တပည့်ဆိုးလိမ္မာနဲ့ တပည့်ကောင်းမိုက် ၁၂၇
၁၄။ အစွမ်းနဲ့ အစ (၁) ၁၄၂
၁၅။ အစွမ်းနဲ့ အစ (၂) ၁၅၂
၁၆။ အစွမ်းနဲ့ အစ (၃) ၁၅၉
၁၇။ အစွမ်းနဲ့ အစ (၄) ၁၆၇
၁၈။ အစွမ်းနဲ့ အစ (၅) ၁၇၃
၁၉။ ကံစွမ်းနဲ့ ဉာဏ်စွမ်း ၁၇၈
၂၀။ အနန္တမော်ကွန်းဝင် ကုသိုလ်ရှင်များ ၁၈၆
၂၁။ လူရည်သန့် ၁၉၃

# "ဓမ္မဘောရီ စာစဉ်နှင့်စပ်လျဉ်း၍"

ဓမ္မဘောရီစာစဉ်အတွက် ကုသိုလ်ရှင်များက လှူဒါန်းထားကြတာရှိပါတယ်၊ အရင်စာအုပ်များတုန်းက စာအုပ်ကသေးတော့ စာသားအပါနည်းမှာကိုင်ပြီး ကုသိုလ်ရှင်များကို ဖော်မပြခဲ့ရဘူး။

ဒီတစ်အုပ်မှာတော့ စာအုပ်ဆိုက် နည်းနည်းကြီးတဲ့ အတွက် ကုသိုလ်ရှင်များကို ထည့်သွင်းဖော်ပြမယ်လို့ စိတ်ကူးထားပေမယ့် နာဂစ်ဝင်မွှေလို့ မိမိတို့နေတဲ့ကျောင်း အဆောင်ဟောင်းကြီးတစ်ခုလုံး အမိုးတွေ လန်ကုန်တာကြောင့် ပစ္စည်းတွေကို မိမိနေတဲ့ အဆောင်သစ်ကလေးထဲမှာ ရွှေ့ပြောင်းပြီး ဖြစ်သလိုစုပုံထားကြရာက အားလုံးရောကုန်တော့ ကုသိုလ်ရှင်အမည်ပါတဲ့ စာအိပ်ကလေးတွေ စုပေါင်းထည့်ထားတဲ့ စာဖိုင်အိပ်ကို အချိန်မီရှာမရလို့ ဖော်မပြနိုင်ပြန်ပါဘူး။

ဒီအချက်ကိုမဖြည့်စွမ်းနိုင်သော်လည်း တချို့ပုဂ္ဂိုလ်များ တောင်းဆိုထားတဲ့ ဓာတ်ပုံကိုတော့ထည့်သွင်း ဖော်ပြပေးလိုက်ပါတယ်။

ဓမ္မဒါနကုသိုလ်ရှင်များ၊ စာဖတ်ပရိသတ်, တရားနာပရိသတ် ဓမ္မမိတ်ဆွေများနှင့်တကွ သာသနာတော်နှင့် ကြုံကြိုက်ခွင့်ရကြသူ အားလုံးတို့ ....

တရားအသိများ တိုးတက်လေ့လာ ပွားများနိုင်ကြပါစေသော် ... ။ ။



ဓမ္မဘောရီ အရှင်ဝီရိယ

# ဘုန်းရယ် ကံရယ် ကုသိုလ်ရယ်

## ဂျပန်လူငယ်တစ်ယောက်နဲ့ အမေးအဖြေ

၂၀၀၈ ခုနှစ် မတ်လ ၂၇ ရက်နေ့က သူ့ကိုယ်သူ မြန်မာလိုတော့ ထွန်းမင်းလတ်လို့ အမည်ခံယူထားပါတယ်၊ ဂျပန်အမည်ကတော့ (Ryosuke Kuramoto) လို့ ခေါ်ပါတယ်လို့ မိတ်ဆက်လာတဲ့ အသက်နှစ်ဆယ်ခန့်အရွယ် ဂျပန်လူငယ်လေးတစ်ဦးရယ်၊ သူ့ကို ဂိုက်လိုင်းပေးနေတဲ့ မြန်မာဆရာမလေးတစ်ဦးရယ်၊ မိမိနဲ့ရင်းနှီး ပြီးဖြစ်တဲ့ လှည်းတန်းရပ်က ဘာသာရေး၊ လူမှုရေးဝါသနာရှင် ဒကာ နှစ်ဦးရယ် ကျောင်းကို ရောက်လာကြပါတယ်။

ဂျပန်လူငယ်လေးက တိုကျိုတက္ကသိုလ်မှာ Ph.D ဘွဲ့တစ်ခု ရရှိပြီးသား။ နောက်ထပ် Ph.D တစ်ခုအတွက် 'ဗုဒ္ဓဘာသာကို လေ့လာချက်' ဆိုတဲ့ အကြောင်းအရာနဲ့ Thesis တင်ရမှာဖြစ်လို့ မြန်မာပြည်ကို လာရောက်လေ့လာနေတာပါတဲ့။ မြန်မာစာကို တိုကျို တက္ကသိုလ်မှာလည်း သင်ယူခဲ့ဖူးပြီး အခု ဒီမှာ ဆက်လက်လေ့လာ သင်ယူရင်း ဗုဒ္ဓဘာသာကို လေ့လာနေတာပါတဲ့။ ဘာဝနာကုသိုလ် ဖြစ်တဲ့ သမထနဲ့ ဝိပဿနာတို့နဲ့ ပတ်သက်လို့တော့ လွန်ခဲ့တဲ့

ခြောက်လလောက်က တိုကျိုတက္ကသိုလ်မှာ စာတမ်းတစ်ခု ဖတ်ကြားပြီးသွားပြီ။ အခု ဆက်လက် လေ့လာနေတာက ဒါနနဲ့ သီလကုသိုလ်အကြောင်းပါတဲ့။ ဒီအချက်အလက်တွေ ပြည့်စုံတော့မှ သူ့ Thesis ကို ရေးမှာလို့ ရှင်းပြပါတယ်။

မြန်မာစကား တော်တော်လေး ပြောတတ်နေပါပြီ။ မိမိကို မေးတော့လည်း မြန်မာစကားနဲ့ပဲ ခပ်ဖြည်းဖြည်းမေးတာပါ။ မေးခဲ့ဖြေခဲ့ပုံကတော့...

**ဂျပန်လူငယ်**။ ။ ဗုဒ္ဓဘာသာအရ ကုသိုလ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ။ ဘာသာရေးစာစောင်ထဲမှာ ဖတ်မိသလောက်က အဓိပ္ပာယ်တစ်ခုနဲ့ တစ်ခု ကွဲလွဲနေသလို ဖြစ်နေတယ်။ အဲဒါ ရှင်းပြပေးပါဘုရား။ (အဆုံးမှာ 'ဘုရား' လို့ ထည့်လျှောက်တတ်ပါတယ်။ နေတော့လည်း ကျုံ့ကျုံ့၊ မေးတော့လည်း လက်အုပ်ချီလို့ပါ)

**မိမိ**။ ။ ကုသိုလ်ဆိုတဲ့ စကားလုံးကတော့ ပါဠိစကားကို တိုက်ရိုက်မြန်မာမှုပြုပြီး ခေါ်တာပါ။ အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း ဆိုတဲ့ ဂုဏ်အင်လက္ခဏာနှစ်ခုနဲ့ ပြည့်စုံတဲ့အလုပ်လို့ အဓိပ္ပာယ်ရပါတယ်။

**ဂျပန်လူငယ်**။ ။ ဘယ်လို အပြစ်ကင်းပြီး ဘယ်လို ကောင်းကျိုးရတယ်ဆိုတာ နည်းနည်းရှင်းပြပေးပါဦးဘုရား။

**မိမိ**။ ။ ဘယ်နိုင်ငံမှာမဆို သူ့နိုင်ငံဥပဒေနဲ့ သူ့လူမျိုး၊ သူ့ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ ယဉ်ကျေးမှုတွေကို မထိပါးစေဘဲ 'ကောင်းရောင်းကောင်းဝယ်' ဆိုတဲ့ စိုက်ပျိုး၊ မွေးမြူ၊ ရောင်းဝယ်မှုအလုပ်တွေကို လုပ်တဲ့အခါ ဒီအလုပ်ဟာ ဘယ်လိုစည်းကမ်းဥပဒေနဲ့မှ အပြစ်ပြောစရာလည်း မရှိဘူး။ ထိုက်တန်တဲ့ အကျိုးစီးပွားကိုလည်း ရနိုင်တယ် မဟုတ်လား။ (လူငယ်က ခေါင်းညိတ်ပြီး လက်ခံပါတယ်။)

အဲဒီလိုပဲ ဗုဒ္ဓဘာသာအရလည်း သူတစ်ပါးကို ပေးကမ်းတဲ့အလုပ်၊ သူ့အသက်ကို သတ်ခြင်း စသည်က ရှောင်ကြဉ်တဲ့ အလုပ်တွေဟာ ဒုစရိုက်လို့ခေါ်တဲ့ မကောင်းမှုအပြစ်မျိုးကလည်း ကင်းလွတ်တယ်၊ ကိုယ်လုပ်တဲ့ ကုသိုလ်နဲ့ ထိုက်တန်တဲ့ ကောင်းကျိုးလည်း ရတယ်လို့ ဆိုလိုတာပါ။

**ဂျပန်လူငယ်**။ ။ စာထဲမှာ ဖတ်ရဖူးတယ်။ သူဌေးကြီးတစ်ယောက်က လာသမျှလူတွေကို နေ့တိုင်းနေ့တိုင်း ဘာမဆို လိုသမျှ ပေးလှူနေတယ်တဲ့။ ဒါဟာ တစ်နေ့တလေလည်း မဟုတ်ဘူး။ နေ့တိုင်းပဲဆိုတော့ အဲဒီအရပ်က လူတွေဟာ ဘာအလုပ်မှမလုပ်ဘဲ အချိန်တန်ရင် သူဌေးကြီးဆီ သွားတောင်းနေကြမှာပေါ့။ ဒါဆို အဲဒီအရပ်က လူတွေဟာ အလုပ်မလုပ်ကြတဲ့ လူပျင်းလူညံ့တွေ ဖြစ်မကုန်ဘူးလား။ အဲဒီလို ဖြစ်သွားတယ်ဆိုရင် ပေးလှူတဲ့လူမှာ အပြစ်မဖြစ်ဘူးလား။

**မိမိ**။ ။ မင်းက လမ်းမှာ အစာငတ်ပြတ်ပြီး လဲနေတဲ့ ခွေးတစ်ကောင်ကို တွေ့ပါပြီတဲ့။ ခွေးကို သနားတဲ့အတွက် ပါလာတဲ့ စားစရာတစ်ခုခုကို ကျွေးလိုက်တယ်။ အဲဒီခွေးက ရှင်သန်လာတဲ့အခါ တခြားတိရစ္ဆာန်တို့ လူတို့ကို ကိုက်တယ် ဆိုပါစို့ကွာ။ အဲလိုဆိုရင် ဒီခွေးကိုက်တာ မင်းရဲ့အပြစ်ပဲလို့ စွပ်စွဲနိုင်မလား။ မင်းကိုယ်တိုင်ကကော ဘယ်လို ခံယူမလဲ။

**လူငယ်**။ ။ ဒါက ဘာမှမဆိုင်ပါဘူး။ တပည့်တော်က သူ့ကို မသေအောင်လို့သာ အစာကျွေးတာပဲ။ သူ့ဘာသာသူ ဟိုကိုက် ဒီကိုက် လုပ်တာတော့ သူ့အပြစ်ပါ။ ဒီလိုပဲ ခံယူပါတယ်။

**မိမိ**။ ။ အေး... အဲဒီလိုပဲပေါ့ကွ။ မင်းဖတ်ဖူးတဲ့အထဲက သူဌေးကြီးကလည်း လူတွေကို လူပျင်း လူညံ့တွေဖြစ်စေလိုတဲ့ ရည်ရွယ်ချက်မှ မရှိဘဲ။ လိုအပ်သူတွေကို ရစေလိုတဲ့ ရည်ရွယ်ချက်ပဲ ရှိတာ။

အဲဒါကို စေတနာလို့ခေါ်တယ်။ ကုသိုလ်ကောင်းမှုဆိုတာ အဲဒါပဲကွ။ ပြုလုပ်ဆဲ ကာလမှာထားရှိတဲ့ စေတနာဟာ သူ့ကံပဲ။ ကံကောင်း ကံဆိုးဆိုတာလည်း အဲဒီရည်ရွယ်ရင်း စေတနာကိုပဲ ခေါ်တာ။ မင်း ခုနပြောသလို လူတွေဟာ အလုပ်မလုပ်ကြတော့ဘဲ လူပျင်းလူညံ့ တွေ ဖြစ်ကုန်နိုင်တယ်ဆိုတာ မှန်ပါတယ်။ ညံ့တဲ့လူတွေ စိတ်ဓာတ် နိမ့်ကျသူတွေဟာ သူများဆီမှာ လက်ဖြန့်တောင်းခံရတာကိုလည်း ဝန်မလေးဘူး။ တောင်းသမျှ ရနေပြီဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် ကံကောင်းတယ်လို့ချည်း မှတ်နေကြ တယ်။ ကဲ... မင်းကို မေး မယ်။ လောကမှာ တောင်းတိုင်း ရနေသူနဲ့ တောင်းသမျှ ပေးနိုင်သူ ဘယ်သူက အဆင့်မြင့်သလဲ။ မင်းကိုယ်တိုင် ဆိုရင်ကော တောင်းတိုင်း ရနေသူ ဖြစ်ချင်သလား။ တောင်းခံလာသူ၊ လိုအပ်နေသူတွေကို ပေးကမ်းကူညီနိုင်သူ ဖြစ်ချင်သလား။

**လူငယ်။** ။ အား... သဘောပေါက်ပြီ။ သိပ်ကို သဘာဝကျတယ်။ ပေးကမ်းကူညီနိုင်တဲ့လူပဲ ဖြစ်ချင်တာပေါ့။ အဲဒီလိုဖြစ်အောင်ကို ကြိုးစားရမှာ။

**မိမိ။** ။ အေး... ဒါပဲကွ၊ စိတ်ဓာတ်မြင့်မားရင် တောင်းတိုင်း ပေး မယ့်လူ ရှိနေရုံနဲ့ လူပျင်းလူညံ့တွေ မဖြစ်ပါဘူး။ မင်းတို့ ဂျပန်နိုင်ငံ မှာတော့ ဒီစနစ်ရှိသလား မသိဘူး။ အမေရိကန်တို့၊ ဩစတြေးလျ တို့မှာတော့ နိုင်ငံသားဖြစ်ပြီး အလုပ်အကိုင်မရှိသူတွေကို အစိုးရက အထောက်အပံ့ပေးသတဲ့။ အဲဒီမှာ ဒီလိုအထောက်အပံ့ ခံယူတယ် ဆိုတာ တကယ်မစွမ်း နိုင်တဲ့ သက်ကြီးရွယ်အိုတွေနဲ့ စိတ်ထားနိမ့်ကျ တဲ့ပျင်းတွေ၊ ဆေးသမားတွေလောက်ပဲ ရှိမှာပါ။ ကျန်တဲ့လူငယ် တွေက ပေးသမျှကို လက်ဖြန့်ခံမနေကြဘူး။ သူ့ထက်ငါ အပြိုင် အဆိုင် ကြိုးစားနေကြတာပါပဲ။ အဲဒါကြောင့်လည်း သူတို့နိုင်ငံသားတွေ

လူပျင်း၊ လူညံ့တွေမဖြစ်ဘဲ လူတော် လူကျော်တွေ အများကြီး ရှိလာတယ် မဟုတ်လား။ အဲဒါပဲကွ။ စောစောကပြောတဲ့ သူဌေးကြီးက အဆင့်အတန်းမြင့်မားတာ၊ အလုပ်မလုပ်ဘဲ ပေးသမျှနဲ့ ကျေနပ်နေကြတဲ့ ငပျင်းတွေက စိတ်ဓာတ်နိမ့်ကျလို့ နေမှာပေါ့ကွာ။ ပေးသူမှာ အပြစ်မရှိပါဘူး။

**လူငယ်**။ ။ ဒါဆိုရင် အရက်တွေ ဘာတွေလည်း ပေးတယ် ဆိုတာကကော။ ဟို... စကြမင်းကြီး ဆိုတာလေ။

**မိမိ**။ ။ ခုနက ပြောသလိုပါပဲကွ။ အဲဒီ စကြမင်းကြီးဆိုတာကလည်း လောကမှာ လူတွေသုံးစွဲတတ်တဲ့ ပစ္စည်းမှန်သမျှ ဘာမဆို အလှူလာခံခဲ့ရင် 'မရှိ' ဆိုတဲ့ စကားတစ်ခွန်းမှ မပြောလိုဘူး။ အားလုံးရှိအောင် စီရင်ပြီး တောင်းလာသမျှကို ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပေးတာ။ သူ့စေတနာက 'လိုတာမှန်သမျှ ရပါစေ' လို့ပဲ ရည်ရွယ်တာ။ လူတွေ 'မူးယစ်သောက်စားပါစေ' လို့ ရည်ရွယ်တာမှ မဟုတ်ဘဲ။ သောက်သူမှာသာ အပြစ်ဖြစ်တယ်လို့ပဲ ဆိုရမှာပေါ့။ လိုက်ပြီး အရက်တိုက်နေတာ မဟုတ်ဘူး။ လာတောင်းလို့သာ လှူရတာလေ။

**လူငယ်**။ ။ သဘောပေါက်ပါပြီ။ ကုသိုလ်ပြုတယ်၊ ကုသိုလ်ရတယ်၊ ကောင်းကျိုးရတယ်ဆိုတာကကော အတူတူပဲလား။ ဘယ်လိုထူးသလဲ ဆိုတာ ရှင်းပြပါဦး။

**မိမိ**။ ။ ကုသိုလ်ပြုတယ် ဆိုတာက သူတစ်ပါးကို ကောင်းစေလိုတဲ့ စိတ်ကောင်းစေတနာကောင်းထားပြီးတော့ ကိုယ်ပိုင်တဲ့ ပစ္စည်းဉစ္စာကို သူတစ်ပါးကို ပေးတာက ဒါနကုသိုလ်ပြုတာပေါ့။ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း စတဲ့ သူတစ်ပါး ထိခိုက်နစ်နာစေတဲ့ အလုပ်မျိုးတွေက ရှောင်ကြဉ်တာက သီလကုသိုလ်ပြုတာပေါ့။ တရားထိုင်တယ်လို့ ပြောပြောနေကြတဲ့ တရားအားထုတ်တာမျိုးကျတော့ ကိုယ်စိတ်ဖြစ်စဉ်တွေထဲမှာ လောဘတွေ၊ ဒေါသတွေ၊

မာန်မာန စတဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေ ဝင်မလာရအောင် စိတ်ကို အာရုံတစ်ခုခုအပေါ်မှာ ကပ်ရောက် သတိနဲ့ အမြဲယှဉ်ပြီး ထားနေတာပေါ့။ ဒီနေရာ မှာ 'တရားထိုင်တယ်' ဆိုတာကတော့ အများလုပ်လေ့လုပ်ထ ရှိတာကို အစွဲပြုပြီး ပြောနေတာပါ။ အမှန်ကတော့ ဘာပဲလုပ်လုပ် ဘယ်လိုပဲ နေနေ စိတ်ဓာတ်ဆိုး၊ စိတ်ဓာတ်ရိုင်း၊ စိတ်ဓာတ်မှားတွေ ဝင်မလာအောင် အမြဲသတိထားနေရတဲ့ သဘောပါပဲ။ မတရားမှုတွေ၊ မတရားတဲ့ စိတ်ဓာတ်တွေ ကင်းပြီး တရားမျှတမှုတွေ၊ တရားမျှတတဲ့ စိတ်ဓာတ်ကောင်းတွေ ဖြစ်နေအောင် သတိထားရတာပါ။ ဒီလိုနေတာကိုတော့ တရားတဲ့စိတ်ဓာတ်ကောင်းတွေကို တိုးပွားစေတဲ့ အလုပ်ဖြစ်လို့ ဘာဝနာကုသိုလ်လို့ ခေါ်တာပါ။ အဲဒါက ကုသိုလ်ပြုတာ။

ကုသိုလ်ဖြစ်တယ် ဆိုတာကတော့ အဲဒီလို ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ ဘာဝနာကုသိုလ်တွေကိုပြုနေတဲ့ အချိန်ကလေးတွေမှာကော အဲဒီလုပ်ရပ်တွေကို ပြန်ပြီးတွေးတော စဉ်းစားတဲ့အခါမှာပါ ကိုယ့်စိတ်ထဲမှာ ကြည်နူးဝမ်းသာစရာ စိတ်ဓာတ်ကောင်းကလေးတွေ ဖြစ်ပေါ်နေတာကိုပဲ။ အဲဒီစိတ်ဓာတ်ထဲမှာ စေတနာကောင်းကလေးတွေ မပြတ်ပါနေလို့ 'ကုသိုလ်ရတယ်' လို့ ခေါ်တယ်။ ကိုယ်ပြုလုပ်တဲ့ ကောင်းတဲ့အလုပ်တစ်ခု ဖြစ်မြောက်အောင်မြင်သွားတဲ့ သဘောပါ။ 'ကမ္မပထ' မြောက်တယ်လို့ ခေါ်ပါတယ်။ ကိုယ်စိုက်ပျိုးတဲ့အပင်တစ်ခုခုက ပွင့်သီးပြီး မျိုးစေ့အောင်မြင်သွားတာကို မျိုးစေ့အရင်းအနှီး ရတယ်လို့ ဆိုကြသလို ကုသိုလ်မျိုးစေ့ အောင်အောင်မြင်မြင် ရရှိသွားပြီလို့ ဆိုလိုတာပါ။

ဂျပန်လူငယ်နဲ့ အမေးအဖြေလုပ်ခဲ့ရတာ နေ့ခင်း နှစ်နာရီခွဲက စလိုက်တာ ညနေငါးနာရီခွဲအထိ ကြာပါတယ်။ သူမေးတဲ့ အချက်အလက်တွေဟာ ဗုဒ္ဓဘာသာ လုပ်သက်ရင့်ကြီးတွေ ဖြစ်ကြတဲ့

မြန်မာများကိုယ်တိုင် သိသလိုလိုနဲ့ မကွဲမပြား ဝိုးတဝါးဖြစ်နေတဲ့ အချက်တွေ အတော်လေးပါနေတယ်ထင်လို့ အခုလို ပြန်ရေးပြလိုက်ရတာပါ။

ပြီးတော့ သတိထားမိတာ တစ်ခုက ဗုဒ္ဓဘာသာ မြန်မာများ ကိုယ်တိုင် အခုမေးတဲ့ အချက်တွေအပေါ်မှာ ဝိုးတိုးဝါးတား ဖြစ်နေတတ်ကြပေမယ့် ဒီလို အမှန်တကယ်လိုအပ်တဲ့ မေးခွန်းမျိုးကို မေးတဲ့ မြန်မာများနဲ့ မတွေ့ရဖူးသေးပါဘူး။ မိမိထံ လာရောက်မေးမြန်းကြတဲ့ ပုဂ္ဂိုလ်တော်တော်များများက 'သီလ မစင်ကြယ်သေးပေမယ့် တရားအားထုတ်ရင် မရနိုင်ဘူးလား။ တရားကို မထိုင်နိုင်ပေမယ့် သိထားတယ်ဆိုရင်ကော မပြီးဘူးလား။ ငရဲက ဘယ်မှာရှိသလဲ၊ နတ်ပြည်က ဘယ်လိုတည်နေသလဲ၊ ကုသိုလ်လုပ်ရင် ကောင်းကျိုးရတယ် ဆိုပေမယ့် မဟုတ်မတရားလုပ်ပြီး ကြီးပွားနေသူတွေကျတော့ ဘယ်လိုပြောမလဲ' စတဲ့ မရေမရာမေးခွန်းတွေ များပါတယ်။

မိမိစိတ်ထဲမှာ ခံစားမိတဲ့အတိုင်း မှတ်ချက်ချရမယ် ဆိုရင်တော့ မြန်မာတော်တော်များများရဲ့ မေးခွန်းတွေက 'ဈေးထဲလျှောက်ပြီး မဝယ်ချင်ဘဲနဲ့ ဈေးဆစ်နေကြသူတွေနဲ့ တူနေတယ်။ သူတို့မေးတာတွေဟာ ဈေးဝယ်ဖို့ထက် ဈေးဖျက်ဖို့ ရည်ရွယ်နေကြသလိုပဲ။ ဂျပန်လူငယ်လေး မေးမြန်းချက်တွေကတော့ အမှန်တကယ် ဝယ်ချင်လို့ ဈေးမှန်ကို သိရအောင် စုံစမ်းလေ့လာ မေးမြန်းနေတာမျိုး' လို့ ခံစားမိပါတယ်။ ဒါကြောင့်လည်း သူ့မေးခွန်းကလေးတွေကို တတ်နိုင်သမျှ သူနားလည်နိုင်အောင် ဥပမာလေးတွေ၊ ပြန်လှန်မေးခွန်းကလေးတွေနဲ့ ဖြေခဲ့ပါတယ်။ အခု နောက်ထပ်ကျန်သေးတဲ့ မေးခွန်းကလေးတွေကို ဆက်လက်တင်ပြပါဦးမယ်။

**ဂျပန်လူငယ်**။ ။ ကုသိုလ်ပြုတာရယ်၊ ကုသိုလ်ရတာရယ်ကို

သဘောပေါက်ပါပြီ။ ကောင်းကျိုးရတယ် ဆိုတာကကော ဘယ်လို ရတာလဲ။

**မိမိ။** ။ စီးပွားရှာတဲ့အခါမှာလိုပေါ့ကွာ။ ကောင်းရောင်းကောင်းဝယ်နဲ့ ရောင်းဝယ်စိုက်ပျိုး မွေးမြူလုပ်ကြတဲ့အခါမှာ ကိုယ်စိုက်ထုတ်နိုင်တဲ့အရင်းအနှီးရယ်၊ ကိုယ်စွမ်း ဉာဏ်စွမ်းရယ်၊ ကြိုးစားအားထုတ်မှုရယ် ပေါင်းဆုံမိတဲ့အခါမှာ ထိုက်သင့်တဲ့အကျိုးအမြတ် ရရှိတယ်မို့လား။ အဲဒီလိုပဲ မြတ်ဗုဒ္ဓရဲ့အဆုံးအမအရ 'ကောင်းကျိုးချမ်းသာ ရရှိတာဟာ' ကုသိုလ်ကံ အရင်းအနှီးရယ်၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ လုံ့လစွမ်းတို့ရယ် ပေါင်းဆုံမိလို့ ကောင်းကျိုးရတယ်လို့ ယုံကြည်ခံယူပါတယ်။ ဒီနေရာမှာ မေးစရာတစ်ခုတော့ ရှိတာပေါ့။ 'အခုကောင်းကျိုးရနေတာဟာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းနဲ့ လုံ့လစွမ်းတို့ကြောင့်ပဲ မဟုတ်လား။ ကံစွမ်းက ဘယ်မှာပါလို့လဲ' ဆိုတာပေါ့။ အခု ပစ္စုပ္ပန်မှာ အလုပ်တူ၊ နေရာတူ၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ လုံ့လစွမ်းရယ် တူညီကြပေမယ့် အကျိုးအမြတ် ရရှိတာချင်းကျတော့ မတူကြပါဘူး။ တချို့က အဆင်ပြေတယ်။ တချို့က အဆင်မပြေဘူး။ အဲဒါဟာ အတိတ်ကံမျိုးစေ့ချင်း ကွာခြားလို့ပဲလို့ ဗုဒ္ဓဘာသာအရ လက်ခံယုံကြည်ပါတယ်။

ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေထဲက တချို့ 'ကောင်းကျိုးနဲ့ ဆိုးပြစ်ကို တန်ခိုးရှင်များရဲ့အလိုကျအတိုင်းသာ စံကြ ခံကြရတယ်' လို့ ယုံကြည်လက်ခံထားကြသူတွေ ကိုယ်တိုင်လည်းပဲ အလုပ်အကိုင် အဆင်ပြေ ချောမွေ့တယ်ဆိုတဲ့အခါမျိုးမှာ 'ကံကောင်းတယ်' ဆိုတဲ့ သဘောမျိုးကို ပြောဆိုကြတာ တွေ့ရပါတယ်။ တန်ခိုးရှင် ကျေနပ်လို့ မစတယ်ဆိုတဲ့ သဘောမျိုး မပြောဆိုကြပါဘူး။ ဘာသာစကားအရ ကွဲပြားပေမယ့် အဓိပ္ပာယ်အရတော့ ကံကောင်းတယ်လို့သာ ခံယူသုံးစွဲတယ် ထင်ပါတယ်။

အကုသိုလ်အရာမှာလည်း ဒီသဘောအတိုင်းပါပဲ။ စည်းကမ်း ဥပဒေ ချိုးဖောက်တယ်၊ ဥပဒေနဲ့မကင်းတဲ့ အလုပ်အကိုင်၊ အရောင်း အဝယ်မျိုး ပြုလုပ်တယ်ဆိုရင် သူကျူးလွန်တဲ့အပြစ်နဲ့ ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ခံကြရသလိုပဲ။ အလုပ်အကိုင် အဆင်မပြေမှု၊ ဆင်းရဲ ဒုက္ခကြုံတွေ့ရမှုတွေဟာ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံတွေ အကျိုးပေး ချိန်ရောက်လို့ ကြုံတွေ့ရတယ်။ အကုသိုလ်ကံ အကျိုးပေးတယ်လို့ ယုံကြည်ခံယူပါတယ်။ 'ဒီလူ တော်တော်ကံဆိုးတယ်' ဆိုတဲ့ စကား ဟာ အဲဒီအဓိပ္ပာယ်ကို ဖော်ပြနေတာပါ။ 'သူပြုခဲ့တဲ့ အကုသိုလ် (ကံဆိုး) အကျိုးပေးချိန်နဲ့ ကြုံတွေ့ရပြီ' လို့ ဆိုလိုတာပါပဲ။

**လူငယ်**။ ။ တချို့ကျတော့ ကိုယ့်စိတ်က မပါဘဲ အတင်းအကျပ် တိုက်တွန်းလို့ ဒါမှမဟုတ် အမိန့်နဲ့ ခိုင်းစေလို့ ကိုယ့်ပစ္စည်းကို သူများပေးလှူတာမျိုးလည်း ရှိပါတယ်။ အဲဒါဟာ ကောင်းတဲ့အလုပ် ကို လုပ်တာပဲ မဟုတ်လား။ ဒါဆို ကုသိုလ်ဖြစ်ပါသလား။

**မိမိ**။ ။ အေး... ဒီမေးခွန်းကလည်း မေးသင့်ပါတယ်။ စောစောက ပြောခဲ့တဲ့အထဲမှာ 'ကုသိုလ်ရတယ်' ဆိုတဲ့အချက်က ကိုယ်ပြုတဲ့ ကုသိုလ် ဆိုတာကိုက ကုသိုလ်ဖြစ်မှ ကုသိုလ်ရတာ။ ကုသိုလ်ဖြစ် မဖြစ်ဆိုတာနဲ့ ပတ်သက်လို့ တိုင်းတာရမယ့် 'စံ' တွေ ပိဋကတ်တော် တွေမှာ အပြည့်အစုံရှိပါတယ်။

ပထမဆုံး 'စံ' ကတော့

၁။ ဘယ = ကြောက်ရွံ့လို့ ပေးရတာမျိုး။

၂။ လောဘ = ကိုယ့်အတွက် တစ်စုံတစ်ရာ ပြန်ရနိုင်မယ် ဆိုတဲ့ မျှော်လင့်တောင့်တချက်နဲ့ ပေးတာ မျိုး။

၃။ ကုလစာရ = ရိုးရာဓလေ့အရ ပေးရမယ်ဆိုလို့ ပေးတာမျိုး။

၄။ မိစ္ဆာဒိဋ္ဌိ = မပေးသင့်တဲ့ နေရာမျိုး။
ဥပမာ လူမိုက်အားပေးလို ဖြစ်မယ့်နေရာမျိုးမှာ ပေးလိုက်တာမျိုး။

၅။ မောဟ = ဘာမှန်းမသိဘဲ အမှတ်တမဲ့ပေးတာမျိုး။
ဒီပေးခြင်းငါးမျိုးဆိုရင်လည်း ကုသိုလ်မဖြစ်ဘူး။

နောက်ထပ် စံတစ်ခုက ကုသိုလ်ကောင်းမှုမှာ မပြုလုပ်မီရယ်၊ ပြုလုပ်ဆဲရယ်၊ ပြုလုပ်ပြီးတဲ့အခါမှာရယ်၊ ဒီကာလသုံးပါးလုံးမှာ ကြည်နူးဝမ်းသာ ဖြစ်ရတယ်ဆိုရင် ဒါဟာ ပထမတန်းစားကုသိုလ်မျိုးဖြစ်တယ်။ ကာလနှစ်ပါးမှာသာ ကြည်နူးဝမ်းမြောက်နိုင်ရင် ဒုတိယတန်းစားကုသိုလ်မျိုး ဖြစ်တယ်။ ကာလတစ်ပါးမှာသာ ဝမ်းမြောက်ရင် တတိယတန်းစား ကုသိုလ်မျိုးလို့ သတ်မှတ်နိုင်ပါတယ်။ ဘယ်ကာလမှာမှ ကြည်နူးဝမ်းမြောက်မှု မဖြစ်ဘူးဆိုရင် ပေးရပေမယ့် ကုသိုလ်မဖြစ်ပါဘူး။ ဒါကို စေတနာသုံးတန်လို့ ခေါ်ပါတယ်။ စေတနာသုံးတန်လုံး ပြဋ္ဌာန်းမှ ကုသိုလ် ပီပီပြင်ပြင်ဖြစ်တယ်ဆိုတာ ဒီကာလသုံးပါးလုံးမှာ စိတ်စေတနာ ထက်ထက်သန်သန် ကြည်နူးဝမ်းသာဖြစ်ပြီး ပေးလှူရမယ်လို့ ဆိုလိုတာပါပဲ။ ဒီကာလသုံးပါးထဲမှာလည်း အရေးအကြီးဆုံးက ပြုလုပ်ဆဲကာလ ဖြစ်ပါတယ်။

ပြီးတော့ စစ်မှန်တဲ့ကုသိုလ် (ဒါန) တစ်ခုကို တိုင်းတာရာမှာ

၁။ အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ သူတို့ ချမ်းသာစွာ သုံးနိုင်ပါစေဆိုတဲ့ မေတ္တာစိတ်နဲ့ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်တို့ရဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ်ကို ပူဇော်လိုတဲ့ စိတ်ထားဖြစ်စေ၊ ဒီရည်ရွယ်ချက်နှစ်မျိုးသာ ထားရမယ်။

၂။ မိမိလှူဒါန်းတဲ့ ပစ္စည်းဥစ္စာကလည်း တရားသဖြင့် ရှာဖွေရရှိထားတဲ့ ကိုယ်ပိုင်စစ်စစ် ဖြစ်ရမယ်။

၃။ ကိုယ့်အတွက် ဘယ်လိုတောင့်တချက်မှ မထားဘဲ လွတ်လွတ်စွန့်ကြဲပေးလှူတာမျိုး ဖြစ်ရမယ်လို့ ဆိုပါတယ်။
(သီ–ဋ္ဌ–ကူဋဒန္တသုတ်)

('လောကဂုဏ်သိန်၊ စည်းစိမ်မဖက်၊ သက်သက်အလှူ၊ ခံယူသူသာ၊ ချမ်းသာစေကြောင်း၊ ငဲ့ညှာရှောင်း အလောင်းတော်တို့ ဒါနမှတ်' ဆိုတဲ့ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ရဲ့လင်္ကာအတိုင်းပါပဲ)

**ဂျပန်လူငယ်**။ ။ သူများက တိုက်တွန်းလို့ စိတ်မပါဘဲ လုပ်ရတာ ကုသိုလ်မဖြစ်ဘူး ဆိုရင် ရိပ်သာမှာတုန်းက တရားပြတဲ့ ဘုန်းကြီးက 'ကုသိုလ်ကို စိတ်မပါဘဲလည်း ပြုရမယ်၊ စိတ်ပါလည်း ပြုရမယ်' လို့ ပြောပါတယ်။ အဲဒါက ဘယ်လိုပါလဲ။

**မိမိ**။ ။ အဲဒါက သေချာပေါက် မလွဲမသွေ ကုသိုလ်ဖြစ်မယ့် သီလကုသိုလ်တို့ ဝိပဿနာကုသိုလ်တို့ကို ပြောတာပါ။

ဥပမာကွာ... မင်းတို့ ကျောင်းနေစအရွယ်မှာ ကျောင်းကို စိတ်မပါလည်း တက်ရတယ်၊ စိတ်ပါလည်း တက်ရတယ် မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ကျောင်းမှာ သေချာပေါက် ပညာတွေ ရမှာမို့ပဲ။ ဒါကလည်း အစပိုင်းမှာသာ 'စိတ်မပါလည်း တက်၊ စိတ်ပါလည်း တက်' ဖြစ်ရတာပါ။ ပညာရဲ့တန်ဖိုးကို သိသွားတဲ့အခါမှာတော့ သူတစ်ပါးတိုက်တွန်းလို့ မဟုတ်ဘဲ ကာလသုံးပါးလုံး ကိုယ်တိုင် စိတ်ပါလက်ပါ ဖြစ်သွားတာပါပဲ။ အခု မင်း ပညာတွေ သင်ကြားတတ်မြောက်ထားတာကို တွေးပြီး ဝမ်းသာနေတာပဲ မဟုတ်လား။ (လူငယ်က ပြုံးပြီး ခေါင်းညိတ်ဝန်ခံပါတယ်)

အဲဒီလိုပဲပေါ့ကွာ။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စတဲ့ မကောင်းမှုတွေကို ရှောင်ကြဉ်တဲ့ သီလကုသိုလ်တွေဆိုတာ စိတ်ပါပါ မပါပါ ရှောင်ကြဉ်နေသမျှ သီလကုသိုလ် သေချာပေါက် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားရဲ့တန်ဖိုး သိလာတဲ့အခါကျရင်တော့ စိတ်ပါလက်ပါကို ရှောင်ကြဉ်တော့မှာပါ။

ဝိပဿနာကုသိုလ်လည်း အဲဒီအတိုင်းပါပဲ။ နည်းမှန်လမ်းမှန် ဖြစ်ခဲ့ရင် အစတော့ စိတ်မပါလည်း လုပ် စိတ်ပါလည်း လုပ်ပေါ့။ တရားရဲ့အရသာကို သိလာတဲ့အခါမှာတော့ ကိုယ်တိုင် စိတ်ပါလက်ပါ ဖြစ်လာတာပဲမို့လား။

ပါရမီဆိုတဲ့ သဘောက အကြိမ်များရင် အကျင့်ရလာတယ်။ အကျင့်ရပြီး ရင့်ကျက်လာတဲ့အခါ အထုံဝါသနာဓာတ်ခံ ဖြစ်ပြီး တစ်ဆင့်ထက် တစ်ဆင့် အားကောင်းလာတဲ့သဘောပဲ။ အကြိမ်များဖို့ဆိုတာ တစ်ကြိမ်က စခဲ့ရတာချည်းပဲမို့လား။ ဒီကုသိုလ်မျိုးကျတော့ လုပ်ခါစမှာသာ စိတ်မပါပေမယ့် နောက်ပိုင်း အကျင့်ရလာတဲ့အခါ ကျတော့ စောစောကပြောသလိုပဲ မလုပ်မီကော လုပ်ဆဲကော၊ လုပ်ပြီးတဲ့အချိန်မှာကော ကာလသုံးပါးလုံး ကြည်နူးဝမ်းသာဖြစ်သွားလို့ အဆင့်မီတဲ့ကုသိုလ် ဖြစ်သွားနိုင်ပါတယ်။

သီလကုသိုလ်၊ ဝိပဿနာကုသိုလ်တွေက ဒါနကုသိုလ်ထက် သာလွန်တယ် ဆိုတာ ဒီသဘောတွေလည်း ပါတယ်။ ကိုယ့်ပစ္စည်း သူများကိုပေးရတဲ့ ဒါနကုသိုလ်နဲ့ မတူဘူးလေ။ ပေးရတာက ကြောက်လို့ ပေးရတယ်၊ ဘယ်တော့မှ စိတ်စေတနာကောင်း မပါဘူး ဆိုရင် ဘယ်တော့မှ ကုသိုလ်မဖြစ်ဘူးမို့လား။ သီလကျတော့ ဒါနနဲ့ လုံးဝ ကွဲသွားပြီ။ ကြောက်လို့ ရှောင်ရတယ်ဆိုရင်တောင် အပြစ်ကတော့ ကင်းတာပါပဲ။ ဥပဒေကို ဘာကြောင့်ပဲ လိုက်နာလိုက်နာ အပြစ်ကင်း

သူတော် ဖြစ်တာပဲ မဟုတ်လား။ သီလကုသိုလ်ဆိုတာ ဓမ္မဥပဒေကို လိုက်နာစောင့်စည်းနေထိုင်တာပါပဲ။

စောင့်စည်းနေတဲ့အတွက် 'အပြစ်ကင်းတယ်' ဆိုတဲ့ ချမ်းသာကို ခံစားတတ်လာတဲ့အခါ စိတ်ပါလက်ပါစောင့်စည်းသူ ဖြစ်သွားမှာပါ။ ဝိပဿနာကုသိုလ်ကျတော့ ဒီထက်ပိုပြီး အဆင့်မြင့်တာပေါ့။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေတွေကို သတိနဲ့ စောင့်ကြပ်ပြီး စိတ်ဓာတ်ဆိုး၊ စိတ်ဓာတ်ရိုင်းတွေ မဖြစ်ပေါ်အောင် စောင့်စည်းတာဆိုတော့ မျက်စိအလို နားအလို လိုက်ပြီး ကျူးလွန်တဲ့ အပြစ်တွေ ဘယ်ဖြစ်ခွင့်ရတော့မလဲ။

ဒီလို ကိုယ်ကျင့်သီလတွေ ဣန္ဒြေတွေကို စောင့်စည်းနေသူဟာ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းပြီးဖြစ်သလို လောကကြီးတစ်ခုလုံးကို လည်း စောင့်စည်းပြီး ဖြစ်သွားပါတယ်။ အဲဒါကြောင့် ရိပ်သာက ဘုန်းကြီးက 'ကုသိုလ်ကို စိတ်မပါလည်း လုပ်၊ စိတ်ပါလည်း လုပ်' လို့ တိုက်တွန်းတာပါ။ သူတို့တိုက်တွန်းတာ မှန်ပါတယ်။ ကုသိုလ် အစစ်လည်း ဖြစ်လာနိုင်ပါတယ်။

**ဂျပန်လူငယ်**။ ။ ဒါကို သဘောပေါက်ပါပြီ၊ သဘာဝလည်း ကျပါတယ်၊ နောက်ထပ် သိချင်သေးတာက 'ဘုန်းကံကြီးမားတယ်'လို့ ပြောကြတယ်၊ ဘုန်းရယ်၊ ကံရယ်က အတူတူပဲလား၊ ထူးသလား၊ အဲဒါ သိပ်မကွဲပြားဘဲ ဖြစ်နေတယ်၊ ရှင်းပြပါဦး။

**မိမိ**။ ။ အေး ... မင်းတို့ ဂျပန်ဘုရင်ကြီးကိုပဲ ဥပမာထားကြပါစို့။ ရှင်ဘုရင်ရဲ့ ထီးနန်းစည်းစိမ်ကို ရရှိတာက ကံကြီးလို့၊ ရှင်ဘုရင်ကြီးကို နိုင်ငံသူ နိုင်ငံသားတွေက ရိုသေလေးစား ကြည်ညိုတာ၊ ရှင်ဘုရင်ကြီးပြောတဲ့ စကားကို တစ်နိုင်ငံလုံးက လေးစားလိုက်နာ တာကို ဘုန်းကြီးတယ်လို့ ခေါ်တယ်။ ကံကြီးရင် စည်းစိမ်ရမယ်။

ဘုန်းကြီးရင် တန်ခိုးအရှိန်အဝါ ဩဇာအာဏာကြီးမားတယ်လို့ ဆိုရမှာပေါ့။ ဒါဆို သဘောပေါက်သလား။

**ဂျပန်လူငယ်**။ ။ သဘောပေါက်ပါတယ်။ ကံကြီးတဲ့ကုသိုလ်နဲ့ ဘုန်းကြီးတဲ့ကုသိုလ်ကကော ဘယ်လိုထူးတုန်းဆိုတာ ခွဲခြားပြပါဦး။

**မိမိ**။ ။ ကုသိုလ်ပြုတဲ့အခါ ကိုယ့်အတွက် ကိုယ်ကျိုးရဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပြုရင် ကုသိုလ်ကလည်း စေတနာသုံးတန်လုံး စင်ကြယ်ရင် ကံကောင်းပါတယ်။ စေတနာထက်သန်ရင် ထက်သန်သလောက် ကံလည်းကြီးတယ်လို့ ဆိုရမှာပေါ့။

အဲလို ကုသိုလ်ပြုရာမှာ ကိုယ်ကျိုးအတွက် လုံးဝငဲ့ကွက်တောင့်တချက်မထားဘဲ အများအတွက် သက်သက်ငဲ့ကွက်ပြီး ပြုရင်တော့ ဘုန်းလည်းကြီးတယ်။ ကံလည်းကြီးတယ်။ ငါတို့ ဘုရားအလောင်းတော်ဟာ ပါရမီဖြည့်စဉ် ကာလတစ်လျှောက် ကုသိုလ်တွေပြုရာမှာ ကိုယ်ကျိုးအတွက် လုံးဝငဲ့ကွက်ခြင်း မရှိဘဲ စွန့်လွှတ်အနစ်နာခံခဲ့လို့ ဘုန်းရော ကံရော ကြီးမားတယ်။ ဒါကြောင့် ရည်မှန်းတဲ့အထွတ်အထိပ်အထိ ရောက်ရှိသလို သတ္တဝါအားလုံးအပေါ်မှာလည်း အရှိန်အဝါ ဩဇာအာဏာ ပျံ့နှံ့သက်ရောက်တယ်။ အားလုံးကလည်း လေးစားကြရပါတယ်။

ဒီအကြောင်းနဲ့ အကျိုးဆိုတာ ကိုယ့်ပတ်ဝန်းကျင်မှာ သတိထားလေ့လာကြည့်မယ် ဆိုရင်လည်း သိသာမြင်သာပါတယ်။ မိသားစုတစ်ခုအတွင်းမှာ ဖြစ်စေ၊ တစ်ရပ်တစ်ရွာက စပြီး တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအထိပေါ့။ ကိုယ်ကျိုးစွန့် အနစ်နာခံသူ၊ အများအကျိုးဆောင်ရွက်သူ များဟာ သူအနစ်နာခံ အကျိုးဆောင်တဲ့ ပတ်ဝန်းကျင်အပေါ်မှာ အရှိန်အဝါ ဩဇာအာဏာ သက်ရောက်ပါတယ်။ အဲဒါမျိုးကို ဘုန်းကြီးတယ်လို့ ဆိုတာပါပဲ။

အခု မင်းတို့ ဂျပန်ဘုရင်နဲ့ မိသားစုကိုပဲ ကြည့်ပေါ့။ သူတို့ကို ဂျပန်ပြည်သူတွေက ချစ်ခင်လေးစားကြတယ်၊ စကားကို လေးစားလိုက်နာကြတယ် ဆိုတာ သူတို့က ဂျပန်ပြည်သူတွေအတွက် မေတ္တာထားကြလို့၊ အများအကျိုးတွေ ဆောင်ရွက်စီမံ လမ်းညွှန်ပေးကြလို့ပေါ့။

တကယ်လို့သာ သူတို့ဟာ ဂျပန်ပြည်သူတွေအပေါ်မှာ မေတ္တာမထားကြဘူး၊ ဂျပန်ပြည်သူတွေရဲ့အကျိုးကို ဘာမှ မဆောင်ရွက် မညွှန်ကြားဘူး။ ရတဲ့ထီးနန်းစည်းစိမ်တွေနဲ့ ယစ်မူးနေကြမယ်၊ သူတို့အကျိုးအတွက်သာ လုပ်ဆောင်နေကြမယ်ဆိုရင် ဂျပန်ပြည်သူတွေကလည်း သူတို့အပေါ် ဘယ်လေးစားကြည်ညိုပါ့မလဲ။ ဒီလိုဆိုရင် သူတို့ဟာ ကံကောင်းလို့ ဘုရင်ဖြစ်ကြပေမယ့် ဩဇာအာဏာ အရှိန်အဝါမရှိတဲ့အတွက် ဘုန်းကြီးတယ်လို့ ဘယ်ဆိုနိုင်ပါတော့မလဲ။

အခုတော့ ရှင်ဘုရင်လည်းဖြစ်ကြတယ်။ ဘုန်းတန်ခိုးလည်းကြီးကြတယ်မို့လား။ ဒီလိုဆိုရင် သူတို့ဟာ ကုသိုလ်ပြုခဲ့စဉ်ကလည်း သူများအကျိုးကို အဓိကထားခဲ့လို့၊ အခု ပစ္စုပ္ပန်မှာလည်း အများအကျိုး ဆောင်ရွက်ကြလို့ပဲပေါ့။

ဒီလောက်ဆို ဘုန်းကြီးတဲ့ကံနဲ့ ကံကောင်းတဲ့ကံ ခွဲခြားနားလည်လောက်ပြီ ထင်ပါတယ်။

**ဂျပန်လူငယ်**။ ။ နည်းနည်းတော့ သဘောပေါက်လာပါပြီဘုရား။ ဆက်ပြီးတော့လည်း လေ့လာပါဦးမယ်။ နောက်ထပ် သိလိုတာရှိရင်လည်း မေးမြန်းခွင့်ပြုပါဦး... (ဆိုပြီး စနစ်တကျ ဦးသုံးကြိမ်ချကန်တော့ပါတယ်)။

**မိမိ**။ ။ အေး... လာပေါ့ကွာ။ မင်း အခုလို ဗုဒ္ဓဘာသာကို ထဲထဲဝင်ဝင်နဲ့ စိတ်ဝင်တစား လေ့လာတာကို ငါတို့က သာဓုခေါ်ပါတယ်။

နောက်ထပ်မေးလာရင်လည်း တို့သိသလောက် ဖြေပေးမှာပါ။

ကျန်းမာချမ်းသာပါစေလို့ စကား လက်စသတ်လိုက်တော့ လူငယ်ကလည်း သာဓု သုံးကြိမ်ခေါ်ပြီး ဦးသုံးကြိမ်နဲ့ ထပ်မံကန်တော့ပါတယ်။

အဲဒီနေ့က အချိန်နှစ်နာရီခွဲလောက် မေးဖြေခဲ့ပါတယ်။

အားလုံးသတိထား အသိပွားနိုင်ကြပါစေ။

❐

## မေတ္တာတု ထုတ်လုပ်မှုပြဿနာ

မနှစ်က ရွှေပါရမီ အရှင်ဆန္ဒာဓိကရဲ့ မွေးနေ့ကုသိုလ်ပွဲမှာ ထုံးစံအတိုင်း နေ့ဆွမ်းဘုဉ်းပေးပြီးကြတော့ ဓမ္မသာကစ္ဆာ စကားဝိုင်းကလေး မေးကြ ဖြေကြတယ်။ အဲဒီမှာ အမျိုးသမီးတစ်ဦးက 'အခုခေတ် ဓာတ်ကြက်ဥ၊ ဓာတ်ဘဲဥတွေဟာ အကောင်ပေါက်နိုင်စွမ်း မရှိတော့တဲ့ အတွက် ဒီလိုဥတွေကို ခွဲတာ အပြစ်မရှိဘူးဆိုပြီး အမျိုးသမီးများကပါ ခွဲကြ၊ ပြုတ်ကြလုပ်ပါတယ်။ အဲဒါ အပြစ်ရှိ၊ မရှိ သိချင်ပါတယ်။ ရှင်းပြပါဘုရား' လို့ မေးလျှောက်ပါတယ်။

စကားဝိုင်းမှာပါဝင်တဲ့ ရဟန်းတော်များထဲမှာ မိမိက အသက်အကြီးဆုံးဖြစ်နေတော့ မိမိကိုပဲ ရှင်းပြပေးဖို့ ဝိုင်းပြီး တာဝန်ပေးကြပါတယ်။ မိမိက ကိုယ်ထင်မြင်ယူဆတဲ့အတိုင်း...

'အပြစ်' ဆိုတာ ဒီဥတွေကို ခွဲခြင်းကြောင့် 'ပါဏာတိပါတကံ ထိုက် မထိုက်' ဆိုတဲ့ သိက္ခာပုဒ်အပြစ်အရ ပြောမယ် ဆိုရင်တော့ သက်ရှိ သားကောင်မပေါက်နိုင်တဲ့အတွက် မထိုက်ဘူးလို့ပဲ ပြောရမလိုပါပဲ။ အမှန်ကတော့ အပြစ်ဆိုတာ ကိလေသာနဲ့ယှဉ်တဲ့ စေတနာနဲ့ လုပ်တဲ့ အလုပ်တွေကို ပြောတာဖြစ်လို့ အသွေးအသားစားလိုမှုဆိုတဲ့

သာမန်အာဟာရစားသုံးလိုမှုထက် ပြင်းတဲ့ ကိလေသာတဏှာ အဓိက ပြဋ္ဌာန်းနေတာကိုကလည်း အပြစ်တစ်ခုပါပဲ။

အဲဒီထက်ပိုပြီး စဉ်းစားကြည့်မယ်ဆိုရင် 'ဉ' ဥတဲ့ သတ္တဝါ များကို 'ဒွိဇ' နှစ်ကြိမ်ဖွားသတ္တဝါလို့ ခေါ်ပါတယ်။ ပထမတစ်ကြိမ် မိခင်ရဲ့ဝမ်းက 'ဉ' အဖြစ်နဲ့ ဖွားတယ်။ နောက်တစ်ခါ ကြက်၊ ငှက်၊ ဘဲ စတဲ့ အမွေးအတောင်ရှိတဲ့ သတ္တဝါတွေကျတော့ မိခင်ကိုယ်ငွေ့နဲ့ ဝပ်ပေးပြီး တစ်ကြိမ် ထပ်ဖွားတယ်။ ကိုယ်ငွေ့နဲ့ ဝပ်ပေးရတယ်ဆိုတာ အပြင်မှာ ကိုယ်ဝန်တစ်ကြိမ်ထပ်ပြီး ဆောင်ရသလိုပါပဲ။ ဝမ်းနဲ့လွယ် ထားရတဲ့ အချိန်ထက်တောင် ပိုပြီး ပင်ပန်းဆင်းရဲကြတဲ့ပုံပါပဲ။

အဲဒီတော့ အခုနပြောတဲ့ ဓာတ်နဲ့ဖောက်တဲ့ 'ဉ' တွေ ဆိုတာ ဟာ ဒုတိယတစ်ကြိမ် ထပ်ပြီး မဖွားနိုင်အောင်သာ ပြုလုပ်ထားတာ။ ပထမတစ်ကြိမ်ကတော့ အမိရဲ့ဝမ်းနဲ့လွယ်ပြီး မွေးဖွားရတာပါ။ ဒီလိုလွယ်ထားတဲ့အချိန်မှာလည်း မိခင်ကြက်မ၊ ဘဲမများဟာ 'ငါတို့ သားအတုတွေကို လွယ်ထားရတယ်' လို့ မသိကြပါဘူး။ သူတို့ဘက်က ကြည့်ရင် အသက်နဲ့လဲပြီး မွေးဖွားပေးမယ့် သွေးသားများအဖြစ် လွယ်ပြီး မွေးဖွား 'ဉ' ပေးထားတာ။ ဒီဉတွေမှာ မိခင်ရဲ့မေတ္တာအစစ် ကိန်းအောင်းပါတယ်။ ဖခင်ရဲ့ဗီဇသွေးတော့ မပါဘူးပေါ့လေ။

ဘာပဲဖြစ်ဖြစ် တိရစ္ဆာန်မိခင်တွေမှာ မေတ္တာအတု မထုတ် လုပ်နိုင်ဘူး။ သူတို့ထုတ်လုပ်တာ မေတ္တာအစစ် ထုတ်လုပ်ထားတာ ဖြစ်လို့ မိခင်ချင်းစာနာစိတ်နဲ့ ကြည့်ရင်ကို အထူးသဖြင့် အမျိုးသမီးများ အနေနဲ့ လက်ရဲဇက်ရဲ မခွဲမဖျက်သင့်ဘူးလို့ ထင်ပါတယ်။ ဘယ်လိုပဲ လှည့်ပြီး ဆင်ခြေပေးပေး တိရစ္ဆာန်ရဲ့ရင်သွေးကို ဖျက်ဆီးရာကျ တယ်လို့ပဲ ထင်ပါတယ်ဆိုတဲ့အကြောင်း ပြောပြခဲ့ပါတယ်။ မေးတဲ့ အမျိုးသမီးနဲ့ အနားမှာရှိတဲ့ အမျိုးသမီးများကလည်း သဘောတူကြပုံနဲ့ ခေါင်းညိတ်ဝန်ခံကြပါတယ်။

မိမိတို့ငယ်စဉ်ကအထိတော့ ဗုဒ္ဓဘာသာအမျိုးသမီးများဟာ မိခင်ချင်း စာနာစိတ်ထားကြပုံရပါတယ်။ ကြက်ဥ လတ်လတ်ဆတ်ဆတ်ကို မခွဲကြဘူး။ ‘သူများသားကို ဖျက်ဆီးရင် ကိုယ့်သားပျက်စီးတတ်တယ်’ ဆိုတဲ့ အယူအဆလည်း ရှိကြတယ်။ (ဒါက ‘အမေ ဘာဖြစ်လို့ ကြက်ဥ မခွဲရတာလဲ’ လို့ မေးကြည့်ဖူးလို့ အမေက ပြောပြတာပါ။) ယောကျ်ားများက ‘ကြက်ဥကြော်’ စားချင်တယ်ဆိုရင် ကြက်ဥကို ခွဲပြီး အလယ်က ဝါဝါအနှစ်ကလေးကျေသွားအောင် ပန်းကန်ထဲကို မွှေပြီး ထည့်ပေးရတယ်။ အဲဒါပြီးတော့မှ အမေတို့၊ အစ်မတို့က ကြက်သွန်နီတို့ ဆားတို့နဲ့ သမအောင်လုပ်ပြီး ကြော်ပေးကြတယ်။

အဲ... တစ်ခုတော့ ရှိတယ်။ ကြက်မများဟာ သူတို့ဥချင်သလောက် ဥပြီးတဲ့အခါ ဥခြင်းတောင်းထဲမှာ သုံးသီတင်းဝပ်ပြီး ကိုယ်ငွေ့ပေးတယ်။ သုံးသီတင်းပြည့်တော့ အကောင်လေးတွေပေါက်တယ်။ အဲဒီတော့ ကြက်မိသားအုပ်ကို မြေပြင်ချပေးရတယ်။ သုံးသီတင်းပြည့်လို့ အကောင်မပေါက်ဘဲ ကျန်နေတဲ့ဥကိုကျတော့ ကြက်မကြီးကလည်း သံယောဇဉ်မထားတော့ဘူး။ ပေါက်တဲ့ သားလေးတွေနဲ့ပဲ မြေပြင်မှာ ပျော်နေပြီ။ အဲဒီလို ကျန်နေတဲ့ဥကိုတော့ ‘တင်းကျန်ဥ’ လို့ ခေါ်တယ်။ သီတင်း သုံးပတ်ပြည့်ပြီးလို့ ကျန်နေတဲ့ ‘ဥ’ပေါ့လေ။ အဲဒီဥမျိုးကိုတော့ တချို့အမျိုးသမီးများက ခွဲကြတာရှိတယ်။ များသောအားဖြင့်တော့ ကြက်ဥဘဲဥ ခွဲတယ်၊ ပြုတ်တယ်ဆိုတာ ယောကျ်ားများသာလုပ်ရကြတဲ့ အလုပ်ပါပဲ။

ခုနောက်ပိုင်း သိပ္ပံပညာတွေ ထွန်းကားလာနေတော့ အဖရဲ့ဗီဇ သွေးမပါတဲ့ ‘ဓာတ်ဥ’ ဆိုတာတွေကို လူတွေက တီထွင်လာကြတယ်။ ဒါလည်း လူတွေကသာ ‘အတု’ လုပ်တတ်ကြတာ။ တိရစ္ဆာန်မိခင်တွေ

ကတော့ အတုမလုပ်တတ်ကြလို့ သူတို့မေတ္တာက 'အစစ်' ပါပဲ။ မိခင်မေတ္တာကို စာနာထောက်ထားကြည့်ကြပေါ့လေ။

ခုခေတ်မှာ အဖရဲ့ဗီဇသွေးပါတဲ့ ဥတွေကိုလည်း ကြက်ဘဲမိခင်တို့က တစ်ကြိမ်သာ ဖွားပေးရတော့တယ်။ အပြင်မှာ သုံးသီတင်းဝပ်ပြီး ဖွားပေးဖို့ကျတော့ လူတွေက ကြက်ဘဲမိခင်တို့ရဲ့ ရင်ခွင်အပူငွေ့နဲ့ ဒီဂရီတူတဲ့ အပူပေးကိရိယာတွေနဲ့ အကောင်ကလေးတွေပေါက်အောင် ဖောက်ကြတဲ့လုပ်ငန်းဟာ ကုမ္ပဏီတွေထောင်ပြီး အကြီးအကျယ်ကို လုပ်နေကြပြီ။ ဒါက မေတ္တာအတုထုတ်လုပ်တဲ့ ကုမ္ပဏီများလို့ပဲ မိမိအနေနဲ့ ပြောချင်ပါတယ်။

'မေတ္တာအတုဟာ ဒေါသအစစ်ပါပဲ'။ ဟုတ်ပါတယ်။ ဒီလိုထုတ်လုပ်တဲ့ ကုမ္ပဏီတွေရဲ့စေတနာရင်းကို ဆန်းစစ်ကြည့်မယ်ဆိုရင် (သူတို့ရဲ့စေတနာကို အဘိဓမ္မာတရားကိုယ်နဲ့ ကောက်ချက်ချကြည့်ရင်) အချိန်တန်လို့ အသားပြည့်လာတဲ့အခါ သတ်စားကြဖို့ ထုတ်လုပ်တယ်ဆိုတာ သေချာပါတယ်။ သတ်လိုတဲ့စေတနာ၊ သတ်ဖြတ်ညှဉ်းဆဲတဲ့ စေတနာဆိုတာ ဒေါသစိတ်နဲ့ ယှဉ်တွဲတဲ့ စေတနာဖြစ်လို့ ဒေါသအစစ်ပါ။ လူတွေထုတ်လုပ်တဲ့ မေတ္တာတု၊ ဒေါသအစစ်တို့ရဲ့ဒဏ်ကို အတုမလုပ်တတ်တဲ့ တိရစ္ဆာန်များခမျာမှာတော့ လှလှကြီး ခံကြရတယ်။ ဓာတ်ဖောက် ကြက်ဘဲတွေကို ဥလည်း ခွဲရဲ၊ အကောင်လည်း သတ်ရဲလာကြတယ်လေ။

မိမိငယ်ငယ်တုန်းက ဦးကြီးက ခမည်းပေးတယ်ဆိုပြီး ကြက်မကြီးတစ်ကောင် ရဖူးတယ်။ ဥလာတော့လည်း ကျီးမထိုးအောင် မကွဲအောင် ဂရုစိုက်တာပဲ။ ပေါက်လာပြီးတော့ အရွယ်ရောက်လို့ လူကြီးတွေက ရောင်းပစ်တော့ ငိုပြီး တားပါသေးတယ်။ ကိုယ်တိုင်သတ်ဖို့ဆိုတာတော့ စိတ်နဲ့တောင် မအောက်မေ့ရဲခဲ့ဘူး။ အဲဒီတုန်းက မိခင်

ကြက်မကြီးကလည်း ‘ကတော်’ပြီး အကြာကြီးအော်နေတာ မှတ်မိသေးတယ်။ အဲဒါကြည့်ပြီး တခြားအိမ်ကကြက်တွေ ကိုယ့်အိမ်ဝိုင်းထဲဝင်လာရင်လည်း လူကြီးတွေက ခြောက်ထုတ်လိုက်ဆိုလို့ ခြောက်ထုတ်ခဲ့ရဖူးပေမယ့် ထိခိုက်နာကျင်အောင်တော့ မလုပ်ရက်ခဲ့တော့ဘူး။ စဉ်းစားကြည့်လိုက်ရင်တော့ မေတ္တာအတုဆိုတာ ဒေါသကို ပွားစေတတ်တဲ့ ဒေါသမျိုးစေ့အစစ်တွေပဲလို့တော့ သတိထားရှိလာတယ်။

ဒါနဲ့ဆက်စပ်ပြီး ဥတဲ့သတ္တဝါတွေသာ နှစ်ကြိမ်ဖွားတာ မဟုတ်ဘူး။ လူတွေလည်း အနည်းဆုံး နှစ်ကြိမ်ဖွားကြရတာပဲ။ ပထမအမိက ဝမ်းနဲ့လွယ်ရာကနေ အပြင်ရောက်အောင် တစ်ကြိမ်ဖွားပေးပြီး နောက်ထပ် ရင်ခွင်မှာ ကိုယ်ငွေ့နဲ့လည်း ပိုက်ထွေးပြီး နို့ချိုတိုက်ကျွေးပေးကြလို့သာ ‘လူ’ ရယ်လို့ ရှင်သန်ခဲ့ကြရတာပဲ။ အနည်းဆုံး အဲဒီလို နှစ်ကြိမ်ဖွားပေးတဲ့ မိခင်နဲ့ သားသမီးများမှလည်း မေတ္တာဓာတ်က ထုံမွမ်းကူးစက်ပြီး မေတ္တာကြီးမားကြတာကလား။ မေတ္တာဓာတ်ဆိုတာ သိပ္ပံက မခန့်မှန်းနိုင်လောက်အောင် စွမ်းအားသတ္တိ သီးခြားရှိတဲ့အရာလို့ပဲ မိမိတော့ အခိုင်အမာယုံကြည်တယ်။

ဒေးဒရဲမှာနေတုန်းက ဆရာတော် အမိန့်ရှိဖူးတယ်။ ပင်လယ်လိပ်မကြီးတွေဟာ သဲခုံပေါ်တက်ပြီး ဥတွေချ၊ ရင်ငွေ့နဲ့ ဖိခဲ့ပြီးရင် ပင်လယ်ထဲ ဆင်းသွားတာပဲ။ အဲဒီလိပ်မကြီး တံငါလက်ချက်မိသွားပြီဆိုရင် သူ ဥခဲ့တဲ့ ဥတွေဟာ အကောင်မပေါက်တော့ဘဲ ပျက်စီးသွားတယ်တဲ့။ အဲဒါ လူခန့်မှန်းလို့မရတဲ့ မေတ္တာဓာတ်ရဲ့အစွမ်းပဲ မဟုတ်ပါလား။

ဒါနဲ့ ဆက်စပ်ပြီး ဒီနေ့ မိဘနဲ့ သားသမီး အထူးသဖြင့်တော့ မိခင်နဲ့ သားသမီးများရဲ့အခြေအနေကို စဉ်းစားကြည့်တဲ့အခါ သားသမီးတော်တော်များများဟာ အနည်းဆုံး နှစ်ကြိမ်ဖွားခြင်းကို

အပြည့်အဝ မရရှိကြတာကို အကဲခတ်မိတယ်။ ဟုတ်တယ်၊ ပထမ တစ်ကြိမ်တော့ အမိဝမ်းမှာ ကိုးလ ဆယ်လ ကိန်းအောင်းခဲ့ကြရတယ် လို့ပဲ ဆိုနိုင်ပါတယ်။ ဒုတိယအကြိမ်အဖြစ် ရင်ခွင်ပိုက်ထွေး နို့ချို တိုက်ကျွေး မွေးမြူမှု ကိုတော့ မရရှာတဲ့ ကလေးငယ်တွေ အတော်များ များရှိနေကြပါပြီ။ အိမ်ဖော်ရဲ့လက်ထဲမှာ နို့ဘူးနဲ့ပဲ ရင်ခွင်လွတ်ခဲ့ ကြသူတွေ များတယ်။ ကလေးနို့ဘူးမှာ အမိရဲ့ နို့သီးခေါင်းပုံစံအစွပ် ကလေးကို 'ချိုလိမ်' လို့ အမည်ပေးပုံကတော့ အတော် သံဝေဂရ လောက်အောင်ကောင်းတဲ့ အမည်လေးပါပဲ။ 'ချိုလိမ်'တဲ့။ ဟုတ်ပါ တယ်။ အမိနို့အစစ် မဟုတ်ဘဲ လိမ်ပြီးတိုက်ခဲ့တဲ့ နို့ချိုဆိုတော့ ဒီလိုပဲ ခေါ်ရမှာပေါ့။

သားငယ် သမီးငယ်များအဖို့တော့ နို့ချိုကိုသာ အလိမ်ခံရတာ မဟုတ်ပါဘူး။ မေတ္တာအနေနဲ့ ကြည့်မယ်ဆိုရင်လည်း 'မေတ္တာလိမ်' ကြီးပါပဲ။ အခါက မေတ္တာမစစ်တော့ သားသမီးတွေကလည်း ရှေး ခေတ်ကလို မေတ္တာစစ်တုံ့ပြန်မှု နည်းသွားကြပုံရပါတယ်။ မိဘအပေါ် ရှေးကလောက် ရိုသေလေးစားမှု ခင်မင်တွယ်တာမှု မရှိတော့ဘူးလို့ ထင်ပါတယ်။ မိဘ တွေကတော့ ပြောကြတာပေါ့ 'ကာလသားသမီး တွေက ရိုင်းလာကြပြီ' တဲ့။ အမှန်ကတော့ ကာလသားသမီးဆိုတာ ကာလမိဘက မွေးဖွားပြီး ကာလပတ်ဝန်းကျင်မှာ အတုမြင် အတတ် သင်ရင်း ကြီးပြင်းလာကြတဲ့ ကလေးများကို 'ကာလသားသမီး' လို့ ခေါ်ကြတာပဲ မဟုတ်လား။ ဘယ်ကာလသားသမီးမှ မွေးရာပါ အတတ်ပညာနဲ့ ဆိုးလာ ကောင်းလာကြတာ မဟုတ်တန်ရာပါဘူး။ ဒါကြောင့် ကာလသားသမီးတို့ရဲ့ အဆိုးအကောင်းကို ပြောမယ်ဆိုရင် ကာလမိဘ၊ ကာလဆရာသမား၊ ကာလပတ်ဝန်းကျင်တို့ကို မလွှဲ မသွေ ထည့်သွင်းစဉ်းစားမှသာ မျှတမှန်ကန်မယ်လို့ သဘောရပါတယ်။

စပ်မိလို့ တွေ့ကြုံရတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောချင်ပါတယ်။ မိမိနေတဲ့နေရာမှာ ဘယ်ကမှန်းမသိဘဲ ရောက်လာတဲ့ ခွေးမကြီးတစ်ကောင် ရှိပါတယ်။ စားကြွင်းစားကျန်ကလေးတွေ ကျွေးထားရာက နောက်တော့ အမြဲနေဖြစ်လာတယ်။ ခြံထဲကို သူစိမ်းဝင်လာတဲ့အခါမှာ ဟောင်ပြီး ခြောက်လှန့်တာတို့ ဘာတို့ လုပ်လာဖော်ရတော့ တပည့်လေးတွေကလည်း ကျွေးချင်မွေးချင်စိတ် ပိုပြီးရှိလာကြလို့ နှစ်ဦးနှစ်ဖက် ပိုအဆင်ပြေသွားကြတာပေါ့။ ဒီဖြစ်ရပ်ကို ကြည့်ပြီး ဆရာကြီး ဒေါက်တာသန်းထွန်းပြောဖူးတဲ့ 'ခွေးနဲ့ လူဟာ ဘယ်သူက ဘယ်သူ့ကို မွေးစားပြီး ရင်းနှီးသွားကြတာလဲ ဆိုတာကတော့ ပြောဖို့ အခက်သား' ဆိုတဲ့ စကားကို ပြေးပြီး သတိရမိလိုက်သေးတယ်။

ထားပါတော့။ အဲဒီခွေးမကြီးဟာ သူ့ရာသီရောက်တော့ ခွေးကလေးတွေ ငါးကောင် မွေးဖွားပါတယ်။ ဘယ်ကအဖေနဲ့ ရလာခဲ့တယ်လို့ မသိရပေမယ့် ခွေးမကြီးက သူ့သားသမီးလေးတွေကို အတော်ချစ်ပါတယ်။ နို့ဖြတ်တဲ့အရွယ်ရောက်တော့ ညနေပိုင်းမှာ ကျောင်းကတောင်ပေါ်မှာဖြစ်တဲ့အတွက် ဘာမှကျွေးစရာ မရှိပါဘူး။ ခွေးလေးတွေက ဆာလို့ အော်ပြီဆိုရင် ခွေးမကြီးက ရွာထဲ ဆင်းသွားတယ်။ ပြန်လာပြီဆိုတော့ သူရှာဖွေစားလာတဲ့ အစာတွေကို သူ့သားသမီးများရှေ့မှာ အန်ထုတ်ပြီး ကျွေးတယ်။ ဒါဟာ ညနေတိုင်းပါ။ ဒါကို ကြည့်ပြီး 'သြော်... မိခင် ဆိုတာ အရိုင်းအစိုင်းလည်း မဟုတ်ဘူး။ တိရစ္ဆာန်လည်း မဟုတ်ဘူး။ မိခင်ဆိုတာ မိခင်ပါပဲလား' လို့ သတိထားအသိပွားလိုက်မိတယ်။

ခွေးတွေ အခါလည်သားကျော်တော့ သူတို့ခေလှေ့ သူတို့ရာသီအားလျော်စွာ မျိုးဆက်ပွားကြပေမယ့် မိခင်ခွေးမကြီးကိုတော့ မိခင်အဖြစ်နဲ့ပဲ ခင်မင်ကြပါတယ်။ ဘယ်သားသမီးကမှ မိခင်ခွေးမကြီးကို

ဟိန်းတာ၊ ဟောင်တာ၊ ကိုက်တာလည်း မရှိသလို ပြစ်မှားတာလည်း မတွေ့ရပါဘူး။ ခွေးမကြီးကတော့ အဲဒီ ပထမတစ်သားမွေးပြီး နောက်ထပ် မမွေးတော့ဘူး။ သူ့မြေးများလို့ဆိုရမယ့် ခွေးလေးတွေ မွေးဖွားလာတော့လည်း သူ့သားသမီးတွေတုန်းကလိုပဲ ဆာလို့ အော်ကြပြီဆိုရင် ရွာထဲ လျှောက်ရှာ စားလာပြီး အန်ထုတ်ကျွေးတာပဲ။ ညနေပိုင်း ခွေးမကြီး ရွာထဲက ပြန်တက်လာချိန်ဆိုရင် ခွေးလေးတွေက ခြံဝအထိ အော်ဟစ်ခုန်ပေါက် ပြေးလွှားပြီး ကြိုဆိုကြပါတယ်။

တစ်ခါတစ်ခါ ပုဆိုးတန်းတင် တရားဝင် လင်နဲ့ မယားတွေမှာ သားသမီးမရနိုင်အောင် တားတာ၊ ဆီးတာ၊ ဖယ်ရှားတာတွေကို ကြားရဖတ်ရတဲ့အခါ အဲဒီခွေးမကြီးကို 'နင်က ဘာမှ အဆင့်အတန်းမရှိ မင်္ဂလာဖိုလ်နဲ့ ဗီလာကန့်လန့်ဖြစ်တဲ့ အဟိတ်တိရစ္ဆာန်၊ တို့ကမှ မင်္ဂလာဖိုလ်နဲ့ ထိုက်တန်တဲ့ အဆင့်မြင့် တိဟိတ်လူသားတွေ' လို့ သဘောထားရတာကိုပဲ လူသားတစ်ယောက်အနေနဲ့ မျက်နှာပူသလိုလို ရှက်နိုးအားနာဖြစ်သလိုလိုနဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။

ခွေးတွေမှာ သားသမီးတွေက မိခင်ကို ပြန်ပြီးဟောင်တယ်၊ ကိုယ်တယ်ဆိုတာ မရှိဘဲ လူတွေမှာတော့ သားသမီးက မိဘကို ပြန်ပြီး အော်တာ၊ ဟစ်တာ၊ ရန်မူတာတွေ ရှိလာတာတွေဟာ မေတ္တာအစစ်နဲ့ အတုတို့ကိုများ မြစ်ဖျားခံလာတာလား ဆိုတာ စဉ်းစားစရာပါ။ ဆရာကြီးဒေါက်တာသန်းထွန်းသာ ဆိုရင်တော့ 'ခွေးမိခင်တွေက အစစ်ဖြစ်ပြီး လူမိခင်တွေက အတုဖြစ်လာလို့' လို့များ ပြောလေမလားဘဲ။ ဘာပဲဖြစ်ဖြစ် 'အစစ်'ကို ရချင်ရင်တော့ ကိုယ်ကလည်း 'အစစ်' ကို ပေးနိုင်အောင် ကြိုးစားသင့်တယ်လို့ ထင်မြင်မိပါတယ်။

အစစ်ပေးပြီး အစစ်ရနိုင်ကြပါစေ။

❒

# အနန္တကို မှန်းဆကြည့်ခြင်း (၁)

ဒီနှစ် နွေရာသီမှာ ယဉ်ကျေးလိမ္မာ ကလေးသင်တန်းနဲ့ ကလေးတရားပွဲတွေ သွားခဲ့ရလို့ ကလေးများအတွက် အခြေခံသိထားသင့်တဲ့ အနန္တငါးဦး ဂုဏ်ကျေးဇူးကို နေရာတိုင်းမှာ ဟောပြောခဲ့ပါတယ်။ ဒီအကြောင်းကို တခြားကလေးများပါ သိစေချင်လို့ ပြန်ပြီးရေးပြတဲ့အခါ ညီတော်ရဝေနွယ်က မင်္ဂလာအကြောင်း၊ မေတ္တာအကြောင်းများကို အလင်းတန်းဂျာနယ်မှာ 'အတွေးများ' လို့ အမည်တပ်ပြီး ရေးထားတဲ့အတိုင်း 'အနန္တအတွေးများ' လို့ ခေါင်းစီးအမည်ပေးရရင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်။ နောက်တော့ ဒါဟာ ကလေးများ မှန်းဆသိနိုင်ဖို့အတွက် တွေ့ကြုံကြားသိဖူးတာလေးတွေကို ဟောပြောခဲ့တာဖြစ်လို့ 'မှန်းဆချက်' လို့ပဲ အမည်ပေးလိုက်ပါတယ်။ လူကြီးများအနေနဲ့တော့ ပေါ့ကောင်း ပေါ့နေပါလိမ့်မယ်။ ကလေးများကို တစ်ဆင့် ပြန်ပြောဖို့လောက်အဖြစ်သာ မှတ်ယူနားလည်ပေးကြစေလိုပါတယ်။

ဂုဏ်ကျေးဇူးတွေ တိုင်းတာနှိုင်းယှဉ်လို့ မရလောက်အောင်ကြီးမားတာရယ်၊ ကျေးဇူးသိပြီး အောက်မေ့ပူဇော်သူတို့ကို အတိုင်းမရှိ

ချမ်းသာစေနိုင်တာရယ်၊ ကျေးဇူးကန်း ပြစ်မှားသူတွေကို အတိုင်းမသိ ဆိုးကျိုး ဒုက္ခဖြစ်စေတတ်တာရယ်တို့ကြောင့် အနန္တလို့ ဂုဏ်ပြု သတ်မှတ်ခြင်းခံရတဲ့ ပုဂ္ဂိုလ် ၅ မျိုး ရှိပါတယ်။ အနန္တငါးပါးလို့ ခေါ်တာပေါ့။

မြတ်စွာဘုရား ဟောတော်မူတဲ့ အစဉ် (ဒေသနက္ကမ) အတိုင်း ပြောရရင်တော့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်၊ မိဘရယ်၊ ဆရာသမားရယ်ပေါ့။ ဘဝမှာကြုံတွေ့ရတဲ့ ဖြစ်စဉ် (ပဝတ္တိက္ကမ) အတိုင်း ပြောမယ်ဆိုရင်တော့ 'မိဘရယ်၊ ဆရာရယ်၊ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးရယ်' လို့ ပြောရပါလိမ့်မယ်။

ဟုတ်တယ်။ လူရယ်လို့ ဖြစ်လာရတဲ့အခါမှာ ပထမဆုံး ထိတွေ့ခွင့်ရတာက အမေပါပဲ။ သင်တန်းမှာတုန်းက အမေ့ရင်ခွင် ထဲက ကလေးငယ်တစ်ယောက် လူ့ဘဝမှာ ပထမဆုံးလိုအပ်တာ ဘာလဲလို့ မေးတော့ ကလေးတစ်ယောက်က အနီးပိတ်တဲ့။ တခြား တစ်ယောက်ကတော့ အမေ့နို့တဲ့။ သူတို့ချင်း အပြန်အလှန် ငြင်းနေကြ သေးတယ်။ နောက်တော့ နို့လို့ပြောတဲ့ကလေးက တီဗီမှာ စလောင်းက လာတဲ့ ဒစ်စကာဘာရီထဲမှာ သစ်ကုလားအုတ်မကြီး မွေးတော့ ကလေး သားလေးက မတ်တတ်ရပ်နိုင်တာနဲ့ တစ်ပြိုင်နက် အမေ့နို့ဆီကို သွားပြီး စို့တော့တာပဲ၊ ဘာအနီးပိတ်မှ မလိုဘူးလို့ ပြောလိုက်တော့ အားလုံးက လက်ခုပ်တီးပြီး ဩဘာပေးကြတယ်။ ခုခေတ်ကလေး တွေဟာ အရင်ကလို ကမ္ဘာကြီးကို မော့ငေးမှန်းဆပြီး ကြည့်နေကြ သူတွေ မဟုတ်တော့ဘူး။ ကမ္ဘာကြီးကို စလောင်းနဲ့ဖမ်းပြီး အနီးကပ် ငုံ့ကြည့်နေကြသူလေးတွေ ဖြစ်နေကြပြီ။ သူတို့ကို လျှော့တွက်ထားရင် မှားမယ်လို့ သင်တန်းမှာ လာပြီးလေ့လာတဲ့ မိတ်ဆွေများကို ပြောပြ လိုက်မိသေးတယ်။

သင်တန်းက ကလေးတွေကိုတော့ အမေနို့နဲ့ ပတ်သက်ပြီး ခုလို ဆက်ပြောခဲ့ပါတယ်။ ရှေးလူကြီးသူမတွေ ပြောပြလေ့ရှိတာက တော့ အမေ့နို့ဆိုတာ အမေ့ရဲ့နှလုံးအိမ်က စီးလာတဲ့ နှလုံးသွေးများ ပါပဲတဲ့။ သွေးဖြစ်ပြီး နီရဲမနေဘဲ ဖြူဖွေးနေတာကတော့ အမေ့ရဲ့ မေတ္တာဓာတ်ကြောင့်လို့ ပြောကြပါတယ်။

တို့တစ်တွေ လူ့လောကထဲ ရောက်လာပြီးတဲ့နောက် ဆက်လက်ရှင်သန်ခွင့်ရရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဒီအမေ့နို့နဲ့ ပတ်သက်လို့ ပထမဆုံး အလေးထား စဉ်းစားရမှာကတော့ သားသမီး ရယ်လို့ ရှိလာပြီးတဲ့ အမေတိုင်းဟာ ကိုယ့်သားသမီးအတွက် ဆင်းရဲ လွန်းလို့ ဆက်ပြီး အသက်ရှင်နေရင် ကျွေးမွေးပြုစုရေး ခက်ခဲလို့ ဆိုပြီး နို့မတိုက်တဲ့မိခင်ရယ်လို့ တို့ရဲ့ဝန်းကျင်မှာတော့ လုံးဝမကြားဖူး ပါဘူး။ စီးပွားဥစ္စာ ဘယ်လောက်ပဲ ချို့တဲ့နေပါစေ။ ဆာလောင်တဲ့ သားသမီးကို အဆာပြေစေတယ်။ ချမ်းအေးတဲ့အခါ နွေးထွေးစေတယ်။ ပူအိုက်တဲ့အခါမှာလည်း အေးမြစေတယ်။ ဒါကြောင့် ရင်ခွင်ပိုက် ကလေးငယ်ဘဝမှာ ဘယ်မိခင်မှ ဆင်းရဲချို့တဲ့တယ်ရယ်လို့ မရှိဘူး။

ပြီးတော့ သားသမီးတွေကို အခုလို ကျွေးမွေးပြုစုရတဲ့အတွက် ဘယ်လောက်ကုန်ကျတယ်၊ ဘယ်လောက်ပင်ပန်းတယ်၊ တစ်ချိန်ချိန် မှာ ဒီအတွက် သားသမီးတွေဆီက ဘာတွေ ပြန်ပြီးရယူမယ်ရယ်လို့ အကြွေးသဘောမျိုးနဲ့ တန်ဖိုးသတ်မှတ်ထားခြင်းလည်း မရှိကြဘူး။ (ဒါကတော့ အမေကော အဖေကော စိတ်ထားအတူတူပါပဲ) မေတ္တာ စိတ်သန့်သန့်ကလေးနဲ့ ပေးခဲ့ကြတာပါ။ လောကမှာ တန်ဖိုးသတ်မှတ် ထားခြင်းမရှိဘဲ စွန့်လွှတ်မှုသက်သက်နဲ့ ပေးတဲ့အရာတိုင်းဟာ ဘာနဲ့မှ တန်ဖိုးဖြတ်လို့လည်း မရဘူး။ တန်ဖိုးကန့်သတ်လို့လည်း မရဘူး။ ဒါကြောင့် မိဘတို့ရဲ့မေတ္တာနဲ့ ဂုဏ်ကျေးဇူးဆိုတာ 'အနန္တ = အတိုင်း မရှိ ကြီးမားတယ်' လို့ ဆိုရတာပါ။

မြတ်စွာဘုရားရှင်က မေတ္တသုတ်တရားတော်မှာ စစ်မှန်တဲ့ မေတ္တာစိတ်ထားဆိုတာ မိခင်က ရင်သွေးဖြစ်တဲ့ သားသမီးအပေါ်မှာ ထားတဲ့ စိတ်ထားမျိုးဖြစ်တယ်လို့ ဟောတော်မူပါတယ်။ ဒီနေရာမှာ စစ်မှန်တဲ့မေတ္တာစိတ်ထား ဆိုတာကိုတော့ နည်းနည်းရှင်းပြဖို့ လိုမယ်ထင်တယ်။ စစ်မှန်တဲ့ဆိုတဲ့ နာမဝိသေသနစကားကို ထောက်ရင် အတုဆိုတဲ့ ဆန့်ကျင်ဘက်တစ်ခုလည်း ရှိတယ်လို့ ဆိုလိုရာရောက်တယ်။

စစ်မှန်တဲ့မေတ္တာစိတ်ထား ဆိုတာ သားသမီးမှာ ဒုက္ခတစ်မျိုးမျိုးနဲ့ကြုံရတဲ့အခါမျိုးမှာ အပြစ်တွေ ချွတ်ယွင်းချက်တွေကို ပြန်ပြီး တွေးနေ ရှာနေတဲ့ ဒေါသ အာဃာတတွေ လုံးဝမထားဘဲ ကိုယ်တိုင်ကြုံတွေ့ရသလို မှတ်ယူခံစားပြီး လွတ်ရာလွတ်ကြောင်း ကြိုးစားတဲ့ စိတ်ထားရှိတာ၊ ချမ်းသာသုခတစ်မျိုးမျိုးနဲ့ ကြုံကြတဲ့အခါမှာလည်း မနာလိုဝန်တို ဆိုတဲ့ ဣဿာမစ္ဆရိယစိတ် လုံးဝမဖြစ်ဘဲ ကိုယ်တိုင်တွေ့ကြုံရရှိသလို မုဒိတာအပြည့်နဲ့ ဝမ်းမြောက်တဲ့စိတ်ထားရှိတာ၊ အပြစ်တွေ ချွတ်ယွင်းချက်တွေကို ဥပေက္ခာစိတ်အပြည့်နဲ့ ခွင့်လွှတ်တတ်တဲ့စိတ်ထားရှိမှ စစ်မှန်တဲ့မေတ္တာစိတ်လို့ ခေါ်ပါတယ်။ ပါးစပ်က သတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေလို့ တတွတ်တွတ်ရွတ်ပြီး မေတ္တာပို့နေပေမယ့် ဆင်းရဲဒုက္ခရောက်သူနဲ့ တွေ့ရင် အပြစ်တစ်ခုခု ရှာကြံတွေးပြီး ကရုဏာနဲ့ သရုပ်မဆောင်နိုင်ကြရင်၊ ချမ်းသာသုခ ရနေသူတို့ကို တွေ့တဲ့အခါမှာ ဣဿာမစ္ဆရိယဆိုတဲ့ မနာလို (မနာလိုဆိုတာ မကြားချင်တာ) ဝန်တို (ဝန်တိုဆိုတာ ကိုယ့်ဝန်ကိုသာ ထမ်းချင်ပြီး သူ့ဝန်ကို ဝိုင်းကူထမ်းမပေးချင်တာ) ဆိုတဲ့ စိတ်တွေမွေးပြီး မုဒိတာမပွားနိုင်ကြရင်၊ အပြစ်နဲ့ ချွတ်ယွင်းချက်တို့ကို တွေ့တဲ့အခါ နားလည်စိတ်နဲ့ သည်းခံ ခွင့်လွှတ်မပေးနိုင်ရင် ဒီလိုလူရဲ့ပါးစပ်က

ရှုတ်နေတဲ့ မေတ္တာဆိုတာ အတုကြီးသာ ဖြစ်တယ်ဆိုတာ သိသာပါလိမ့်မယ်။

မိဘတို့က သားသမီးတွေအပေါ်မှာထားတဲ့ မေတ္တာစိတ်ကတော့ လိုအပ်သလို ကရုဏာ မုဒိတာ ဥပေက္ခာတရားများပါ အပြည့်အစုံ ခြံရံပြီး ထားတာဖြစ်လို့ မေတ္တာစစ်လို့ ဆိုရတာပါ။ ဒီစိတ်ထားလေးမျိုး ဆိုတာ လူ့ပြည်မှာဆိုရင် ဒေါသကင်းပြီးကြတဲ့ အရိယာများနဲ့ ဗြဟ္မာများသာ ထားနိုင်ကြတာမျိုးဖြစ်လို့ ဗြဟ္မာစရိယ = ဗြဟ္မာတို့ရဲ့ စရိုက်စိတ်ထားလို့ ဆိုကြတာပါ။ မိဘကို ဗြဟ္မာနဲ့ တစ်ဂိုဏ်းတည်း ထားတယ် ဆိုတာလည်း ဒီစိတ်ထားကြောင့်ပါပဲ။

မေတ္တာသုတ်မှာတော့ ဘုရားရှင်က မိခင်ဆိုတာ မိမိရင်သွေးဖြစ်တဲ့သားသမီး ဒုက္ခနဲ့ကြုံတွေ့ရတဲ့အခါမှာ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သလိုလို့ ဟောထားပါတယ်။ ဟုတ်တယ်။ မိခင်ဆိုတာ လူမိခင် မပြောနဲ့၊ တိရစ္ဆာန်မိခင်များလည်း သားသမီးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်တာပါပဲ။

၁၉၅၄ ခုနှစ်လောက် (ထင်ပါတယ်) မြဝတီမဂ္ဂဇင်းထဲမှာ ဝတ္ထုတိုတစ်ပုဒ် ဖတ်ရဖူးတယ်။ စာရေးသူကို မမှတ်မိတော့ပေမယ့် ဇာတ်လမ်းကတော့ မေ့ရက်စရာမရှိတဲ့ အဖြစ်အပျက်ကလေးပါပဲ။ တကယ့်ဖြစ်ရပ်ကို အခြေခံပြီး ရေးထားတယ်လို့လည်း ထင်ပါတယ်။ မိမိကိုယ်တိုင်လည်း ဒီဖြစ်ရပ်နဲ့ ခပ်ဆင်ဆင်ကြုံရဖူးလို့ပါ။

ဈေးရှိတဲ့ ရွာကြီးတစ်ရွာမှာ ဈေးဖိတ်နေ့ ညနေပိုင်းရောက်တဲ့အခါ နောက်တစ်နေ့ ဈေးမှာရောင်းဖို့ အမဲများသတ်လေ့ရှိတယ်။ တစ်ခါမှာတော့ အသားသတ်ဖို့ နွားမကြီးတစ်ကောင်ဝယ်လာတော့ နို့မဖြတ်သေးတဲ့ နွားသားလေးလည်း ပါလာတယ်။ နွားမကြီးကို နွားသတ်ကုန်းရှိရာဆီ မောင်းလာတော့ နွားသားလေးကလည်း

ဘာမသိ ညာမသိ လိုက်ပါလာတာပေါ့။ နွားသတ်ကုန်းနဲ့ မနီးမဝေး ရောက်တဲ့အခါမှာတော့ အရင်က အသတ်ခံထားရတဲ့ နွားအရိုးအသွေး တွေရဲ့အနံ့ကို ရတဲ့အတွက် နွားမကြီးက သူ့ကို နွားသတ်ကုန်းရှိရာ ခေါ်နေတာပဲ၊ သတ်တော့မှာပဲဆိုတာ သိပြီး မောင်းလို့ မရတော့ဘူးတဲ့။

လူတွေကလည်း နေမဝင်ခင် ကိစ္စပြီးရမှာဆိုတော့ အချိန်မဆွဲ နိုင်တော့ဘူး။ နောက်ကနေ မောင်းလို့ မရတဲ့အခါ နှာခေါင်းကြိုးကို ချိုနောက်ကနေ ရှေ့ကိုလှန်ပြီး (နှာလှန်ပြီး) ရှေ့ကနေ ဆွဲကြတယ်။ နွားမကြီးကလည်း ကြောက်အားလန့်အားနဲ့ လယ်ကန်သင်းကို ရှေ့ ခြေနှစ်ဖက်နဲ့ကန်ပြီး ရုန်းနေတာပေါ့။ အဲဒီအချိန်မှာ နွားသားလေး ကတော့ ဘာမှမသိရှာဘူး။ ရိုးပြတ်တောထဲမှာ ဆော့ပြေးနေပါသတဲ့။

နောက်ဆုံး ပါသမျှလူတွေအားလုံးက ရှေ့ကနေ တအား ဆောင့်ဆွဲကြတဲ့အခါ နွားမကြီးရဲ့နှာခေါင်းဖျားပါ ပြတ်ထွက်သွားပြီး ဆွဲတဲ့လူတွေ ပက်လက်လန် လဲကုန်တော့ နွားမကြီးလည်း နှာခေါင်း ပြတ်ပြီး သွေးတွေတစ်စက်စက်နဲ့ ကြောက်အားလန့်အား ပြေးတော့ တာပေါ့။ လယ်နှစ်ကွက် သုံးကွက်လောက် ဝေးသွားတဲ့အချိန်မှာ ကျန်ခဲ့တဲ့နွားသားလေးက အမေကို မမြင်တဲ့အတွက် အော်လိုက်တော့ နွားမကြီးလည်း နွားသားလေးကို အသံပေးပြီး ရပ်စောင့်နေတယ်။ နွားသားလေးနဲ့အတူ နွားသတ်သမားတွေပါ လိုက်လာလို့ လယ် တစ်ကွက်အလိုလောက် ရောက်လာတော့မှ ကြောက်လန့်ပြီး တစ်ခါ ထပ်ပြေးပြန်ရော။ အမေနဲ့ အတော်ဝေးသွားလို့ နွားသားလေးက ထပ်ပြီးလည်း အော်လိုက်ရော နွားမကြီးက ဆက်မပြေးဘဲ ရပ်စောင့် ပြန်သတဲ့။

အဲဒါကိုကြည့်ပြီး နွားသတ်သမားတွေက ဒီနွားမကြီးကို လိုက် နေလို့တော့ နေသာဝင်သွားမယ်။ ဖမ်းမိဖို့ မလွယ်ဘူး။ သူ့သားလေး

အော်ရင်တော့ မုချပြန်လာမှာပဲဆိုတာ သဘောပေါက်သွားပြီး နွားသားလေးကို ဝိုင်းဖမ်းကြတယ်။ နွားသားလေးကို နွားသတ်ကုန်းမှာ ကြိုးနဲ့ချည်ထားပြီး ကျယ်ကျယ်အော်အောင် ရိုက်ကြမှာပေါ့။ သားလေးရဲ့ မချိမဆံ့အော်တဲ့အသံကိုလည်း ကြားရရော နွားမကြီးဟာ သွေးတွေတရဲရဲနဲ့ နာကျင်နေတဲ့နာခေါင်းက ဒဏ်ရာကိုရော၊ သူ့အသက်ကို သတ်မယ့်ဘေးကိုရော ဘာမှ မစဉ်းစားနိုင်တော့ဘဲ သားလေးရှိရာကို ပြန်လာတော့တာပေါ့။ နွားသတ်သမားများကလည်း လက်နက်တွေ အသင့်ကိုင်ထားကြတာပေါ့။ နွားမကြီးက သားလေးရှိရာကို တဖြည်းဖြည်းလျှောက်လာပြီး သားလေးရဲ့ကိုယ်မှာ အရိုက်ခံထားရတဲ့ ဒဏ်ရာတွေကို လျှာနဲ့ တယုတယလေး လျက်ပေးနေချိန်မှာပဲ နွားသတ်သမားများကတော့ သူတို့အလုပ် သူတို့လုပ်ကြတော့တာပေါ့။ အနောက်ဘက်တောင်စွယ်မှာလည်း နေလုံးကြီးက ကွယ်သွားပြီတဲ့။ နွားသားလေးကတော့ ဒါဟာ သူ့အတွက် မြင်းမိုရ်ဦးရဲ့ နောက်ဆုံးရေစင်ပဲဆိုတာ သိချင်မှ သိမှာပေါ့။ မြင်းမိုရ်ဦးကြီးကတော့ ပြိုသွားပြီ။

ဇာတ်လမ်းအကျဉ်းချုပ်ကတော့ ဒါပါပဲ။ ဘုရားရှင် မေတ္တသုတ်မှာ ဟောတော်မူတဲ့ **မာတာယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ** ဆိုတာ လူမိခင်များသာမကဘူး၊ တိရစ္ဆာန်မိခင်များလည်း ရင်သွေးကို အသက်နဲ့လဲပြီး ကာကွယ်ကြတာပါပဲ။ ဒါကြောင့် မိခင်ဆိုတာ တိရစ္ဆာန်လည်း မဟုတ်ဘူး၊ အရိုင်းအစိုင်းလည်း မဟုတ်ဘူး၊ မိခင်ဆိုတာ မိခင်ပါပဲလို့ ပြောတာပေါ့။

❐

# အနန္တကို မှန်းဆကြည့်ခြင်း (၂)

'မပြိုကွဲနိုင်တဲ့အရာကို
ဆောင့်မတိုးလိုက်နဲ့
သူက မကွဲရင် ကိုယ်ကွဲမယ်'

သားသမီးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်တဲ့ မေတ္တာတရားနဲ့ပတ်သက်လို့ မေတ္တာသုတ်မှာ မိခင်ကိုသာ ဖော်ပြထားတာက သားသမီးတို့နဲ့ ပထမဆုံးရင်းနှီးတာဖြစ်လို့ ပဓာနနည်းအနေနဲ့ ပြောရတာပါ။ တကယ်တော့ မိခင်ကော ဖခင်ပါ သားသမီးနဲ့ ပတ်သက်လာရင် အသက်စွန့်ပြီး ကာကွယ်ကြတာမျိုးချည်းပါပဲ။ ဒီခေတ်မှာ ဒီလိုမိဘမျိုး ရှိတော့ ရှိရဲ့လားလို့များ သံသယမဖြစ်ပါနဲ့၊ ရှိသမှ အများကြီးပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်လောက်က မော်လမြိုင်မြို့မှာ တစ်နယ်လုံး အုတ်အော်သောင်းတင်းဖြစ်သွားတဲ့ မီးလောင်မှုတစ်ခု ဖြစ်ဖူးတယ်။ မီးက အိမ်ခြေအများကြီးလောင်အောင် ကြီးကျယ်လို့ မဟုတ်ပါဘူး။ ဖြစ်ရပ်က ကြီးကျယ်လို့ပါ။ နှစ်ထပ်တိုက်တစ်တိုက်မှာ အောက်ထပ်က ကုန်ပစ္စည်းတွေထားပြီး အပေါ်ထပ်မှာ မိသားစု

နေကြတယ်။ တစ်ညမှာ အောက်ထပ်ကို မီးလောင်တယ်။ မီးက ကုန်ပစ္စည်း လောင်စာအားကောင်းတော့ အောက်ထပ်တစ်ခုလုံး တစ်ခဏအတွင်း မီးတွေအားကောင်းပြီး အပေါ်ထပ်ပါ လောင်လာတယ်။ အချိန်က သန်းခေါင်ကျော် အိပ်ကောင်းချိန်ဆိုတော့ အပေါ်ထပ်မှာ အိပ်မောကျနေတဲ့ မိသားစုက ကြမ်းခင်းတွေပူလာမှ နိုးတော့တယ်။ မီးကလည်း အပေါ်ထပ်ကြမ်းခင်းတွေပါ ကျွမ်းစပြုနေပြီ။ အိမ်ပေါ်မှာက အမေရယ်၊ အဖေရယ်၊ နို့ညှာသမီးလေးနဲ့ ရင်ခွင်ပိုက်သားငယ်လေးရယ် လေးယောက် ရှိတယ်။ အောက်ထပ်မှာ မီးက သိပ်ပြီးပြင်းထန် အားကောင်းနေပြီဆိုတော့ လှေကားကနေ ဆင်းပြေးလို့ကို မရနိုင်တော့ဘူး။ အိမ်နီးနားချင်းတွေလည်း နိုးလာကြလို့ နံဘေးမှာတော့ လူတွေက ဝိုင်းနေကြပြီး လှေကားက ဆင်းမရရင် ခုန်ချကြဖို့ အော်ဟစ်သတိပေးနေကြတယ်။ တကယ်တော့ နှစ်ထပ်တိုက်အပေါ်က ခုန်ချဖို့ဆိုတာကလည်း မလွယ်ဘူး။ ကလေးနှစ်ယောက်နဲ့ မအေက ဘယ်လိုမှ ခုန်မချရဲကြဘူး။

နောက်ဆုံး ကြံရာမရတဲ့အခါ အဖေက သားငယ်ကို မွေ့ရာနဲ့ ပတ်လိပ်ပြီး စည်ပိုင်းလွတ်တစ်ခုထဲ အတင်းထည့်လိုက်တယ်။ အဲဒါကိုမြင်တော့ သမီးက မလုပ်ချင်ဘူးဆိုပြီး ရုန်းထွက်ပြေးလို့ အမေက အတင်းလိုက်ဆွဲရင်း မီးကျွမ်းနေတဲ့ဘက်ရောက်သွားတော့ အမေကော သမီးပါ မီးထဲပြုတ်ကျသွားကြတယ်။ အဖေကတော့ သားငယ်ကိုထည့်ထားတဲ့တိုင်ကီကို မပြီး အောက်မှာရှိနေတဲ့လူတွေဆီ ပစ်ချလိုက်တယ်။ အောက်ကနေ ဝိုင်းအော်သတိပေးလို့ သူလည်း ခုန်ချလိုက်ရတယ်။ သားငယ်က ဘာမှ ထိခိုက်မှုမရှိဘဲ အကောင်းပကတိ အသက်ရှင်ပါတယ်။ ဖခင်ကတော့ ခြေဖနောင့်အရိုးတွေ ကြေသွားသလို တစ်ကိုယ်လုံး အရိုးအဆစ်တွေပါ ဒဏ်ရာပြင်းတဲ့

အတွက် ဆေးရုံမှာ နှစ်နဲ့ချီပြီး ကုပြီးတော့မှ ချိုင်းထောက်နဲ့ လမ်းလျှောက်လို့ရတယ်။ အမေက သမီးနဲ့အတူ အသက်စွန့်သွားခဲ့ပြီး အဖေက ကံကောင်းလို့ကျန်ရစ်တာပါ။ ကာယကံရှင်တွေကို မပန်ကြားရသေးလို့ အမည်တွေ မထည့်ပေမယ့် ဒါဟာ ရွှေပါရမီ အရှင်ဆန္ဒာဓိကနဲ့ အလွန်ရင်းနှီးတဲ့ မိသားစုများထဲက တကယ့်ဖြစ်ရပ်ပါ။

နောက်ထပ်ဖခင်တစ်ဦးလည်း တွေ့ဖူးပါသေးတယ်။ အမရပူရမှာ မိမိတို့စာသင်ခဲ့တဲ့ တူမောင်းကျောင်းတိုက် အရှေ့ဘက်ကပ်လျက်အိမ်မှာပါ။ အိမ်က နှစ်ထပ်ပျဉ်ထောင် သွပ်မိုးအိမ်၊ အောက်ထပ် ရှေ့မျက်နှာစာမှာ သွပ်ဖီအမိုးနဲ့၊ အောက်ထပ်မှာက ရက်ကန်းစင်တွေအပြည့်နဲ့၊ ညဉ့်နက်ကြီး မီးလောင်တာပါပဲ။ မီးအရှိန် အတော်ကြီးလာမှ နိုးကြတော့ နီးရာကလေးပွေ့ချီပြီး အမေရော အဖေရော ပြေးဆင်းလာကြတာပေါ့။ အောက်ရောက်တော့မှ သားအကြီးကောင်လေးက အပေါ်မှာ အိပ်နေခဲ့တာ သိရတော့ အဖေက မီးတောက်တွေကြားကပဲ အိမ်ပေါ် မရအရတက်ပြီး သားကို စောင်ပိုင်းနဲ့ သိုင်းပြီး အောက်ကို ကမ်းပေးနိုင်လိုက်တယ်။ သူကိုယ်တိုင်ကတော့ လှေကားအတိုင်း ပြန်ဆင်းလို့ မရတော့ဘူး။ မီးကလည်း အိမ်ရှေ့သွပ်ဖီအထိ အတော်ကျွမ်းနေပြီ။ အားလုံးက ဝိုင်းအော်တော့မှ ပြတင်းပေါက်ပေါ်က တစ်ဆင့် သွပ်ဖီပေါ် ခြေတစ်ဖက်ထောက်ပြီး အောက်ကို ခုန်ဆင်းလိုက်တော့ သွပ်ဖီပေါ် ခြေထောက်မိတဲ့ ခြေဖဝါးရေက သွပ်ပြားမှာကျက်ပြီး ကွာကျန်ရစ်ခဲ့တယ်။ အရိုးကြေတာကော အရေကျက်သွားတာကော နှစ်နဲ့ချီပြီး ကုလိုက်ရပါတယ်။

မိဘဆိုတာ သားသမီးတို့အပေါ်မှာ ကိုယ့်အသက်ကို စွန့်ရဲလောက်အောင်အထိ မေတ္တာတရားကြီးမားကြလို့လည်း 'အနန္တ = အတိုင်းမရှိ ဂုဏ်ကျေးဇူးရှင်များ' လို့ ဘုရားရှင်ကိုယ်တိုင်က မှတ်ချက်ချခဲ့တာပါ။ ဘုရားပေးတဲ့ ဂုဏ်ပုဒ်လို့ပဲ ဆိုကြပါစို့။

တစ်ခါတလေတော့ စဉ်းစားမိဖူးတယ်။ အမေ အဖေတို့ဟာ သူတို့ စာပေးစာယူတွေ လုပ်ကြတုန်းကတော့ ဟိုသီချင်းထဲကလို 'လမင်း မင်းကို အဝေးကကြည့်သလို' တို့၊ ဘာတို့တွေ စိတ်ကူးယဉ်ချင် ယဉ်ခဲ့ကြမှာပဲ။ တကယ်တမ်းယူကြပြီးလို့ သားသမီးတွေ ရလာကြတဲ့အခါမှာတော့ သူတို့က ကုမုဒြာ၊ သားသမီးတွေက လမင်းအစစ်တွေ ဖြစ်နေကြတယ်။ ဟုတ်တယ်လေ၊ သားသမီးဆိုတဲ့ လမင်းကြီး အပြစ်ကင်းကင်းစင်စင် ကြည်လင်ဝင်းပနေပြီဆိုရင် အမေအဖေတို့ရဲ့ မျက်နှာ ကုမုဒြာတွေလည်း ပြုံးရွှင် ပွင့်လန်းနေကြတာပဲမို့လား။ တွက်ကြည့်ရင်တော့ စာပေးကြတုန်းက သူတို့ရည်ညွှန်းတဲ့ လမင်းက တခြား၊ တကယ့်လမင်းဘဝကို ရရှိသူက တခြား ဖြစ်နေကြတာဟာ ငါတို့ (သားသမီး တွေ) က အဖေ အမေတို့ရဲ့ လမင်းမျက်နှာတွေကို ကြားကနေ လုယူလိုက်သလိုများ ဖြစ်နေမလားပဲ။ ဘာပဲဖြစ်ဖြစ် အဖေအမေတို့ကတော့ လမင်းမကလို့ လမင်းထက် လင်းထိန်အေးမြနေလည်း မနာလိုဝန်တိုဖြစ်ကြမှာ မဟုတ်ပါဘူး။ မီးပုံကြီးတွေ ဖြစ်မသွားရင်ဘဲ ကျေနပ်နေကြမှာပါပဲ။

မိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေဟာ အတိုင်းအရှည်ပမာဏ မရှိလောက်အောင် ကြီးမားခိုင်မြဲလာပေမယ့် သူတို့ရဲ့မေတ္တာထဲမှာ 'တို့တစ်တွေ ကျွေးမွေးစောင့်ရှောက်ခဲ့ရတာ ဘယ်လောက် ဘယ်လောက်တန်ဖိုးရှိသွားပြီ၊ ဘယ်လိုပြန်ဆပ်ရမယ်' ဆိုတဲ့ လောဘနဲ့ အရောင်ဆိုးထားခြင်းလည်းမရှိ၊ 'တို့မကျေနပ်လို့ကတော့ ဘယ့်နှယ်လုပ်ပစ်မယ်' လို့ ဒေါသနဲ့ အရောင်ဆိုးတာလည်း မရှိ၊ 'မင်းတို့ကို တို့က ကျွေးမွေးစောင့်ရှောက်ပေးလို့ လူလားမြောက်နေတာကွ' လို့ မာန်မာနတွေနဲ့လည်း အရောင်ဆိုးမထားကြလေတော့ အရောင်မဲ့ အကြည်သက်သက်လိုဖြစ်နေလို့ တချို့ သားသမီးများက မိဘမေတ္တာကို ရှိ

တယ်လို့တောင် မထင်တတ်ကြဘူး။ 'သူတို့တွေ မွေးထားတာပဲ ကျွေးမွေးစောင့်ရှောက်ရမှာပေါ့၊ ဒါဟာ သူတို့ဝတ္တရားပဲ' လို့ ပေါ့ပေါ့ တန်တန်တွေးကြ ထင်ကြသူတွေတောင် ရှိတယ်။

ငယ်ငယ်တုန်းက ကြုံရဖူးတာတစ်ခုကို ပြန်ပြီး သတိရမိ တယ်။ ရွာမှာ ရှေးက ပစ္စည်းရှိသူတွေဆောက်ခဲ့တဲ့ နှစ်ထပ်အိမ်ကြီး တစ်လုံး ရှိတယ်။ အပေါ်ထပ်မှာ ပြတင်းတံခါးအထက်က မှန်တံခါး တွေ တပ်ထားတယ်။ မှန်တွေက ဘာအရောင်မှ မပါဘူး။ အကြည် သက်သက်တွေ။ အဲဒီအိမ်အပေါ်ထပ် အတွင်းပိုင်းမှာ ပျားအုံကြီးတစ်အုံ လာစွဲနေတယ်။ ဝင်လာတုန်းကတော့ တံစက်မြိတ်အောက်ကပဲ ဝင် လာကြမှာပေါ့။ ပြန်အထွက်မှာတော့ မှန်အကြည်တွေ ကာထားတာကို မမြင်ဘဲ ဟာလာဟင်းလင်းမှတ်ပြီး အရှိန်နဲ့ ပျံပြီး တိုးကြလို့ တချို့ ပျားကောင်တွေ ခေါင်းကွဲတဲ့အကောင်က ကွဲ၊ မူးပြီး မပျံနိုင်ဘဲ ကျနေတဲ့အကောင်က ကျ၊ တချို့လည်း ခေါင်းကွဲ အတောင်ကျိုးနဲ့ ကြမ်းပြင်မှာ ပုံလို့၊ တချို့ မသေမရှင်အကောင်တွေကို ပုရွက်ဆိတ် တွေက ဝိုင်းစားကြတာလည်း မြင်မကောင်းဘူး။ လူတွေကတော့ 'ပျားကောင်တွေ မှန်ပြတင်းနဲ့ တိုးမိပြီး ဒုက္ခရောက်ကြတယ်' လို့ ပြောတာပေါ့။ အမှန်ကတော့ ပျား ကောင်က မှန်ပြတင်းကိုမမြင်ဘဲ ဆောင့်တိုးကြလို့ မှန်က မကွဲတော့ ပျားကောင်တွေပဲ ကွဲကြတော့ တာပေါ့။ မှန်ပြတင်းမှာ အရောင်မပါပေမယ့် လေတို့ မိုးတို့ ဖုန် တို့ကိုတော့ လုံခြုံအောင် ကာကွယ်ပေးနိုင်တယ်။ ခိုင်တယ် မာတယ် လေ။ ကိုယ့်အားနဲ့တိုးလို့ မကွဲနိုင်တဲ့အရာကို တအားဆောင့်တိုးပြီ ဆိုမှတော့ သူမကွဲရင် ကိုယ်ပဲ ကွဲရမှာပေါ့။

ဟုတ်တယ်။ ဇာတ်တော်ထဲမှာတောင် ပါသေးတယ်။ အလွန် ကြည်လင်ပြီး ရှိတယ်လို့တောင် မထင်ရတဲ့ ဖန်ကူထဲမှာနေကဲ့

မြေခွေးကို ညီဖြစ်တဲ့ ခြသေ့်က တအားခုန်အုပ်လိုက်တာ ဖန်ကူနဲ့ ခေါင်းနဲ့ဆောင့်ပြီး ဦးခေါင်းကွဲ သေသွားတယ်။ ဒါကို ဘုရားအလောင်း ဖြစ်တဲ့ နောင်တော်ခြသေ့်က ကြားတော့ မြေခွေးနဲ့ တိုက်ခိုက်လို့ ခြသေ့် သေရတယ်ဆိုတာ ရိုးရိုးမဖြစ်နိုင်ဘူး။ အကြောင်းထူးရှိမယ် ဆိုပြီး ပမာမခန့်ထိုင်နေတဲ့ မြေခွေးနားကပ်ပြီး အသေအချာစမ်း ကြည့်တော့မှ ဖန်ကူမှန်းသိလို့ အပေါက်ကို ရှာဝင်ပြီး မြေခွေးကို ကိုက်သတ်လိုက်ရသတဲ့။ 'သတိမမူ ကူမမြင်' ဆိုတဲ့ စကားပုံဟာ ဒါကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာပေါ့။

မိဘတို့ရဲ့မေတ္တာဟာလည်း အဲဒီလိုပဲ ဘယ်လိုကိလေသာ အညစ်အထေးမှ မရှိတဲ့အတွက် ကြည်လင်နေလို့ ရှိတယ်လို့တောင် မထင်ရဘူး။ ဒါပေမဲ့ ခိုင်တယ်၊ မာတယ်၊ ဘာနဲ့တိုက်တိုက် မပြိုကွဲ ဘူး။ မှန်ပြတင်းက လေဒဏ် မိုးဒဏ်ကို ကာကွယ်ပေးသလိုပဲ ဒီအကြည်ရောင် မေတ္တာဖန်ကူနဲ့ သားသမီးတို့အပေါ်မှာ ကျရောက် လာမယ့် စားဝတ်နေရေး၊ ကျန်းမာရေးစတဲ့ ဘေးအမျိုးမျိုးတွေကို ကာကွယ်ပေးနေတာပေါ့။ ဒါကို မသိမမြင်ဘဲ ဒေါသ မောဟ မာန် မာနတွေနဲ့ တအားဆောင့်တိုးကြမယ် ဆိုရင် သူတို့ကတော့ ကွဲမှာ မဟုတ်ဘူး။ ဆောင့်တိုးသူပဲ ကွဲမှာပဲ။ နိပါတ်တော်မှာပါတဲ့ မိတ္တဝိန္ဒက တို့၊ အဇာတသတ်တို့ဟာ ဒီအတိုင်းဖြစ်သွားတာပဲမို့လား။

စာထဲမှာတော့ အဇာတသတ်မင်းသားဟာ သူ့ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ထီးနန်းကို အရယူခဲ့လို့ သူ့သား အရွယ်ရောက်တဲ့အခါမှာလည်း သူ့ကိုသတ်ပြီး ထီးနန်းကို ယူသွား တယ်လို့ ရေးထားတာပေါ့။ ဒါက ဖြစ်ရပ်ကို ကြည့်ပြောတဲ့ အသံရဲ့ အနက်ပါ။ တကယ့်အနှစ်သာရ ခံစားချက်အရ ပြောမယ်ဆိုရင်တော့ ဘယ်တော့မှ မပျက်စီးမပြိုကွဲနိုင်တဲ့ ဖခင်ရဲ့မေတ္တာဆိုတဲ့ ဖန်ကူကြီးကို

သတိမမူတဲ့အတွက် မသိမမြင်ဘဲ ထီးနန်းစည်းစိမ်ကို တပ်မက်တဲ့ တဏှာလောဘ စိတ်တွန်းအားနဲ့ တအားပြေးဆောင့်မိလို့ ဖခင်ရဲ့ မေတ္တာက မကွဲတော့ သူ့ခေါင်းကွဲသေတယ်လို့ ပြောမယ်ဆို ပြောနိုင်တာပဲ။ ဟုတ်တယ်လေ၊ သားက ဖခင်ဆီက ထီးနန်းစည်းစိမ်ကို ယူပြီး ဖခင်ကို အချုပ်အနှောင်ထဲ ထည့်တာ၊ ခြေဖဝါးကို ဓားနဲ့ခွဲတာ၊ ရှားမီးခဲနဲ့ ကင်တာတွေ၊ ဘာပဲလုပ်နေနေ ဖခင်ဖြစ်တဲ့ ဗိမ္ဗိသာရ မင်းကြီးရဲ့ မေတ္တာတရားက ပျက်မှ မပျက်ဘဲဟာ၊ ဒီလောက်ခိုင်မာတဲ့ မှန်ကူကြီး ဆောင့်ပြီး တိုးမှတော့ အဇာတသတ် ကွဲတော့တာပေါ့။ ထီးနန်းစည်းစိမ်လည်း ဘယ်ကြာကြာ ခံစားရတော့မလဲ။

ဒါကြောင့် မန်လည်ဆရာတော်ကြီးများက မဃဒေဝလင်္ကာ (၁၉၀) မှာ–

'ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့၊ ဥစ္စာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ည၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏' လို့ ရေးသား ဆုံးမခဲ့တာပေါ့။

'ကတညုတ ကတဝေဒီ' ဆိုတာ သိထားရမယ်။ သူပြုထားတဲ့ ကျေးဇူးတရားကို ပြောတာ၊ ဓမ္မကရိဏ်စစ်ရေဆိုတာ ရဟန်းတော်တွေ ပရိက္ခရာထဲမှာပါတဲ့ သတ္တုဖလားပုံအနို့လေးနဲ့ မျက်နှာဝမှာ ပိတ်စလေး စီးထားတဲ့ ရေစစ်နဲ့ စစ်ယူထားတဲ့ရေကို ပြောတာ။ တစ်ခါသောက်ကလေးပဲ ရှိတာပေါ့။ 'တန်ခိုးနေ့ည ဆုတ်လပမာ' ဆိုတာ 'လဆုတ်ရက်မှာ သာတဲ့လကို နေ့ချင်းညချင်း ဆုတ်ယုတ်ပြီး နောက်ဆုံး ကွယ်သွားတယ်' လို့ ပြောတာ။ 'ခွေးရူးကောင်းစား တစ်မွန်းတည့်ပေါ့' ဆိုတဲ့ မြန်မာစကားပုံသဘောပေါ့။

ကြည့်ပါလား... အဇာတသတ်မင်းကြီးဟာလည်း ဖခင်ကို သတ်ပြီး ထီးနန်းစည်းစိမ်ကို ရယူထားပေမယ့် ဘာခံစားရလို့လဲ၊

နောင်တတွေ စိုးရိမ်စိတ်တွေနဲ့ အမြဲပူလောင်နေရပြီး သူ့သားလည်း အရွယ်ရောက်လာရော သူစိုးရိမ်တဲ့အတိုင်း တကယ်ဖြစ်လာပြီး အသတ်ခံရတာပဲ။ 'သရေမတိုး ဘုန်းရောင်ညှိုးလျက်' ဆိုတာလည်း အမှန်ပဲလေ။ အဇာ တသတ်မင်းကြီးဟာ ဘုရားရှင်နဲ့ တွေ့ပြီးတော့ သူ့အပြစ်တွေကို သိမြင်တဲ့အတွက် ကုသိုလ်တွေ အများကြီးလုပ်ပြီး ဖြေခဲ့တာပဲ၊ နောက်ဆုံး လက်ရှိသာသနာတော်ကြီး တည်တံ့ရေးအတွက် ပထမဆုံးအကြိမ် သင်္ဂါယနာတင်ရာမှာ အစစ တာဝန်ယူပြီး သာသနာ့ဒါယကာ လုပ်ခဲ့ပေမယ့် အဲဒီဂုဏ်သရေတွေကို 'အဖသတ်တဲ့မင်း' ဆိုတဲ့ အမည်မည်းကြီးက ဖုံးကွယ်ပစ်လိုက်လို့ ဘယ်သူမှတောင်တယ်ပြီး အသိအမှတ်မပြုမိကြတော့ဘူးမို့လား။

မေတ္တာဖန်ကူကို သိအောင် သတိမူမိကြပါစေ။

❐

# အနန္တကို မှန်းဆကြည့်ခြင်း (၃)

'စွန်လွှတ်သူဆိုတာ သူ့ကို
ဘယ်သူကမှ မကြည့်ချင် နေပါစေ၊
သူလွှတ်တဲ့စွန် တက်နေတာကိုကြည့်ပြီး
ပီတိနဲ့ ကျေနပ်နေတတ်သူမျိုးပါ။'

သားသမီးတို့အနေနဲ့ အမေနဲ့ အဖေပြီးရင် နောက်ထပ် မဖြစ်မနေ တွေ့ဆုံ ပေါင်းသင်းရမယ့်သူကတော့ ဆရာသမား ဖြစ်ပါတယ်။ အမှန်ကတော့ မိဘဆိုတာ လက်ဦးဆရာပဲဖြစ်သလို ဆရာဆိုတာ လည်း ပဝတ္တိမိဘများပဲ ဖြစ်ပါတယ်။

မိဘက လူ့ဘဝကို ရောက်ရှိရှင်သန်အောင် မွေးဖွား စောင့် ရှောက်ပေးသူများဖြစ်ပြီး ဆရာဆိုတာက လူရာဝင်ပြီး လူ့အဆင့်မီ လာအောင် သင်ပြမွေးဖွားပေးကြသူတွေပါ။

ကြက်ငှက် သတ္တဝါများဟာ ပထမတစ်ကြိမ် အမိဝမ်းက 'ဥ' အဖြစ် ဖွားမြင်ပေးရုံနဲ့ ဘာအစွမ်းမှ မပြနိုင်ပါဘူး။ ဒုတိယအကြိမ် 'ဥ' ကနေ အကောင်အဖြစ် ဖွားမြင်ပေးမှသာ အမွေးအတောင် အစုံ အလင်နဲ့ ဗီဇစွမ်းအားအလျောက် ပျံနိုင် သွားနိုင် အစွမ်းပြနိုင်ကြတဲ့

သတ္တဝါတွေ ဖြစ်လို့ သူတို့ကို 'ဒွိဇ = နှစ်ကြိမ်ဖွား' များလို့ ခေါ်ပါတယ်။ လူမှာလည်း ဒီအတိုင်းပါပဲ။ ပထမတစ်ကြိမ် မိခင်က မွေးဖွားပေးလို့ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး ခြေလက်အင်္ဂါ အစုံပါရှိရုံနဲ့ လူစွမ်းပြည့်ပြီး လူရာဝင်သူ မဖြစ်နိုင်သေးပါဘူး။ ဒုတိယအကြိမ် ဆရာသမားက သင်ကြားပြသ မွေးဖွားပေးခြင်းကို ခံယူရမှသာ ပင်ကိုအစွမ်းများ ပေါ်ထွက်လာပြီး လူရာဝင်လာတာပါ။

ဒီလို ဒုတိယတစ်ကြိမ် ထပ်မံမွေးဖွားပေးခြင်းနဲ့ ပတ်သက်လို့ အဋ္ဌကထာဆရာကတော့ '**ဥရေဝသိတ္တာမုခတောဇာတာ** = နှလုံးသားမှာ သန္ဓေတည်ပြီး ခံတွင်းက မွေးဖွားလာသူများ' လို့ အမွှမ်းတင်ပါတယ်။ ဟုတ်ပါတယ်၊ ဆရာသမားတို့ဆိုတာ မိမိတို့ရဲ့နှလုံးသားမှာ တည်မိတဲ့ စေတနာ၊ မေတ္တာ၊ ဝါသနာ၊ အနစ်နာခံစိတ်များရဲ့ လှုံ့ဆော်မှုနဲ့ ကြိုးစားအားထုတ်ပြီး နှုတ်ကနေ မြွက်ဆိုဆုံးမ သင်ကြားပြသပေးကြတာဖြစ်လို့ 'ဆရာ' ဆိုတာ တပည့်သားကို နှလုံးနဲ့လွယ်ပြီး ခံတွင်းက မွေးဖွားပေးကြသူများဖြစ်သလို 'တပည့်' ဆိုတာ ဆရာတို့ရဲ့နှလုံးအိမ်မှာ သန္ဓေ တည်ပြီး ခံတွင်းက မွေးဖွားလာကြတဲ့ သားသမီးများ ဖြစ်ပါတယ်။ 'ခံတွင်းက မွေးဖွားမှ အမြတ်ဆုံးသားသမီး ဖြစ်တယ်' ဆိုတာ ဒီသဘောကို ပြောတာပါပဲ။

လူ့ဘဝရရှိသူတိုင်းဟာ ကာမာဝစရ ကုသိုလ်ကံမျိုးစေ့နဲ့ လာခဲ့သူချည်းဖြစ်လို့ ကုသိုလ်ကံရဲ့ အစွမ်းသတ္တိလည်း အနည်းနဲ့အများဆိုသလို ရှိကြသူချည်းပါပဲ။ မြန်မာစကားမှာ 'အစွမ်းအစ' လို့ တွဲပြီး သုံးလေ့ရှိပါတယ်။ အစွမ်းဆိုတာ အစဖော်ပေးသူရှိမှ ပေါ်လာတတ်တယ်လို့ ယူဆနိုင်ပါတယ်။ ဆရာသမားဆိုတာ လူမှာရှိတဲ့ အစွမ်းတွေ ပေါ်ထွက်လာအောင် 'အစ' ကို ဖော်ထုတ်ညွှန်ပြပေးတဲ့ ကျေးဇူးရှင်များပါ။ အစကနေ ဆုံးခန်းတိုင်အောင် ရှန်းကန်ကြိုးစားဖို့ကတော့ မိမိတို့ရဲ့တာဝန်သာ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ တချို့ပုဂ္ဂိုလ်တွေမှာ အစွမ်းတွေ အင်အားကြီးကြီးမားမား ရှိပါလျက်နဲ့ အစထုတ်ပေးသူနဲ့ တွေ့ခွင့်မရတော့ အစမထုတ်တတ်ကြလို့ အစွမ်းတွေ ဆုံးရှုံးနစ်နာသွားကြတဲ့ သာဓကတွေ အများကြီးရှိတယ်။ အထင်ရှားဆုံး သာဓကတစ်ခုကတော့ 'ကုဋေရှစ်ဆယ် သူဌေးသား' လို့ လူသိများတဲ့ ဇနီးမောင်နှံတို့ပါပဲ။

ဒီသူဌေးသားက ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ မိဘနှစ်ပါးတို့ရဲ့ တစ်ဦးတည်းသောသားပါပဲ။ ပညာသင်ဖို့ အရွယ်ရောက်တဲ့အခါ မိဘတွေ (အထူးသဖြင့်တော့ အဓိကဦးဆောင်ရမယ့် ဖခင်) က 'တို့မှာ ဒီသားတစ်ယောက်ပဲ ရှိတာ၊ အမွေဥစ္စာတွေ ကုဋေရှစ်ဆယ်တောင် ပေးခဲ့နိုင်တာပဲ၊ တို့သား တစ်သက်လုံး သုံးစွဲလို့တောင် ကုန်နိုင်စရာ မရှိဘူး၊ အပင်ပန်းခံပြီး ပညာသင်နေစရာ မလိုဘူး' လို့ ဆုံးဖြတ်ပြီး ဆရာသမားထံ အပ်နှံမပေးကြဘူး။ ဒီသူဌေးသားဟာ ဆရာသမားရဲ့ နှလုံးသားမှာ သန္ဓေတည်ပြီး ခံတွင်းက ဖွားမြင်ခွင့်မရဘူး။ ဆရာသမားများက သူ့မှာရှိတဲ့ အစွမ်းတွေရဲ့အစကို ဖော်ထုတ်ပြသခြင်း မခံရရှာဘူး။ ဒီလိုနဲ့ အရွယ် ရောက်တော့ သူ့လိုပဲ ကုဋေရှစ်ဆယ် အမွေရတဲ့ ဆရာသမားမဲ့ သူဌေးသမီးနဲ့ အိမ်ထောင်ကျတယ်။ နှစ်ဖက်မိဘများ ကွယ်လွန်ကြတဲ့အခါ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝတဲ့ သူဌေးလင်မယား ဖြစ်သွားကြတာပေါ့။

ဒါပေမဲ့ ဒီအမွေတွေကို ဘယ်လိုတိုးပွားအောင် လုပ်ရမယ်၊ ဘယ်လိုဝေဖန်သုံးစွဲရမယ် ဆိုတာ နားမလည်ဘဲ အစပျောက်နေတဲ့ အတွက် အသောက်သမားများရဲ့ လှည့်ဖြားခံရပြီး အမူးအရူးသမား၊ အပျော်ကြူးသမားအဖြစ် သုံးဖြုန်းရင်း နောက်ဆုံး ခွက်လက်ဆွဲ တောင်းစားရတဲ့ဘဝနဲ့ လမ်းဘေးမှာ ခိုကိုးရာမဲ့ဖြစ်ပြီး ဘဝနိဂုံးချုပ် ကြရတယ်။

ဒီအထည်ကြီးပျက် သူတောင်းစားလင်မယားနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက ထောက်ပြလိုက်တော့မှ သူတို့ဟာ ပစ္စည်းဥစ္စာကြွယ်ဝထိုက်တဲ့ အကောင်းစားကံစွမ်းတွေသာမက အမြင့်ဆုံး အရိယာအဆင့်အထိရောက်နိုင်တဲ့ အမြတ်စား ပါရမီစွမ်းတွေပါ ဆုံးရှုံးရသူတွေဖြစ်ကြောင်း သိရတယ်။

မြတ်စွာဘုရားရှင်က 'တကယ်လို့ ဒီသူဌေးလင်မယားက ပထမအရွယ်မှာ မိမိတို့အစွမ်း အပြည့်အဝ ဖော်ထုတ်နိုင်ကြမယ်ဆိုရင် လောကီအရာမှာ ပထမတန်းစားသူဌေးဖြစ်မယ်။ လောကုတ္တရာအရာမှာဆိုရင်လည်း လင်က ရဟန္တာ၊ မယားက အနာဂါမ် ဖြစ်နိုင်စွမ်းရှိတယ်။ ဒုတိယ အရွယ်မှာ အစွမ်းပြမယ်ဆိုရင်လည်း လောကီအရာမှာ ဒုတိယတန်းစားသူဌေး ဖြစ်နိုင်တယ်။ လောကုတ္တရာအရာမှာဆိုရင် လင်က အနာဂါမ်၊ မယားက သကဒါဂါမ် ဖြစ်နိုင်တယ်။ တတိယအရွယ်ရောက်မှ အစွမ်းပြဦးတော့ တတိယတန်းစားသူဌေးဖြစ်စေ၊ လင်က သကဒါဂါမ်၊ မယားက သောတာပန်အဆင့်ဖြစ်စေ ရောက်နိုင်သေးတယ်။ အခုတော့ အချိန်လွန်သွားပြီဖြစ်လို့ ရေခန်းတဲ့ ညွန်ခြောက်အိုင်မှာ အတောင်ကျိုးတဲ့ ကြိုးကြာအိုလို ကြံမှိုင်ငိုညည်းရုံကလွဲလို့ ဘာမှ အစွမ်းမရှိတော့ဘူး' လို့ မိန့်ကြား ထောက်ပြတော်မူပါတယ်။

အဓိက အကြောင်းရှာလိုက်ရင်တော့ အစွမ်းပေါ်အောင် အစထုတ်ပေးမယ့် ဆရာသမားဆိုတဲ့ မိတ်ကောင်းဆွေကောင်း၊ အမှီအခို (ကလျာဏ မိတ္တ– သပ္ပုရိသူပနိဿယ) ချို့တဲ့ခြင်းပါပဲ။ ဟုတ်ပါတယ်။ သွန်သင်ပြသ ဆုံးမညွှန်ကြားတတ်တဲ့ ဆရာသမားကောင်းတို့ကို မြတ်စွာဘုရားရှင်က ကလျာဏမိတ္တ (ကောင်းကျိုးကို လိုလားတတ်တဲ့ မိတ်ဆွေများ) လို့လည်း ခေါ်ဆိုသုံးစွဲပါတယ်။

တစ်ခါက မြတ်စွာဘုရားရှင်ကို အရှင်အာနန္ဒာက 'ကလျာဏ မိတ္တနဲ့ ပြည့်စုံခြင်းဟာ ဒုက္ခလွတ်မြောက်မှုအတွက် ထက်ဝက် (၅၀ ရာနှုန်း) လောက် အရေးပါတယ်' လို့ လျှောက်ထားတဲ့အခါ ဘုရား ရှင်က 'အာနန္ဒာ၊ အဲဒီလိုမပြောရဘူး၊ အဲဒီလိုမပြောရဘူး' လို့ နှစ်ခွန်း ဆင့်တားမြစ်တော်မူပြီး 'အာနန္ဒာ၊ ကလျာဏမိတ္တနဲ့ ပြည့်စုံခြင်းဟာ ဒုက္ခလွတ်မြောက်ရေးအတွက် လုံးဝ (ရာနှုန်းပြည့်) အရေးပါတယ်။ ကလျာဏ မိတ္တဖြစ်တဲ့ ငါဘုရားရှင်ကို အမှီပြုပြီး မွေး၊ အို၊ နာ၊ သေသဘောရှိတဲ့ ဝေနေယျတွေ အဲဒီဒုက္ခတွေက လွတ်သွားကြတယ်။ ဒါကြောင့် ကလျာဏမိတ္တနဲ့ ပြည့်စုံခြင်းဟာ ဒုက္ခလွတ်မြောက်ရေး အတွက် ရာနှုန်းပြည့် အရေးပါတယ်' လို့ မိန့်ကြားပါတယ်။

လောကီရေးရာမှာလည်း ပညာရပ်အားလုံး ပြည့်စုံရေးအတွက် ဆရာသမားဆိုတဲ့ ကလျာဏမိတ္တဟာ ရာနှုန်းပြည့် အရေးပါတယ် လို့ သဘောပေါက်သင့်ပါတယ်။ အဲဒီလောက်အထိ အရေးပါပေ မယ့် ဆရာသမားများဟာလည်း ပဝတ္တိမိဘများပီပီ ဇာတိမိဘများလို ပါပဲ။ တပည့်သားသမီးတို့အပေါ်မှာ သူတို့အကျိုးအတွက် ဘာမျှ မျှော်လင့်တောင့်တခြင်း၊ ချုပ်ချယ်ကန့်သတ်ခြင်းမထားဘဲ သူတို့ တတ်သိသမျှကို ခွဲဝေစွန့်လွှတ်ခြင်းသက်သက်နဲ့ သင်ပြပေးနေတာ ဖြစ်ပါတယ်။

မေတ္တာကရုဏာ စေတနာသန့်သန့်နဲ့ **စွန့်လွှတ်သူများဟာ စွန့်လွှတ်သူများ**နဲ့ အတူတူပါပဲ။ စွန့်လွှတ်သူများဟာ သူတို့ကို ဘယ်သူ ကမှ မကြည့်ချင်နေပါစေ။ သူတို့လွှတ်တဲ့စွန် တက်နေတာကိုကြည့်ပြီး ပီတိနဲ့ ကျေနပ်နေတတ်ကြသူများ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုတာ လည်း တက်နေတဲ့စွန်ကိုသာ ကြည့်လိုကြပြီး စွန်လွှတ်သူကို ကြည့်လို၊ သိလိုသူက အရှားသားကလား။

ဆရာသမား၊ မိဘတို့ဟာလည်း စွန်လွှတ်သူများလိုပါပဲ။ ပတ်ဝန်းကျင်ကဖြစ်စေ၊ တပည့်သားသမီးများကိုယ်တိုင်က ဖြစ်စေ၊ သူတို့ကို အသိအမှတ်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ၊ သူတို့ကိုယ်တိုင်ကတော့ တပည့်သားသမီးဆိုတဲ့ စွန်ကလေးတွေ အန္တရာယ်ကင်းကင်းနဲ့ တက်နေတာကို ကြည့်ပြီး ပီတိနဲ့ ကျေနပ်နေတတ်ကြသူတွေပါ။

သက်မဲ့ဖြစ်တဲ့ စွန်ကတော့ ဘာမျှမသိတတ်တဲ့ အမျိုးမို့ 'ငါ ခုလို ကောင်းကင်မှာ ဝဲပျံဝင့်ဝါနေနိုင်တာဟာ စွန်လွှတ်သူက ကြိုးနဲ့ ဆွဲချည် လွှတ်တင်ပေးနေလို့ပဲ' လို့ မသိတာ ဘာမျှ အရေးမကြီးပါဘူး။ တကယ်လို့ ရာသီဥတုအကြောင်းတစ်ခုခုကြောင့် ကြိုးပြတ်ပျက်ကျသွားလည်း သူ့မှာ ဆုံးရှုံးနစ်နာစရာရယ်လို့ ရှိလည်း မရှိ၊ သိလည်း မသိနိုင်တဲ့ သက်မဲ့ပစ္စည်းပဲဟာ။ အဲ... သက်ရှိများဖြစ်တဲ့ တပည့်သား စွန်တို့အဖို့တော့ စွန်လွှတ်သူတို့ရဲ့ကျေးဇူးကို သိလည်း သိ၊ တုံ့လည်း တုံ့ပြန်ရမှာပါ။ မသိ၊ မတုံ့ခဲ့ရင် စွန်လွှတ်သူများက ဘယ်လိုမှ မအောက်မေ့ပေမယ့် 'ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထို များစွာတို့၊ ဥစ္စာပစ္စည်းများ၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ည၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏' ဆိုတဲ့ ဆုံးရှုံးနစ်နာစရာတွေ အများကြီးရှိနေလို့ပါပဲ။

အမှန်ကတော့ ဆရာမိဘတို့ကို စွန်လွှတ်သူနဲ့ ဥပမာပြုလိုက်ရပေမယ့် လုံးလုံးကြီးတော့လည်း တူလှတာတော့ မဟုတ်တတ်ပါဘူး။ သက်မဲ့စွန်ကို လွှတ်သူတွေက ဒြပ်ဝတ္ထုထင်ရှားရှိတဲ့ ကြိုးနဲ့ ချည်ပြီး လွှတ်တင်တာဆိုတော့ ရာသီဥတု၊ အချိန်အခါ၊ အခြေအနေ ကြည့်ပြီး တင်လို ချလိုတဲ့အခါ ကိုယ်လိုသလို တင်နိုင် ချနိုင်ခွင့် ရှိကြပါတယ်။ ဆရာမိဘများကတော့ ဒြပ်မဲ့ဖြစ်တဲ့ သံယောဇဉ်ကြိုး

နဲ့သာ ဖွဲ့ချည်ထားကြရတာမို့ စွန်များကို ကိုယ်လိုချင်သလို ဆွဲမယူနိုင်ဘဲ သူတို့ရှန်းသမျှ နောက် ကိုယ့်မေတ္တာ၊ ကိုယ့်သံယောဇဉ်ကြိုးတွေက လျှော့ပြီး လိုက်ပေးနေကြရတာပါ။

ပတ်ဝန်းကျင်အနေနဲ့ စွန်လွှတ်သူများကို ဘယ်တော့မှ လုံးဝအသိအမှတ်မပြုတာတော့လည်း မဟုတ်တတ်ပါဘူး။ ကိုယ်လွှတ်တဲ့စွန်က ကောင်းကောင်းမွန်မွန် မတက်ဘဲ တစ်ခုခုကိုဝင်ပြီး တိုးမိတိုက်မိ ငြိမိတာမျိုး ကြုံလာပြီဆိုရင်တော့ အထိအငြိခံရသူများက 'ဘယ်မိမဆုံးမ၊ ဖမဆုံးမသား လွှတ်တဲ့ စွန်လဲ' ဆိုပြီး အမြစ်ကနေဆွဲကိုင် အသိအမှတ်ပြုတာမျိုး ရှိတတ်ပါတယ်။ ဆရာမိဘများလည်း ဒီအတိုင်းပါပဲ။ ကိုယ့်တပည့်သားက မလိမ္မာတစ်ခုခု ပြုလာပြီဆိုရင် မိဘကော ဆရာပါ မနေသာအောင် အမြစ်ကနေ ဆွဲနုတ်ပြီး အသိအမှတ်ပြုခံရတာမျိုးတော့ မကြာမကြာကြုံရတတ်ပါတယ်။ ဒါပေမဲ့ 'သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း' ဆိုတဲ့ ရှေးထုံးဓမ္မသတ်ရှိတဲ့အတိုင်း ဒီလိုအသိအမှတ်ပြုတာကို ညည်းညူငြင်းဆန်ကြရိုး မရှိပါဘူး။ ပြေလည်တဲ့အထိ တာဝန်ယူကြတာချည်းပါပဲ။

ဘာပဲဖြစ်ဖြစ် ကိုယ်လွှတ်တဲ့ စွန်ကလေးတွေ အန္တရာယ်ကင်းကင်းနဲ့ တက်နေပြီဆိုရင်တော့ စွန်လွှတ်သူတို့ထုံးစံအတိုင်း 'တပည့်မရှား တစ်ပြားမရှိ' လို့ပဲဆိုဆို၊ 'ငါးပိစား ခါးချည့်' လို့ပဲနေနေ ပီတိစားပြီး အားရှိတတ်ကြပါတယ်။ ဒါကြောင့်လည်း ဆရာဆိုတာ ကားစီး တိုက်ဆောက်နိုင်တဲ့ လောကဂုဏ်မြောက်သူတွေ မဟုတ်ကြဘဲ လှည်းစီးပြီး ဗိုက်မှောက်နေရစေဦးတော့ 'အနန္တဂိုဏ်းဝင် ကျေးဇူးရှင်' ဆိုတဲ့ ဘုရားရှင်တို့ အသိအမှတ်ပြုချက်နဲ့ အမြဲပြည့်စုံနေကြတာပါ။

အနန္တ ကျေးဇူးရှင်များဖြစ်တဲ့အတွက် ကျေးဇူးကန်းကြမယ် ဆိုရင်တော့ လူပုဂ္ဂိုလ်ကို မဆိုထားနဲ့၊ တိရစ္ဆာန်ဖြစ်တဲ့ ဗျိုင်းကို ကျေးဇူးကန်းတာတောင် 'အာခေါင်လုံ့စူး' တယ်လို့ အဆိုရှိပါတယ်။ ကျေးဇူးသိတတ်သူတွေအတွက်လည်း အတိုင်းမသိ ကျေးဇူးနဲ့ ဂုဏ်တိုးတက်စေတာမို့ အရိယာပုဂ္ဂိုလ်များပင် အလေးထားတော်မူကြပါတယ်။

ဘုရားရှင်ရဲ့လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ မိမိကို ပထမဆုံး ဗုဒ္ဓဝါဒတရားအကျဉ်း ဟောပြောပြီး သောတာပန်အဆင့် ရောက်စေခဲ့တဲ့ လောကုတ္တရာ လက်ဦးဆရာ အရှင်အဿဇိရှိရာအရပ်ကို ဦးခေါင်းပြုပြီး အမြဲကျိန်းစက်လေ့ ရှိတော်မူတာကိုပဲ ကြည့်ပေါ့။

ဆရာဆိုတာ သူက ပြုခဲ့တဲ့ကျေးဇူးတွေ အတိုင်းမရှိ ကြီးမားပေမယ့် ကိုယ်က ကျေးဇူးတုံ့ပြန်ရာမှာတော့ 'သိတတ်တယ်' ဆိုရုံကလေးနဲ့တောင် အလွန်ကျေနပ် ဝမ်းသာကြတတ်တာကလည်း အလွန်ပါပဲ။ တစ်နှစ်ဆီက မိမိအရပ်မှာ အလှူကြီးလုပ်တဲ့ ဆောင်းရာသီမှာ မိမိကို ငယ်စဉ်က ကျောပိုးသယ်ဆောင်ပြီး ဘုန်းကြီးကျောင်းမှာ ကကြီး၊ ခကွေး စပြီးသင်ပေးတဲ့ လက်ဦးဆရာဖြစ်သူ ဒကာကြီးအတွက် အတော်အသင့်ကောင်းမွန်တဲ့ အနွေးထည်ဂျာကင်တစ်ထည် ယူသွားပြီး 'ဆရာ့ရဲ့ကျေးဇူးတွေအတွက် ပူဇော်တာပါ' လို့ ပြောရင်းပေးလိုက်တော့ 'အို... ဘုရားတပည့်တော် သင်ပေးခဲ့တာက ဘာမှ မဖြစ်လောက်ပါဘူး။ ကကြီး၊ ခကွေး သင်ပုန်းကြီးလောက်ပါ။ အရှင်ဘုရားတို့ ဘွဲ့တွေ ဘာတွေရတယ်ဆိုတာ အရှင်ဘုရားတို့ပါရမီနဲ့ ကြိုးစားမှုတွေကြောင့်ပါ' ဆိုပြီး ယူရမှာ ရှက်နိုးအားနာသလို ဖြစ်နေတယ်။

မိမိက 'ဒကာကြီးပြောတာလည်း ဟုတ်သင့်သလောက် ဟုတ်ပါတယ်။ ဒါပေမဲ့ ဦးပဉ္ဇင်းတို့ ဆက်လက်ကြိုးစားသမျှတွေ မှန်သမျှ ဒကာကြီးသင်ပေးခဲ့တဲ့ ကကြီး ခခွေးမပါဘဲ ရကို မရနိုင်ဘူးဗျ။ ဒါကြောင့် ဒကာကြီးက ဦးပဉ္ဇင်းရဲ့လက်ဦးဆရာဟာ လက်ဦးဆရာပါပဲ။ ဆရာ့ဂုဏ်ကျေးဇူးကို အောက်မေ့ပူဇော်တာပဲ။ တပည့်ကို ငဲ့ကွက်ပြီး ယူမှပေါ့'လို့လည်း ပြောလိုက်ရော 'ဦးပဉ္ဇင်းဆီက ဒီအင်္ကျီကို ရတာထက် ဦးပဉ္ဇင်းစကား ကြားလိုက်ရတာ ဝမ်းသာလွန်းလို့ဘုရား' ဆိုပြီး အင်္ကျီကို မျက်နှာအပ်ရင်း ရှိုက်ကြီးတငင် ငိုရှာတယ်။ သြော်... ဆရာ... ဆရာ... ဆရာတို့ရယ်...။

စွန်ကလေးများ ဘုန်းကြီးသက်ရှည် အန္တရာယ်ကင်းပါစေ။

စွန်လွှတ်သူတိုင်း ပီတိစားပြီး ပညာပါရမီအားတွေ အမြဲရှိနိုင်ကြပါစေ။

❒

# အနန္တကို မှန်းဆကြည့်ခြင်း (၄)

## ကျေးနပ်ဖို့ ချစ်တတ်သူနဲ့ အငိုရပ်ဖို့ ချစ်တတ်သူ

အနန္တဂုဏ်အင် ကျေးဇူးရှင်ငါးပါးထဲမှာ မိဘ၊ ဆရာသမားတို့ပြီးရင် နောက်ထပ် မဖြစ်မနေ တွေ့ဆုံပေါင်းသင်းရမယ့် အနန္တကျေးဇူးရှင်များကတော့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးတို့ပဲ ဖြစ်ပါတယ်။

ဒီရတနာမြတ်သုံးပါးမှာ သူတော်ကောင်းတို့ အခု တွေ့ကြုံခွင့်ရတဲ့ ကျေးဇူးတရားကို ဆင်ခြင်ကြည့်မယ်ဆိုရင် ဘုရားရှင်က ဖော်ထုတ် ဟောကြားတော်မူခဲ့တဲ့အတွက် တရားရတနာ ဆိုတာ ပေါ်ထွန်းလာပြီး အဲဒီတရားတော်အတိုင်း လိုက်နာကျင့်ကြံကြရင်း ဒီတရားတော်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ သံဃာရတနာဆိုတာ ပေါ်ပေါက်လာခဲ့တာ ဖြစ်လို့ ဘုရားရတနာဟာ အဦးအမွန်ဖြစ်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ဘုရားရတနာအကြောင်းကို စပြီးပြောချင်ပါတယ်။

မြတ်စွာဘုရားရှင်အကြောင်းကို ပြောမယ်ဆိုရင်လည်း ဟိုး... လွန်ခဲ့ပြီးတဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်ဆီတုန်းက ပွင့်တော်

မူခဲ့တဲ့ ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်းမှာ ဒီနေ့ တို့ရဲ့ကိုးကွယ်ရာ ဂေါတမဘုရားအလောင်းတော် နိယတဗျာဒိတ်တော် (မုချ ဘုရားဖြစ်နိုင်တယ်လို့ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူက ပြောကြားတဲ့စကားတော်) ကို ခံယူခဲ့ပုံက စပြီး နည်းနည်းပြောရပါလိမ့်မယ်။ ဒါမှသာ အခုနောက်ဆုံးဘဝမှာ သားဦးရတနာ ရတော်မူတဲ့နေ့မှာ အငိုရပ်အောင် ချစ်ပြဖို့အတွက် မျက်ရည်ကို ကျောခိုင်းပြီးတော့ ထွက်ခဲ့ရတာကို နားလည်နိုင်ကြမှာ ဖြစ်လို့ပါ။

အဲဒီတုန်းက တို့ဘုရားအလောင်းတော်က အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးမိဘနှစ်ပါးတို့ရဲ့ တစ်ဦးတည်းသောသား 'သုမေဓာ' သတို့သား ဖြစ်ခဲ့ပါတယ်။ မိဘနှစ်ပါးကွယ်လွန်တဲ့အခါ သူ့အတွက် အမွေအဖြစ် ကျန်ရစ်ခဲ့တဲ့ မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ ရွှေငွေဥစ္စာ ရတနာတွေကို ကြည့်ပြီး 'အမေအဖေတို့ဟာ ဥစ္စာရတနာတွေအတွက် ကိုယ်စွမ်းဉာဏ်စွမ်းတွေရှိသမျှ အသုံးချပြီး ရှာဖွေစုဆောင်းခဲ့ပေမယ့် ကွယ်လွန်တဲ့အခါမှာတော့ ဘာမှလည်း ယူမသွားနိုင်ကြဘူး။ အစွမ်းအစတွေနဲ့ပြည့်စုံတဲ့ လူ့ဘဝကို ရပြီး ကိုယ်စွမ်းဉာဏ်စွမ်းမှန်သမျှကို ကိုယ့်နောက်မပါနိုင်တဲ့ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းမှုအတွက်သာ အသုံးချခဲ့တာဟာ နစ်နာဆုံးရှုံးမှု ကြီးမားလွန်းလှတယ်။ ငါတော့ဖြင့် ဒီအချည်းနှီး ဥစ္စာရတနာတွေကို သာယာပြီး ရခဲတဲ့ လူ့ဘဝကို ဒီအတိုင်း အချည်းနှီး အသုံးချမပစ်လိုဘူး။ ဒီလို ဥစ္စာရတနာတွေကို ရရှိနိုင်တာဟာ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့်ရရှိတာ ဖြစ်တယ်။ ကံနဲ့စပ်ပြီး ရရှိတဲ့ ပစ္စည်းဥစ္စာတွေဟာ ဒီအတိုင်း ကိုယ်သေရာနောက်ကို ပါအောင် မယူနိုင်ပေမယ့် ကံအဖြစ်ပြောင်းလိုက်ရင်တော့ ကိုယ့်နောက်ကို ပါနိုင်တယ်။ ဒီပစ္စည်းဥစ္စာတွေကိုလည်း ကံအဖြစ် ပြောင်းလိုက်မယ်။ ပြီးရင် ဒီထက် အဆင့်မြင့်တဲ့

ကံတွေကိုလည်း ဆည်းပူးစုဆောင်းမယ်’ လို့ ဆုံးဖြတ်ပြီး ‘ပစ္စည်းဥစ္စာတွေကို အလိုရှိသူ ယူကြ’ ဆိုပြီး စွန့်လှူလိုက်တယ်။ ဒါဟာ ပစ္စည်းဥစ္စာတွေကို ဒါနကုသိုလ်ကံအဖြစ် ပြောင်းလိုက်တာပါပဲ။

ပြီးတော့မှ မိမိကိုယ်တိုင်က ဒါနကုသိုလ်ထက် အဆင့်မြင့်တဲ့ သီလကုသိုလ် ဘာဝနာကုသိုလ်တွေကို ဆည်းပူးစုဆောင်းဖို့ တောထွက်ပြီး ရသေ့အဖြစ်နဲ့ တရားအားထုတ်ပါတယ်။ ပင်ကိုစိတ်ခံ ဉာဏ်ပါရမီ ရင့်ကျက်တဲ့ အမျိုးကောင်းသားပီပီ မကြာမီမှာပဲ ဈာန်အဘိညာဉ်ရတဲ့ သုမေဓာရှင်ရသေ့အဖြစ် ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီပင်္ကရာအမည်ရှိတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်လည်း ပွင့်တော်မူနေပါပြီ။

တစ်နေ့မှာ သုမေဓာရှင်ရသေ့ နိုင်ငံတော် မြို့တော်ဖြစ်တဲ့ ရမ္မဝတီမြို့တော်ကို ဈာန်အဘိညာဉ်နဲ့ ကြွလာပါတယ်။ (တောထဲမှာနေတဲ့ ရသေ့များဟာ ဆားလွတ်အသီးအနှံတွေကိုသာ စားသုံးနေရတဲ့အတွက် ခန္ဓာကိုယ်မှာ ဆားဓာတ်ခန်းတဲ့သဘောကို နားလည်သဘောပေါက်ကြလို့ အခါအားလျော်စွာ ဆားချဉ်မှီဝဲဖို့ မြို့ရွာကို ချဉ်းကပ်ကြမြဲ ဖြစ်ပါတယ်)

သုမေဓာရသေ့ ရမ္မဝတီမြို့ပေါ်ကို ရောက်တဲ့အခါ များပြားလှတဲ့လူတွေ ပျားပန်းခပ်မျှ လှုပ်လှုပ်ရှားရှားဖြစ်နေတာကို တွေ့တော့ မြေပြင်ကို ဆင်းပြီး လူအုပ်ရှိရာမှာ အကြောင်းအကျိုး မေးမြန်းကြည့်တဲ့အခါ ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ ကြွလာမှာဖြစ်လို့ လမ်းများကို သုတ်သင် ရှင်းလင်းနေကြတာဖြစ်ကြောင်း သိရပါတယ်။ နဂိုက ပါရမီဓာတ်ခံရှိထားပြီးဖြစ်တဲ့ သုမေဓာရှင်ရသေ့ဟာ ‘ဘုရား’ ဆိုတဲ့ အသံကို ကြားလိုက်ရတာနဲ့တစ်ပြိုင်နက် ရင်ထဲမှာ ဈာန်သမာပတ်ရစဉ်က ဖြစ်တဲ့ ဖြစ်ဖူးသမျှ ပီတိသောမနဿတွေထက်

ထူးခြားတဲ့ ပီတိသောမနဿတွေဖြစ်ပြီး ဘုရားရှင်ကို ဖူးမြော်လိုတဲ့ ဆန္ဒတွေ တဖွားဖွားပေါ်လာပါတယ်။

ဒါနဲ့ သူလည်း ဒီကုသိုလ်ပွဲမှာ ပါဝင်ပြီး ကုသိုလ်ယူလိုပါတယ်ဆိုတော့ အချိန်မီပြင်ဆင်ဖို့ အလွန်ခက်ခဲတဲ့အတွက် ဘယ်သူမှ တာဝန်မယူလိုတဲ့ ညွန်ဗွက်အိုင်ကြီးကို ပြကြပါတယ်။ အလောင်းတော်သုမြတ်ကတော့ ဘာမှ ငြင်းဆန်မနေဘူး။ အဲဒီနေရာကြီးကို မိမိရဲ့ပင်ကိုခွန်အားနဲ့ (တန်ခိုးအဘိညာဉ်ကို အသုံးမပြုဘဲ) အင်တိုက်အားတိုက် မြေတွေတူးယူသယ်ဆောင်ပြီး ပြင်ပါတယ်။ ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ ကြွရောက်လာချိန်မှာ သူတာဝန်ယူထားတဲ့ ညွန်ဗွက်အိုင်နေရာက ဖို့လို့ မပြီးတတ်သေးဘူး။ သူ့ခန္ဓာကိုယ် တစ်လျားစာလောက် ကျန်သေးတယ်။ အဲဒါကို အလောင်းတော်သုမြတ်က သူ့ခန္ဓာကိုယ်ကို အလျားစင်းပြီး တံတားအဖြစ် ခင်းပေးလိုက်ပါတယ်။

ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ အကုန်လုံး နင်းပြီး ကြွကြမယ်ဆိုရင် အလောင်းတော်မြတ်ရဲ့ ခန္ဓာကိုယ်ဟာ အရိုးပါကြေသွားနိုင်ပါတယ်။ ဒါပေမဲ့ အလောင်းတော်က ဒါတွေကို လုံးဝငဲ့ကွက် ထည့်တွက်ခြင်း မပြုဘူး။ သူတာဝန်ယူထားတဲ့ နေရာကို လစ်ဟင်းချွတ်ယွင်းခြင်းမရှိဘဲ လမ်းတစ်ဆက်တည်းဖြစ်အောင် ခန္ဓာကိုယ်ကို စွန့်လှူလိုက်တဲ့သဘောပါပဲ။

ဟုတ်ပါတယ်။ လောကမှာ ကိုယ်ကျိုးကို အဓိကထားသူများဟာ ကိုယ့်အတွက် တွက်ခြေကိုက်တဲ့အလုပ်ကိုသာ ရွေးချယ်တတ်ကြပေမယ့် အများအကျိုးကို အဓိကထားတဲ့ အာဇာနည်ပုဂ္ဂိုလ်များကတော့ ကိုယ်ကျိုးငဲ့ကွက်တဲ့ တွက်ခြေဆိုတာ ဘယ်တော့မှ မထားပါဘူး။ အလုပ်သင့်ဆုံးကိုသာ ရွေးချယ်ကြပါတယ်။ ရွေးချယ်ပြီးလို့

လုပ်ကိုင်တဲ့အခါမှာလည်း ကိုယ်နဲ့ အသက်ကို ဘယ်တော့မှ ငဲ့ကွက်ခြင်းမရှိဘဲ လွန်လွန်ကဲကဲ ပြုလုပ်ကြစမြဲ ဖြစ်ပါတယ်။

ဒီပင်္ကရာဘုရားရှင်က နောက်ပါ သံဃာတော်များနဲ့အတူ ကြွလာတော်မူပြီး သုမေဓာရှင်ရသေ့ရဲ့အနီးကို ရောက်တဲ့အခါ အလျားစင်းပြီး တံတားသဖွယ်ခင်းထားတဲ့ ခန္ဓာကိုယ်ပေါ် နင်းကြွခြင်းမပြုဘဲ မိမိအသက်ကို မငဲ့ကွက်ဘဲ လွန်လွန်ကဲကဲ ကုသိုလ်ပြုနိုင်တဲ့ ရှင်ရသေ့ရဲ့စိတ်ဓာတ်ကို ကြည့်ရှုဆင်ခြင်တဲ့အခါ 'ဒီရသေ့ဟာ တကယ်လို့ တစ်ကိုယ်တည်း ဒုက္ခလွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုတယ်ဆိုရင် ဂါထာ၀က် (အက္ခရာဆယ့်ခြောက်လုံး) လောက် တရားဟောပြရုံမျှနဲ့ တရားသဘောကို သုံးသပ်ဆင်ခြင် သိမြင်ပြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒါမှမဟုတ် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကြာအောင် မလျှော့တဲ့ဇွဲလုံ့လနဲ့ ပါရမီတော်ဆယ်ပါးတို့ကို ဖြည့်ကျင့်မယ်ဆိုရင်လည်း ငါဘုရားကဲ့သို့ပင် သဗ္ဗညုဘုရားရှင်အဖြစ် ရောက်ရှိပြီး သတ္တ၀ါအားလုံးတို့ရဲ့ ပူဆွေးငိုကြွေးရမှု (သောကပရိဒေ၀) စတဲ့ ဒုက္ခတွေကို ငြိမ်းအေးအောင် ဟောညွှန်ကယ်တင်နိုင်တဲ့ သဗ္ဗညု ဘုရားတစ်ဆူဖြစ်နိုင်တဲ့အစွမ်းသတ္တိ ရှိတယ်' လို့ သိမြင်တော်မူတဲ့အတွက် သုမေဓာရှင်ရသေ့ကို အကြောင်းစုံရှင်းပြပြီး ဒီနှစ်လမ်း ကြိုက်ရာရွေးနိုင်ခွင့်ရှိကြောင်း မိန့်ကြားလိုက်ပါတယ်။

အဲဒီအချိန်တုန်းမှာပဲ သုမေဓာရှင်ရသေ့ငယ်ရဲ့ ကိုယ်ကျိုးမငဲ့မကွက် အသက်ကိုပင် ပဓာနမထားဘဲ ကုသိုလ်ကောင်းမှုကို ထက်ထက်သန်သန်ပြုလုပ်နေတဲ့ စိတ်ဓာတ်ကို လေးစားကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်နေတဲ့ 'သုမိတ္တာ' ဆိုတဲ့ အမျိုးကောင်းသမီးလေးကလည်း သူ့စွမ်းနိုင်သလောက် အနီးအပါးမှာရှိတဲ့ ရေကန်

ထဲက ကြာပန်းရှစ်ခိုင်ကို ခူးယူခဲ့ပြီး သုမေဓာရှင်ရသေ့ရဲ့လက်ထဲကို ကြာပန်းငါးခိုင် ကမ်းပေးလိုက်တယ်။ သူကိုယ်တိုင်ကလည်း ကြာပန်း သုံးခိုင်ကို ကိုင်ပြီး သုမေဓာရှင်ရသေ့ရဲ့ခြေရင်းမှာ ကျုံ့ကျုံ့ထိုင်ဖူးမြော် ပူဇော်ရင်းက ဒီပင်္ကရာဘုရားရှင် မိန့်ကြားတဲ့ စကားတော်ကို နာယူ နေပါတယ်။

သုမေဓာရှင်ရသေ့က ဒီပင်္ကရာဘုရားရှင် မိန့်ကြားတဲ့စကား ကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် 'ဒုက္ခိတသတ္တဝါအားလုံးကို ကယ်တင်နိုင်တဲ့ ကိုယ့်အစွမ်းသတ္တိကို (သဗ္ဗညုဘုရားရှင်တစ်ပါး ကိုယ်တိုင်က မြွက်ကြားတဲ့အတွက်) ဟုတ်မှန်တဲ့အတိုင်း သိပြီးတဲ့ ယောကျ်ားကောင်းတစ်ယောက်က သူတစ်ပါးအကျိုးကို မငဲ့မကွက် ဘဲ တစ်ကိုယ်ကောင်းဆန်ဆန် နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ ဘာအကျိုး ရှိမှာလဲ။ ပါရမီတော်တွေကို ဖြည့်ကျင့်ရတဲ့ကာလဟာ လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကြာချင် ကြာပါစေ။

ငါကိုယ်တိုင် သံသရာ ရေအလျဉ်က ကူးမြောက်ပြီး၊ သတ္တဝါ ဝေနေယျတွေကိုလည်း ကူးမြောက်နိုင်အောင် ကယ်တင်မယ်။

ငါကိုယ်တိုင် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သူတစ်ပါး တို့ကိုလည်း သိမြင်စေမယ်။

ငါကိုယ်တိုင် ရိုင်းစိုင်းယုတ်မာသူဖြစ်ကြောင်း အကုသိုလ် ဒုစရိုက်တွေက ကင်းဝေးယဉ်ကျေးပြီး သူတစ်ပါးတို့ကိုလည်း ယဉ်ကျေး စေမယ်။

ငါကိုယ်တိုင် ကိလေသာအနှောင့်အယှက် အပူအပင်တွေ ကင်းဝေးငြိမ်းအေးပြီး ပူဆွေးငိုကြွေးခြင်းများ ရပ်သွားသလို၊ သူတစ်ပါး တို့ကိုလည်း ကိလေသာအပူ ကင်းပြတ်ပြီး ပူဆွေးငိုကြွေးရမှုတွေ ရပ်စေရမယ်' စတဲ့ သတ္တဝါအများပေါ်မှာ ထောက်ထားငဲ့ကွက် သနား

ကြင်နာတတ်တဲ့ မဟာကရုဏာစိတ်တွေ ဖြစ်ပေါ်လာပြီး ဒီကရုဏာစိတ်က အကြောင်းခံလို့ ဆော်ချက်အရ ကိုယ်တိုင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်လိုတဲ့ဆန္ဒ၊ သတ္တဝါတို့ရဲ့ အကျိုးစီးပွားချမ်းသာကို ပြည့်ဝပြီးမြောက်အောင် ဆောင်ရွက်လိုတဲ့ဆန္ဒများနဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဆီ စွဲမြဲစူးစိုက်ဦးတည်တဲ့စိတ်ကို ရှေးရှုဆောင်မှု အဘိနီဟာရ (ဘုရားဆုကို ပန်ဆင်ခြင်း) ကို ပြုလိုက်ပါတယ်။

ဒီပင်္ကရာဘုရားရှင်ကလည်း သုမေဓာရှင်ရသေ့မှာ ဘုရားဆုကို လက်ခံပန်ဆင်နိုင်တဲ့ အင်္ဂါရပ်များဖြစ်တဲ့–

(၁) လူသားစစ်စစ်ဖြစ်ခြင်း၊
(၂) ယောကျ်ားစစ်စစ်ဖြစ်ခြင်း၊
(၃) အသိဉာဏ်နဲ့ယှဉ်တဲ့ တိဟိတ်ပဋိသန္ဓေနေသူဖြစ်ခြင်း၊
(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ရခြင်း၊
(၅) ကံကို ယုံကြည်လက်ခံတဲ့ ရသေ့ရဟန်းဖြစ်ခြင်း၊
(၆) ဈာန်အဘိညာဉ် စတဲ့ ဂုဏ်များနဲ့ ပြည့်စုံခြင်း၊
(၇) မိမိအသက်ကို မငဲ့ကွက်ဘဲ လွန်လွန်ကဲကဲ ကုသိုလ်ပြုနိုင်ခြင်း၊
(၈) ဘုရားဖြစ်ဖို့ အလွန်ထက်သန်တဲ့ဆန္ဒရှိခြင်း ဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့အတွက် 'သဗ္ဗညုဘုရားစင်စစ်ကေန်ဖြစ်မယ်' ဆိုတဲ့ အခိုင်အမာ အတည်ပြုစကား (နိယတဗျာဒိတ်) ကို မိန့်ကြားတော်မူပါတယ်။ သုမေဓာရှင်ရသေ့ကလည်း အခိုင်အမာပြုပြီး နိယတဗျာဒိတ်ကို ခံယူလိုက်ပါတယ်။

(သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ကို ခံယူတာဟာ ကိုယ်ကို အလျားစင်းပြီး တံတားခင်းရင်းက ခံယူတာကို အတုယူပြီး ဒီနေ့

သူတို့ကိုယ် သူတို့ ဘုရားအလောင်းများချည်း ဖြစ်ကြတယ်လို့ ယုံကြည်ခံယူကြတဲ့ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ဟာ ဘုရားဝတ်ပြု ဦးချတဲ့အခါ ကိုယ်ကို အလျားစင်းပြီး ဦးချကြတာပါ)

သုမေဓာရှင်ရသေ့က တစ်ကိုယ်တည်း အခုချက်ချင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ ဆုကို ပယ်ရှားပြီး သတ္တဝါအများကို ကယ်တင်နိုင်ဖို့အတွက် ပါရမီတွေကို မပြည့်ပြည့်အောင် ဖြည့်ပြီး ဘုရားဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ဆုကို ရဲရဲတောက် ခံယူလျှောက်ထားလိုက်တဲ့စကားကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် ခြေရင်းမှာ ဒူးတုပ်ဝတ်ပြုရင်း ထိုင်နေတဲ့ သုမိတ္တာ အမျိုးကောင်းသမီးလေးရဲ့ ရင်ထဲမှာ ပီတိအဟုန်နဲ့ တုန်ခါသွားပြီး 'ဒီရှင်ရသေ့လေး ပါရမီတော်တွေကို ဖြည့်ကျင့်နေစဉ်ကာလတစ်လျှောက် သူကလည်း ရသေ့လေးလိုအပ်သမျှတွေကို ကျေနပ်အောင် ဖြည့်ဆည်းပေးတဲ့ ပါရမီဖြည့်ဘက် ဖြစ်ပါရစေ' လို့ ဆုထူးပန်လိုက်ပါသတဲ့။

နှစ်ဦးလုံးဟာ ချစ်ခြင်းမေတ္တာတွေ အပြည့်ရှိကြသူချည်းပါပဲ။ သုမိတ္တာ အမျိုးကောင်းသမီးက ဘုရားအလောင်းတော် အလိုပြည့်ဖို့ ချစ်တတ်သူ၊ အလောင်းတော် သုမေဓာကတော့ ဝေနေယျသတ္တဝါတွေ အငိုရပ်အောင် ချစ်တတ်သူလို့ ဆိုရမှာပေါ့။

ဘုရားရှင်ကို အနန္တဂုဏ်အင် ကျေးဇူးရှင်လို့ ကျေးဇူးတွေကို အာရုံပြုပြီး အသိအမှတ်ပြုရတာဟာ နောက်ဆုံး ဘုရားဖြစ်တော်မူတဲ့အခါရောက်မှ ဟောညွှန်ပြသတဲ့ ကျေးဇူးတွေက အတိုင်းမရှိ ကြီးမားလွန်းတဲ့အတွက်ကြောင့်သာမကပါဘူး။ ဘုရားဆုကို ပန်ချိန်မှာကတည်းက သတ္တဝါတို့ရဲ့အကျိုးစီးပွားအတွက် အမြင့်မြတ်ဆုံး နိဗ္ဗာန်ဆိုတဲ့ ကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံတဲ့ ကျေးဇူးက စလို့ လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကာလတစ်လျှောက်မှာ ဖြည့်ကျင့်ခဲ့တဲ့

ပါရမီကျေးဇူးတွေထဲက ပါရမီတော် တစ်ခုချင်းစီကို ကြည့်ရင်တောင် မမှန်းဆ မတိုင်းတာနိုင်လောက်အောင် ဂုဏ်ကျေးဇူးတွေများပြားလွန်းတဲ့အတွက် အနန္တဂုဏ်အင် ကျေးဇူးရှင်လို့ သိရှိသတ်မှတ်ကြရတာပါ။

အငိုရပ်တဲ့ ချစ်ခြင်းမေတ္တာကို ဆက်ပြောပါမယ်။

❐

# အနန္တကို မှန်းဆကြည့်ခြင်း (၅)
# မျက်ရည်စဲအောင် လမ်းခွဲမယ်

သောကကြောင့် ကျခဲ့ရတဲ့ မျက်ရည်တွေဟာ
လောကရဲ့မျက်ရည်တွေကို ဆေးကြောပေးမယ့်
ကမ္ဘာပြုမိုးကြီး ဖြစ်လာမယ်ဆိုတာ ယုံကြည်ပြီး
မင်း... ဖြေရစ်လေဦး။

အလောင်းတော်သူမြတ်က ဒီပင်္ကရာဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ နိယတဗျာဒိတ်ကို ခံယူပြီးတဲ့နောက် ဖြည့်ကျင့်ရမယ့် အမြင့်ဆုံး လုပ်ငန်း (ပါရမီ) တွေက အမျိုးအစားအားဖြင့် ၁၀ မျိုးရှိပြီး အဆင့် သုံးဆင့်ရှိပါတယ်။

အမျိုးအစား ၁၀ မျိုးကတော့–

(၁) မိမိပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာ၊ အာဏာစည်းစိမ်၊ ဇနီး သား သမီး၊ အင်္ဂါခြေလက် ကိုယ် အသက်ပါမကျန် မငဲ့မကွက် စွန့်လှူရတဲ့ ဒါနပါရမီ။

(၂) သူတစ်ပါးကို ထိခိုက်နစ်နာစေတတ်တဲ့ အပြုအမူ အပြော အဆိုအားလုံး ကင်းစင်ပြီး သူတစ်ပါးကြုံတွေ့သမျှ

ပြုဖွယ်ကိစ္စတို့ကို ကိုယ့်ကိစ္စလို သဘောထားဆောင်ရွက်ရတဲ့ သီလပါရမီ။

(၃) အာရုံငါးပါး ကာမဂုဏ်တရားတို့ကို တွယ်တာမှု မရှိစေဘဲ ဝေးနိုင်သမျှ ဝေးအောင် ရှောင်ဖယ်ခွာထွက်ရတဲ့ နိက္ခမပါရမီ။

(၄) အသိပညာ၊ အတတ်ပညာ၊ ယဉ်ကျေးလိမ္မာမှု၊ လောကတိုးတက်ကြီးပွားမှုတို့အတွက် ကိုယ်တိုင်ကျွမ်းကျင်တတ်မြောက်ပြီး ကြုံတွေ့ရသူမှန်သမျှကို သင်ပြကူညီ ဆုံးမပေးရတဲ့ ပညာပါရမီ။

(၅) သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားနှင့် စပ်သမျှ ပြုဖွယ်ကိစ္စအားလုံးကို သူတစ်ပါး မစွမ်းဆောင်နိုင်သော်လည်း မိမိက စွမ်းဆောင်နိုင်အောင် မဆုတ်မနစ် ကြိုးပမ်းရတဲ့ ဝီရိယပါရမီ။

(၆) သတ္တဝါတို့ရဲ့ မနှစ်မြို့ဖွယ်ရာအပြုအမူ၊ သဘာဝတရားရဲ့ မခံနိုင်လောက်စရာ အချမ်းအပူ စတဲ့ ကြုံရသမျှ လောကဓံကို ကြံ့ကြံ့ခိုင် သည်းခံရတဲ့ ခန္တီပါရမီ။

(၇) မဟုတ်မမှန်တဲ့စကားကို အဆိပ်လို သဘောထားကာ နှုတ်ဖျားအသီခံဖို့ ဝေးလို့ စိတ်နဲ့တောင် မတွေးမကြံမိအောင် အပြတ်ပယ်ခွာ ရှောင်ကြဉ်ရတဲ့ သစ္စာပါရမီ။

(၈) 'ပြုမယ်' ဆိုတဲ့ ကတိတစ်ခု နှုတ်နဲ့ပဲ ပဋိညာဉ်ပြုထားထား၊ စိတ်အားဖြင့်ပဲ ဆုံးဖြတ်ချက်ချချ ဘယ်တော့မှ ပြောင်းလဲယိမ်းယိုင်ခြင်းမရှိတဲ့ အဓိဋ္ဌာနပါရမီ။

(၉) သတ္တဝါအားလုံးကို ချမ်းသာ ကောင်းမွန်စေလိုတဲ့ စိတ်ထား အမြဲမပြတ်တည်နေတဲ့ မေတ္တာပါရမီ။

(၁၀) မိတ်ဆွေနဲ့ ရန်သူ၊ ခင်မင်စရာနဲ့ မမြင်ချင်စရာ၊ ကြင်နာစရာနဲ့ ရင်နာစရာ၊ သူစိမ်းနဲ့ သွေးသားလို့ မခွဲမခြား မချစ်မမုန်းဘဲ အားလုံးအပေါ် တစ်သားတည်း သဘောထားခံယူပြီး အညီအမျှ အကျိုးဆောင်ရတဲ့ ဥပေက္ခာပါရမီလုပ်ငန်းတို့ ဖြစ်ပါတယ်။

ဒီပါရမီ ၁၀ မျိုးတို့ကို ဖြည့်ကျင့်ရာမှာ မိမိရဲ့ခန္ဓာကိုယ်မှ အပဖြစ်တဲ့ ပစ္စည်းဥစ္စာ၊ စည်းစိမ်အာဏာ၊ သားမယားအပါအဝင် သက်ရှိသက်မဲ့ တွယ်တာစရာမှန်သမျှကို စွန့်လွှတ်ပြီး ဖြည့်ကျင့်ရတဲ့ ရိုးရိုး 'ပါရမီ' အဆင့်။

မိမိခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းများဖြစ်တဲ့ ခြေ၊ လက်၊ မျက်စိ စသည်တို့ကို စွန့်လွှတ်ဖြည့်ကျင့်ရတဲ့ 'ဥပပါရမီ' အဆင့်။

မိမိရဲ့အသက်ခန္ဓာကို စွန့်လွှတ်ဖြည့်ကျင့်ရတဲ့ 'ပရမတ္ထပါရမီ' အဆင့် ဆိုပြီး သုံးဆင့် သုံးမျိုး ကွဲပြားပါသေးတယ်။

တပည့်အဖြစ်နဲ့ သစ္စာလေးပါးကို သိမြင်လိုတဲ့ 'သာဝကဗောဓိ'ဆုလောက် ရည်မှန်းတဲ့ ပုဂ္ဂိုလ်များက ပထမဆင့် ပါရမီဆယ်ပါးလောက် ဖြည့်ကျင့်ရတယ်။ 'ပစ္စေကဗောဓိ' လို့ခေါ်တဲ့ တစ်ကိုယ်တော် သစ္စာလေးပါးကို ကိုယ်တိုင်သိလိုသူများက ပထမဆင့်ဆယ်မျိုး၊ ဒုတိယဆင့်ဆယ်မျိုး ဆိုပြီး ပါရမီနှစ်ဆယ်ကို ဖြည့်ကျင့်ရပါတယ်။ သစ္စာလေးပါးကို ကိုယ်တိုင်လည်း ထိုးထွင်းသိမြင်၊ ဝေနေယျအများကိုလည်း သိမြင်အောင် ဟောညွှန်ဆုံးမပြီး ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ကယ်တင်လိုကြတဲ့ 'သမ္မာသမ္ဗောဓိ' ဆုကြီးပန်သူများကတော့ ဆယ်ပါးလုံး သုံးဆင့်ပြည့်အောင် ဖြည့်ကျင့်ရပါတယ်။ ပါရမီဆယ်ပါး အပြားသုံးဆယ် ဆိုတာ ဒါကို ပြောတာပါ။

အလောင်းတော်သူမြတ်ဟာလည်း သတ္တဝါအများကိုပါ

ကယ်တင်လိုတဲ့ ဆုကြီးပန်ဖြစ်တာမို့ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလကြာအောင် ဖြည့်ကျင့်ခဲ့ရတာပါ။ ဒါကြောင့် ဘုရားရှင်တို့ရဲ့ ကျေးဇူးဂုဏ်အနန္တ ဆိုတာ ဘုရားဖြစ်တော်မူမှ ရှိလာတဲ့ ဂုဏ်ကျေးဇူးတွေကို မဆိုထားနဲ့ နိယတဗျာဒိတ်ကို စပြီး ခံယူချိန်ကစလို့ ဘဝအသေချေတွေမှာ ကိုယ်ကျိုးအတွက်လို့ အသက်ကိုတောင် ပဓာနမထားဘဲ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီကျေးဇူးတွေထဲက တစ်ခု တစ်ခုလောက်ကို ကြည့်လိုက်ရင်တောင် ဘယ်သူမှ တုနိုင်းလို့မရအောင် ကြီးစားခဲ့တာပါ။

အမှန်ကတော့ သစ္စာလေးပါးကို ကိုယ်တိုင် ထိုးထွင်းသိမြင်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်တော်မူတယ် ဆိုတာဟာ အတ္တနယ်သားအဖြစ်ကနေ အနတ္တနယ်သားအဖြစ် ရောက်ရှိသွားတာပါပဲ။ အတ္တနယ်ဆိုတာ ငါ ငါ့အတွက် ရှေ့တန်းတင်ပြီး ငါ ကျေနပ်စရာကို ရှာဖွေစုဆောင်းခံစားတဲ့နယ်ပါ။ အနတ္တနယ်ဆိုတာ ငါ ငါ့အတွက်လို့ လုံးဝထည့်မတွက်တော့ဘဲ ‘ငါ’ ရယ်လို့ သတ်မှတ်စွဲလမ်းစရာကို ဘာမျှမရှိဘူး ဆိုတာကို ထိုးထွင်းသိမြင် ခံယူကျင့်သုံးတဲ့နယ်ပါ။ အနမတဂ္ဂ သံသရာကတည်းက အတ္တနယ်ထဲမှာ အနေကြာ အနည်ထိုင်ခဲ့လို့ အတ္တကျောက်ဖြစ်ရပ်ကြွင်းများတောင် ဖြစ်ခမန်းလိလိ အစွဲနာထားကြသူများအနေနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ အနတ္တနယ်ထဲကို ပြုန်းစားကြီးကူးနိုင်သူ ဆိုတာ မရှိစကောင်းပါဘူး။ ကြားခံအဖြစ်နဲ့ ‘ပရ = ငါမှတစ်ပါး (သူတစ်ပါး)’ ဆိုတဲ့ နယ်မြေတစ်ခုသတ်မှတ်ပြီး စွန့်နိုင်အောင် လေ့ကျင့်ယူကြရတာပါ။

အလောင်းတော်တို့ ပါရမီဖြည့်တယ် ဆိုတာဟာ ဒီသဘောပါပဲ။ ငါ၊ ငါ့ဉစ္စာလို့ စွဲလမ်းတွယ်တာမှု မဖြစ်အောင် ‘ပရ’ နယ်ထဲမှာ ‘ပရဟိတ’ ဆိုတဲ့ သူတစ်ပါးအကျိုးတွေကို ဇနီးမယား၊ သမီး

သားနဲ့ စီးပွားဉစ္စာ၊ အင်္ဂါခြေလက် ကိုယ့်အသက်ပါ မငဲ့မကွက်ဘဲ စွန့်လွှတ်ဆောင်ရွက် လေ့ကျင့်ပေးရတာပါ။ အားလုံးကိုစွန့်နိုင်တဲ့ အခြေရောက် ပါရမီဆယ်မျိုးတို့နဲ့ လေ့ကျင့်မှုပြည့်စုံပြီး ကျင့်သားရသွားတဲ့အခါ 'ပါရမီပြည့်တယ်' လို့ ဆိုရတာပါ။

အလောင်းတော်သူမြတ်က လေ့ကျင့်မှု ပြည့်ဝခဲ့လို့ အတွယ်အတာမှန်သမျှနဲ့ ကိုယ်ကျိုး ကိုယ့်တွက် ငဲ့ကွက်မှုအားလုံးကို စွန့်လွှတ်ပြီး သတ္တဝါအားလုံးတို့ရဲ့အကျိုးကို အပြည့်အဝဆောင်ရွက်ကယ်မနိုင်ဖို့ အရည်အချင်းပြည့်ဝတဲ့ နောက်ဆုံးဘဝမှာ မဇ္ဈိမဒေသ၊ ကောသလတိုင်း၊ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးနဲ့ မာယာဒေဝီမိဖုရားကြီးတို့ရဲ့ ဗီဇသွေးနှစ်ခုပေါင်းဆုံမှုကို တည်မှီပြီး ပဋိသန္ဓေတည်နေခဲ့ပါတယ်။ ဆယ်လပြည့်တဲ့ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့မှာ ဖွားမြင်ခဲ့ပါတယ်။ အနွယ်တော်အားဖြင့် 'ဂေါတမ' (မြတ်မျိုးနွယ်) ဖြစ်ပြီး အမည်တော်က 'သိဒ္ဓတ္ထ' (ပြည့်စုံသူ) ဖြစ်ပါတယ်။

ပါရမီတော်တွေကို ဖြည့်ကျင့်စဉ် ကာလတစ်လျှောက်မှာ ပြုလုပ်ခဲ့တဲ့ ကောင်းမှုတွေကြောင့် အလောင်းတော်ရဲ့ခန္ဓာကိုယ်မှာ ခြေဖျားကနေ ဦးခေါင်းအထိ ပြုခဲ့တဲ့ကံတို့နဲ့ တူညီတဲ့အခြင်းအရာ စွမ်းရည်သတ္တိ အပြည့်ပါတာကို လူနတ်အများ သိသာထင်ရှားစေဖို့အတွက် ခြေဖဝါးတော်အပြင် ညီညာခြင်း၊ ညီညာနူးညံ့တဲ့ ခြေဖဝါးတော်ပြင်မှာ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များ ထင်ရှားပီပြင်စွာ ပါရှိခြင်း စတဲ့ အမှတ်လက္ခဏာကြီး သုံးဆယ့်နှစ်ပါးတို့ ပါရှိပါတယ်။

ဒီလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနဲ့ ပတ်သက်လို့ 'သားတော် ရာဟုလာတို့၊ ညီတော် နန္ဒမင်းသားတို့လို မပြည့်မစုံ မှိန်မှိန်မှေးမှေးသာ ပါရှိရင်တော့ လောကအလို စကြဝတေးမင်း၊

ခမ္မနယ်ပယ်မှာ သာဝကဗောဓိကို ရနိုင်တယ်။ အလောင်းတော်သူမြတ်လို ပြည့်စုံထင်ရှား ပြတ်သားပေါ်လွင်စွာ ပါရှိရင်တော့ သဗ္ဗညုဘုရားစင်စစ်သာ ဖြစ်မယ်' ဆိုတဲ့ လက္ခဏာတော်ဆိုင်ရာကဗျာကို ဗြာဟ္မဏတို့ရဲ့ ဝေဒကျမ်းများမှာ တန်ခိုးကြီးမားတဲ့ ဗြဟ္မာများက ထည့်သွင်းပေးထားလို့ ဘုရားအလောင်း မဖွားမြင်မီကတည်းက တည်ရှိခဲ့ပါတယ်။

အလောင်းတော်ဖွားမြင်တဲ့အခါ ဝေဒပညာရှင် ပုဏ္ဏားတို့ကိုခေါ်ပြီး လက္ခဏာတော်တို့ကို ဖတ်ခိုင်းတဲ့အခါမှာတော့ ကောဏ္ဍညပုဏ္ဏားငယ်ကသာ အမှန်အတိုင်းဟောပြပြီး တခြားပုဏ္ဏားများကတော့ ရှင်ဘုရင်အလိုကျ သဗ္ဗညုဘုရားဖြစ်စေ၊ စကြဝတေးမင်းဖြစ်စေ တစ်ခုခုဖြစ်နိုင်တယ်ဆိုပြီး နှစ်လုံးနှစ်ခွ ဟောကြပါတယ်။ သုဒ္ဓေါဒနမင်းကြီးကတော့ ရှင်ဘုရင်ပီပီ စကြဝတေးမင်းစည်းစိမ်ကိုသာ အရာအားလုံးထက် အပြည့်စုံ အမြင့်မြတ်ဆုံးလို့ ခံယူထားတဲ့အတွက် သားတော်ကို စကြဝတေးမင်းသာ ဖြစ်စေရမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ပုဏ္ဏားများဟောတဲ့အထဲမှာ 'အိမ်ရာတည်ထောင်ခြင်း မပြုဘဲ တောထွက်ပြီး တရားရှာခဲ့ရင် သဗ္ဗညုဘုရားရှင် ဖြစ်နိုင်တယ်' လို့ ပါတဲ့အတွက် တောမထွက်နိုင်အောင် အမြဲခိုင်ဆုံးဖြစ်တဲ့ သံယောဇဉ်ကြိုးနဲ့ ချည်နှောင်ထားမှ ဖြစ်မယ်လို့ တိုင်ပင်ကြပြီး အသက် ၁၆ နှစ်အရွယ်မှာပဲ အလောင်းတော်မင်းသားကို 'ယသော်ဓရာ' ဆိုတဲ့ အရွယ်တူ သာကီဝင်မင်းသမီးချောလေးနဲ့ လက်ဆက်ပေးလိုက်ပါတယ်။

ယသော်ဓရာဆိုတာ ဟိုး... ဒီပင်္ကရာ ဘုရားရှင်လက်ထက်မှာ နိယတဗျာဒိတ်ကို ခံယူစဉ်ကတည်းက ပါရမီဖြည့်ဖက်အဖြစ် ဆုပန်

ခံယူခဲ့ပြီး ဘဝပေါင်း မရေမတွက်နိုင်အောင် ဆင်းရဲချမ်းသာကို မျှဝေခံစားဖက်အဖြစ် အတူနေခဲ့ရဖူးတဲ့ သံယောဇဉ်ဓာတ်ခံအားကြီးသူမို့ အခု နောက်ဆုံးဘဝမှာ တွေ့ဆုံကြတော့လည်း သံယောဇဉ်ဓာတ်ခံချင်း ပေါင်းစပ်မိပြီး နေက္ခမ္မဓာတ်ကို ခဏတော့ ဆိုင်းငံ့သွားစေခဲ့ပါတယ်။

သိပ်တော့လည်း မကြာလိုက်လှပါဘူး။ အလောင်းတော်ရဲ့ အသက် ၂၉ နှစ်အရွယ်ရောက်တဲ့ တစ်နေ့မှာတော့ ငယ်ကျွန်လက်စွဲတော် ဆန္နအမတ်နဲ့အတူ ဥယျာဉ်တော်ကို မြင်းရထားနဲ့ လှည့်လည်ကြည့်ရှုစဉ်မှာ နတ်တို့ဆော်ဖန်မှုအရ တွေ့မြင်ခဲ့ရတဲ့ အိုသူ နာသူ သေသူတို့နဲ့အတူ ဒိဒုက္ခရဲ့ နှိပ်စက်ဒဏ်ကြောင့် ပူဆွေးငိုကြွေးကြသူတွေကို တွေ့မြင်ရတဲ့အခါ 'သတ္တဝါအားလုံးတို့ကို မျက်ရည်စဲပြီး ငိုပွဲရပ်အောင် ကယ်တင်မယ်' ဆိုတဲ့ ကရုဏာဓာတ်တွေ ပြန်လည်နိုးထလာသလို ဒုက္ခလွတ်ရေးအတွက် ဖန်ရည်စွန်းတဲ့အဝတ်နဲ့ တောထွက်တရားကျင့်နေတဲ့ ရဟန်းတစ်ပါးကိုပါ တွေ့မြင်လိုက်ရတဲ့အခါမှာတော့ ခေတ္တငုပ်လျှိုးနေပေမယ့် ရင့်သန်ခဲ့ပြီဖြစ်တဲ့ နေက္ခမ္မ ပါရမီဓာတ်များကလည်း ဘယ်လိုအနှောင်အဖွဲ့ အတွယ်အတာနဲ့မှ ထိန်းချုပ်လို့ မရနိုင်လောက်အောင် အင်အားတွေ ပြန်ပြည့်လာတဲ့အတွက် 'ဒီနေ့ပဲ တောထွက်မယ်' လို့ ဆုံးဖြတ်လိုက်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာ ယသော်ဓရာမိဖုရားကလည်း သားဦးရတနာကလေး မွေးဖွားတဲ့အကြောင်း ကြားသိလိုက်ရတဲ့အခါ 'ငါ့ရဲ့ဘဝလမင်းကို ဖမ်းချုပ်မယ့် ရာဟုဂြိုဟ်တစ်ခု တိုးလာပြန်ပါပေါ့လား' လို့ သံဝေဂနဲ့ ညည်းညူ ရေရွတ်လိုက်ပါတယ်။ အလောင်းတော်ရဲ့ ဒီစကားကြောင့်ပဲ သားတော်လေးကို 'ရာဟုလာ' လို့ အမည်ပေးကြပါသတဲ့။ ဒီညဉ့်ရဲ့ သန်းခေါင်ယံမှာပဲ ကြီးမားတဲ့စည်းစိမ်များနဲ့အတူ

နှလုံးသားရဲ့ကိုယ်ပွားပမာ တွယ်တာရတဲ့ ဇနီးနဲ့ သားဦးလေးကိုပါ စွန့်ခွာပြီး တောထွက်ခဲ့ပါတော့တယ်။

'သားဦးလေး မျက်နှာမြင်တဲ့နေ့မှာပဲ ဇနီးနဲ့ သားကို စွန့်ခွာသွားတာဟာ ခင်ပွန်းသည်တစ်ဦးအနေနဲ့ကော ဖခင်တစ်ယောက်အနေနဲ့ပါ တရားမျှတမှု ရှိပါရဲ့လား' လို့များ စောဒကတက်ချင်တယ်ဆိုရင်တော့ 'ဒါတွေကို ယသော်ဓရာသာ အသိဆုံးပါ' လို့ပဲ ဖြေရပါလိမ့်မယ်။

ဟုတ်ပါတယ်။ နိယတဗျာဒိတ်ကို ခံယူပြီးတဲ့ သဗ္ဗညု ဗုဒ္ဓလောင်းလျာတစ်ယောက် ပါရမီတွေကို ဖြည့်ရတယ်ဆိုတာ ဇနီးမယားကိုသာမက အင်္ဂါခြေလက် ကိုယ် အသက်ကိုပါ စွန့်လွှတ်ပြီး ဖြည့်ရတယ်ဆိုတာ ဒီပင်္ကရာဘုရားရှင်ထံတော်မှောက်ကတည်းက သုမေဓာကော သုမိတ္တာပါ ကြားသိကြပါတယ်။ သုမေဓာက ဒါတွေအားလုံးကို ဖြည့်ကျင့်မယ်လို့ ခံယူတာကို ကြားသိရတဲ့အခါ သုမိတ္တာအမျိုးသမီးလေးက ယောကျာ်းသားတစ်ယောက်တည်း ပါရမီဖြည့်မယ်ဆိုရင် ဇနီးမယားနဲ့ သားသမီးတို့ကို စွန့်လွှတ်စရာ ဘယ်မှာ ရှိတော့မလဲ၊ လစ်လပ်နေတဲ့ ဒီကွက်လပ်ကို သူဖြည့်စွက်မယ်လို့ အခိုင်အမာဆုံးဖြတ်ပြီးမှ 'ပါရမီဖြည့်ဖက်' အဖြစ် ခံယူခဲ့တာမို့ အစွန့်လှူခံ ဇနီးမယားတစ်ယောက်ရဲ့ ရတ်တရက်ငိုကြွေးရခြင်းနဲ့ နောက်ဆက်တွဲ ဂုဏ်ယူကြည်နူးရခြင်း ဆိုတဲ့ ဆန့်ကျင်ဘက်ရသနှစ်ခုကို သုမိတ္တာဘဝကနေ ယသော်ဓရာဘဝအထိ ဘဝပေါင်းအသင်္ချေတွေမှာ အတူယှဉ်တွဲသရုပ်ဆောင်ခဲ့ဖူးသူက လွဲလို့ ဘယ်သူမှ မျှဝေခံစား နားလည်နိုင်စွမ်းရှိမည်မဟုတ်ပါ။

နောက်ဆုံးဘဝ ရဟန္တာထေရီမကြီးအဖြစ် ပရိနိဗ္ဗာန်ပြုခါနီးမှာ ယသော်ဓရာ ထေရီမကြီးကိုယ်တိုင် ဘုရားရှင်ကို လျှောက်ထားရာ

မှာတော့ ဒီလိုပါရမီဖြည့်ဖက် ဖြစ်ရဖို့ ဘုရားပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာ ထေရ် မရေမတွက်နိုင်တို့ထံမှာ ဆုတောင်းခဲ့ရတယ်။ ဘဝပေါင်း ကုဋေကုဋ္ဌာတွေမှာ မယားအဖြစ် သိမ်းပိုက်ရန်အတွက်သာမက အစား အစာအဖြစ် အသုံးပြုဖို့ရန်ပါ ကျွန်ုပ်ကို သူတစ်ပါးတို့အား ပေးလှူခဲ့ ပေမယ့် စိတ်ကွက်ခဲ့ခြင်း မရှိခဲ့ပါ။ အရှင်ဘုရား သဗ္ဗညုတဉာဏ်ကို ရရှိရေးအတွက် ပါရမီဖြည့်စွက်ခဲ့ရာမှာ ချမ်းသာခြင်းနဲ့ ကြုံရတဲ့အခါ ဝမ်းမြောက်ခဲ့ပါ တယ်။ ဆင်းရဲမှုတို့နဲ့ ကြုံရတဲ့အခါမှာလည်း စိတ် မချမ်းမသာ မဖြစ်ခဲ့ပါဘူး။ ချမ်းသာနဲ့ ဆင်းရဲတို့မှာ ချိန်သဖွယ် တူမျှ ခဲ့ပါတယ်။

ရှေးဆုတောင်းများကြောင့် ဒီပင်္ကရာဘုရားရှင်ရဲ့ ခြေတော် ရင်းမှာ ဘဝများစွာ ချစ်ကြင်နာခဲ့ပြီး နှစ်လိုဖွယ်ရာ ဆွဲဆောင်နိုင်စွမ်း ရှိတဲ့ အရှင်ဘုရားအလောင်းအလျာ သုမေဓာရှင်ရသေ့ရဲ့မျက်နှာကို ဖူးမြင်လိုက်ရကတည်းက ‘ငါ့ရဲ့အသက်ရှင်ခြင်းဟာ ရကျိုးနပ်လိုက် လေ’ လို့ အောက်မေ့မှတ်ထင်ခဲ့ပါတယ်။ အဲဒီစဉ်ကတည်းက ပါရမီ ဖြည့်ဖက်အဖြစ် ကျေနပ်စွာ ဆုပန်ခဲ့သလို ဒီအခွင့်ကို လက်မလွှတ်စေ ဖို့လည်း ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာအဆူဆူတို့ထံမှာ အကြိမ်များစွာ ဆုတောင်းခဲ့ရပါကြောင်း ကျေနပ်တဲ့ပီတိအဟုန်နဲ့ လျှောက်ထားခဲ့ တာတွေကို ကြည့်မယ်ဆိုရင် ယသော်ဓရာရဲ့ရင်မှာ ဘယ်လိုခံစားရ တယ်ဆိုတာ အကဲခတ်နိုင်ပါလိမ့်မယ်။

တောထွက်ခါနီးမှာ အလောင်းတော်မင်းသားရဲ့ သတိပေး ကတိပေးစကားများဖြစ်တဲ့…

‘ကျေနပ်မှုအတွက် တောင့်တတဲ့ ချစ်စိတ်ဟာ ဆန္ဒပြင်းထန် သလောက် ခံနိုင်ရည် ချည့်နဲ့လှတယ်။ ကြီးမြတ်လိုမှုအတွက် ဘုရင် တကာတို့ရဲ့ ဘုရင်အဖြစ်ကို လက်ခံမိရင် မြင့်မြတ်ခြင်းနဲ့ အေးငြိမ်းမှု

တို့ကို လက်လွတ်ဆုံးရှုံးခံရလိမ့်မယ်။ ကျေနပ်မှုတိုင်းဟာ ငိုကြွေးမှုနဲ့ နိဂုံးချုပ်ရမြဲ ဖြစ်တယ်ဆိုတာ ဘဝပေါင်းများစွာ၊ ဖြစ်ရပ်ပေါင်းများစွာက သက်သေပြခဲ့ပြီး တစ်လောကလုံး မျက်ရည်စဲစေဖို့အတွက် အချစ်ဆုံး တို့ရဲ့မျက်ရည်ကို ကျောခိုင်းရပေမယ်။

'သောကကြောင့် ကျခဲ့ရတဲ့ မျက်ရည်တွေဟာ လောကရဲ့ မျက်ရည်တွေကို ဆေးကြောပေးမယ့် ကမ္ဘာပြုမိုးကြီး ဖြစ်လာမယ်ဆိုတာ ယုံကြည်ပြီး မင်း ဖြေရစ်လေဦး' ဆိုတဲ့ သိဒ္ဓတ္ထရဲ့ရင်တွင်းစကားကိုလည်း သားငယ်ကို ချော့မြူသိပ်ရင်း နိုးတစ်ဝက်အိပ်မက်နဲ့ မျက်ရည်စက်လက်ဖြစ်နေတဲ့ ယသော်ဓရာ သိလိုက်ပါတယ်။ မိုးဖြစ်မယ့် မျက်ရည်တွေကို မိုးဖြစ်အောင် စွမ်းဆောင်မယ့်လက်နဲ့ မသုတ်ရက်စေလိုလို့သာ မတားခဲ့လေရော့သလား ဆိုတာလည်း ယသော်ဓရာပဲ အသိဆုံးဖြစ်မှာပါ။

အလောင်းတော်ဟာ ပေးခဲ့တဲ့ကတိစကား တည်စေဖို့အတွက် ခြောက်နှစ်လောက် အပြင်းအထန်ကြိုးစား ရှာဖွေခဲ့ပါတယ်။ ဒီအချိန်အတွင်းမှာ အဲဒီခေတ်ရဲ့အမြင့်ဆုံးကို တိုင်းတာတဲ့ စံနှုန်းများထဲက ပါရမီရဲ့အစွမ်းကြောင့် မွေးရာပါစံချိန်ဖြစ်တဲ့ ရုပ်ဆင်းအင်္ဂါပြည့်စုံမှု (ရူပ ပမာဏ) ဂုဏ်သတင်းကျော်စောခြင်း ကြီးမားမှု (ဃောသပမာဏ) တို့အပြင် အခေါင်းပါးဆုံး ကျင့်ကြံနိုင်မှု ဆိုတဲ့ 'လုခပမာဏ' တို့ကိုပါ စံချိန်ကျိုးအောင် ချိုးနိုင်ခဲ့ပါတယ်။

စံချိန်ကျိုးရုံက လွဲလို့ ဘာအကျိုးမှ ပြီးစေနိုင်စွမ်း မရှိတဲ့ အတ္တကိလမထအကျင့်ကို စွန့်ခွာပြီးချိန်မှာတော့ ဘယ်သူကမှ 'စံ' အဖြစ် သတ်မှတ်ရစကောင်းမှန်းတောင် မသိကြသေးတဲ့ တကယ့်အရေးအပါဆုံး 'ဓမ္မစံ' မဂ္ဂင်ရှစ်ပါးကို တွေ့ရှိ ကျင့်ကြံတော်မူပြီးတဲ့ အခါ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့မှာ သစ္စာလေးပါးကို

ကိုယ်တိုင်ထိုးထွင်း သိမြင်တဲ့ ဘုရားရှင်အဖြစ် ရောက်ရှိတော်မူခဲ့ပြီး အဲဒီနှစ် ဝါဆိုလပြည့်နေ့က စတင်ကာ မျက်ရည်ကို ဆေးကြော ပေးမယ့် ဓမ္မကမ္ဘာပြုမိုးကြီးကို စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ရွာဖြိုးသွန်းချခဲ့တာ လေးဆယ်နဲ့ ငါးဝါတိုင်တိုင် ဖြစ်ပါတယ်။

❒

# အနန္တကို မှန်းဆကြည့်ခြင်း (၆)

'ဟောညွှန်ပုံကျွမ်းကျင်တဲ့ မဟာကရုဏာတော်ရဲ့
ပုံရိပ်များဖြစ်လို့လည်း တရားတော်ဟာ
အမျိုးဘာသာ၊ အလွှာမရွေး
အားလုံးရဲ့ကိုးကွယ်ရာ ဖြစ်ခဲ့တာပါ'

မြတ်စွာဘုရားရှင်ကို 'အနန္တဂုဏ်အင် ကျေးဇူးရှင်' လို့ သိမှတ်ယုံကြည်ကိုးစားကြရတာဟာ ဘုရားရှင် ဟောညွှန်တော်မူတဲ့ တရားအဆုံးအမတော်များက ယုံကြည်ကိုးစားသူတို့ ရည်မှန်းတဲ့ အပြစ်ကင်းစင်ရေး၊ ဆင်းရဲဒုက္ခကင်းဝေးရေး၊ ဆင်းရဲအားလုံး ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် မျက်မှောက်ကျိုးထင် သိမြင်ခံစားနိုင်အောင် မှန်ကန်ပြီး ယုံမှားသံသယကင်းလောက်အောင် စစ်ဆေးဝေဖန်ခြင်းကို ခံနိုင်၊ ရိုးသားပြည့်စုံ အပြစ်ကင်းခြင်းဂုဏ်တို့နဲ့ ပြီးပြည့်စုံတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

တရားတော်ကို အနန္တဂုဏ်ကျေးဇူးရှင်အဖြစ် သိမှတ်ကိုးကွယ်ရတာကလည်း တရားအားလုံးကို ကိုယ်တော်တိုင် အပြည့်အစုံ သိရှိ

တော်မူပြီး ဝေနေယျတို့ကိုလည်း ကိုယ်တော်အလား သိမြင်အောင် ဟောကြားလမ်းညွှန်နိုင်စွမ်းရှိတဲ့ သဗ္ဗညုဘုရားရှင်ရဲ့ ဟောညွှန်ဆုံးမချက်များ ဖြစ် လို့ပါပဲ။ ဒါကြောင့် ဘုရားရှင်နဲ့ တရားတော်တို့ဟာ သီးခြားစီ ခွဲကြည့်ရုံနဲ့ အနန္တကျေးဇူးဂုဏ်ကို ပီပီပြင်ပြင် မသိသာနိုင်ပါဘူး။ အပြန်အလှန်တွဲယှဉ်ကြည့်မှသာ ထင်ရှားသိသာနိုင်မှာပါ။

နောင်တစ်ချိန်မှာ ဘုရားရှင်ရဲ့ကိုယ်စားတော်များအဖြစ် တည်ကျန်ရစ်မယ့် တရားတော်ကို ပထမဦးဆုံးအဖြစ် ဥရုဝေလတောမှာ တရားကျင့်ဖက်ဖြစ်ခဲ့ဖူးသူ ပဥ္စဝဂ္ဂီငါးတို့ကို ဟောကြားရာမှာ မြတ်စွာဘုရားရှင်က တရားနာသူတို့ရဲ့ အလှမ်းဝေးကွာခြင်း၊ အငြင်းပွားခြင်းမျိုး မဖြစ်ပေါ်စေဖို့အတွက် အခုနောက်ဆုံးဘဝမှာ ကိုယ်တော်တိုင်တွေ့ကြုံဖြတ်သန်းခဲ့တဲ့ ဘဝအတွေ့အကြုံနှစ်ခုကို အမှားရဲ့သာဓကများအဖြစ် ထုတ်ဆောင်ပြပြီးတော့မှ မဇ္ဈိမပဋိပဒါလို့ ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးတို့ကို ထုတ်ဆောင်ပြတော်မူပါတယ်။

အလောင်းတော်ရဲ့ နန်းတွင်းမှာနေထိုင်ရင်း ဖြတ်သန်းကျင်လည်ခဲ့ရတဲ့ဘဝကို ကြည့်မယ်ဆိုရင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အထိန်းမရှိ ခံစားပျော်ပါးခဲ့ရတဲ့ဘဝဖြစ်ပြီး ဒီလို ခံစားပျော်ပါးနိုင်အောင် ကြိုးစားရှာဖွေခြင်းနဲ့ စိတ်ကြိုက်ခံစားနေထိုင်ခြင်းသည်ပင် ပြီးပြည့်စုံတဲ့ ချမ်းသာသုခဖြစ်တယ်လို့ ခံယူကျင့်သုံးခဲ့တဲ့ဘဝဖြစ်လို့ အာရုံကို ချစ်ခင်မှုလွန်ကဲတဲ့ဘဝလို့ ဆိုရမှာပါ။

ဥရုဝေလတောမှာ ခြောက်နှစ်တာ နေထိုင်ကျင့်သုံးခဲ့တာကတော့ အာရုံငါးပါးတို့ကို လုံးဝ ခံစားခွင့်မရအောင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့အပြင် ဒွါရငါးခုကိုသာမက စိတ်ကိုပါ ပင်ပန်းအောင် ညှဉ်းဆဲကျင့်သုံးခဲ့တာဖြစ်လို့ အာရုံကို အပြစ်မြင်မှုလွန်ကဲတဲ့ဘဝပါ။

လောကမှာ ကျွဲနွား စတဲ့ သတ္တဝါတွေကို စားကျက်မှာ စားသင့်တာကို စားခွင့်ရအောင် လွှတ်ပေးတာကို 'ကျောင်းတယ်' လို့ ခေါ်ဆိုရပြီး ဒီလိုလွှတ်ပေးရာမှာ မသွားသင့်တဲ့နေရာကို မသွားစေရအောင်၊ မစားသင့်တဲ့ လယ်ယာသီးနှံတို့ကို မစားရအောင် စောင့်ရှောက်ပဲ့ပြင်ပေးရတာကို 'ထိန်းတယ်' လို့ ခေါ်ကြပါတယ်။ ဒါကို ဥပမာပြုပြီး ပြောမယ်ဆိုရင်တော့ အလောင်းတော်ရဲ့ နန်းငွင်းသားဘဝက အထိန်းမဲ့ အကျောင်းလွန်ကဲပြီး အစွန်းရောက်တဲ့ဘဝလို့ ဆိုရပါလိမ့်မယ်။ (မြတ်ဗုဒ္ဓ မပွင့်ပေါ်မီအထိ အိမ်ရာတည်ထောင် နေထိုင်ကြသူတိုင်းဟာလည်း ဒီအမှန်တရားနယ်ပယ်ထဲကချည်း ဖြစ်ပါတယ်။) ဥရုဝေလတောတွင်းမှာ နေထိုင်ကျင့်သုံးခဲ့တာတွေကတော့ စိတ်ကို အာရုံငါးပါးဆိုတဲ့ စားကျက်ထဲ လုံးဝကျောင်းမပေးဘဲ အတင်းအကျပ် ထိန်းချုပ်ညှဉ်းဆဲခဲ့တာဖြစ်လို့ အလောင်းတော်ရဲ့ ဥရုဝေလတောတွင်းဘဝဟာ အကျောင်းလုံးဝမရှိတဲ့ အထိန်းလွန် အစွန်းရောက်ခဲ့တဲ့ဘဝလို့လည်း ဆိုနိုင်ပါလိမ့်မယ်။

မြတ်ဗုဒ္ဓအဖြစ် ရောက်တော်မူပြီးလို့ ပဉ္စဝဂ္ဂီငါးဦးတို့ကို သာသနာတော်ရဲ့အခြေခံ'စံ'အဖြစ် မဇ္ဈိမလမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါးကို ဟောကြားတော့မယ်ဆိုတဲ့အခါ ဘုရားရှင်က ဒီအစွန်းတရားနှစ်ပါးတို့နဲ့ ပတ်သက်ပြီး အာရုံကို ချစ်ခင်မှုလွန်ကဲတဲ့ အထိန်းမဲ့ အကျောင်းလွန်ခံစားမှုဟာ ယုတ်ညံ့ရိုင်းစိုင်းလွန်းတယ်။ လူများစုရဲ့အကြိုက်သာဖြစ်တယ်။ ခွဲခွာရမှုကို အကြောင်းပြုပြီး ငိုပွဲနဲ့ ဇာတ်သိမ်းကြရတာဖြစ်လို့ တကယ့် ကောင်းကျိုးချမ်းသာအစစ်ကို မပေးဆောင်နိုင်တဲ့အတွက် အရိယာပုဂ္ဂိုလ်တို့ မြတ်နိုးလက်ခံတဲ့အကျင့် မဟုတ်ဘူး။ အာရုံကို အပြစ်မြင်မှုလွန်ကဲပြီး စိတ်ကို အာရုံစားကျက်ထဲ လုံးဝကျောင်းမပေးဘဲ အထိန်းလွန်ကဲခြင်းဟာလည်း ခန္ဓာကိုယ်ကို ဆင်းရဲ

စေရုံသာဖြစ်တယ်။ အသေမစဲတဲ့အတွက် ငိုပွဲဆီသာ ဦးတည်နေတာဖြစ်လို့ ကောင်းကျိုးအမှန် မရနိုင်တဲ့အတွက် အရိယာတို့ လက်ခံကျင့်သုံးရမယ့်အကျင့် မဟုတ်ဘူးလို့ မှတ်ချက်ချပြီး ဘဝဝဋ်ဒုက္ခဘောင်ကို လွတ်အောင် ကျင့်ကြံမယ့်ပုဂ္ဂိုလ်ဟာ ဒီအစွန်းနှစ်ခုကို ပယ်ရမယ်လို့ ပထမဆုံး မိန့်ကြားဆုံးဖြတ်တော်မူပါတယ်။

နာရီစက်ရဲ့ မောင်းနှင်အားနဲ့ ဆက်သွယ်ထားတဲ့ နာရီချိန်သီးဟာ ဝဲယာအစွန်းတစ်ဖက်မှ တစ်ဖက်ကို ကူးပြောင်းသွားလာနေသမျှ နာရီလက်တံများ မရပ်မနား လှည့်ပတ်သွားလာနေရသလို တဏှာဒိဋ္ဌိမောင်းနှင်အားနဲ့ ဆက်သွယ်နေတဲ့ ဒီအစွန်းတရားနှစ်ပါးတို့နဲ့ ကပ်ငြိနေသူများဟာလည်း မွေး၊ အို၊ နာ၊ သေဆိုတဲ့ သံသရာမှာ မပြတ်လည်ပတ်နေရဦးမှာ မလွဲပါဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင်က ဘဝဝဋ်ဒုက္ခဘောင်မှ လွတ်အောင် ရုန်းထွက်လိုသူမှန်သမျှ ဒီအစွန်းတရားနှစ်ပါး ကို စွန့်လွှတ်ဖယ်ရှားပြီး 'မဇ္ဈိမပဋိပဒါ' ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို လိုက်နာကျင့်သုံးရမယ်လို့ ဟောတော်မူတာပါ။

မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဟာ အာရုံငါးပါးတို့အပေါ်မှာ ချစ်ခြင်း၊ မုန်းခြင်းမရှိဘဲ ထိန်းသင့်တာကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ဝါရိတ္တသီလ၊ သုံးသင့်သမျှကိုလည်း အကျင့်မြတ်ရဲ့ အထောက်အကူဖြစ်စေဖို့ ဆိုတဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ အသုံးပြုနိုင်အောင် 'ကျောင်း'ပေးတဲ့ စာရိတ္တသီလကို အခြေခံပြီး ယိမ်းယိုင်လှုပ်ရှားခြင်း မရှိဘဲ အာရုံအပေါ်မှာ တည်ငြိမ်တည့်မတ်စွာ ကျရောက်တဲ့သမာဓိကို တည်ဆောက်ကာ အာရုံတို့ရဲ့ ပကတိသဘောလက္ခဏာအမှန်ကို အမှန်အတိုင်း သိမြင်နိုင်စွမ်းတဲ့ ပညာတရားကို ပြည့်စုံအောင်တည်ဆောက်ရတဲ့ ကျင့်စဉ်ပဲ ဖြစ်ပါတယ်။

ဒီမဇ္ဈိမပဋိပဒါကျင့်စဉ်အတိုင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များဟာ

ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်အဆင့်ဆင့်အတိုင်း ဝဋ်ဒုက္ခက လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါတယ်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးမှာ နောက်ဆုံး မျက်မှောက် သာဝကဖြစ်မယ့် သုဘဒ္ဒရဲ့အမေးနဲ့ ပတ်သက်လို့ မြတ်စွာဘုရားရှင် မိန့်တော်မူချက်အရ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်ဟာ ဓမ္မဝိနယ (သာသနာ) အစစ်အတု ခွဲခြားနိုင်ဖို့အတွက် တိုင်းတာစရာ 'ဓမ္မစံ' ပဲ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဓမ္မရတနာဟာ အစမထင် သံသရာကတည်းက တပြောင်းပြန်ပြန် ကျင်လည်ခံစားရတဲ့ သံသရာဝဋ်ဒုက္ခ အားလုံးတို့ အကြွင်းမဲ့ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ တကယ့်ချမ်းသာစစ်ကို ရရှိစေနိုင်တဲ့ နည်းလမ်းမှန်ဖြစ်လို့ ကျေးဇူးဂုဏ်ရဲ့ပမာဏဟာ တိုင်းတာလို့ မရနိုင် အောင် ကြီးမားတဲ့အတွက် အနန္တဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဆိုရတာပါ။

ဘုရားဖြစ်တော်မူပြီးနောက် ၉ လလောက် ကြာတဲ့အခါမှာ လက်ယာရံ၊ လက်ဝဲရံ မထေရ်မြတ်နှစ်ပါးတို့ ရဟန္တာအဖြစ် ရောက်ရှိခဲ့ပြီဖြစ်လို့ တပည့်သာဝက ပရိသတ်အင်္ဂါရပ် စုံညီပြီဖြစ်တဲ့အတွက် သာဝကစုံညီ ဩဝါဒခံယူပွဲကြီး ပြုလုပ်ပါတယ်။ သာဝကစုံညီပွဲရဲ့ ဩဝါဒအဖြစ် ဟောညွှန်ဆုံးမတော်မူတဲ့အခါမှာတော့ ပွင့်တော်မူပြီးသမျှ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အားလုံးတို့ တူညီစွာ ချမှတ်မြဲဖြစ်တဲ့

(၁) သဗ္ဗပါပဿအကရဏံ = မကောင်းမှုမှန်သမျှ လုံးဝမပြုရ

(၂) ကုသလဿ ဥပသမ္ပဒါ = ကုသိုလ်ကောင်းမှုကို ပြည့်စုံစေရမည်

(၃) သစိတ္တပရိယောဒပနံ = မိမိစိတ်ကို စင်ကြယ်စေရမည်

ဆိုတဲ့ သာသနာ့အခြေခံ မူသုံးချက်ကို လမ်းညွှန် ဆုံးမတော်မူခဲ့ပါတယ်။

ဒီအခြေခံမှု သုံးချက်ဟာ ဓမ္မရေးရာမှာ မဏ္ဍိုင်မပဋိပဒါ အကျင့်မြတ်ရဲ့ဘောင်ကို ဝင်စေတဲ့ နားအလည်လွယ်ဆုံး လမ်းညွှန်ချက်ဖြစ်သလို လောကီနယ်ပယ်မှာလည်း 'ဓမ္မရေးလည်း မကင်း၊ လောကရေးလည်း မဖျင်း' စေတဲ့ လမ်းညွှန်ချက် ဖြစ်ပါကယ်။ လောကီနယ်ပယ်အတွက် နားအလည်လွယ်ဆုံး ဝေါဟာရနဲ့ ပြောရမယ်ဆိုရင်တော့ လူဆိုတာ...

(၁) ယုံကြည်ထိုက်သူဖြစ်အောင် (မကောင်းမှုကင်းပြီး) ရိုးသားရမယ်။

(၂) အားကိုးထိုက်သူဖြစ်အောင် (ကောင်းမှုဆောင်ပြီး) ကြိုးစားရမယ်။

(၃) လေးစားထိုက်သူဖြစ်အောင် (ကိုယ်ကျိုးမငဲ့ကွက်ဘဲ) စင်ကြယ်စေရမယ်လို့ ဟောညွှန်လိုရင်းပဲ ဖြစ်ပါတယ်။ ဒါဟာ လောကနယ်ပယ်မှာလည်း အလိုအပ်ဆုံးဖြစ်တဲ့ 'လူ့အခြေခံမှု' သုံးချက်လို့ဆိုနိုင်ပါတယ်။ ဒီအခြေခံမှုသုံးချက်ထဲက တစ်ခုခုချို့တဲ့သူဟာ လူရာဝင်နိုင်ဖို့ မလွယ်ကူတော့ပါဘူး။

မြတ်ဗုဒ္ဓရဲ့လမ်းညွှန်ချက် တရားတော်များဟာ လောကနယ်၊ ဓမ္မနယ် နှစ်ခုလုံးရဲ့ ပကတိလိုအပ်ချက်များကို မျက်မှောက်ကျိုးရ ဖြည့်ဆည်းပေးနိုင်ရုံမျှမကဘဲ လိုက်နာကျင့်သုံးရာမှာလည်း အလုပ်မရွေး၊ နေရာမရွေး၊ အချိန်ဘိုင်းမှာ ကျင့်သုံးလို့ ရနိုင်ပါတယ်။ 'အပ္ပမာဒေန သမ္ပာဒေထ = သတိနဲ့ ပြည့်စုံအောင်နေကြ' ဆိုတဲ့ အကျဉ်းချုပ်လမ်းညွှန် ချက်နဲ့အညီ 'သတိ' အမြဲရှိနေသူအတွက် အလုပ်တိုင်းဟာ တရားအသိ ရစရာ၊ ကုသိုလ်ဖြစ်စရာတွေချည်း ဖြစ်တာမို့ အချိန်နဲ့ နေရာ သီးခြားမလိုအပ်ဘဲ သတိနဲ့ စေတနာသာလိုအပ်တဲ့ အဆုံးအမများ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓလက်ထက်တော်တုန်းက 'ထေရိကာ' ဆိုတဲ့ အမျိုးသမီးတစ်ဦးဟာ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့အညီ ဘယ်အလုပ်မဆို သတိရှေ့သွားနဲ့ လုပ်လေ့ရှိတာမို့ အမြဲသတိရှိနေတဲ့ အကျင့်ရနေပါတယ်။ တစ်နေ့မှာ ဟင်းချက်နေရင်းက ပွက်ပွက်ဆူနေတဲ့ဟင်းအိုးထဲကို ဟင်းရွက်လတ်လတ် ဆတ်ဆတ်ကလေးတွေ ပစ်ထည့်လိုက်တဲ့အခါ ဟင်းရွက်ကလေးတွေ ချက်ချင်းညှိုးနွမ်းသွားတာကို ကြည့်ပြီး သင်္ခါရတရားတို့ရဲ့ မမြဲတဲ့ အနိစ္စသဘောကို ဆင်ခြင်မိရာက ဒီလို မမြဲတဲ့တရားတွေနဲ့ ထောက်ပံ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီးရဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ထိုးထွင်းသိမြင်ပြီး သောတာပန် အရိယာဖြစ်သွားလို့ နောက်တော့ လင်သားရဲ့ခွင့်ပြုချက်နဲ့ သာသနာ့ဘောင်ဝင်လာတဲ့အခါ ထေရိကာ ရဟန္တာထေရီမကြီး ဖြစ်သွားပါတယ်။

မြတ်ဗုဒ္ဓရဲ့တရားအဆုံးအမများအရ 'သတိနဲ့ မေတ္တာ' ရှိသူများအတွက် အလုပ်တိုင်းမှာ ကုသိုလ်ရစေပြီး တွင်းပနှစ်တန် ဘေးရန်အားလုံးလည်း ကင်းဝေးစေနိုင်ပါတယ်။ 'ရောင်းဝယ်၊ စိုက်ပျိုး၊ ထုတ်လုပ်' ဆိုတဲ့ ဘယ်အလုပ်မျိုးမဆို မိမိရဲ့လုပ်ကိုင်ရောင်းဝယ် စိုက်ပျိုးမှုကို အကြောင်းပြုပြီး 'အလိုရှိသူတိုင်း အလွယ်တကူ သုံးနိုင်ပါစေ၊ အစစ်အမှန် ရရှိပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာ ရရှိသုံးဆောင်နိုင်ပါစေ' ဆိုတဲ့ မေတ္တာစိတ်ထားပြီး ရိုးရိုးသားသား လုပ်ကိုင်ကြရင် အလုပ်တိုင်းဟာ စီးပွားဖြစ်ရုံမျှ မကဘဲ မေတ္တာဘာဝနာကုသိုလ်ပါ အမြဲရနိုင်တဲ့အတွက် ကုန်ဆုံးသမျှ အချိန်တိုင်းဟာ ကုသိုလ်ခွန်အား တိုးပွားစရာများချည်း ဖြစ်ပါတယ်။

မဟာကရုဏာတော်ရှင် ဖြစ်တော်မူတဲ့အတွက် ပါရမီဓာတ်ခံရှိသူတိုင်းကို ဘယ်လိုအခြေအနေဆိုးမျိုးနဲ့ပဲကြုံကြုံ မျှော်လင့်ချက်မဲ့၊

ကိုးကွယ် ရာမဲ့ မဖြစ်စေရအောင် ဆုံးမတော်မူခဲ့တာ ဖြစ်လို့လည်း မြတ်ဗုဒ္ဓရဲ့တရားတော်ဟာ အမျိုး၊ ဘာသာ၊ အလွှာမရွေး အားလုံးရဲ့ ကိုးကွယ်ရာ ဖြစ်ခဲ့တာပါ။

တစ်ခါက ကိသာဂေါတမီဆိုတဲ့ အမျိုးသမီးတစ်ဦးဟာ သူ့ရဲ့ သားဦးကလေး မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားတယ်။ ဗြာဟ္မဏအနွယ်တို့ရဲ့ထုံးစံအရ သားဦးဟာ အမျိုးအနွယ်နဲ့ စည်းစိမ်ဥစ္စာ အမွေတို့ကို ခံယူထိုက်သူဖြစ်လို့ သားဦးမိခင်ဟာ အိမ်ကြီးရှင်လို့ ဆိုနိုင်ပါတယ်။ သားဦးဆုံးပါးသွားခြင်းဟာလည်း အဲဒီမိခင်အတွက် ဘဝတစ်ခုလုံး ဆုံးရှုံးခြင်းပါပဲ။ ဒါကြောင့် ကိသာဂေါတမီဟာ အရူးတစ်ပိုင်းလို ဖြစ်ပြီး သားငယ်ရဲ့ရုပ်အလောင်းကို ပွေ့ချီရင်း သွေးရူးသွေးတန်း အကူအညီလိုက်တောင်းရာက ကရုဏာရှင်တစ်ဦးရဲ့ လမ်းညွှန်မှုနဲ့ မြတ်စွာဘုရားထံ ရောက်လာပါတယ်။ သူ့သားကို အသက်ပြန်ရှင်အောင် လုပ်ပေးဖို့ အကူအညီလာတောင်းတာပါ။

ဒီနေရာမှာ ဘုရားရှင်က 'သေသူကို ရှင်အောင် ပြန်လုပ်လို့ ရနိုင်ရိုးလား' ဆိုပြီး တဲ့တိုးသာ ပြောလိုက်မယ်ဆိုရင်တော့ ကိသာဂေါတမီရဲ့ဘဝဟာ ဒီနေရာမှာပဲ သားနဲ့အတူ နိဂုံးချုပ်သွားနိုင်ပါတယ်။ ဒါကြောင့် မဟာကရုဏာရှင်က သေသူကို ရှင်အောင်ပြန်လုပ်လို့ 'ရတယ် မရဘူး' ဆိုတာကို ဘာမျှမပြောသေးဘဲ မိသားအဖ၊ မောင်နှမသားချင်း တစ်ဦးမျှ မသေဖူးတဲ့အိမ်က မုန်ညင်းစေ့ လိုက်ရှာကြည့်ဖို့ တိုက်တွန်းလိုက်ပါတယ်။ သုံးလေးအိမ်လောက် လိုက်မေးကြည့်လိုက်တယ်ဆိုရင်ပဲ 'သေခြင်းတရားဟာ တစ်မိသားစု၊ တစ်ဦးတလေအတွက် ကွက်ပြီး ဖြစ်တဲ့ တရားမဟုတ်ဘူး' ဆိုတာ သဘောပေါက်သွားတဲ့အတွက် သားရဲ့အလောင်းကို သုသာန်မှာ စွန့်ပစ်ခဲ့ပြီး ဘုရားရှင်ထံမှာ တရားတော်နာယူလိုက်တော့ ရဟန္တာထေရီမကြီး

ဖြစ်သွားပါတယ်။ ဒါဟာ 'ငါ့မှာ သာ ဒီအဖြစ်ဆိုးနဲ့ ကြုံရလေခြင်း' လို့ မှတ်ထင်ပွေ့ပိုက်ထားတဲ့ သောက ဝန်ထုပ်ကြီးကို အရပ်ထဲမှာ ကိုယ်တိုင်ဖြန့်ကျဲရင်း သောကကို ပါးသွားအောင်လုပ်လိုက်တဲ့ မဟာကရုဏာရှင်ရဲ့ ဟောညွှန်ပုံ ကျွမ်းကျင်လိမ္မာတဲ့ ဒေသနာကောသလ္လ ဉာဏ်တော်စွမ်းပါပဲ။ ဒီလို မဟာကရုဏာတော်အဟုန်နဲ့ ဟောညွှန်ပုံ လိမ္မာကျွမ်းကျင်တဲ့ ဉာဏ်တော်စွမ်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဒေသနာတော်များဖြစ်လို့လည်း တရားတော်ဟာ သတ္တဝါအားလုံးတို့အတွက် အားထားကိုးကွယ်ရာအစစ်ဖြစ်ပြီး အတိုင်းမသိ ကျေးဇူးကြီးမားတဲ့ အနန္တဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဆိုရတာပါ။

❐

# အနန္တကို မှန်းဆကြည့်ခြင်း (၇)

'မနုဿတ္တ ဒုလ္လဘ' လို့ ဘုရားရှင်ချီးကျူးတဲ့ လူ့ဘဝကြီးဟာ 'ဆာ၊ ရှာ၊ စား၊ အိပ်' ဆိုတဲ့ တိရစ္ဆာန်နဲ့ မခြားနားတဲ့ ဖော်မြူလာဟောင်းကြီးအတိုင်း လည်ပတ်ပြီး ပူဆွေးငိုကြွေးရင်း သေဘေးနဲ့ နိဂုံးချုပ်ရတဲ့ဘဝမျိုး မဖြစ်သင့်ပါဘူး'

သတ္တဝါတစ်ဦး ဘဝတစ်ခုကို ရောက်ရှိလာတာဟာ 'ဘဝနိကန္တိက တဏှာ' လို့ခေါ်တဲ့ ဘဝကို ဆာလောင်တဲ့ အဆာဓာတ် (တဏှာ)နဲ့ စတင်လာတာ ဖြစ်လို့ 'အာရုံကို ဆာလောင်မှု' ဆိုတာ သတ္တဝါတို့ရဲ့ မွေးရာပါ ဒလေ့အထတစ်ခုလို ဖြစ်နေကြပါတယ်။

အဆာဓာတ်ကို ဖြည့်ဆည်းပေးဖို့ ရှာစရာ အကူအင်္ဂါရပ် အဖြစ်နဲ့ ခန္ဓာကိုယ်ရဲ့အပြင်မျက်နှာများ 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်' ဆိုတဲ့ အကြည်ဓာတ် ဒွါရငါးခု ပါရှိလာတာကြောင့် ရှာဖွေစရာ အစာကလည်း 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့' ဆိုပြီး ငါးမျိုးရှိနေပါတယ်။ (အမှန်ကတော့ အစာက ငါးမျိုးရှိလို့ ရှာစရာ အကူအင်္ဂါရပ်က ငါးခုပါလာရတာ ဖြစ်မှာပါ) ဒီအစာငါးမျိုးတို့ဟာ

အတွင်းမှာရှိတဲ့ အဆာဓာတ်ရဲ့ယှဉ်မီရာစိတ်ကို မွေ့လျော်စေတတ်လို့ အာရုံလို့လည်း ခေါ်ပါတယ်။ အဆာဓာတ်ရဲ့တပ်မက်စရာများဖြစ်လို့ 'ကာမဂုဏ်တရားများ' လို့လည်း ခေါ်ကြတယ်။ အာရုံငါးဖြာ ကာမဂုဏ်တရားများဆိုတာ ဒါကိုပြောတာပေါ့။

အတွင်းမှာရှိတဲ့ သိစိတ်ရဲ့တာဝန်က အာရုံကို သိဖို့ပဲ ဖြစ်ပေမယ့် အဆာဓာတ်တဏှာက အိမ်ရှင်သဖွယ် မှီတွဲခြယ်လှယ်နေတာကြောင့် စိတ်ဟာ အာရုံကို သိစရာအဖြစ် မမြင်တော့ဘဲ အဆာပြေ ရှာဖွေခံစားစရာလို့ မှတ်ထင်နေပါတော့တယ်။ ဆာတော့ ရှာဖွေ၊ ရတော့ ခံစား၊ ဝတော့ အိပ်နား၊ နိုးတော ပြန်ဆာ၊ ပြီး ရှာ၊ စား၊ အိပ်။ ဒီလိုနဲ့ အမှတ်တမဲ့ပျော်မွေ့နေရာက သင်္ခါရတရားတို့ရဲ့ ဓမ္မတာ အတိုင်း အို၊ နာ၊ သေ ဆိုတဲ့ ခန္ဓာရဲ့ဒုက္ခကြီးနဲ့ ကြုံတွေ့ရတဲ့အခါ မှာတော့ ဝမ်းနည်းပူဆွေး ငိုကြွေးကြရင်းနဲ့ပဲ ဘဝတစ်ခု ဒသမှုနဲ့ နိဂုံးချုပ်ကြရပြန်ရော။ ဒါပေမဲ့ ခန္ဓာသာကြွေတယ်၊ အဆာက မပြေ လေတော့ ဘဝအသစ်တစ်ခုကို အဆာဓာတ်နဲ့ပဲ ပြန်စပြီး ခရီးဆက်ကြရပြန်တယ်။ ဒါဟာ သတ္တဝါတိုင်းရဲ့သံသရာဇာတ်ထုပ် အကျဉ်းချုပ်ပါပဲ။

ဒီဖော်မြူလာ ဇာတ်ညွှန်းဟောင်းကြီးအတိုင်း မနားတမ်း ကနေရလို့ သံသရာကြောမှာ မောလာတဲ့အခါ တိရစ္ဆာန်တို့ထက် အသိဉာဏ်အဆင့်မြင့်တဲ့ လူသားများအနေနဲ့ ဒီဇာတ်ထုပ်ကြီးရဲ့ ဒီလိုဇာတ်သိမ်းရပုံကို ကြောက်ရွံ့လာကြပြီး ပိုမိုကောင်းမွန်တဲ့ ဇာတ်သိမ်းခန်းကို မျှော်လာကြပြန်တယ်။ လူသားတို့ရဲ့ ဒီလို အကြောက်နဲ့ အမျှော်ကို အခြေခံအကြောင်းပြုပြီး ကိုးကွယ်အားထားရာအဖြစ် ဘာသာဝါဒ အဆိုအမိန့်တွေ၊ ကိုးကွယ်ဆည်းကပ်ပုံ နည်းစနစ်တွေ၊ အပူဇော်ခံနဲ့ ပူဇော်သူတွေဆိုတဲ့ ဘာသာတရားတွေ အမျိုးမျိုးပေါ်ပေါက်

လာတော့တာပါပဲ။ ဘာသာဝါဒတီထွင်သူများဟာ သတ္တဝါတို့ရဲ့ အလိုဆန္ဒနဲ့ ပျင်းရိပြီး အချောင်အလွယ်လိုက်တတ်ကြတဲ့ ဓလေ့ စရိုက်ကို ရိပ်စားမိကြသူများပီပီ လူသားတို့အတွက် ကြောက်စရာနဲ့ ကြိုက်စရာ ဘုံဌာနနှစ်မျိုးနှစ်စားကို စိတ်ကူးနဲ့ တီထွင် ဖန်တီးလိုက် ကြတယ်။ ပြီးတော့ ဒီဌာနနှစ်ခုကို ရရောက်မှုမှာ သူတို့ရဲ့ကျေနပ်မှု၊ မကျေနပ်မှု အားလျော်စွာသာ ဖြစ်ရမယ်ဆိုပြီး သူတို့ကိုယ် သူတို့ ငရဲနဲ့ နိဗ္ဗာန်တို့ရဲ့ သော့ကိုင်ကိုယ်စားလှယ်ကြီးများအဖြစ် ခံယူကာ ဘာသာရေးခေါင်းဆောင်နေရာကို ရယူအပူဇော်ခံကြပါတော့တယ်။

ဒါပေမဲ့ သူတို့ရဲ့အဆိုအမိန့်တွေကို တကယ်တမ်း ချဉ်းကပ် လေ့လာကြည့်တဲ့အခါမှာတော့ သုတ္တနိပါတ်၊ ပါရာယနဝဂ်လာ ဗာဝရီ ပုဏ္ဏားကြီးရဲ့တပည့်များထဲက ဟေမကလုလင် ဘုရားရှင်ကို လျှောက် ထားတဲ့အတိုင်း ဒီဘာသာရေးဂိုဏ်းဆရာများဟာ 'ဒီလိုဖြစ်ခဲ့ပြီ၊ ဒီလို ဖြစ်လိမ့်မယ်' ဆိုတဲ့ အတိတ်လွမ်း၊ အနာဂတ်မျှော် တစ်ဆင့်စကား များသာဖြစ်လို့ စိတ်ကူးနဲ့ မျှော်လင့်တောင့်တချက်တွေကိုသာ တိုးပွား စေပြီး လက်တွေ့မှာ အကျိုးမများတဲ့အတွက် ဘယ်သူမှ ယုံကြည် အားထား ကျေနပ်စရာ ဖြစ်မလာကြပါဘူး။

အဲဒီလို လက်ရှိအခြေအနေကလည်း ကျေနပ်လောက်စရာ ဘာမျှမရှိ။ အားထားကိုးကွယ်ရာကို ရှာကြည့်တော့လည်း မရေရာတဲ့ အနာဂတ် အမှောင်ထုထဲကိုသာ မျက်နှာလွှဲ ခဲပစ် အပြောသန်ကြပြီး ပစ္စုပ္ပန်ကျကျ ပကတိလိုအပ်ချက်ကို ဖြည့်စွက်ပေးမယ့်သူ မရှိဘဲ တစ်လောကလုံး ကိုးကွယ်ရာမဲ့ ဖြစ်နေချိန်မှာပဲ 'သံဒိဋ္ဌိကော = မျက်မှောက်ဒိဋ္ဌ အကျိုးရစေနိုင်တယ်။ အကာလိကော = အခါဖင့်နွှဲ အချိန်ဆွဲပြီး မဖြီးမဖြန်းဘူး။ ဧဟိပဿိကော = လက်တွေ့စမ်းသပ် စစ်ဆေးခွင့်ရှိတယ်။ ဩပနေယျိကော = အချည်းနှီးမဖြစ်စေဘဲ

အနီးကပ်သိအပ်တဲ့ အကျိုးရှိတယ်' စတဲ့ အာမခံချက်အပြည့်ရှိတဲ့ ဗုဒ္ဓဝါဒ ပေါ်ပေါက်လာခဲ့တာပါ။

အားထားယုံကြည် ကိုးစားသူတို့ကို ပစ္စုပ္ပန်ဘေးဒုက္ခ၊ တမလွန်ဘေးဒုက္ခတို့မှ ကင်းဝေးအောင် ကာကွယ်ပေးပြီး လောကီကောင်းကျိုးချမ်းသာနဲ့ ဆင်းရဲငြိမ်းရာ လောကုတ္တရာ နိဗ္ဗာန်အထိ ရရောက်စေနိုင်တဲ့အတွက်ကြောင့်ပဲ ဘုရား၊ တရား၊ သံဃာတို့ကို 'ကိုးကွယ်ရာ' လို့ ဆိုရတာပါ။

ဘေးကင်းရန်ကွာ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာအတွက် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပြီးတဲ့အခါ ဘုရားရှင်က 'တထာဂတ အမည်ရတဲ့ ငါတို့ဘုရားရှင်များဆိုတာ ဆင်းရဲကင်းပျောက် ချမ်းသာရောက်ဖို့အတွက် နည်းလမ်းညွှန်ပြပေးတဲ့ ပုဂ္ဂိုလ်များသာဖြစ်တယ်။ ဆင်းရဲကင်းလွတ်လိုကြတဲ့ သင်တို့က လမ်းညွှန်ချက်အတိုင်း ကိုယ့်တာဝန် ကိုယ်သိပြီး ကြိုးစားကြရမယ်' လို့ မိန့်ကြားတော်မူတဲ့အတွက် ဘုရားရှင်တို့ရဲ့ နည်းလမ်းညွှန်ပြချက်များဖြစ်တဲ့ 'တရားတော်'ကို ကိုးကွယ်ကြရပြန်ပါတယ်။ ဒီလို ဘုရားနဲ့ တရားတော်တို့ကို အရှည်သဖြင့် သတ္တဝါအများ ကိုးကွယ်ဆည်းကပ်ခွင့်ရရေးဆိုတာကလည်း ဒီတရားတော်တွေကို ကိုယ်တိုင်လည်း လိုက်နာ၊ ရေရှည်တည်တံ့ရေးအတွက်လည်း သင်အံလေ့ကျင့်ပြီး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ပေးမယ့် ပုဂ္ဂိုလ်များ ရှိရပါမယ်။ ဒီပုဂ္ဂိုလ်များဟာ အရေအတွက် ဘယ်လောက်ပဲများများ အချင်းချင်း အယူဝါဒ အကျင့်သီလအားဖြင့် တစ်သားတည်းတူညီပြီး စိတ်ရဲ့အညစ်အကြေး (ကိလေသာ) တို့ကို ပယ်သတ်တတ်တဲ့အတွက် 'သံဃာ' လို့ ခေါ်ပါတယ်။ ဒါကြောင့် သံဃာတော်ကိုလည်း ကိုးကွယ်အားထားရာ အနန္တကျေးဇူးရှင်များအဖြစ် သိမှတ်ဆည်းကပ်ကြရတာပါ။

ဘုရားရှင်ရဲ့ တပည့်သား သံဃာတော်များမှာ အဓိကတာဝန်ကြီးနှစ်ရပ် ရှိပါတယ်။ (၁) မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမသာသနာတော် (တရားပုဒ်စုပေါင်း ရှစ်သောင်းလေးထောင်) တို့ကို မတိမ်ကောမပျောက်ပျက်အောင် သင်အံလေ့ကျင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့ သာသနာတည်ကြောင်း မြင့်မြတ်တဲ့အကျင့် (သာသန ဗြဟ္မစရိယ) တာဝန်နဲ့ (၂) မိမိတို့ကိုယ်တိုင် ဆင်းရဲကင်းလွတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် မဂ်ဖိုလ်ရရောက်ကြောင်း မဂ္ဂလမ်းစဉ် (သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး)ကို 'နိဗ္ဗာန်' ဆိုတဲ့ မြင့်မြတ်တဲ့ရည်မှန်းချက်ထားပြီး မြင့်မြတ်တဲ့စိတ်ထားနဲ့ မြင့်မြင့်မြတ်မြတ်ကျင့်ကြံအားထုတ်ရတဲ့ (မဂ္ဂ ဗြဟ္မစရိယ) တာဝန်တို့ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် လေးဆယ့်ငါးဝါပတ်လုံး တရားဓမ္မကို မရပ်မနား ဟောကြားဆုံးမတော်မူပြီး ကိုယ်တော်တိုင် ဟောကြားမှ တရားထူးရမယ့် ပုဂ္ဂိုလ်များ အကုန်အစင်လောက်နီးပါးရှိတဲ့အခါ ပရိနိဗ္ဗာန်ပြုဖို့ အချိန်ရောက်လာပြီ ဖြစ်လို့ အသက်ရှင်ရေးအတွက် ကြောင့်ကြစိုက် ပြုပြင်မှု (အာယုသင်္ခါရ) ကို စွန့်လွှတ်လိုက်ပါတယ်။ ဒီအခါမှာ ကိလေသာမကုန်ကြသေးတဲ့ တပည့်သားတို့အတွက် အားမငယ်ကြစေဖို့ 'ငါဘုရားရှင်ဟာ ဘုရားရှင်တို့ဓမ္မတာအတိုင်း ပရိနိဗ္ဗာန် စံဝင်တော်မူပေမယ့် သင်တို့မှာ အားထားကိုးကွယ်ရာမဲ့ မဖြစ်ပါဘူး။ ငါဘုရားရှင် တရားနည်းလမ်းကျကျ ဟောညွှန်ဆုံးမခဲ့တဲ့ (ဓမ္မဝိနယသာသနာ) တရားပုဒ်စုအပေါင်း ရှစ်သောင်းလေးထောင်တို့ဟာ ငါဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှာ ငါဘုရားကိုယ်စား သင်တို့ကို ဆုံးမပေးလိမ့်မယ်။ (ငါဘုရား ဟောကြားခဲ့တဲ့ တရားတော်များဟာ ငါဘုရားရှင်ရဲ့ ကိုယ်စားတော်များပဲ ဖြစ်တယ်) ဆိုတဲ့ မိန့်မှာချက်အတိုင်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးစ

အချိန်မှာပဲ ဘုရားရှင်ရဲ့အဆုံးအမ သာသနာတော်အပြည့်အစုံ အစင် အကြယ် အရှည်သဖြင့် တည်တံ့ရေးအတွက် ဘုရားဟောကြားသမျှ တို့ကို အပြည့်အစုံ အာဂုံရရှိ ရွတ်ဆောင်ထားကြတဲ့ သံဃာတော်များ စုဝေးပြီး တညီတညွတ်တည်း စုပေါင်းရွတ်ဆို အတည်ပြု (သင်္ဂါယနာ တင်) ကြပါတယ်။

အဲဒီနောက်ပိုင်းမှာလည်း ဆရာစဉ်ဆက် နှုတ်တက်ရွတ်ဆို ပြီး စောင့်ထိန်းခဲ့ကြတာပါ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးလို့ နှစ်ပေါင်း (သာသနာနှစ်) လေးရာကျော် (၄၃၀) ရောက်တဲ့အခါမှာတော့ သာသနာတော် အဓိကထွန်းကားရာ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်မှာပဲ ပြည်ရွာကို ချောက်ချားစေတဲ့ ဗြဟ္မဏတိဿဆိုတဲ့ ဒွန်းစဏ္ဍားသူပုန်ဘေးကြီးနှင့်အတူ မိုးခေါင်ရေရှား အစားအစာ ရှားပါးတဲ့ဘေးကြီး ဆိုက်ရောက်လာပါတယ်။

အဲဒီအချိန်မှာ သာသနာတော်ရဲ့နောင်ရေးကို မြော်မြင်ကြတဲ့ သံဃာတော်များဟာ ဇမ္ဗူဒိပ်ကျွန်းလို့ခေါ်တဲ့ မဇ္ဈိမဒေသဆီ ရွှေ့ပြောင်း ပြီး ဓမ္မက္ခန္ဓာတို့ကို မပျောက်ပျက်အောင် ရွတ်အံထိန်းသိမ်းကြပါ တယ်။ အဲဒီသံဃာများထဲက သံဃာတော် ခြောက်ကျိပ်လောက်က တော့ သီဟိုဠ်ကျွန်းမှာပဲ သူပုန်ရန်ကင်းလွတ်ရာ 'ဒက္ခိဏမလယ' ဆိုတဲ့ ဇနပုဒ်အရပ်ဘက်မှာ သွားရောက်ပြီး ရနိုင်သမျှ အသီး၊ အရွက်၊ သစ်ဥတို့ကို စားရင်း ၁၂ နှစ်လောက်အထိ တရားတော် အားလုံးကို နှုတ်တက်အာဂုံဆောင်ရင်း စောင့်ရှောက်ခဲ့ပါတယ်။ တစ်ခါတစ်ခါ ဆာလောင်မွတ်သိပ်မှုအားကြီးပြီး အသံထွက် မရွတ် ဆိုနိုင်ကြလို့ ဝမ်းဗိုက်အောက်မှာ သဲပုံ သဲအိတ်တို့ခံပြီး မှောက်လျက် သားက စိတ်နဲ့မပြတ် ရွတ်ဆိုကြရပါသတဲ့။

၁၂ နှစ်လောက်ကြာလို့ အန္တရာယ်အားလုံး ကင်းရှင်းသွား တဲ့အခါ မဇ္ဈိမဒေသဘက် ကြွရောက်ပြီး ရွတ်ဆိုစောင့်ထိန်းကြတဲ့

သံဃာတော်များ ပြန်ရောက်တဲ့အခါမှာ အားလုံးစုပေါင်းပြီး အချင်းချင်း ကျပျောက် ကွဲပြားမှု ရှိ မရှိ သိရအောင် ရွတ်ဆိုညှိနှိုင်းကြလို့ တညီတညွတ်တည်းရှိကြောင်း သိရတဲ့အခါ နှုတ်တက်အာဂုံ ဆက်လက်စောင့်ထိန်းကြပါတယ်။

သာသနာတော်နှစ် ၄၅၀ အရောက် ဝဋ္ဋဂါမဏိမင်းကြီး ဒုတိယအကြိမ် ထီးနန်းပြည်လည်အုပ်စိုးပြီး ခြောက်နှစ်ရောက်တဲ့အခါမှာတော့ သတိ၊ သမာဓိ၊ ပညာ ယုတ်လျော့ပြီး သာသနာတော် လျော့ပါးယွင်းယိုဖြစ်မယ့်ဘေးကို မျှော်တွေးမိကြတဲ့အတွက် ပိဋကတ်တော်တို့ကို ပေထက်အက္ခရာမှာ ရေးသားကြပြီး ပြည့်စုံတဲ့အခါမှာ အများကင်းစင်စေဖို့အတွက် အကြိမ်တစ်ရာတိုင်တိုင် ဖတ်ရှုသုတ်သင်တော်မူကြပြန်ပါတယ်။ အရင်က သင်္ဂါယနာသုံးကြိမ် တင်ခဲ့ပြီးဖြစ်လို့ ပေထက်အက္ခရာတင်ပြီး စုပေါင်းရွတ်ဆိုသုတ်သင်တဲ့ ဒီပွဲကို စတုတ္ထ သင်္ဂါယနာတင်ပွဲလို့ သတ်မှတ်ကြပါတယ်။

ဒီနေ့အထိ 'ဘုရား၊ တရား' ဆိုတာကို အစစ်အမှန် အပြည့်အစုံ သိရှိကြည်ညို ကိုးစားလိုက်နာခွင့်ရနေကြတာဟာ သံဃာတော်များက ခုလို သင်အံလေ့ကျင့် စောင့်ရှောက်ခဲ့လို့သာ ဖြစ်တဲ့အတွက် သံဃာတော်များဟာလည်း အားထားကိုးကွယ်ရာ အနန္တ ကျေးဇူးရှင်များအဖြစ် သိမှတ်ကြည်ညို ကိုးစားကြရတာပါ။

အဋ္ဌကထာ ဆရာတော်ကတော့ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးတဲ့နောက်ပိုင်းမှာ သာသနာကို ကြည်ညိုကိုးစားခွင့်ရကြသူများအနေနဲ့ သံဃာရတနာဟာ အဓိကကျတဲ့ အနီးကပ်ကိုးကွယ်ရာဖြစ်လို့ ပိုပြီးတောင် ကျေးဇူးကြီးတဲ့သဘောမျိုး ပြောချင်ပုံရပါတယ်။ အဋ္ဌကထာကျမ်းများရဲ့ အစမှာ ရတနာသုံးပါးကို ရှိခိုးတဲ့အခါ သံဃာရတနာကို ရှိခိုးတော့ 'သိရသာ = ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်'

ဆိုတဲ့ အထူးပြုစကား အပိုထည့်ပြီး ရှိခိုးပါတယ်။ ဘုရားနဲ့ တရားကိုတော့ ရိုးရိုး 'ရှိခိုးပါ၏' လို့သာ ဆိုပြီး သံဃာရတနာကိုကျတော့ ဘာဖြစ်လို့ အထူးပြုရှိခိုးရသလဲ ဆိုတော့ 'ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှာ ဘုရား တရားရယ်လို့ ကောင်းမွန် မှန်ကန်စွာသိကြရခြင်းဟာ သံဃာရတနာရဲ့ကျေးဇူးကြောင့် ဖြစ်လို့ပါ' တဲ့။

တကယ်တော့ ရတနာမြတ်သုံးပါးတို့ဟာ တစ်ခုနဲ့ တစ်ခု ကင်းကွာလို့ မရပါဘူး။ ဘုရားရှင် မပွင့်ပေါ်ခဲ့ရင် တရားကို သိခွင့်မရသလို တရားဆိုတာ မပါဘဲနဲ့လည်း ဘုရားနဲ့ သံဃာဆိုတာ ရှိနိုင်တာမျိုး မဟုတ်လို့ပါ။

အားလုံးကို ခြုံကြည့်လိုက်ရင် အမိအဖနှစ်ပါးတို့က ပထမဆုံး ဖွားမြင်စောင့်ရှောက်ပေးခဲ့လို့ လူသားတစ်ယောက်ရယ်လို့ ဖြစ်ကြရပါတယ်။ ဆရာသမားများက ဒုတိယအကြိမ် နှုတ်နဲ့ သင်ပြဖွားမြင်ပေးကြလို့ အဆင့်မီ လူရာဝင်တဲ့လူသား ဖြစ်ကြရတယ်။ သံဃာရတနာရဲ့ကျေးဇူး ကြောင့် ဘုရားရှင်ရဲ့တရားရတနာဟာ တတိယအကြိမ် ဖွားမြင်ပေးမှုကို အပြည့်အဝရရှိမှသာ သံသရာဝဋ်ဆင်းရဲအားလုံးတို့ လွတ်ကင်းရာ နိဗ္ဗာန်ကို အာရုံပြုရာရောက်နိုင်တဲ့ အမြင့်မြတ်ဆုံး အရိယာပုဂ္ဂိုလ်များအဆင့်ကို ရောက်နိုင်ကြမှာဖြစ်လို့ မိဘ၊ ဆရာသမား၊ ရတနာ မြတ်သုံးပါးတို့ဟာ နှိုင်းယှဉ်တိုင်းတာလို့ မရနိုင်အောင် ကျေးဇူးကြီးမားတဲ့ 'အနန္တဂုဏ်အင် ကျေးဇူးရှင်များ' ဖြစ်ကြတာပါ။

ကျေးဇူးဂုဏ်ကို သိရှိပူဇော်နိုင်ကြပါစေသော။

❒

## သမုဒ္ဒရာမှာ ဘယ်သူမဆို ရေချိုးခွင့်ရှိတယ်

‘ဘယ်လောက်ပေးဆပ်မှ ကျေတယ်၊
မကျေဘူးလို့ မရှိပါဘူး။
အနန္တ ကျေးဇူးဂုဏ်တို့အပေါ်မှာ
သိမှုအနန္တ ရှိနေဖို့သာ လိုရင်းပါ’

အနန္တ ငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးနဲ့ ပတ်သက်လို့ ဉာဏ်မီသလောက် မှန်းဆပြီး စွမ်းနိုင်သမျှ ကျေးဇူးသိ၊ ကျေးဇူးဆပ်စေလိုတဲ့ စေတနာနဲ့ ကလေးများအတွက် အဓိကရည်ညွှန်းပြီး ဟောပြောခဲ့တာလေးတွေကို အလင်းတန်းမှာ ဆောင်းပါးအဖြစ် ပြန်ရေးခဲ့တာ အနန္တငါးပါး ပြည့်သွားလို့ အဆုံးသတ်ခဲ့ပြီးပါပြီ။

ဒါပေမဲ့ မိမိနဲ့ ခင်မင်ရင်းနှီးတဲ့ အလင်းတန်းပရိသတ်တစ်ဦးက ကျောင်းကိုရောက်လာပြီး ‘အနန္တငါးပါးဆိုတာ ကျေးဇူးတွေ ပေးဆပ်လို့ မကုန်နိုင်ဘူးဆိုတော့ ဘယ်လောက်ပဲ ပေးဆပ်နေနေ ကြွေးမကျေဘူး ဆိုတာမျိုးလို တပည့်တော်တို့မှာ အမြဲကြွေးတင်မြဲ တင်နေမှာပဲလား။ ကျေးဇူးတွေက အနန္တ၊ ကိုယ်ပေးဆပ်နိုင်တာက ဘာမှ မဖြစ်

စလောက်ကလေးဖြစ်နေရင် မပေးဆပ်သူတွေနဲ့ အတူတူလို ဖြစ်မနေပေဘူးလား' ဆိုပြီး မေးခွန်းထုတ်လာလို့ ဒီစာတစ်ပုဒ်ကို ထပ်ရေးလိုက်ရတာပါ။

ဩော်... အနန္တ ငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးကို အပြင်မှာ အတိုးနဲ့ ချေးငှားထားတဲ့ ငွေကြေးကြွေးနဲ့ ထပ်တူ ထင်မှတ်နေတာပါလား။ ဒါကလည်း ဇာတ်တော်ထဲမှာ ကျေးသားပြောတဲ့ 'ကြွေးဟောင်းကိုလည်း ပေးဆပ်နေရပါတယ်။ ကြွေးသစ်များလည်း ချနေရပါတယ်' ဆိုတဲ့ စကားကို တိုက်ရိုက်အဓိပ္ပာယ်ယူမိရာက ဖြစ်လာတဲ့ သံသယလို့ ထင်ပါတယ်။ ဒီစကားဟာ ပေးသူဘက်က သတ်မှတ်ထားတဲ့ သတ်မှတ်ချက် မဟုတ်ပါဘူး။ ရယူထားသူက ကျေးဇူးတွေကို သိတတ်ပြီး ပြန်လည်ကျေးဇူးတုံ့ပြန်လိုတဲ့ စေတနာနဲ့ ခံယူသတ်မှတ်ထားတဲ့ သတ်မှတ်ချက် ဥပစာစကားသာ ဖြစ်ပါတယ်။

အနန္တ ငါးပါးတို့ရဲ့ ကျေးဇူးတရားများဟာ ကျေးဇူးပြုပေးသူများဘက်က ဘယ်လိုမှ တန်ဖိုးဖြတ် ကန့်သတ်ထားခြင်းမရှိတဲ့အတွက် ဘယ်ရွေ့ဘယ်မျှ ပေးဆပ်မှ ကျေးဇူးတွေကျေတယ်လို့ မရှိပါဘူး။ 'ပေးဆပ်လို့မကုန်နိုင်အောင် ကျေးဇူးတွေများပြားတယ်' လို့ သိရှိခံယူထားတဲ့စိတ် ရှိနေတယ်ဆိုရင်ပဲ ကိုယ့်အတွက် အလွန်ကျေးဇူးများပါတယ်။

ဒီနေရာမှာ တိုက်ရိုက်မဟုတ်ပေမယ့် သွယ်ဝိုက်ပြီး အတုယူစရာ ဥပမာတစ်ခုကို ပြောပြချင်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမသာသနာတော်ဟာ အလွန်နက်နဲ ကျယ်ဝန်းပါတယ်။ ဘယ်လောက်ပဲ နက်နဲကျယ်ဝန်းပေမယ့် သတ္တဝါဝေနေယျတို့အနေနဲ့ မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ပါရမီဓာတ်ခံစွမ်းရှိသလောက် သာသနာတော်ရဲ့ ကျေးဇူးတွေကို ခံစားခွင့်ရှိတယ်။ သာသနာတော်မှာ သက်ဝင်ကြည်ညို

လိုက်နာခွင့်လည်း ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘုရားရှင်က ‘နက်နဲ ကျယ်ဝန်းတဲ့ သာသနာတော်ဟာ အံ့ဖွယ်ရှစ်ပါးနဲ့ပြည့်စုံတဲ့ သမုဒ္ဒရာနဲ့ တူတယ်’လို့ ဥပမာပေးတော်မူပါတယ်။

သမုဒ္ဒရာကြီးဟာ တိုင်းထောက်လို့ မရနိုင်လောက်အောင် လည်း နက်တယ်။ ကမ်းကို မမြင်နိုင်လောက်အောင်လည်း ကျယ်ဂန်း တယ်ဆိုပေမယ့် တွင်းကြီး၊ ချောက်ကြီးလို နက်တာမျိုး မဟုတ်ဘူး။ ကမ်းစပ်က စပြီး ခြေမျက်စိလောက်၊ ဒူးလောက် စသည်ကနေ အစဉ် အတိုင်းသာ နက်နက်ပြီး ကျယ်ဝန်းသွားတာပါ။ ဒါကြောင့် သမုဒ္ဒရာ ရေဟာ မိမိတို့စွမ်းနိုင်သလောက် ဘယ်သူမဆို ဆင်းကြည့်ခွင့် ချိုးခွင့် ရှိပါတယ်။

အဲဒီအတိုင်းပဲ မြတ်စွာဘုရားရှင်ရဲ့အဆုံးအမ သာသနာတော် ဟာလည်း မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ပဋ္ဌာန်းဒေသနာတော် အပါအဝင် အလွန် နက်နဲကျယ်ဝန်းလှပေမယ့် ချောက်ကြီး၊ တွင်းကြီးလို မဟုတ်ဘဲ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ မဂ်ဖိုလ်နိဗ္ဗာန် ဆိုပြီး အစဉ်အတိုင်း နက်နက်သွားတာဖြစ်လို့ သတ္တဝါတိုင်းနဲ့ မတန်မရာရယ်လို့ လုံးဝ မရှိဘူး။ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်လက်ခံတဲ့ သဒ္ဓါတရားရှိသူ မှန်သမျှ မိမိစွမ်းနိုင်သမျှ ဒါနမှု၊ သီလမှု၊ သမထ၊ ဝိပဿနာမှုများနဲ့ သာသနာတွင်းသို့ သက်ဝင်ခွင့်ရှိတယ်။ နိဗ္ဗာန်ကို မုချ မျက်မှောက် ပြုနိုင်မှု၊ မျက်မှောက်ပြုနိုင်ကြောင်း ပါရမီအထောက်အပံ့ကောင်းရမှု၊ လောကီကောင်းကျိုး ချမ်းသာရရှိမှု စတဲ့ သာသနာတော်ရဲ့အကျိုး များကို ခံစားနိုင်ခွင့်ရှိတယ် ဆိုပြီး အံ့ဖွယ်ရှစ်ဖြာတို့ကို အကျယ်တဝင့် ရှင်းပြခဲ့ပါတယ်။

ဘုရားရှင်က ဓမ္မရတနာကို ပဓာနပြုပြီး ရတနာသုံးပါးဆိုတဲ့ အနန္တသုံးမျိုးအတွက် ဒီဥပမာကို ပေးခဲ့တာ ဖြစ်ပေမယ့် မိဘဆရာ

သမားတို့ရဲ့ အနန္တကျေးဇူးဂုဏ်များဟာလည်း တစ်စိတ်တစ်ဒေသအားဖြင့် သမုဒ္ဒရာနဲ့ တူညီတာ ရှိပါတယ်။ ကျေးဇူးတုံ့ ပူဇော်ရာမှာ မိမိတို့ဉာဏ်မီသမျှ အာရုံပြု ပူဇော်နိုင်ခွင့်ရှိတာကလည်း အစဉ်အတိုင်း တစ်စတစ်စနက်တဲ့ သမုဒ္ဒရာနဲ့ တူပါတယ်။ သမုဒ္ဒရာဟာ ကျရောက်လာတဲ့ အမှိုက်သရိုက် အကောင်ပုပ် စသည်ကို အတွင်းမှာ တည်နေခွင့်မပေးဘဲ ကမ်းဘက်ရောက်အောင် လှိုင်းတံပိုးနဲ့ ရိုက်ပုတ်ဖယ်ရှားပစ်တတ်သလို မိဘဆရာသမားတို့ရဲ့ မေတ္တာတရားကလည်း သားသမီးတပည့်တို့ရဲ့အပြစ်နဲ့ ချို့ယွင်းချက်တို့ကို ခွင့်လွှတ်ဖယ်ရှားပေးနိုင်စွမ်းရှိပါတယ်။ ဂင်္ဂါ၊ ယမုံနာ စတဲ့ စီးဝင်လာရာ မြစ်ကြီး၊ မြစ်ငယ်တို့ရဲ့ အမည်နဲ့ ခွဲခြားခြင်း မရှိဘဲ 'သမုဒ္ဒရာရေ' ဆိုတဲ့ တစ်မည်တည်းဖြစ်စေသလို တပည့်သားမြေးအားလုံးကို တညီတည်း မေတ္တာထားတတ်တာ၊ သမုဒ္ဒရာမှာ 'ဆားငန် ရေ' ဆိုတဲ့ အရသာတစ်မျိုးသာရှိသလို ဆရာမိဘတို့မှာလည်း ချစ်ခင်ခြင်း၊ ခွင့်လွှတ်အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း ဆိုတဲ့ ရသတစ်မျိုးကိုသာ ပေးနိုင်စွမ်းတာတို့ဟာလည်း ဆရာမိဘတို့ရဲ့ စေတနာ မေတ္တာနဲ့ သမုဒ္ဒရာတို့ရဲ့ တူညီချက်များ ဖြစ်ပါတယ်။

သမုဒ္ဒရာဟာ တစ်စချင်း တစ်စချင်း စွမ်းနိုင်သမျှ အားလုံးကို သက်ဆင်းခွင့်၊ သုံးချိုးခွင့်ရှိသလို အနန္တငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးဟာလည်း လိမ္မာသလောက်၊ သိတတ်သလောက် ဘယ်သူမဆို ခံယူခွင့်၊ ပေးဆပ်ခွင့် ရှိပါတယ်။ ပေးဆပ်နိုင်ပါတယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။ ကိုယ်က 'ဒီလောက်ဆိုရင် ကျေလောက်ပြီ၊ နောက်ထပ်ပေးဆပ်စရာ မလိုတော့ဘူး' လို့ တန်ဖိုးဖြတ်မပစ်မိဖို့သာ လိုပါတယ်။ ပေးဆပ်ရာမှာတော့ ဘယ်လောက်ပေးဆပ်မှ ကျေတယ်၊ ဘယ်လောက်ဆိုရင်တော့ ကြွေးကျန်နေသေးတယ်လို့ ပြောစရာ မူလကတည်းက

သတ်မှတ်မထားတာမို့ အနန္တကျေးဇူးဂုဏ်တို့အပေါ်မှာ သိမှုအနန္တ ရှိနေဖို့သာ လိုရင်း ဖြစ်ပါတယ်။

တကယ်လို့ မိဘများဟာ အရှင်သာရိပုတ္တရာရဲ့ မိခင်ကြီးလို ယုံကြည်မှု လွဲမှားနေသူများ ဖြစ်နေရင်တော့ မှန်ကန်တဲ့ ယုံကြည်ကိုးစားမှု (သဒ္ဓါတရားအစစ်အမှန်) ဖြစ်ပေါ်လာအောင် ဟောပေးပြောပေးရင် ကျေးဇူးကို ကျေပွန်အောင် ပေးဆပ်ရာရောက်တယ်။ အလားတူပဲ သီလ၊ သုတ၊ စာဂ၊ ပညာတို့ မှန်ကန်လာအောင် လုပ်ပေးတာဟာလည်း အကျေပွန်ဆုံး ကျေးဇူးဆပ်ရာရောက်တယ်လို့ ကျမ်းဂန်များမှာ ဆိုပါတယ်။

ပင်ကိုအားဖြင့် စစ်မှန်တဲ့ သဒ္ဓါသီလ စသည်နဲ့ ပြည့်စုံပြီးဖြစ်တဲ့ မိဘဆရာသမားတို့အပေါ်မှာတော့ ကျေးဇူးသိတတ်တဲ့ စိတ်ထားကလေး အမြဲရှိနေတယ်ဆိုရင်ပဲ မိမိတို့အတွက် အလွန် အကျိုးကြီးမားပါတယ်။ ဒါကြောင့်လည်း ဘုရားရှင်က…

**'စိတ္တုပ္ပါဒမတ္တမ္ပိ ကုသလေသု ဓမ္မေသု ဗဟု ပကာရံ ဝဒါမိ = ကုသိုလ်တရားတို့အပေါ်မှာ စိတ်ထားလေး ဖြစ်ပေါ်ကာမျှကိုပင် အကျိုးကြီးမားတယ်လို့ ငါဘုရား ဟောတော်မူတယ်'** လို့ မိန့်ကြားတော်မူတာပါ။

ဟုတ်ပါတယ်။ ကျေးဇူးသိတတ်တာဟာလည်း ကုသိုလ်တရားပဲဖြစ်လို့ ကျေးဇူးကိုသိတဲ့ စိတ်ကလေး ထားလိုက်တာကိုက မိမိအတွက် အလွန် အကျိုးကြီးမားပါတယ်။

တစ်ခါက သားတစ်ယောက်ဟာ မိခင်က အန္တရာယ်ရှိတာကို ကြိုမြင်တဲ့အတွက် တောထဲကို မသွားဖို့ တားမြစ်ပေမယ့် သားက နားမထောင်ဘူး။ ဇွတ်အတင်းသွားမယ်ပဲ လုပ်နေတယ်။

အဲဒီဒေသမှာ ကျွဲသတ္တဝါတွေ အလွန်ပေါများပုံ ရပါတယ်။

ကျွဲတွေဟာ အိမ်မွေးတိရစ္ဆာန်တွေပင် ဖြစ်ဦးတော့ သားငယ် မွေးဖွား ပြီးစအခါမျိုးမှာဆိုရင် အနားကပ်လာတဲ့ ဘယ်သတ္တဝါကို မဆို သားကို အန္တရာယ်ပြုမှာစိုးတဲ့ဇောနဲ့ ရန်မူတတ်ပါတယ်။

အခုလည်း မိခင်ကြီးက သူ့သားကို တားလို့မရတဲ့အခါ 'အေး... ဒီလောက်တောင် ပြောလို့မရတဲ့သား တောထဲရောက်ရင် မွေးသမ (သားဖွားပြီးစ) ကျွဲရိုင်းမကြီး ခတ်လိုက်စမ်းပါတော်' လို့ ပြောလိုက်ပါတယ်။ အမှန်တော့ ကျိန်ဆဲတာ မဟုတ်ပါဘူး။ သားကို မသွားစေလိုတဲ့ စေတနာနဲ့ ခြောက်လှန့်လိုက်တာပါ။ သားက ဇွတ် အတင်းပဲသွားတယ်။ တောထဲရောက်တော့ အမေထင်တဲ့အတိုင်းပဲ မွေးသမဖြစ်တဲ့ ကျွဲရိုင်းမကြီးနဲ့ ပက်ပင်းပါ ရင်ဆိုင်တိုးမိတော့တာ ပါပဲ။

ကျွဲရိုင်းမကြီးက သူ့ကို မြင်လိုက်တာနဲ့ အန္တရာယ်ပြုဖို့ စတင် လှုပ်ရှားလိုက်တဲ့အချိန်မှာတော့ ပြေးလို့ လွတ်နိုင်စရာ အခွင့်အလမ်း မရှိတော့ဘူး။ အဲဒီတော့မှ မိခင်ရဲ့မေတ္တာကို သတိရပြီး 'ငါ့မိခင်ရဲ့ ပါးစပ်ကပြောတဲ့အတိုင်း မဖြစ်ဘဲ စိတ်ထဲမှာ အမှန်တကယ်ရှိတဲ့ အတိုင်းသာ ဖြစ်ပါစေသား' ဆိုပြီး မိခင်ရဲ့မေတ္တာကို အောက်မေ့ ရင်း အဓိဋ္ဌာန်ပြုလိုက်တဲ့အခါ ကျွဲရိုင်းမကြီးက ဘာအန္တရာယ်မှ မပြုတော့ဘဲ တောထဲကို ဝင်သွားပါတော့သတဲ့။

ဒီဖြစ်ရပ်နဲ့ ပတ်သက်လို့ အဋ္ဌကထာဆရာတော်ကတော့ မိခင်တို့ ဆိုတာ နှုတ်က ဝသီပါနေလို့ ဘယ်လိုပဲ ကြမ်းတမ်းတဲ့ စကားလုံးတွေ သုံးနေနေ သားသမီးနဲ့ပတ်သက်ရင် စေတနာကြမ်း (ဖရုသစေတနာ) မပါတဲ့အတွက် ဖရုသဝါစာ ဝစီဒုစရိုက် မဖြစ်ဘူး။ ဒါကို သဘောပေါက်ပြီး အဓိဋ္ဌာန်ပြုလိုက်လို့ ခုလို အန္တရာယ်က လွတ်ကင်းတယ်လို့ မိန့်ဆိုပါတယ်။

အနန္တငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးနဲ့ ပတ်သက်ရင် လိမ္မာသူများဟာ လိမ္မာသလောက် သိနိုင်ကြပြီး သိတတ်ကြသလောက် အတိုင်းမရှိတဲ့ ကျေးဇူးတရားတွေကို ရရှိနိုင်တာချည်းပါပဲ။ မှန်းဆလို့ မရနိုင်လောက်အောင် ကြီးမားတာကို 'မှန်းဆလို့ မရနိုင်လောက်အောင် ကြီးမားပါပေတယ်' လို့ တွေးပြီး ဝမ်းမြောက်ကြည်ညိုတဲ့ စိတ်ကလေး ဖြစ်နေရင်ကို အတိုင်းမသိ ကောင်းကျိုးချမ်းသာကို ရစေနိုင်ပါတယ်။

'မဟာဂတိဂမိယ တိဿဒတ္တ' ဘွဲ့အမည်တော်ရှိတဲ့ မထေရ်မြတ်ဟာ မဟာဗောဓိပင်ကို ဖူးမြော်ဖို့အတွက် သီဟိုဠ်ကျွန်းကနေ ဇမ္ဗူဒိပ်ခေါ်တဲ့ မဇ္ဈိမဒေသကို ပင်လယ်ခရီးနဲ့ သင်္ဘောစီးပြီး ကြွတော်မူပါတယ်။ ခရီး အတော်ပေါက်ရောက်ပြီးတဲ့အခါ ရေပြင်အဆုံးကို မှန်းမျှော်ကြည့်တော့ ဝဲယာရှေ့နောက်မှာ ရေပြင်ရေလှိုင်းများက လွှဲလို့ မြေပြင်ကမ်းစပ် အနားသတ်ရယ်လို့ ဘာမှ မတွေ့ရတော့ဘဲ မျှော်တိုင်းဝေး ဖြစ်နေတော့တယ်။

ဒီလိုမျှော်ငေးတွေးရင်းကပဲ 'ဒီပင်လယ်သမုဒ္ဒရာကြီးနဲ့ မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးတို့ဟာ ဘယ်သင်းက ပိုပြီး နက်ရှိုင်းကျယ်ဝန်းသလဲ' လို့ နှိုင်းယှဉ်ပြီး စဉ်းစားမိပြန်တယ်။ အဲဒီလို စဉ်းစားနေစဉ်မှာပဲ သင်္ဘောဆိုက်ကပ်မယ့် ဆိပ်ကမ်းကို လှမ်းမြင်ရပါတော့တယ်။

ဒီတော့မှ မထေရ်မြတ်က 'ပင်လယ်ကြီးဟာ ဘယ်လောက်ပဲ နက်တယ်ဆိုဆို အောက်ခြေမှာလည်း မြေပြင်နဲ့ ပိုင်းခြားထားတယ်။ ရှေ့မှာ ဆိပ်ကမ်းမြေပြင် ဆိုတဲ့ အပိုင်းအခြားရှိသလို တခြားဘက်တွေမှာလည်း စက္ကဝါတောင်တန်းဆိုတဲ့ နှုတ်ခမ်းသတ်တော့ ရှိနေတာပဲ။ မြတ်စွာဘုရားရှင်ရဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကတော့ သမ္မာသမ္ဗုဒ္ဓ

ဘုရားရှင်တို့ရဲ့ သဗ္ဗညုတဉာဏ်တော်ကို အစွမ်းကုန် ဖြန့်ကျက် ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီးဖြစ်လို့ ထက်၊ အောက်၊ ဝဲ၊ ယာ ဘယ်မှာမှ အဆုံး အကန့်အသတ်ကို မသိနိုင်လောက်အောင် နက်နဲကျယ် ပြောလှပါပေတယ်လို့ တွေးတော အာရုံပြု ကြည်ညိုရင်း ဖြစ်ပေါ်လာတဲ့ ပီတိ သောမနဿတို့ကို သတိထားသုံးသပ်မိတဲ့အခါ တစ်ခဏမစဲ ဖောက်ပြန် ပြောင်းလဲနေတဲ့ အနိစ္စသဘော၊ ဖြစ်မှု၊ ပျက်မှု ဘေးနဲ့မကင်းတဲ့ ဒုက္ခသဘော၊ ကိုယ့်အလိုကျ တည်တဲ့ ဖြစ်ပေါ် မနေတဲ့ အနတ္တသဘောတို့ကို ထိုးထွင်းသိမြင်တဲ့ ဝိပဿနာကုသိုလ် တွေ ရင့်ကျက်ပြီး မဂ်ဉာဏ်အဆင့်အဆင့်နဲ့ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်ရှိသွားလို့ နိဗ္ဗာန်ဆိုတဲ့ အတိုင်းမသိ ကောင်းကျိုး ချမ်းသာအထိ ရရှိသွားခဲ့ပါတယ်။

သမုဒ္ဒရာဟာ ဘယ်လောက်ပဲ နက်တယ်ဆိုဆို အစဉ်အတိုင်း နက်သွားခြင်းသာဖြစ်လို့ ဘယ်သူမဆို ကိုယ်စွမ်းနိုင်သလောက် သက်ဆင်းချိုးသုံးခွင့်ရှိပြီး ချိုးသုံးနိုင်သလောက် အညစ်အကြေး ကင်းစင် အေးမြစေသလို အနန္တဂုဏ် ကျေးဇူးများဟာလည်း ဘယ် လောက်ကြီးမား များပြားတယ်ဆိုဆို ကိုယ်သိနိုင်စွမ်း ရှိသလောက် အောက်မေ့သိရှိပြီး စွမ်းနိုင်သလောက် ပေးဆပ်နေရင် ပေးဆပ်နေသမျှ ကိုယ့်အတွက် ကောင်းကျိုးအဖြာဖြာကို အတိုင်းမရှိ ရရှိနိုင်ကြပါတယ်။

မမိုတ်မသုန် ယုံကြည်သိမှတ် ပေးဆပ်ခံယူနိုင်ကြပါစေသော်။

□

# အဆိပ်မိုးနဲ့ပျိုးတဲ့ သစ်ပင်

အမိဝမ်းမှာ သန္ဓေတည်စပဲ ရှိသေးတဲ့ ကလေးငယ်ကို
'ရန်သူ' လို့ ကြိုတင်စွပ်စွဲလောက်အောင်အထိ
ဆင်ခြင်တုံတရားနည်းပါးလှတဲ့ ဟူးရားများနဲ့
အရမ်းယုံ အကန်းယုံသူတို့ရဲ့ပါးစပ်ဖျားမှာ
ကံကြမ္မာတန်ရာနဲ့ လွဲခဲ့ရပါတော့တယ်။

'နှုတ်ကြောင့် သေ၊ လက်ကြောင့် ကျေ' ဆိုတဲ့ မြန်မာဆိုရိုး စကားထဲမှာ 'နှုတ်ကြောင့် သေ'ဆိုတာ ဘယ်သူသေတာကို ပြောတာလဲ၊ နှုတ်ပိုင်ရှင်ပဲ သေတာလား၊ နှုတ်နဲ့ အပြောခံရသူပဲ သေတာလား ဆိုတာ သိပ်မသဲကွဲလှဘူး။ 'ဖားသံကြောင့် ဖားသေ'တို့၊ 'မုန်းစေလို ခံတွင်းလက်လေးသစ်'တို့ ဆိုတဲ့ စကားတွေကို ထောက်ဆလိုက်ရင်တော့ ပြောတဲ့နှုတ်ပိုင်ရှင် သေတတ်တာကို ပြောတယ်လို့ ယူဆရတော့မလိုပဲ။

ကမ္ဘာ့ဖြစ်ရပ်တွေထဲမှာ ဟစ်တလာလို အာဏာရှင် တခေါက်ကန်းတစ်ယောက်ရဲ့နှုတ်ကြောင့် အပြစ်မဲ့တဲ့ ဂျူးလူမျိုးတွေ သန်းနဲ့

ချိပြီး အသက်ဆုံးရှုံးကြရတာကို ကြည့်လိုက်မယ်ဆိုရင်တော့ နှုတ်သရမ်းသူတို့ဒဏ်ကြောင့် မဆီမဆိုင် အပြစ်မဲ့သူတွေ သေကြရတာကို ရည်ညွှန်းတယ်လို့လည်း ယူဆလို့ ရပြန်တယ်။

ဒီလို နှုတ်သရမ်းသူတို့ရဲ့ဒဏ်ကြောင့် 'အသက်' သေရတာထက် ပိုပြီး နစ်နာချက်ဆိုးတဲ့ 'ဘဝ' သေရတဲ့အဖြစ်မျိုးတွေ၊ အမျိုးအနွယ်ပါ အမြစ်ဖြုတ်ခံရတဲ့ အဖြစ်မျိုးတွေ၊ လောကသမိုင်းထဲမှာကော ဇာတ်နိပါတ်တော်နဲ့ ပိဋကတ်တော်ထဲမှာပါ အများအပြားရှိပါတယ်။ ဒီအဖြစ်မျိုး ကြုံရတာနဲ့ ပတ်သက်လို့ ပိဋကတ်တော်မှာ အထင်ရှားဆုံး မှတ်တမ်း တင်ခြင်းခံရသူကတော့ အဇာတသတ်မင်းပဲ ဖြစ်ပါတယ်။

'အဇာတသတ်' လို့ ပြောလိုက်ရင် 'ဖခင်ကိုသတ်တဲ့မင်း' လို့ သိကြသူများပေမယ့် တကယ်တော့ အဇာတသတ်ဟာ 'သတ်သူ မဟုတ်ဘူး။ နှုတ်လုံပေါင်းများစွာ၊ အမုန်းမျက်စောင်းများစွာတို့နဲ့ ထိုးသတ်ခြင်းခံရသူသာ ဖြစ်တယ်ဆိုတဲ့ သူ့အကြောင်းကို ခြေခြေမြစ်မြစ် ထဲထဲဝင်ဝင် သိသူများသာ နားလည်သိရှိနိုင်ကြမှာပါ။ အဇာတသတ်ဆိုတဲ့ နာမည်တစ်ခုနဲ့ ကင်ပွန်းတပ်ကြပုံလေးကို သိရင်လည်း သဘောပေါက်နိုင်ကြပါတယ်။ အစကနေ နည်းနည်း ပြန်ပြောပါရစေ။

မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီးရဲ့ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဝေဒေဟီရဲ့ဝမ်းမှာ သန္ဓေသားတည်လာတဲ့ အခါ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဖြစ်တတ်တဲ့ ခေ့ဒွတာအတိုင်း အာသာပြင်းတဲ့ ချင်ခြင်းတစ်ခုဖြစ်ပါသတဲ့။ သူ့ရဲ့ချင်ခြင်းဟာ အလွန်ဝန်လေးလှတဲ့အတွက် ဘယ်သူ့ကိုမှ နှုတ်မြွက်ပြောဆိုခြင်း မပြုဘဲ အောင့်အည်းထားရတဲ့အခါ အာသာမပြေတဲ့အတွက် အသားအရေ ကြုံလှီညှိုးနွမ်းပြီး မအီမသာခံစားနေရတယ်လို့ ဆိုပါတယ်။

ဒီအဖြစ်ကို မြင်လို့ ဗိမ္ဗိသာရမင်းကြီးက မေးမြန်းတဲ့အခါမှာ 'အလွန်ဝန်လေးတဲ့ ချင်ခြင်းတစ်ခုမို့ မပြောပါရစေနဲ့' လို့ ငြင်းနေလို့ ဘုရင်က အတင်းအကျပ်မေးတော့မှ 'ရှင်ဘုရင်ကြီးရဲ့ လက်ယာလက်ရုံးသွေးကို သောက်လိုက်တဲ့ ချင်ခြင်း ဖြစ်နေလို့ပါ' လို့ လျှောက်ထားတော့ 'မိုက်လိုက်တဲ့မိဖုရားနှယ်… ဒါလေးများ ဝန်လေးစရာအလုပ်လား' လို့ မြည်တွန်တောက်တီးပြီးတော့မှ နန်းတွင်းသမားတော်ကြီးကို အခေါ်ခိုင်းတယ်။ လက်ယာလက်ရုံးတော်ကို ရွှေဓားငယ်နဲ့ ဖောက်ပြီးတဲ့အခါ ရေနဲ့ရောစပ်ပြီး မိဖုရားကြီးကို တိုက်ပေးလိုက်တော့မှ အသားအရေက နဂိုနေအတိုင်း စိုပြည်လန်းဆန်းသွားပါသတဲ့။

ဒီသတင်းကို ကြားရတဲ့အခါ နိမိတ်ဖတ်တဲ့ ပုဏ္ဏားဆရာများက 'မိဖုရားကြီးရဲ့ဝမ်းမှာ စွဲတည်နေတဲ့ သန္ဓေသားဟာ မင်းတရားကြီးရဲ့ ရန်သူစစ်စစ် ဖြစ်လိမ့်မယ်။ မင်းတရားကြီးကို သတ်လိမ့်မယ်' လို့ နိမိတ်ဖတ်လိုက်ကြပါသတဲ့။

ပုဏ္ဏားတို့ရဲ့ နိမိတ်ဖတ်စကားကို မိဖုရားကြီးကြားတဲ့အခါ အလွန်အမင်းစိုးရိမ်သွားတယ်။ ဒါနဲ့ 'ဆူးဖြစ်မယ့်သစ်ပင် မကြီးခင်နုတ်ပစ်တာ အကောင်းဆုံး' ဆိုတဲ့သဘောနဲ့ ဘေးမဲ့တောဥယျာဉ်ကြီးထဲကို သွားပြီး ဝမ်းဗိုက်ကို နှိပ်နင်းဖျက်တယ်။ တစ်ခါနှိပ်ပေမယ့်ကိုယ်ဝန်သားက ဒီအတိုင်းပဲ။ မိဖုရားကြီး ခုလို ပြုလုပ်ခဲ့တဲ့အတွက်ကြောင့် အရင်က 'မိဂဒါယ-ဘေးမဲ့တော' လို့ အမည်ရခဲ့တဲ့ ဥယျာဉ်ကြီးဟာ မူလအမည်နဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ပြီး အဆီအငေါ်မတည့်တဲ့ဂုဏ်ပုဒ်တစ်ခု ထပ်တိုးသွားတယ်။ 'မဒ္ဒကုစ္ဆိမိဂဒါယ- ဗိုက်နှိပ်ဖျက်ရာ ဘေးမဲ့တော' တဲ့။

ဥယျာဉ်ထဲကို အကြိမ်ကြိမ်သွားတဲ့ မိဖုရားကြီး ခြေလှမ်းပျက်နေတာကို အကဲခတ်မိတဲ့ ဗိမ္ဗိသာရမင်းကြီးက အကျိုးအကြောင်း

စုံစမ်းတဲ့အခါ ဒီအကြောင်းကိုလည်း သိရော 'သားမှန်း သမီးမှန်း တောင်မသိရသေးတဲ့ ဝမ်းဗိုက်ထဲက ကလေးကို ဒီလိုပြုမူတာ တိုင်းတစ်ပါးက ကြားလို့မှ မတော်ဘူး' ဆိုပြီး အမိန့်နဲ့လည်း တားမြစ်၊ အစောင့်အရှောက်လည်း အမြဲချထားလိုက်တော့ မိဖုရားကြီးလည်း 'ဖွားမြင်လာမှ ကိစ္စတုံး စီစဉ်မယ်' လို့ တွေးပြီး နေလိုက်တော့သတဲ့။

ရာဇဂြိုဟ်တစ်မြို့လုံးမှာတော့ ဒီသတင်းက ဟိုးလေးတကျော် ဖြစ်သွားပြီ။ ဒါနဲ့ပဲ အမိဝမ်းထဲမှာ လပိုင်းလောက်သာ ရှိသေးလို့ လူရုပ်ပေါ်လောက်အောင်တောင် အင်္ဂါမစုံလှသေးတဲ့ အရွယ်မှာပဲ နှုတ်ဆော့တဲ့ ဟူးရားပညာရှင်များနဲ့ အကန်းယုံ အရမ်းယုံ ဆင်ခြင်တုံ ကင်းမဲ့တဲ့ လူအများရဲ့ပါးစပ်ဖျားက ဒီကလေးကို 'အဇာတ သတ္တု– မမွေးခင်ကတည်းက အဖကိုသတ်မယ့် ရန်သူ' ဆိုတဲ့ အမည်ဆိုးနဲ့ ကင်ပွန်းတပ်ခြင်းကို ခံလိုက်ရပါတော့တယ်။

ဖွားမြင်တဲ့အခါမှာလည်း မင်းချင်းအစောင့်များက မိဖုရားကြီးနဲ့ လွတ်ရာကို ဆောင်ယူစောင့်ရှောက်စေပြီး အတော်ကြီးပြင်းလာတော့မှ မိဖုရားကြီးကို ပြကြတဲ့အခါမှာတော့ 'သား' ဆိုတဲ့ ချစ်ခြင်းက လွှမ်းမိုး သွားတဲ့အတွက် သတ်လိုတဲ့စိတ် လုံးဝ မဖြစ်တော့ပါဘူး။ မိဖုရားခေါင် ကြီးရဲ့သားဦးဆိုတာ ထီးမွေနန်းလျာပဲဖြစ်လို့ အမျိုး အနွယ်အတွက် အရေးပါတဲ့သားလည်း ဖြစ်နေတာကိုး။ ဒါဟာ အဇာတသတ်ရဲ့ ပဋိသန္ဓေတည်ချိန်က စလို့ ငယ်စဉ်ဘဝ ဖြတ်သန်း ခဲ့ရတဲ့ ခရီးကြမ်း အကျဉ်းချုပ်ပါပဲ။

ဆင်ခြင်တုံတရားကင်းမဲ့တဲ့ ဝန်းကျင်မှာ အစဉ်အလာစွဲများ ဟာ အမြဲတစေခြောက်လှန့်နေတာ ဓမ္မတာပါပဲ။ ဆင်ခြင်တုံတရား လစ်လပ်နယ်မြေဟာ အစဉ်အလာစွဲနဲ့ အယူသီးမှုတို့အတွက် နေရာ ကောင်းတစ်ခု ဖြစ်တဲ့အတိုင်း မဂဓတိုင်းနဲ့ ရာဇဂြိုဟ်မြို့တစ်ခွင်မှာ

အဇာတသတ်ဆိုတဲ့ တစ္ဆေက အမြဲခြောက်လှန့်နေတာကြောင့် မင်းသားငယ်ကို ထိန်းသိမ်းပြုစုကြတဲ့ နို့ထိန်းအလုပ်အကျွေးများက အစ ဗိမ္ဗိသာရမင်းကြီးရဲ့အမိန့်ကို မလွန်ဆန်ဝံ့လို့သာ စောင့်ရှောက် ထိန်းကျောင်းပြုစုနေရပေမယ့် 'အဖကိုသတ်မယ့် ကလေး' ဆိုတဲ့ အသိများနဲ့ သံသယမျက်နှာထားတွေက အထင်းသားပေါ်လွင် သိသာနေပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ အဇာတသတ်မင်းသားကို တန်ဖိုးထား ချစ်ခင်သူဆိုလို့ ခမည်းတော် ဗိမ္ဗိသာရမင်းတရားကြီးတစ်ဦးလောက်သာ ရှိတယ်လို့ ဆိုရမယ့် အနေအထားပါ။ အဇာတသတ်မင်းသား သိကြား နားလည်နိုင်တဲ့အရွယ် ရောက်လာတဲ့အခါမှာတော့ ဒါတွေကို သိလာပါပြီ။ ခမည်းတော်ကြီးက သူ့အပေါ် ဆက်ဆံပြောဆိုတဲ့ စကားလေသံတို့၊ မျက်နှာထားတို့နဲ့ တခြားသူတွေက သူ့အပေါ် ဆက်ဆံတဲ့လေသံ မျက်နှာထားတို့ကိုလည်း ခွဲခြားနားလည်တတ်သွားပြီ။ ဒီအချိန်ကတည်းက အဇာတသတ်မင်းသားဟာ ပတ်ဝန်းကျင်နဲ့ ခပ်ကင်းကင်း ခပ်တန်းတန်းပဲ ဆက်ဆံတဲ့အခြေအနေရောက်လာလို့ အထီးကျန်ဆန်တဲ့ အနေအထားပါပဲ။

သံသယကို သံသယနဲ့ တုံ့ပြန်တတ်တာဟာ ပုထုဇဉ်တို့ရဲ့ ဓမ္မတာတစ်ခုလို ဖြစ်တဲ့အတိုင်း အဇာတသတ်ကလည်း ပတ်ဝန်းကျင်အပေါ်မှာ အမြဲသံသယဝင်နေပါပြီ။ ဒါကြောင့်လည်း သူ့ကို အန္တရာယ်ပြုလာရင် ကာကွယ်စရာအဖြစ် ဓားမြှောင်ငယ်တစ်ခုကို ကိုယ်နဲ့မကွာ အမြဲဆောင်ထားတတ်တဲ့ အကျင့်လည်း ရှိနေပြီ။ 'ခမည်းတော်ကြီးထံ ထီးနန်းစည်းစိမ်တောင်းခံဖို့ သွားစဉ်က နေ့ခင်းကြောင်တောင်မှာ ဓားမြှောင်နဲ့အတူ မင်းသားငယ်ကို တွေ့လို့ အမတ်တွေက ဖမ်းချုပ်ပြီး နောက်ဆုံး ဘုရင်ကြီးထံ ခေါ်သွားတယ်' ဆိုတဲ့

အကြောင်းကို စာထဲမှာ ဖတ်ရစဉ်က 'ခမည်းတော်ကို လုပ်ကြံသတ်ဖြတ်ဖို့' လို့ ထင်လိုက်မိပေမယ့် ထီးနန်းစည်းစိမ်ကို ရပြီးချိန်မှာ ရှင်ဒေဝဒတ်က ခမည်းတော်ကို အပြတ်ရှင်းဖို့ တိုက်တွန်းတဲ့အခါမှာတော့ 'မဟာဆီ မဟာသွေးတို့ရဲ့အသက်ဟာ ဓားလက်နက်နဲ့ မဆုံးရှုံးသင့်ပါဘူး' လို့ အဇာတသတ်မင်းက ပြောဆိုငြင်းဆန်တာကို ကြည့်လိုက်ရင် အဇာတသတ်မင်းသားကိုင်ဆောင်တဲ့ ဓားလက်နက်ဟာ ခမည်းတော်ကိုလုပ်ကြံဖို့ မဟုတ်ဘဲ သူ့ကို အန္တရာယ်ပြုမယ့်သူများကို ကာကွယ်ဟန့်တားဖို့သာ ဖြစ်တယ်ဆိုတာ သိသာပါတယ်။

**ဖခင်တစ်ဦးရဲ့တာဝန်**

အဇာတသတ်မင်းသား လူလားမြောက်တဲ့အချိန်မှာ ကောသလတိုင်း သာဝတ္ထိဝန်းကျင်နဲ့ မာဂဓတိုင်း ရာဇဂြိုဟ်ဝန်းကျင်မှာ 'ဘုရားသွားကျောင်းတက်' ဆိုတဲ့ ယဉ်ကျေးမှု အတော်ကြီးကို ထွန်းကားနေပြီ။ နံနက်မှာ ဆွမ်းခဲဖွယ်ဘောဇဉ်ပို့ဖို့၊ ညနေမှာ ပန်းဆီမီးလှူဖို့နဲ့ တရားနာဖို့အတွက် လူကြီးလူငယ်မရွေး လူယဉ်ကျေးတိုင်းနဲ့ လူရာဝင်လိုသူတိုင်း ဘုရားကျောင်းတော်တို့၊ သံဃာတော်များ သီတင်းသုံးရာ ကျောင်းတော်တို့ကို သွားရောက်ကြပါတယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ဓလေ့ထုံးတမ်း ယဉ်ကျေးမှုထဲမှာ 'သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ' မရသေးသူဟာ လူ့အသိုက်အဝန်းမှာ လူရာဝင်တယ်လို့ အသိအမှတ်ပြုခြင်း မခံရသလိုဘဲ၊ မြတ်ဗုဒ္ဓလက်ထက် ရာဇဂြိုဟ်သာဝတ္ထိဝန်းကျင်မှာလည်း ဘုရားသွားကျောင်းတက်ယဉ်ကျေးမှု ကင်းမဲ့သူဟာ လူ့အဆင့်အတန်းမီပြီလို့တောင် အသိအမှတ်ပြုခံရမယ့်ပုံ မပေါ်ပါဘူး။

အသောကမင်းရဲ့ကျောက်စာ (နံပါတ် ၇ လို့ ထင်ပါတယ်) ထဲမှာ 'ငါ့နိုင်ငံမှာ ဘာသာတရားကိုးကွယ်သူ ဆိုတာကိုက အလွန်ကျက်သရေရှိလှပြီ' ဆိုတဲ့ သဘောမျိုး ရေးထားတယ်။ ဘာသာ

တရားကျင့်ဝတ်ကို လိုက်နာရကောင်းမှန်း သိသူဟာ လူ့ကျင့်ဝတ်များကိုလည်း လေးစားလိုက်နာဖို့ လွယ်ကူတဲ့အတွက် အုပ်ချုပ်ရေးအရ ကြည့်ရင်လည်း စည်းကမ်းဥပဒေသက်ရောက်ဖို့ လွယ်ကူမယ်ဆိုတဲ့ အတွေးနဲ့ ရေးထိုးထားတယ်လို့ ခန့်မှန်းမိပါတယ်။

အဇာတသတ်လို ထီးမွေနန်းလျာ မင်းသားတစ်ဦးအတွက် ဒီကိစ္စဟာ ပိုပြီး အရေးပါလိမ့်မယ်။ တစ်နေ့ တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ဖြစ်လာချိန်မှာ ဘုရားသွားကျောင်းတက် ယဉ်ကျေးမှုမရှိတဲ့ ဘုရင်တစ်ပါးအနေနဲ့ ဘုရားသွားကျောင်းတက် ယဉ်ကျေးမှုထွန်းကားတဲ့ နိုင်ငံတစ်ခုကို ဩဇာအာဏာသက်ရောက်အောင် အုပ်ချုပ်ဖို့ဆိုတာ အတော်ဝန်လေးမယ့်ကိစ္စပဲ။

ပတ်ဝန်းကျင် စိမ်းကားမှုဒဏ်ကို ကြုံကြုံခံရင်း ခပ်ကင်းကင်းနေလာခဲ့တဲ့ အဇာတသတ်မင်းသားအနေနဲ့ မိမိတို့ရဲ့ အနာဂတ်အလားအလာနဲ့ အုပ်ချုပ်ရမယ့် ပြည်သူတွေရဲ့အနေအထားအရ ဆည်းကပ်ကိုးကွယ်ရာ ဆရာသမားမဲ့ ဘာသာမဲ့သဘောမျိုး နေလို့မရတော့ဘူး။ ဘာသာတရား ဆရာသမား ဆည်းကပ်လေးစားသူတစ်ဦး ဖြစ်ဖို့လိုအပ်လာပြီဆိုတာကို သဘောပေါက်တယ်။ ခက်တာက ပတ်ဝန်းကျင်ပဲ။ မမွေးခင်ကတည်းက အဖသတ်မယ့် လူရိုင်းတစ်ဦးလို့ သတ်မှတ်ထားသူတစ်ဦးအပေါ်မှာ သူ့သဘော၊ သူ့ဆန္ဒ၊ သူ့ရဲ့အနေအထားကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုကြတော့ဘဲ ဘုရားကျောင်းကန်နဲ့ မထိုက်တန်သူလို့သာ အမြဲအစွဲ ခံယူထားကြပုံရပါတယ်။ သူ့ကိုဘုရားသွား ကျောင်းတက်ဖော်အဖြစ် ဘယ်သူကမှ အဖော်ပြုသူ ဖိတ်ခေါ်သူရှိကြပုံ မရပါဘူး။

အံ့ဩစရာ အကောင်းဆုံးကတော့ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးပါပဲ။ ကိုယ်တိုင်က တရားတော်ရဲ့အရသာကို ခံစားသိရှိ

ထားတဲ့ သောတာပန်အရိယာလည်း ဖြစ်၊ ဘုရားရှင်ရဲ့ ကျောင်းဒကာကြီးလည်းဖြစ်ပြီး ဘုရားရှင်ထံ အခါအားလျော်စွာ ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်။

မိမိရဲ့ထီးမွေနန်းလျာ တစ်ဦးတည်းသောသားအပေါ်မှာ ဟူးရားတို့ရဲ့နိမိတ်ဖတ်မှုနဲ့ မယ်တော်အပါအဝင် ပတ်ဝန်းကျင်ရဲ့သဘောထား၊ သားတော်ရဲ့ အထီးကျန်မှုအားလုံးတို့ကို သဘောမပေါက်စရာ မရှိဘူး။ မရေရာ မသေချာတဲ့ ဟူးရားတို့ရဲ့နိမိတ်စကားဟာ မှားသလား၊ မှန်သလားဆိုတာ အတည်ပြုနိုင်ဖို့ သဗ္ဗညုဘုရားရှင်ထက် မေးလျှောက်သင့်တဲ့ပုဂ္ဂိုလ် မရှိဘူး ဆိုတာလည်း သဘောမပေါက်စရာ မရှိဘူး။ အများအထင်မှာ ကြမ်းတမ်းရိုင်းစိုင်းတယ်ဆိုသူများပင် ဘုရားရှင်နဲ့တွေ့ပြီး တရားတော်ကို နာယူကြတဲ့အတွက် အတိုင်းအဆမရှိ ယဉ်ကျေးပြီး အရိယာအဆင့်ထိရောက်သွားကြသူတွေ ဒုနဲ့ဒေး ဆိုတာလည်း ကြားနေ သိနေမှာ သေချာပါတယ်။ ဒါပေမဲ့ အချိန်မီ သားတော်ကို ဘုရားရှင်နဲ့တွေ့အောင် မဆောင်ရွက်နိုင်တာကတော့ ဖခင်တစ်ဦးအနေနဲ့ ချွတ်ယွင်းလွန်းတယ်လို့သာ မှတ်ချက်ချရတော့မှာပါ။ ဒါမှမဟုတ်ရင်တော့ မိမိကိုယ်တိုင် ပေးဆပ်ရမယ့် ဝဋ်ကြွေးကြောင့်ပဲ မာရ်နတ်က လှည့်စားထားလေရော့သလားလို့ တွေးရတော့မှာပါပဲ။

သောတာပန် အရိယာချင်းအတူတူ ဘုရားရှင်ရဲ့ကျောင်းဒကာချင်းလည်း အတူတူဖြစ်ကြပေမယ့် ရှင်ဘုရင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးနဲ့ ကုန်သည်ဖြစ်တဲ့ အနာထပိဏ်သူဌေးကြီးတို့ဟာ သားသမီးတို့ကို ကိုင်တွယ်ရာ၊ သားသမီးနောင်ရေးအတွက် အကွက်မြင်တဲ့ နေရာမှာတော့ အပြတ်အသတ်ကြီးကို ကွာခြားလွန်းတယ်လို့ ဆိုရလိမ့်မယ် ထင်တယ်။

အနာထပိဏ်သူဌေးကြီးမှာ တခြားညီအစ်ကို မောင်နှမတို့နဲ့လည်း မတူ၊ ဖခင်နဲ့လည်း စရိုက်ချင်းကွာတဲ့ ဆိုးဆိုးပေပေ 'ကာလ' ဆိုတဲ့ သားတစ်ယောက်ရှိတယ်။ မိသားစုအားလုံးက အရိယာတွေ ဖြစ်ကြ၊ ကျောင်းကန်ဘုရား မပြတ်သွားကြ၊ အလှူရေစက် လက်နဲ့ မကွာ ဆိုသလို ကုသိုလ်ရေးမှာ ဝါသနာပါကြပေမယ့် ကာလသတို့သား ကတော့ အပေါင်းအဖော်တွေနဲ့ လျှောက်လည်ပျော်ပါး သောက်သောက် စားစားသမား။ မိခင်နဲ့ တခြားညီအစ်ကိုမောင်နှမတွေက ဖျောင်းဖျ ပြောဆိုပေမယ့်လည်း ဂျစ်တစ်တစ် ပေတေတေ လူ့တေလေလုပ်နေ တဲ့ တစ်မိပေါက် တစ်ယောက်ထွန်းသားပေါ့။

အနာထပိဏ်သူဌေးကြီးက ထိုက်တန်သလောက် ပြောဆိုပေ မယ့် နားမထောင်ချင်ဘူး။ သူဌေးကြီးကတော့ သောတာပန် အရိယာ ပီပီ ဆူပူတာ ကြိမ်းမောင်းငေါက်ငမ်းတာတွေ မလုပ်ဘူး။ အချိန်အခါ ကို စောင့်ရင်း အသာပဲကြည့်နေတယ်။ နောက် အေးအေးဆေးဆေး ရှိတော့မှ သူ့သားကို ပထမ 'ဘုရားကျောင်းကို တစ်ခေါက်သွားရင် မုန့်ဖိုးတစ်ရာ ပေးမယ်။ မသွားရင်တော့ မပေးဘူး' ဆိုတဲ့ စည်းကမ်း ထုတ်လိုက်တယ်။ မောင်ကာလက မုန့်ဖိုးတစ်ရာ ရချင်လို့ ဘုရား ကျောင်းထဲ ရောက်တယ်ဆိုရုံ မျက်မြင်သက်သေ အဖော်တစ်ယောက် ခေါ်ပြီး သွားတယ်။ ပြန်လာရင် အဖော်လိုက်သူကို သက်သေပြပြီး မုန့်ဖိုးတစ်ရာ တောင်းတယ်။ 'ဘုရားကျောင်းထဲ ရောက်ပြီးလို့ ဘုရား ဟောတဲ့ တရားတစ်ပိုဒ် ရခဲ့ရင် တစ်ထောင်' ဆိုပြီး ဆုငွေတိုး လိုက်တယ်။ မောင်ကာလက ဆုငွေတစ်ထောင် ရချင်လို့ တရားကို နားစိုက်ထောင်ရင်း 'အရ' လိုက်ဆိုကြည့်တယ်။ တစ်ပိုဒ်အလွတ်ရ တာနဲ့ အိမ်ပြန်ပြေးပြီး ဆုငွေတောင်းမယ်ပေါ့။ ဒါကို ဘုရားရှင်က လည်း သိတော်မူတော့ တရားမဆုံးမချင်း မောင်ကာလ ထပြန်

မပြေးနိုင်အောင် ဆောက်တည်ပြီး တရားကို ဟောတော်မူတဲ့အတွက် မောင်ကာလက တရားကို ပိုပြီး စူးစူးစိုက်စိုက် နာတော့တာပေါ့။ စူးစိုက်နှလုံးသွင်းပြီး နာရင်းနာရင်းကပဲ တရားအသိ တကယ်သဘော ပေါက်ပြီး သောတာပန်အဆင့်ထိ ရောက်သွားတော့ သူနာယူခဲ့တဲ့ တရားကို မုန့်ဖိုးတစ်ထောင်နဲ့ တန်ဖိုးဖြတ်ရမှာ ရှက်နိုးပြီး ဖခင် ဆီက အသပြာတောင် မယူတော့ဘူး။ နောက်နေ့ အိမ်မှာ ဘုရား အမှူးပြုတဲ့သံဃာတွေ ဆွမ်းကပ်တော့ မောင်ကာလက ရှေ့ဆုံးက ဦးဆောင် လုပ်ကိုင်နေပြီ။ ဒါဟာ အနာထပိဏ်သူဌေးရဲ့ မိသားစု ရေးရာနဲ့ သားသမီးအပေါ် ကိုင်တွယ်ပုံ ကျွမ်းကျင်လိမ္မာမှုပဲ။

ဗိမ္ဗိသာရမင်းကြီးဟာ မိမိရဲ့ထီးမွေနန်းလျာလည်း ဖြစ်၊ တစ်ဦး တည်းသောသားငယ်လည်း ဖြစ်၊ မမွေးဖွားမီကတည်းက ဂယက် ရိုက်နေတဲ့သားလည်း ဖြစ်လျက်နဲ့ သားရေးကိစ္စမှာ လစ်ဟင်းချွတ် ယွင်းခဲ့ပါတယ်။ ဒီချွတ်ယွင်းချက်ရဲ့ အပြစ်ဒဏ်ကလည်း အလွန်ကို ကြီးမားခဲ့ပါတယ်။ သောတာပန်အရိယာ ရှင်ဘုရင်ကြီးဖြစ်လျက်နဲ့ သက်တမ်းပြည့်မနေရဘဲ သားရဲ့ပြစ်မှားခြင်းကို ခံရပြီး ဥပစ္ဆေဒက ကံနဲ့ နတ်ရွာစံရတယ်။ သားတော် အဇာတသတ်မင်းလည်း အဖသတ် မင်းဆိုတဲ့ အမည်လည်း ဆိုး၊ အပြစ်လည်းကြီးတဲ့ အမှုကြီးကို ကျူး လွန်မိရုံသာမကဘဲ သောတာပန်ဖြစ်နိုင်လောက်တဲ့ အရိယာမျိုးစေ့ တစ်စေ့ အချည်းနှီး ပျက်စီးသွားရပါတယ်။

အချိန်လွန်ပြီးမှ ဘုရားရှင်နဲ့ တွေ့ခွင့်ရပြီး လက်ငင်းဒိဋ္ဌ ရဟန်းပြုခြင်းရဲ့အကျိုးနဲ့ ပတ်သက်တဲ့ 'သာမညဖလ' ဒေသနာ တော်ကို နာယူပြီးတဲ့အခါမှာ ကြီးလေးလှတဲ့ အပြစ်ဒဏ်ကြီးကတော့ အများကြီး သက်သာခွင့်ရခဲ့သလို ပုထုဇဉ်များထဲမှာ သာသနာတော် ကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ်နဲ့ ပထမသင်္ဂါယနာတင် သာသနာ့

ဒါယကာဆိုတဲ့ မှတ်တမ်းတင်ခဲ့ပေမယ့် သောတာပန် မျိုးစေ့ကောင်းက တော့ ပါးစပ်သရမ်းသူတို့ရဲ့ စကားအဆိပ်မိုးနဲ့ ပျက်သုဉ်းသွားရရှာ ပါတယ်။

သာမညဖလသုတ် ဒေသနာတော်ကို နာယူပြီးလို့ အဇာတသတ် မင်းကြီး ပြန်သွားတဲ့အခါ ဘုရားရှင်က 'တကယ်လို့သာ အဖသတ်ကံ ဆိုတဲ့ မဂ်တားဖိုလ်တား အပြစ်ကြီးကို မကျူးလွန်ခဲ့ရင် ဒီမင်းကြီးဟာ ဒီဒေသနာအဆုံးမှာ သောတာပန်တည်နိုင်တဲ့ ပါရမီရှိသူ ဖြစ်တယ်။ အခုတော့ သူ့ရဲ့ပါရမီအရင်းအမြစ်ကို သူကိုယ်တိုင် တူးဖြိုပစ်ခဲ့ပြီ' လို့ မိန့်ကြားတော်မူပါတယ်။

အကယ်၍သာ...

ဒီအကယ်၍သာက နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က နောက်ကျခဲ့တဲ့ မချိတင်ကဲ တမ်းချင်းကြီးပါ။ သာမည ဒေသနာတော် အဆုံးမှာ ဘုရားရှင်ရဲ့စကားတော်ကို ကြားလိုက်ရခါမှ ဖြစ်လာရ တော့ အတော်ကို အချိန်လွန်သွားပြီ။ အလွန်တန်ဖိုးကြီးကြီးမားမား ဆုံးရှုံးပြီးမှ ရလိုက်တဲ့ သင်ခန်းစာတစ်ခုအဖြစ်သာ အသုံးကျတော့ မှာပါ။ ဒါပေမဲ့ မလွဲသာ မရှောင်သာ ဒီတမ်းချင်းကိုလည်း တဆွေးဆွေး တမြည့်မြည့် ညည်းညူမိရတာပါ။

ဘုရားရှင်တို့ရဲ့ ဉာဏ်တော်အစွမ်းဟာ အပိတ်အပင် အတား အဆီးမရှိ သိတော်မူနိုင်စွမ်း ဆိုတာလည်း ဗိမ္ဗိသာရမင်းကြီး မသိ မဟုတ်၊ သိတာပဲ။

ဝေဒေဟီမိဖုရားကြီးက ဟူးရားတို့ရဲ့စကားကို အတည်ပေါက် ယုံကြည်ပြီး သန္ဓေသားဖြစ်စဘဝမှာ အမြစ်မတွယ်ခင် နုတ်ပယ်ဖို့ ကြိုးစားခဲ့တာလည်း မင်းတရားကြီးအသိပဲ။ ဒီကိစ္စကို အမိန့်အာဏာ နဲ့တောင် တားမြစ်ခဲ့တာပဲဟာ။

အဲဒီစဉ်ကတည်းက အားလုံး ယုံမှားသံသယကင်းရအောင် ဒီအကြောင်းအရာကို ဘုရားရှင်ထံမှာ လျှောက်ထားခဲ့မိလိုက်ရင်...။

အမှန်ကို သိမြင်တော်မူတဲ့ ဘုရားရှင်ရဲ့နှုတ်တော်ဟာ 'ဒီသားငယ်ဟာ အဖကို သတ်မယ့်သား မဟုတ်ဘူး၊ သောတာပန်ဖြစ်မယ့်ပါရမီရှင် ဖြစ်တယ်' ဆိုတာကို အချိန်မီ မိန့်ကြားခဲ့ရင်...။

မယ်တော် ဝေဒေဟီမိဖုရားကြီးရဲ့ စိတ်ထဲမှာ ဘယ်လိုခံစားရမလဲ၊ ပြည်သူတွေရဲ့နှုတ်ဖျားမှာ ဘယ်လိုစကားတွေပြောပြီး စိတ်ထားတွေ ဘယ်လိုပြောင်းသွားကြမလဲ။

ထီးမွေနန်းလျာလည်း ဖြစ်၊ သောတာပန်လောင်းလျာလည်း ဖြစ်တဲ့ ဒီမင်းသားလေးဟာ 'အဇာတသတ္တု = မမွေးမီက ရန်သူ' ဆိုတဲ့ အမည်အစား 'အဇာတအရိယာရဟာ = မမွေးမီက အရိယာဖြစ်ထိုက်သူ' ဆိုတဲ့ အသိနဲ့အတူ မေတ္တာမိုး ချိုချိုအေးအေးတို့နဲ့ လေးစားကြည်ဖြူ ဖျန်းပက်ပေးခဲ့ကြရင်...။

မင်းသားရဲ့ကံကြမ္မာဟာ တန်ရာနဲ့ လွဲစရာ အကြောင်း မရှိလောက်ဘူး။

ခုတော့ မင်းသားငယ်ရဲ့ကံကြမ္မာဟာ သောတာပန်လောင်းလျာ မျိုးစေ့ကောင်း မှန်ခဲ့ပေမယ့် ဟူးရားတို့ရဲ့ပါးစပ်ဖျားက မဆင်မခြင် ထွက်လိုက်တဲ့ စကားအဆိပ်မိုးကတစ်ဆင့် ပျံ့နှံ့ကူးစက်သွားခဲ့တဲ့ မယ်တော်အပါအဝင် ဝန်းကျင်တစ်ခုလုံးက သွန်းဖျန်းချလိုက်တဲ့ စကားအဆိပ်မိုးအောက်မှာ တန်ရာနဲ့ လွဲခဲ့ရရှာပါတယ်။

ဗိမ္ဗိသာရမင်းကြီးရဲ့ ဒီဟာကွက်ကို အသုံးချသွားသူကတော့ အရှင်ဒေဝဒတ်ပါပဲ။ နန်းတွင်းမှာမွေး နန်းတွင်းမှာကြီးခဲ့သူပီပီ နန်းစဉ်ဓလေ့ထုံးတမ်းကို နှောကျေပြီးသား အဇာတသတ်ဟာ တစ်နေ့မှာ မဇ္ဈိမဒေသရဲ့အင်အားအကြီးမားဆုံး အင်္ဂတိုင်း၊ မာဂဓတိုင်း တိုင်းကြီး

နှစ်တိုင်းလုံးကို အစိုးရမယ့် ထီးညွန့်နန်းလျာဆိုတာ သူသိတယ်။

သူကိုယ်တိုင်က ဘုရားရှင်ရဲ့အရိုက်အရာကို မရ အရယူမယ်လို့ ဆုံးဖြတ်ထားသလို ဒီစီမံကိန်းအတွက် ဩဇာအရှိန်အဝါကြီးမားတဲ့ မင်းတစ်ပါးအကူအညီကို ရယူရမယ်ဆိုတာလည်း သူသိတယ်။ အဇာတသတ် မင်းသားဟာ အထီးကျန်ဆန်လွန်းလှတဲ့ ဘဝကို မနှစ်မြို့လို့ ဆည်းကပ်စရာ ဆရာလိုနေတာကိုလည်း အကဲခတ်မိတယ်။

အဲဒီအချိန်က မဇ္ဈိမဒေသမှာ ကိုယ့်ကိုယ်ကိုယ် ဘုရားလို့ အမည်ခံကြသူ ဂိုဏ်းဆရာကြီးခြောက်ဦးတို့ အပါအဝင် ကိုယ်ကြိုက်သလို ကိုယ်ထွင်၊ ကိုယ်ထင်ရာ ကိုယ်ကျဲနေကြတဲ့ ဘာသာရေးတွေကလည်း ဗွက်ထနေချိန်ဆိုတော့ လူတွေဟာ ဘာသာရေးနဲ့ ပတ်သက်ရင် မျက်ဝါးထင်ထင် အဆန်းတကြယ် အံ့ဖွယ်သရဲကို တွေ့မြင်လိုက်ရုံနဲ့ မဆင်မခြင် ယုံလွယ်ကြတာကိုလည်း ရှင်ဒေဝဒတ်က အပိုင်သိထားတယ်။ သူ့မှာ လည်း လောကီတန်ခိုး အဘိညာဉ်ကလေးက ရထားပြီးသား ရှိလေတော့ အဇာတသတ်မင်းသားကို သူ့လူဖြစ်အောင် ဘယ်လိုစည်းရုံးရမယ်ဆိုတာ အပိုင်တွက်ပြီးသား၊ ဒီကိစ္စမှာ ရှင်ဒေဝဒတ်လုပ်ရပ်တွေ အကွက်စေ့ပုံကတော့ ရဟန်းမို့လို့သာ ရှင်ဘုရင်သာဖြင့် မဇ္ဈိမတစ်တိုက်လုံးကိုတောင် သိမ်းပိုက်နိုင်လောက်တယ်။

မိမိရရှိထားတဲ့ လောကီအဘိညာဉ်နဲ့ အဇာတသတ်ကို စည်းရုံးရာမှာလည်း ရှင်ဒေဝဒတ်ရဲ့လုပ်ဆောင်ချက်က အဇာတသတ်မင်းသားသာ မကပါဘူး။ အခုလူတွေ တွေ့ရရင်လည်း ရှင်ဒေဝဒတ်နောက်ကောက်ကောက်ပါအောင် လိုက်တဲ့လူတွေ တန်းစီနေမယ်ထင်တယ်၊ လုပ်ပုံကိုလည်း ကြည့်လေ…

ပထမဆုံး သူ့ရဲ့ပင်ကိုရုပ်ကို ဖျောက်လိုက်ပြီး သူငယ်အသွင်ဖန်ဆင်းလိုက်တယ်။ ပြီးတော့ လက်နှစ်ဖက် ခြေနှစ်ဖက်တို့မှာ မြွေ

တစ်ကောင်စီရစ်လို့၊ လည်ပင်းမှာလည်း တစ်ကောင်၊ ဦးခေါင်းပေါ် မှာလည်း ခေါင်းခုလိုခွေပြီးမှ ပါးပျဉ်းထောင်နေတဲ့မြွေက တစ်ကောင်၊ လက်ဝဲပခုံးပေါ်မှာလည်း ရဟန်းတော်တွေ လက်ကန်တော့တင်ရမယ့် နေရာမှာ မြွေတစ်ကောင်က ရစ်လို့၊ ပြီးတော့ အဲဒီမြွေတွေအားလုံးက အမြီးချင်း ကျစ်ဆံမြီးထိုးသလို ထိုးယှက်ပြီး ခါးမှာ ခါးကြိုးတန်ဆာ (ခါးပတ်)လို တန်ဆာဆင်လိုက်သေးတယ်။ ဒါတွေအားလုံး ဖန်ဆင်း ပြီးတော့မှ ကောင်းကင်ကနေ ဗြုန်းစားကြီး ခုန်ချပြီး အဇာတသတ် မင်းသားရဲ့ရင်ခွင်မှာ ထိုင်ချလိုက်တာ။

ဘာပြောကောင်းမလဲ မာကျောကျော ကြွပ်ဆတ်ဆတ်နဲ့ အမြဲ လိုလို မျက်နှာထားတင်းနေတတ်တဲ့ အဇာတသတ်မင်းသား တစ်ခါ တည်းကို ဖြုသွားလိုက်တာ 'မျက်နှာလေး ဆီးရွက်လောက်' ဆိုတာ မျိုး ဖြစ်သွားတော့တာပဲ။ ကြောက်လန့်တကြားနဲ့ 'သင်က ဘယ်သူ ပါလဲ' လို့ မေးလိုက်တော့မှ 'ငါဟာ ရှင်ဒေဝဒတ်ဖြစ်တယ်' လို့ ဖြေလိုက်တယ်။ 'ဒါဖြင့် ပကတိရုပ်သွင်အတိုင်း ဖြစ်တော်မူပါ' လို့ လျှောက်ထားလိုက်တဲ့အခါကျတော့လည်း တကယ့်ကို ပီဘိမထေရ် မြတ်ကြီးလို သပိတ် သင်္ကန်းပရိက္ခရာအစုံနဲ့ ရှေ့မှာ ရပ်ပြလိုက်တော့ 'ဒါဟာ လောကီလား၊ လောကုတ္တရာလား၊ ဓမ္မအစစ်လား၊ အတုလား တွေ ဘယ်စိစစ်နေတော့ မလဲ၊ တစ်ခါတည်း ပျာပျာသလဲ ပြားပြား မှောက် ကြည်ညိုသွားလိုက်တာ၊ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ရထားငါးရာတို့နဲ့ မှန်မှန်သွားရောက် ချဉ်းကပ်တာတို့၊ နေ့စဉ် ဆွမ်းဝတ်ငါးရာ တည်တာတို့ ဖြစ်ကုန်တော့တာပေါ့။

ဒီကိစ္စနဲ့ပတ်သက်လို့ ဘုရားရှင်ကတော့ 'ဝံစတဲ့ တောရိုင်း တိရစ္ဆာန်ရဲ့သည်းခြေနဲ့ နှာခေါင်းအတို့ခံရတဲ့ ခွေးကြမ်းဟာ တိုးတိုး ကြမ်းသလို အဇာတသတ်မင်းသားဟာလည်း စိတ်တွေ ပိုကြမ်းပြီး ကုသိုလ်နဲ့ ဝေးသည်ထက် ဝေးတော့မယ်။

ရှင်ဒေဝဒတ်ရဲ့ လုပ်ယူလို့ရလာတဲ့ လာဘ်သပ်ပကာ ကျော်စောမှုတို့ဟာလည်း အသီးသီးတဲ့ ငှက်ပျောပင်၊ ဝါးပင်၊ ကျူပင်တို့လို ကိုယ်ဝန်သားရတဲ့ အသဿထိုရ် မြင်းမလို၊ ကိုယ့်ကိုယ်ကိုယ် သတ်ဖို့ ဖျက်ဆီးဖို့ ဖြစ်လာတာတွေပဲလို့သာ မိန့်ကြားတော်မူပါတယ်။

စဉ်းစားကြည့်ရင်တော့ ကိုးကွယ်ဆည်းကပ်ရာကို တောင့်တနေတဲ့ အဇာတသတ်မင်းသားအနေနဲ့ ရှင်ဒေဝဒတ်နဲ့ တွေ့လိုက်ရတာကတော့ ရောဂါပျောက်ချင်လို့ တောထဲ ဆေးမြစ်ရှာထွက်ခါမှ မြွေပွေးကို တည့်တည့်တက်နင်းမိသည်ထက် ဆိုးရွားပါတယ်။

ရှင်ဒေဝဒတ်ဟာ သူ့ရဲ့စီမံကိန်းကြီးကို မနားမရပ် တရစပ်လုပ်တော့တယ်။ ပထမဆုံး ပရိသတ် ဗိုလ်ပုံအလယ်မှာ ရဟန်းပရိသတ်ကို သူ့လက်လွှဲအပ်ပြီး ဘုရားရှင် ချမ်းချမ်းသာသာ အနားယူဖို့ တောင်းဆိုတယ်။ အကြိမ်ကြိမ် ထပ်ပြီး တောင်းဆိုတဲ့အခါမှာတော့ ဘုရားရှင်က 'ငါဘုရားက သာရိပုတ္တရာတို့ မောဂ္ဂလာန်တို့လက်ထဲတောင် လွှဲအပ်ခြင်း မပြုဘဲနဲ့ ဘာ့ကြောင့် သင်လို ယုတ်မာတဲ့ တံတွေးစား (ခေဠာသက) လက်ထဲ လွှဲအပ်ရမှာလဲ' ဆိုပြီး ပြတ်ပြတ်သားသား ပြောလိုက်တယ်။ ပရိသတ်အလယ်မှာ 'တံတွေးစား' လို့ မောင်းမဲ့ခံလိုက်ရတဲ့အတွက် အမျက်ရန်ငြိုးဖွဲ့ပြီး ထွက်သွားပါတယ်။

အဲဒီကနောက်တော့ ဘုရားရှင်က ရှင်ဒေဝဒတ်လုပ်သမျှတွေဟာ ဘုရား၊ တရား၊ သံဃာတို့နဲ့ လုံးဝမပတ်သက်ဘဲ သူ့သဘောအတိုင်း ပြောဆိုလုပ်ကိုင်နေခြင်းသာ ဖြစ်ကြောင်း ရာဇဂြိုဟ်ပြည်တစ်ဝန်းလုံး ထင်ရှားသိသာစေတဲ့ (ပကာသနိယ) ကံကို ဉတ္တိဒုတိယကမ္မဝါစာ ရွတ်ဖတ်ပြီး တရားဝင်သံဃာ့ကံ ပြုစေလိုက်ပါတယ်။

အဲဒီနောက်မှာတော့ ဘုရားရှင်ကို လက်စားချေရေး စီမံကိန်းကြီးကို စနစ်တကျ စီစဉ်ပါတော့တယ်။ ဒီစီမံကိန်းရဲ့ ပထမခြေလှမ်းအဖြစ် အဇာတသတ်မင်းသားထံ သွားရောက်ပြီး ထီးနန်းစည်းစိမ်ကို ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံချိန်အထိ စောင့်ဆိုင်းမနေဘဲ အရယူခိုင်းတယ်။ အဇာတသတ်မင်းသားက တွန့်ဆုတ်ဆုတ် လုပ်နေတဲ့အခါ 'အသက်သွေးခဲ အမြဲမရှိဘူး၊ သူမသေခင် ကိုယ်သေသွားရင် ထီးနန်းစည်းစိမ်နဲ့ လွဲသွားမယ်။ သင်လည်း အဖကိုသတ်ပြီး မင်းဖြစ်အောင်လုပ်၊ ငါကလည်း ဘုရားရှင်ကို သတ်ပြီး ဘုရားဖြစ်အောင် (ဘုရားအရာရအောင်) လုပ်မယ်' လို့ ခပ်ပြတ်ပြတ် တိုက်တွန်းလိုက်တော့မှ 'အရှင်ဒေဝဒတ်လို တန်ခိုးအာနုဘော်ကြီးသူဟာ ရှေ့ရေးကို အကြောင်းစုံ ကြိုသိလို့ ပြောတာ ဖြစ်မယ်' လို့ မှတ်ယူလက်ခံပြီး ထီးနန်းကို ရတဲ့နည်းနဲ့ယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နေ့ခင်းကြောင်တောင်ကြီး ပေါင်မှာ ဓားမြှောင်ကို ဖွဲ့ချည်ပြီး ဣန္ဒြေမရ တုန်လှုပ်ချောက်ချားတဲ့ အမူအရာနဲ့ နန်းတွင်းဝင်လာတဲ့ မင်းသားကို အမတ်ကြီးများက ဖမ်းဆီးရှာဖွေ စစ်ဆေးလိုက်တော့ အကြောင်းစုံသိရပြီး ဘုရင်ကြီးထံ အပ်တယ်။ မင်းကြီးရှေ့ရောက်လို့ အကြောင်းစုံ သိရတဲ့အခါ...

ဒီကိစ္စနဲ့ ပတ်သက်ပြီး 'မင်းသားကိုရော တိုက်တွန်းတဲ့ ရှင်ဒေဝဒတ်ကိုသာမက ရဟန်းအားလုံးကို သတ်ထိုက်တယ်' ဆိုတဲ့ အုပ်စုကို ရာထူးက ဖယ်ရှားလိုက်တယ်။

'အပြစ်မရှိတဲ့ ရဟန်းတော်တွေကို မသတ်ထိုက်ဘူး၊ အပြစ်ရှိတဲ့မင်းသားနဲ့ ရှင်ဒေဝဒတ်ကိုသာ သတ်ထိုက်တယ်' ဆိုတဲ့ အုပ်စုကို ရာထူးတစ်ဆင့် နှိမ့်လိုက်တယ်။

'ဒီကိစ္စမှာ မင်းကြီးအမိန့်အတိုင်းသာ ဆောင်ရွက်သင့်တယ်' ဆိုတဲ့ အုပ်စုကို ရာထူးတိုးမြှင့် ခန့်ထားလိုက်တယ်။

သားတော်အတွက် အစစ အဆင်ပြေအောင် စီစဉ်ပေးပြီး တော့မှ 'ဒီစည်းစိမ်ဟာ ချစ်သားတော်အတွက်ပဲ၊ ယူပေရော့' ဆိုပြီး ထီးနန်းစည်းစိမ်ကို လွှဲပေးလိုက်တော့ သွေးထွက်သံယိုမရှိဘဲ အဇာ တသတ်မင်းရဲ့အလို ပြည့်သွားပါတယ်။

ဒီအကြောင်း ရှင်ဒေဝဒတ်ထံ အားရဝမ်းသာ သွားရောက် လျှောက်ထားတဲ့အခါ အကြံကြီးတဲ့ ဒေဝဒတ်က 'အဇာတသတ်... သင် တယ်ညံ့တာကိုး၊ မြေခွေးကို အတွင်းမှာထားပြီး သားရေနဲ့ စည်ကြက်လို့ ဖြစ်မလားကွ၊ အာဏာဆိုတာ ဘုရင်တိုင်းကြိုက်တဲ့ နေရာပဲ၊ နှစ်ရက် သုံးရက်နေလို့ သင့်ခမည်းတော် စိတ်ပြောင်းသွား ရင် စည်းစိမ်ကို ပြန်ယူမှာပေါ့၊ အမြစ်ပြတ် သုတ်သင်လိုက်' ဆိုပြီး ရိုင်းစိုင်းရက်စက်တဲ့ အကြံပေးစကား ပြောကြားပါတော့တယ်။

ဒီနေရာမှာ အပေါ်ယံကြည့်ရင်တော့ မင်းသားအတွက် ထီးနန်း စည်းစိမ်ခိုင်မာအောင် ခုလို တိုက်တွန်းတယ်လို့ ထင်ရပေမယ့် တကယ် တော့ သောတာပန်အရိယာဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးဟာ သူကိုယ်တိုင် ကျေနပ်လို့ လွှဲပေးထားတဲ့ ထီးနန်းစည်းစိမ်ကို ပြန်တောင်းဖို့လည်း အကြောင်းမရှိဘူး။ သူ့ဘက်ကိုယ့်ဘက် သွေးထွက်သံယိုကိစ္စမျိုး လည်း ဘယ်နည်းနဲ့မှ အဖြစ်မခံဘူးဆိုတာ ရှင်ဒေဝဒတ် သိပြီးသား ပါ။ သူ့ရဲ့တကယ့်ရည်ရွယ်ချက်က...

အဇာတသတ်မင်းရဲ့ အကူအညီနဲ့ ဘုရားရှင်ရဲ့အသက်ကို လုပ်ကြံမယ်။ ဒီလိုလုပ်ကြံတဲ့အခါ အရိယာဖြစ်တဲ့ ဘုရားရှင်တပည့်ရင်း ကျောင်းဒကာကြီးဖြစ်တဲ့ ဗိမ္ဗိသာရရှိနေရင် ဒီကိစ္စမှာ သားတော် အဇာတသတ်မင်း မပါဝင်အောင် မုချတားမြစ်မယ်။ ဒီလို တားမြစ်ခဲ့ရင်

တကယ်တမ်း စိတ်ပြောင်းသွားမှာက အဇာတသတ်မင်း ဖြစ်သွားနိုင်တယ်။ ခမည်းတော်ရဲ့အရှိန်အဝါနဲ့ မှူးမတ်တွေ မင်းခစားတွေနဲ့ တိုင်းသူပြည်သားတွေကို အုပ်ချုပ်မှု အစပျိုးနေချိန်မှာ ခမည်းတော်ကို ဆန့်ကျင်ဝံ့မယ် မဟုတ်ဘူး။ ဒါကို ရှင်ဒေဝဒတ် ကြိုမြင်တယ်။ ဒါ့ကြောင့် အဇာတသတ်မင်းအပေါ်မှာ သူ့ရဲ့သြဇာ အရှိန်အဝါကောင်းတုန်း ဗိမ္ဗိသာရမင်းကို အပြတ်ရှင်းပစ်ဖို့ တိုက်တွန်းခြင်းသာ ဖြစ်မယ်လို့ မှန်းဆသိနိုင်ပါတယ်။

နောက်တော့ အားလုံးသိကြတဲ့အတိုင်း အဇာတသတ်ရဲ့အမိန့်နဲ့ ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်း အကျဉ်းချတာတို့၊ အစာဖြတ်တာတို့နဲ့ သူ့အလိုလို တဖြည်းဖြည်းသေစေဖို့ စီမံပေမယ့် မရတဲ့အဆုံးမှာ ခြေဖဝါးဓားခွဲပြီး အဆုံးစီရင်လိုက်တော့တာပါပဲ။

နာဠာဂီရိဆင်နဲ့ ဘုရားရှင်ကို အနင်းခိုင်းတဲ့ ပွဲမှာတော့ ဆင်ဆိုးကြီးကတောင် ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကို သိပြီး ဘုရားရှင်ရဲ့မေတ္တာဓာတ်နဲ့ ယဉ်ကျေးလိမ္မာသွားတာကို ပြည်သူတွေ မျက်ဝါးထင်ထင်တွေ့ရတဲ့အခါ 'ရှင်ဒေဝဒတ်နဲ့ အဇာတသတ်မင်းတို့ဟာ တိရစ္ဆာန်ဖြစ်တဲ့ ဆင်ကြီးလောက်မှ ဘုရားရှင်ဂုဏ်ကျေးဇူးကို မသိကြလေရော့သလား' ဆိုပြီး ဝိုင်းဝန်းဆူပူ ကန့်ကွက်လို့ အဇာတသတ်မင်းလည်း နောင်တကြီးစွာရပြီး ရှင်ဒေဝဒတ်နဲ့ အဆက်အသွယ်အားလုံး ဖြတ်လိုက်တော့တယ်။

ရှင်ဒေဝဒတ်လည်း ဘုရားရှင် မိန့်ကြားတော်မူသလိုပဲ၊ အသီးသီးတဲ့ ငှက်ပျောပင်ပီပီ အဇာတသတ်မင်းရဲ့ အရှိန်အဝါနဲ့ လှူဒါန်းထောက်ပံ့မှု အသီးများ ပြတ်တောက်သွားပြီး မကြာမီမှာပဲ ဆိုးဝါးသည်ထက် ဆိုးဝါးတဲ့ ပြစ်မှုတွေ တိုးတိုးပြီး နောက်ဆုံး အရှင်လတ်လတ် အဝီစိထိ ငုပ်လျှိုးကွယ်ပျောက်သွားရပါတော့တယ်။

အဖသတ်ကံကြီး ဖိစီးနှိပ်စက်မှုကြောင့် နောင်တပူပန်မှုတွေ၊ နောင်ရေးတွေးပူမှုတွေနဲ့ မအိပ်နိုင် မစားနိုင် ဒုက္ခနဲ့ ရင်ဆိုင်နေရတဲ့ အဇာတသတ်မင်းခမျာ ဘုရားရှင်က လွဲလို့ ဒီသောကကို ဘယ်သူမှ ဖြေဖွမ်းနိုင်စွမ်း မရှိဘူးဆိုတာ သိပြီး မွေးစားနောင်တော်ဖြစ်တဲ့ ဇီဝက ဆေးဆရာအကူအညီနဲ့ ဘုရားရှင်ထံ ဆည်းကပ်မိလို့ သာမညဖလ သုတ် ဒေသနာတော်ကြီးကို နာယူခွင့်ရချိန်က စပြီး ပုထုဇဉ်တွေ ထဲမှာ ဘယ်သူမှ မယှဉ်သာတဲ့ သဒ္ဓါတရားမျိုးနဲ့ အကြည်ညိုကြီး ကြည်ညိုလို့ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးချိန်မှာလည်း သာသနာတော် အစွန့်ရှည်ရေးအတွက် ပထမသင်္ဂါယနာတင် သာသနာ့ဒါယကာ အဖြစ် ခံယူခဲ့ပေမယ့်၊ မူလမျိုးစေ့ဖြစ်တဲ့ သောတာပန်အရိယာမျိုးစေ့ ကတော့ အချည်းနှီး ဖြစ်သွားရပါတယ်။

ဘုရားရှင်ကတော့ 'အဖသတ်ကံကြီးနဲ့ မိမိရဲ့သောတာပန် ပါရမီ အရင်းအမြစ်ကို တူးဖြိုပစ်လိုက်တယ်' လို့ မိန့်ကြားပါတယ်။

ဝိဘာဝတ္ထအရ ခံစားကြည့်မယ်ဆိုရင်တော့ 'ပတ်ဝန်းကျင်ရှိ စကားအဆိပ်မိုးနဲ့ ပေါက်ရောက်ရှင်သန်ခဲ့ရတဲ့အတွက် ပါရမီဓာတ် ခန်းခြောက်ပြီး အဖသတ်မင်းဆိုတဲ့ အဆိပ်သီးကို သီးခဲ့ရတယ်' လို့ ခံစား စာနာကြည့်စရာပါ။

❐

# အဆိပ်ဖြေမိုးနဲ့ မျိုးစေ့သစ်

အပြစ်ကို အပြစ်ဟု ရှုမြင်ပြီး အကြောင်းအားလျော်စွာ ကုစားမယ်၊ နောက်နောင် မဖြစ်အောင်လည်း စောင့်စည်းမယ်ဆိုရင် ဒီလိုကုစားခြင်း၊ စောင့်စည်းခြင်းဟာ ငါဘုရားရဲ့အဆုံးအမ (သာသနာတော်)မှာ ကြီးပွားခြင်းပင် ဖြစ်တယ်။

(မြတ်ဗုဒ္ဓ၊ သာမညဖလသုတ်ဒေသနာ၊ ဒီဃနိကာယ်) ကောင်းကျိုးချမ်းသာကို တရားသဖြင့် ခံစားသူလို့ ဆိုနိုင်ဖို့အတွက် အခြေခံလိုအပ်တဲ့ ဂုဏ်အင်္ဂါနှစ်ရပ် ရှိပါတယ်။ (၁) စွန့်စားသူ၊ (၂) စောင့်စားသူ ဆိုတဲ့ ဂုဏ်အင်္ဂါရပ်များပါပဲ။

(၁) စွန့်စားသူဆိုတာ မိမိက သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ စွမ်းအားငါးခုတို့နဲ့ စိုက်ထုတ်စွန့်လွှတ်ပြီး၊ ကုသိုလ်ကောင်းမှု ကြိုတင်ပြုလုပ်ထားပြီး ဒီကုသိုလ်မျိုးစေ့များ ပေါက်ရောက်ရှင်သန် သီးပွင့်အောင် ကိုယ်စွမ်း ဉာဏ်စွမ်း လုံ့လစွမ်းများနဲ့ ကြိုးစားအားထုတ်ပြီးမှ ကောင်းကျိုးချမ်းသာကို ခံစားသူကို ဆိုလိုတာပါ။

(၂) စောင့်စားသူ ဆိုတာကတော့ မိမိက ကောင်းကျိုးနဲ့တန်လောက်အောင် ကောင်းမှုကုသိုလ်ကို ကြိုတင်ပြုလုပ်ထားပြီး

ဖြစ်ပေမယ့် ကောင်းကျိုးပေးမယ့်အချိန် ကျရောက်သည်အထိ စောင့်ဆိုင်းပြီးမှသာ တရားသဖြင့် ဖြစ်ပေါ်လာတဲ့ ကောင်းကျိုးကို ခံစားသူဖြစ်ရမယ်လို့ ဆိုလိုတာပါ။

မစွန့်ဘဲနဲ့ ကောင်းကျိုးကို ခံစားသူ၊ အချိန်တန်အောင် မစောင့်ဘဲ ကောင်းကျိုးခံစားသူများဟာ ဖြတ်စားလျှပ်စားများ ဖြစ်တဲ့အတွက် တရားသဖြင့် စားသူလို့ မဆိုနိုင်ပါဘူး။ မတရားသဖြင့် စားသူများသာ ဖြစ်ပါတယ်။ ကမ္မနိယာမအရ စွန့်ခြင်း၊ စောင့်ခြင်းဆိုတဲ့ ကောင်းကျိုးရဲ့အခြေခံ ဂုဏ်အင်္ဂါနှစ်ရပ်နဲ့ ပြည့်စုံပြီးမှ ကောင်းကျိုးကို ခံစားသူဟာ ကံနဲ့ လိုက်လျောညီထွေခံစားသူ၊ ကံတရားကို သစ္စာစောင့်သိသူဖြစ်လို့ ကံတရားရဲ့စောင့်ရှောက်ခြင်းကိုလည်း ရရှိပါတယ်။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ = တရားစောင့်သူကို တရားက စောင့်ရှောက်တယ်ဆိုတာ ဒီသဘောကို ပြောတာပါပဲ။

စွန့်ခြင်း၊ စောင့်ခြင်းဆိုတဲ့ ဂုဏ်အင်္ဂါနှစ်ရပ် မရှိဘဲနဲ့ ဖြတ်စားလျှပ်စားလုပ်ပြီး ကောင်းကျိုးကို ရယူခံစားသူများဟာ လျှပ်စားဆိုတာကိုက လျှပ်ပေါ်လော်လည်ဆိုတဲ့အတိုင်း ကမ္မနိယာမကို မရိုးမသားပြုသူများဖြစ်လို့ ကမ္မနိယာမကို သွေဖည်သူ၊ ကံကို သစ္စာမစောင့်သူ၊ ကံကို သစ္စာဖောက်သူများ ဖြစ်ပါတယ်။ ကံကို သစ္စာမစောင့်သူ၊ ကံကို ဆန့်ကျင်ဘက်ပြုသူ မှန်သမျှ ကံတရားရဲ့ဒဏ်ခတ်ခြင်းကို ခံရမှာ မလွဲပါဘူး။ အနေးနဲ့ အမြန်ဆိုတဲ့ ကွာခြားချက်သာ ရှိမယ်။ ကမ္မနိယာမနဲ့ ကင်းလွတ်သူရယ်လို့တော့ လုံးဝမရှိပါဘူး။ ဒါဟာပရမတ္ထဖြစ်တဲ့ ကမ္မဓမ္မ (ကံတရား) ရဲ့ စစ်မှန်ခိုင်မြဲတဲ့ နိယာမတရား၊ သစ္စာတရားပဲ ဖြစ်ပါတယ်။ ဒီသဘောကို အဇာတသတ် မင်းရဲ့ဖြစ်စဉ်များက အထင်အရှား သက်သေပြနေပါတယ်။

အမှန်ကတော့ အဇာတသတ်မင်းဟာ ထိုးနန်းစည်းစိမ်ချမ်းသာကို ရရှိခံစားနိုင်လောက်တဲ့ ကံကို စွန့်လွှတ်ပြုလုပ်ခဲ့ပြီးသူ ဖြစ်ပါတယ်။ ဒီကံရှိထားလို့လည်း ထီးမွေနန်းလျာ ဘုရင့်သားအဖြစ်နဲ့ လူ့ဘဝကို ရောက်ရှိလာတာပေါ့။ ဒါဟာ ကမ္မနိယာမအရ ရှိသင့်တဲ့ ဂုဏ်အင်္ဂါနှစ်ရပ်ထဲမှာ စွန့်ခြင်းဆိုတဲ့ အင်္ဂါရပ်နဲ့သာ ပြည့်စုံပါသေးတယ်။ ကံရဲ့အကျိုးပေးချိန်တိုင်အောင် စောင့်ရမယ့် စောင့်ခြင်းအင်္ဂါရပ်က လိုပါသေးတယ်။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက ကံစွမ်းအား အသက်စွမ်းအားနှစ်မျိုးလုံး ရှိနေသေးတဲ့အတွက် အဇာတသတ်ရဲ့ ကံအလှည့်အခွင့် မရောက်သေးပါဘူး။

နန်းတွင်းရဲ့အစဉ်အလာ ဓမ္မသတ် ထုံးတမ်းများအရလည်း ဒီလို စောင့်ရမယ်ဆိုတာ အဇာတသတ် မသိမဟုတ်၊ သိမှာပါပဲ။ သို့သော် သမ္ပတ္တိစက်လို့ ခေါ်တဲ့ ကောင်းကျိုးချမ်းသာ ပြီးပြည့်စုံမှု အင်္ဂါရပ်များထဲမှာ ကံဆိုတာ စတုတ္ထစွမ်းအားသာ ဖြစ်တယ်။ ကံထက် အရေးပါတာက ပတိရူပဒေသ ဝါသ = သင့်လျော်တဲ့ နေရာရရှိမှုဆိုတဲ့ တတိယစွမ်းအား ရှိသေးတယ်။ အဲဒီထက် အရေးပါတာက သပ္ပုရိသူ ပနိဿယ = သူတော်ကောင်းနဲ့ ပေါင်းဆုံခွင့်ရမှု ရှိတယ်။ အဲဒီထက် အရေးအပါဆုံး ပထမစွမ်းအားက အတ္တသမ္မာပဏိဓိ = မိမိကိုယ်ကိုယ် ကောင်းစွာဆောက်တည်နိုင်မှု ဖြစ်ပါတယ်။

အဇာတသတ်ဟာ စတုတ္ထစွမ်းအား၊ တတိယစွမ်းအားတို့နဲ့ ပြည့်စုံနေပါပြီ။ အရေးအကြီးဆုံး ပထမစွမ်းအားဖြစ်တဲ့ အတ္တသမ္မာပဏိဓိကို ဖော်ထုတ်ပေးမယ့် ဒုတိယအရေးအပါဆုံး သပ္ပုရိသူပနိဿယမှာ အလွဲကြီး လွဲမှားခဲ့ပြီး အရှင်ဒေဝဒတ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ဆန့်ကျင်ဘက် သာသနာတော်ရဲ့ဆူးငြောင့် ဒုဿီလပုဂ္ဂိုလ်နဲ့ ပေါင်းသင်းမိတဲ့အတွက် မိမိကိုယ်ကိုယ် ကောင်းအောင် ဆောက်တည်နိုင်တဲ့ အတ္တသမ္မာပဏိဓိစွမ်းအား လုံးလုံးကြီး ဆုံးရှုံးသွားရပါတယ်။

ဒါကြောင့်လည်း အချိန်တန်အောင် စောင့်ရမယ့် စောင့်စားခြင်းအထိ မနေနိုင်တော့ဘဲ ဆရာဖြစ်တဲ့ အရှင်ဒေဝဒတ်ရဲ့စကားကို လိုက်နာပြီး အချိန်မတိုင်မီ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးပိုင်တဲ့ ထီးနန်းစည်းစိမ်ကို ရယူခံစားရုံမျှမက အနန္တရိယကံ ဂိုဏ်းဝင် ခမည်းတော်ကြီးကို သတ်ဖြတ်တဲ့ ပဥ္စာနန္တရိယကံကြီးကိုပါ ကျူးလွန်မိသွားပါတယ်။

ကံကြမ္မာချင်း အဆင့်တူဖြစ်တဲ့ ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုခြင်း. သံဃာကို ကွဲပြားအောင်လုပ်ခြင်း ဆိုတဲ့ ပဥ္စာနန္တရိယကံကြီးတွေကို ကျူးလွန်ထားသူ မိမိဆရာ ရှင်ဒေဝဒတ်ကို မြေမျိုပြီ ဆိုတဲ့ သတင်းကို ကြားသိလိုက်ရတဲ့အခါမှာတော့ အဇာတသတ်မင်းဟာ ဆောက်တည်ရာကို မရတော့ပါဘူး။ စားကောင်းခြင်း မစားနိုင်၊ အိပ်ကောင်းခြင်း မအိပ်နိုင်နဲ့ သံတံကျင်နဲ့ မပြတ်ထိုးဆွခံရတဲ့ ဆင်ငယ်လို တဖျတ်ဖျတ် တုန်လှုပ်ချောက်ချားရင်း သွားလာနေထိုင်ရပါတော့တယ်။

ခမည်းတော်ကြီးကို သတ်ဖြတ်စေတဲ့နေ့က စပြီး အိပ်စက်တော့မယ်လို့ မျက်စိမှိတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဓားလှံပေါင်း အရာအထောင် တို့နဲ့ ထိုးဆွခံရသလို ခံစားရမယ့် အတိတ်နိမိတ်များ ထင်လာပြီး တဖျတ်ဖျတ်တုန်လှုပ် မြည်တမ်းရင်း အိပ်စက်လို့မရ ဖြစ်နေရတဲ့အထဲမှာ ရှင်ဒေဝဒတ်ရဲ့ ဖြစ်ရပ်သတင်းပါ ထပ်ဖိလိုက်တဲ့ အခါမှာတော့ ကမ္ဘာအပေါ် သစ္စာဖောက်မိတဲ့ အပြစ်များက သေချိန်အထိ မစောင့်ဘဲ အရှင်လတ်လတ် ဒဏ်ခတ်နေတဲ့အတွက် တောမီးလွတ်ရာ ပြေးလွှားရင်း ချောက်ထဲကျပြီး စပါးကြီးမြွေအပတ်ခံရတဲ့ ချေသူငယ်ပမာ ကြုံတွေ့နေရရှာတာပါ။

ညဥ့်အခါ အိပ်စက်ချိန်ဆိုတာ တစ်နေ့တာပင်ပန်းသမျှ နားနေအားဖြည့်ချိန်လို့ ဆိုရပေမယ့် အဇာတသတ်အဖို့တော့ ကံရဲ့အကျိုး

ကို ဖြတ်စားလျှပ်စားပြုပြီး သစ္စာဖောက်ခဲ့မိသမျှ ပေးဆပ်နေရခြင်း ဖြစ်လို့ အားမတက်ဘဲ အားပျက်ရုံမက စိတ်ဓာတ်ပါ ချောက်ချား ပျက်ပြားရချိန်ပါ။ ဒါကြောင့်လည်း ညဉ့်အချိန်ရောက်ပြီ ဆိုတာနဲ့ နန်းရင်ပြင်မှာ အမတ်တွေ ခစားစေပြီး ဖြေဆည်ရာ ရှာရပါတယ်။

ဒီဒုက္ခဟာ ကံအပေါ် သစ္စာဖောက်မိခဲ့တာ ဖြစ်လို့ ကံအသစ်၊ ကံအစစ်နဲ့ အစားထိုးဖြေဖျောက်မှ ပျောက်မယ်ဆိုတာ သဘောပေါက် တယ်။ ကံအစစ် ဆိုတာကလည်း သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အစစ်တို့က သာ ညွှန်ကြားကုစားပေးနိုင်မှာ ဆိုတာလည်း သဘောပေါက်တယ်။ ခက်တာက ဘုရားရှင်ရဲ့ ကျောင်းဒကာကြီးလည်းဖြစ်၊ အရိယာပုဂ္ဂိုလ် ကြီးလည်းဖြစ်တဲ့ ခမည်းတော်ဘုရင်ကြီးကို သတ်ဖြတ်စေခဲ့တာဖြစ် လို့ ဘုရားရှင်ထံ မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေတယ်။ ဒီအခက်အခဲ ကို ပြေလည်စေနိုင်သူ ဆိုလို့ ခမည်းတော်ရဲ့မွေးစားသားလည်းဖြစ်၊ အရိယာ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပြီး မိမိထံပါးမှာလည်း အမြဲခစား ဝတ်မပျက်တဲ့ မွေးစားနောင်တော် သမားတော်ကြီး ဇီဝကပဲ ရှိတယ် ဆိုတာ အဇာတသတ် ကောင်းကောင်းသိတယ်။ မင်းတို့ရဲ့ပရိယာယ် ရာဇမာန်အရ တိုက်ရိုက်ကြီး ပြောဆိုတောင်းပန်ပြီး ဘုရားရှင်ထံ အပို့ခိုင်းဖို့ကလည်း ပြောမထွက်ပြန်ဘူး။

ဒါကြောင့် ညချမ်းချိန်၊ အထူးသဖြင့် လသာတဲ့ညဉ့်တွေမှာ ဆိုရင် ဇီဝကအပါအဝင် အမတ်တွေခြံရံပြီး နန်းရင်ပြင်မှာ ညီမူကြ တယ်။ စကားမရှိ စကားရှာသလို လသာညရဲ့ သာယာလှပပုံတွေကို ချီးကျူးပြောဆိုတယ်။ ပြီးတော့မှ ဒီလောက် သာယာတဲ့ညမျိုးမှာ ဘယ်လိုသမဏ ဗြာဟ္မဏပုဂ္ဂိုလ်မျိုးထံ ချဉ်းကပ်ပြီး တရားဓမ္မနာယူ လိုက်ရရင် ငါ့သန္တာန်မှာ ဖြစ်ပေါ်ခံစားနေရတဲ့ အပူတွေ ငြိမ်းအေး သွားပါ့မလဲနော် ဆိုတဲ့ ညည်းချင်းနဲ့ နိမိတ်ပြမေးခွန်းကို မေးလိုက်

တယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဇီဝကပါးစပ်က ဘုရားရှင်ထံ သွားသင့်ကြောင်း ဖွင့်ဟလာစေဖို့ပါပဲ။

ဒါပေမဲ့ အဇာတသတ်မင်းကို ခစားနေကြတဲ့ ပရိသတ်များ ထဲမှာ တိတ္ထိဆရာကြီးခြောက်ယောက်တို့ရဲ့ တပည့်တွေလည်းပါတယ်။ ဒီပုဂ္ဂိုလ်တွေက 'အကွပ်မဲ့ကြမ်း ပရမ်းပတာ' ဆိုသလိုပဲ ရှင်ဘုရင်ရဲ့ စကားရိပ် စကားကဲကို ဘာမှ သဘောမပေါက်ဘူး။ 'ရှင်ဘုရင် သဘော ကျရင် ကိုယ့်ဆရာဟာ မင်းဆရာဖြစ်ပြီး ကိုယ့်အတွက် ရာထူးတက် မယ်' ဆိုတဲ့ အလိုဆိုးနဲ့ ကိုယ့်ဆရာတော်ကြောင်း သူ့ထက်ငါ ဦးအောင် လျှောက်တင် ညွှန်းဆိုကြတာပေါ့။

ခက်တာက 'မင်းတို့စကား မိုးကြိုးသွား' ဆိုတဲ့ထုံးက ရှိနေ လေတော့ အမေးကြီး မေးပြီးလို့ ဒီဆရာထံ သွားသင့်တယ်လို့ အမတ် တစ်ယောက်က လျှောက်တဲ့အခါ 'ဟာ... မင့်ဆရာထံတော့ ငါ မသွားချင်ဘူး' လို့ ငြင်းပယ်ပြီး အဲဒီအမတ်ကို ကြိမ်းမောင်းလို့လည်း မဖြစ်ပြန်ဘူး။ မေးလည်း မေးသေးတယ်၊ လျှောက်တင်တော့လည်း အဟောက်ခံရတယ် ဆိုပြန်ရင် တခြားပုဂ္ဂိုလ်တွေက ကြောက်ပြီး ဘာမေးမေး မလျှောက်ဝံ့မှာလည်း စိုးရသေးတယ်။ ဒီလိုနဲ့ အဇာ တသတ်မင်းကြီးဟာ တိတ္ထိဆရာကြီး ခြောက်ဦးလုံးထံ ရောက်ဖူး ပေါင်း များလှပြီ။ အမေးတခြား အဖြေတခြားနဲ့ ကပေါက်တိကပေါက် ချာ အယူဝါဒတွေကိုလည်း အကြားများလွန်းလို့ နားကတောင် အခါး လွန်ပြီး အန်ထုတ် ချင်လာပြီ။ ဒါပေမဲ့ ဘယ်တော့မေးလိုက် မေးလိုက် 'မဝယ်ချင်ပါဘူး ဆိုတဲ့ ဈေးသည်က ချိန်ခွင်ကို ဦးအောင်မြှောက်' ဆိုသလို ဒီအမတ်တွေကချည်းပဲ ဦးအောင် သူ့ထက်ငါ လျှောက်ကြ တာချည်းပဲတဲ့။

တန်ဆောင်မုန်းလပြည့် တစ်ညမှာတော့ အဇာတသတ် မနေသာတော့ဘူး။ ထုံးစံအတိုင်း သူ့ထက်ငါလျှောက်ကြတဲ့ အမတ်တွေစကားကို ပယ်ရှားပြီး ဇီဝကကို တိုက်ရိုက်မေးရတော့တယ်။ 'သင့်မှာကော ကိုးကွယ်ရာ ဆရာ မရှိလေရော့သလား' ပေါ့။ အဲဒီကျတော့မှ တခြားအမတ်တွေရဲ့ပါးစပ်တွေလည်း ပိတ်ကုန်ရော ဇီဝကက ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေ ဖော်ကျူးပြောဆိုပြီး အခုအချိန်မှာပဲ ဘုရားရှင်နဲ့ နောက်ပါသံဃာ (၁၂၅၀) တို့ သူ့ရဲ့ သရက်ဥယျာဉ်ကျောင်းမှာ သီတင်းသုံးလျက် ရှိပါကြောင်းနဲ့ အရှင်မင်းကြီးရဲ့သောကကို ဘုရားရှင်ကသာ မုချအေးငြိမ်းစေနိုင်မှာဖြစ်ကြောင်း လျှောက်ထားလို့ အဇာတသတ်မင်းကြီး အလို ပြည့်ပြီး နောက်ဆုံးတော့ ဇီဝကရဲ့အစီအမံနဲ့ ညတွင်းချင်းပဲ ဇီဝကရဲ့သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ထံ ရောက်သွားခဲ့ပါတယ်။

ဆရာဇီဝကဆိုတာ ဘုရားရှင်ရဲ့တပည့်ရင်း သောတာပန်အရိယာဖြစ်တဲ့အလျောက် ဘုရားရှင်တို့ရဲ့နှစ်သက်မှု မနှစ်သက်မှုကို ခွဲခြား နားလည်ပါတယ်။ ဒါကြောင့်လည်း ညအချိန်ကြီးမှာ အဇာတသတ်မင်း ဘုရားရှင်ထံ သွားရောက်ဆည်းကပ်မယ် ဆိုတဲ့အခါ ဘုရားရှင်တို့ မနှစ်သက်ဖွယ်မဖြစ်အောင် အသံဆူညံမယ့် မြင်းရထားစတဲ့ ယာဉ်တွေကို အသုံးမပြုဘဲ ဆင်မယဉ်သာ ငါးရာတို့နှင့်အတူ နောက်ပါပရိသတ်များကိုပါ ရှင်ဘုရင်ထွက်တဲ့ တခြားအခါများမှာလို တီးမှုတ် ဆူညံမဖြစ်စေအောင် စီမံပြီး သွားရောက်စေခဲ့တာပါ။

ဒါတောင် ဘုရားရှင်သီတင်းသုံးတဲ့ သရက်တောကျောင်းတိုက်ထဲရောက်တော့ အဇာတသတ်မင်းကြီး ဆောက်တည်ရာမရဖြစ်လောက်အောင် ထိတ်လန့်ပြီး ချွေးဖောတွေပြန်လာလို့ ဆရာဇီဝကက မနည်းဖျောင်းဖျပေးရသေးတယ်။ ဖြစ်ပုံကတော့–

ဇီဝကရဲ့အပြောအရ ဘုရားရှင်နဲ့အတူ နောက်ပါသံဃာ(၁၂၅၀) လောက် သီတင်းသုံးနေတယ်လို့ ဆိုပေမယ့် အခု ကျောင်းဝင်းထဲ ရောက်တဲ့အခါ ချောင်းညံ့ (ချောင်းဟန့်) သံတစ်ချက်တောင် မကြားရဘဲ တိတ်ဆိတ်နေတယ်။ ဒီမှာတင် အဇာတသတ်မင်းက ဇီဝက အပေါ် သံသယဝင်ပြီး ကြောက်လာတာ။ 'ရန်သူနဲ့ပူးပေါင်းပြီး ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ဖို့အတွက် ငါ့ကို ဥပါယ်တံမျဉ်နဲ့များ ခေါ်လာလေရော့သလား' ဆိုပြီးတော့ပေါ့။

ကိုယ်တိုင်က ထီးနန်းစည်းစိမ်ကို နေ့ခင်းကြောင်တောင်ကြီး ဖြတ်စားလျှပ်စား ရယူထားသူ ဆိုတော့ ခုလို ညကြီးမင်းကြီး လူပြတ်တဲ့နေရာမှာ အသံဗလံကလည်း ဆိတ်ငြိမ်နေတော့ 'ဇီဝကလို အရိယာ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီလို မတရားမှုမျိုး ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး' လို့ ဘယ်သိနိုင်တော့မလဲ။ အပြစ်ရှိသူတို့ ထုံးစံအတိုင်း အရာရာကို သံသယရှေ့သွားနဲ့ သုံးသပ်ပြီး အမြဲကြောက်လန့်နေတော့ တာပေါ့။ ကြောက်စိတ်ကို ဖုံးကွယ်မထားနိုင်တဲ့အတွက် နှုတ်က ဖွင့်ဟပြီးတော့ 'ဘယ့်နှယ်လဲ ဇီဝကရဲ့ မင်းဟာ ရိုးရိုးမှ ဟုတ်ရဲ့လား၊ ငါ့ကို ဥပါယ်တံမျဉ်နဲ့ ခေါ်လာပြီးတော့များ ထီးနန်းစည်းစိမ်ကို သိမ်းဖို့များ ကြံစည်တာလား' ဆိုပြီး မေးလာတဲ့အထိ တုန်လှုပ်ချောက်ချားပြီး ချွေးဇောတွေကလည်း အင်္ကျီကိုချွတ်ပြီး ညှစ်ယူရလောက်အောင် ထွက်လာပါသတဲ့။ (သာမညဖလ-၄)

ဇီဝကက မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ ဘုရားရှင်နဲ့ သံဃာတော်များ ညီမူတော်မူရာ ဓမ္မာရုံကျောင်းဆောင်ကြီးဆီ လက်ညှိုးညွှန်ပြပြီး 'ဟိုးမှာ မီးတွေ ထိန်ထိန်လင်းနေတာ တွေ့တယ်မို့လား အရှင်မင်းကြီး၊ လူဆိုးသူခိုးဆိုတာ ဒီလိုကြီး ဘယ်နေရဲပါ့မလဲ၊ အဲဒါ

ဘုရားရှင်နဲ့ တပည့်သားသံဃာတော်တွေ သီတင်းသုံးနေတာပါပဲ' လို့ လျှောက်ထားတော့မှ အကြောက်ပြေသွားပါသတဲ့။

အပြစ်မကင်းသူများဟာ အရာရာကို ကြောက်စရာအဖြစ်နဲ့သာ ရှုမြင်လေ့ ရှိသလားတော့ မသိပါဘူး။ ဘုရားရှင်နဲ့ သံဃာတစ်ထောင်ကျော်တို့ အပ်ကျသံတောင် ကြားလောက်ခမန်း ဆိတ်ငြိမ်နေတာကို အနီးကပ်တွေ့မြင်လိုက်ရတော့လည်း အဇာတသတ်မင်းကြီးရဲ့စိတ်က အချစ်ဆုံးဖြစ်တဲ့ သူ့ရဲ့သားဦးရတနာလေး ဥဒယမင်းသားထံ ရောက်သွားပြန်သတဲ့။ 'ငါ့သားတော်လေး ဥဒယလည်း ဒီသံဃာတော်တွေလို ငြိမ်ငြိမ်သက်သက်ကလေးများ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ဒီလိုပဲဖြစ်ပါစေ' ဆိုပြီးတော့ပေါ့။

အဇာတသတ်မင်းက သူ့သားကို ရဟန်းဖြစ်သွားစေချင်တာတော့ မဟုတ်ပါဘူး။ ရဟန်းတော်တွေလို စိတ်ငြိမ်၊ နှုတ်ငြိမ်၊ ကိုယ်ငြိမ်သူသာ ဖြစ်စေချင်တာပါ။ သူစိုးရိမ်မိတာက 'တကယ်လို့ သားလေးက နှုတ်မငြိမ်ဘဲ ဟိုစပ်စု ဒီစပ်စုလုပ်လို့ 'အဖေက အသက်ငယ်ငယ်လေးနဲ့ ရှင်ဘုရင်ဖြစ်နေတော့၊ အဘိုးက ဘယ်ရောက်သွားလို့လဲ' ဆိုပြီးတော့များ စပ်စုလို့ သူ့အကြောင်းတွေ အကုန်သိသွားခဲ့ရင်... သူပြခဲ့တဲ့ နမူနာ အတိုင်း သားတော်လေး အတုလိုက်မှဖြင့်' ဆိုပြီး တွေးပူမိလို့ အခုလို ငြိမ်ငြိမ်လေးဖြစ်ပါစေလို့ တောင့်တမိတာပါ။

'သီလမရှိရင် ဆုတောင်းမပြည့်' ဆိုတဲ့ ဘုရားရှင်စကားတော် အတိုင်းပါပဲ။ အဇာတသတ်မင်းရဲ့ဆုတောင်းလည်း မပြည့်ပါဘူး။ သူကြိုတင်စိုးရိမ်ထားတဲ့အတိုင်းပါပဲ။ အဇာတသတ်ရဲ့နမူနာကို အတုလိုက်ပြီး အဖသတ်မင်းတွေ 'အဇာတသတ်၊ ဥဒယ၊ မဟာမုဏ္ဍိတ၊ အနုရုဒ္ဓ၊ နာဂဒါသ' ဆိုပြီး ငါးဆက်အထိ ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးမင်းကိုတော့ 'ဒီလို အဖသတ်မင်းဆက်တွေ ထွန်းကားနေလို့ ဘာ

အကျိုးရှိမှာလဲ’ ဆိုပြီး တိုင်းသူပြည်သားတွေ တိုင်ပင်ညီညွတ် အစ ဖျောက်လိုက်မှ ပြတ်သွားတော့တာပါ။

ဘုရားရှင်ထံမှောက် ရောက်တဲ့အခါ အဇာတသတ်မင်းရဲ့ တွေးတောကြောက်ရွံ့တဲ့ စိတ်ထားကို သိတော်မူတဲ့အတွက် ‘မင်းကြီး... သင့်ရဲ့စိတ်က ချစ်မြတ်နိုးသူထံ ရောက်နေတာကိုး’ လို့ စကားဇာပေးပြီး နှုတ်ဆက်လိုက်တော့မှ အဇာတသတ်မင်းကြီးလည်း ဘုရားရှင်ရဲ့သည်းခံနိုင်စွမ်းအားနဲ့ ကြံ့ကြံ့ခိုင်ကြည် တည်ငြိမ်တဲ့စိတ်ထားကို သိမြင်အားတက်ပြီး ဘုရားရှင်နဲ့ ပြောရဲဆိုရဲ လျှောက်ထားရဲ ဖြစ်သွားတယ်။

ဘုရားရှင်က မေးလိုရာမေးဖို့ ခွင့်ပြုတဲ့အခါမှာတော့ သာသနာတော်နဲ့ ဆက်စပ်တဲ့ သိစရာတွေထဲမှာ အခြေခံက စပြီး အမြင့်ဆုံး အရဟတ္တဖိုလ် နိဗ္ဗာန်အထိပါဝင်တဲ့ ရဟန်းပြုရခြင်းရဲ့ မျက်မှောက်ဒိဋ္ဌ ခံစားရရှိမယ့် အကျိုးများနဲ့ ပတ်သက်ပြီး အဆင့်ဆင့်မေးလျှောက်လို့ ဘုရားရှင်ကလည်း ပြည့်ပြည့်စုံစုံကြီးကို ဖြေကြားဟောပြပေးပါတယ်။ ဒီအမေးအဖြေဖြစ်တဲ့ ‘သာမညဖလသုတ်’ ဆိုတာ ပိဋကတ်တော်ထဲမှာ အခြေခံ သီလကစပြီး အရဟတ္တမဂ်ပညာအထိ အကျယ်ဝန်းဆုံးနဲ့ အပြည့်စုံဆုံးဒေသနာတော်ကြီး ဖြစ်ပါတယ်။

ဒီဒေသနာတော်ဟာ အဇာတသတ်မင်းကြီးအတွက် လက်ငင်းလက်တွေ့ ကောင်းကျိုးတွေအများကြီးရရှိထားတဲ့ အဆိပ်ဖြေမိုးကြီးပါပဲ။ ပတ်ဝန်းကျင်ရဲ့နှုတ်ထွက် အဆိပ်မိုးကြောင့် ပင်ကိုသောတာပန်ဗီဇမျိုးစေ့ကနေ အလွန်ရိုင်းတဲ့ အဖသတ်မျိုးအဖြစ် ပြောင်းလဲသွားတဲ့ အဇာတသတ်ရဲ့သန္တာန်မှာ သောတာပန်ဖြစ်နိုင်တဲ့ တိဟိတ်ပဋိသန္ဓေစိတ်ဓာတ် လက်ကျန်ကလေးကြောင့် အမှားကြီးမှားမှန်း သိခဲ့သလို၊

စားမမြိန် အိပ်မပျော် ပူပန်ခဲ့သမျှတွေဟာ ဒီဒေသနာမိုးကြောင့် အများကြီးအေးငြိမ်းခွင့် ရသွားခဲ့ပါတယ်။

ဘုရားရှင်ဒေသနာတော်မှာ ရဟန်းပြုခြင်းရဲ့ လက်ငင်းဒိဋ္ဌ ခံစားရမယ့် အကျိုးတွေကို အခြေခံက စပြီး ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တရား တစ်ဆယ့်ငါးပါး ပြည့်စုံသည်အထိ ပြည့်ပြည့်စုံစုံကြီး လျှောက် ထားနိုင်စွမ်းရှိသလို အကျိုးတစ်ခု တစ်ခုကို ဟောပြီးတိုင်း နှစ်နှစ်ခြိုက် ခြိုက်ကြီး သာဓုခေါ် ဝမ်းမြောက်နိုင်စွမ်းရှိတာကိုက အဇာတသတ်မင်းရဲ့ ပင်ကိုဗီဇ ပါရမီစွမ်းနဲ့ ဉာဏ်စွမ်းတို့ကို ခန့်မှန်း သိသာစေပါတယ်။

ဒေသနာတော် ပြီးဆုံးသွားတဲ့အခါ အဇာတသတ်မင်းရဲ့စိတ်ထဲ မှာ 'ငါဟာ လွန်ခဲ့တဲ့အချိန်တွေတုန်းက စပါးဖျင်းတွေ ဖွဲကြမ်းတွေ ကို အပင်ပန်းခံထုထောင်းပြီး ဆန်ရအောင် ရှာဖွေသူလို မေးလိုက် မိန်းတုတ်၊ ပင်းခုပ်ပေါင်းစား၊ ယောင်ဝါး ယိမ်းယိုင် အသိမှန်အနှစ် ကင်းတဲ့ သာမဏ ဗြာဟ္မဏတွေထံမှာ ဒီပြဿနာကို မေးမြန်းရင်း အချိန်ကုန်ခဲ့သမျှ မြတ်စွာဘုရားရှင်နဲ့ တွေ့ဆုံမေးမြန်းခွင့်ရတဲ့အခါ တကယ့်အမှန်အစစ် အနှစ်အဆီကို သိခွင့်ရခဲ့ပြီ၊ ငါ့သန္တာန်မှာ မောဟ တရားများဟာ ကာလရှည်ကြာ လှည့်ပတ်ခဲ့သမျှ အခုမှ ရှင်းလင်း သွားတော့တယ်' လို့ တွေးပြီး ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိအဟုန်နဲ့ ဘုရားရှင်ထံမှောက်မှာ 'ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ' လို့ မှတ်ယူပါမည့်အကြောင်းနဲ့ 'အသက် ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ' လို့ မှတ်ယူပါမည့် အကြောင်း လျှောက်ထားပါတယ်။

ပြီးတော့မှ မိမိရဲ့မိုက်မဲတွေဝေ မလိမ္မာတဲ့အလျောက် ကျူးလွန် ခဲ့တဲ့ အဖသတ်ကံကြီးကိုလည်း ဖွင့်ဟဝန်ခံပြီး နောက်နောင် စောင့်

စည်းဖို့အတွက် အပြစ်ကို အပြစ်အနေအားဖြင့် သည်းခံတော်မူဖို့ လျှောက်ထားပါတယ်။

ဘုရားရှင်က 'မင်းကြီး သင်ဟာ အပြစ်ကို အပြစ်လို့ ရှုမြင်ပြီး အပြစ်အားလျော်စွာ ကုသတဲ့အတွက် သင့်ရဲ့အပြစ်ကို ငါ သည်းခံပါတယ်။ မင်းကြီး... ဘယ်သူမဆို (၁) အပြစ်ကို အပြစ်လို့ ရှုမြင် တယ်၊ (၂) အကြောင်းအားလျော်စွာ (တရားနဲ့) ကုစားတယ်၊ (၃) နောက်နောင် မကျူးလွန်မိအောင် စောင့်စည်းတယ်ဆိုရင် အဲဒါဟာ ငါဘုရားရှင်ရဲ့အဆုံးအမ (သာသနာ) တော်မှာ ကြီးပွားခြင်းပင် ဖြစ်တယ်' လို့ မိန့်ကြားလိုက်ပါတယ်။

မင်းကြီးနဲ့ ပရိသတ်များ ပြန်သွားတဲ့အခါမှာတော့ ဘုရားရှင်က ရဟန်းပရိသတ်တို့ကို 'ရဟန်းတို့ ဒီအဇာတသတ်မင်းဟာ မိမိရဲ့ ထောက်တည်ရာကို မိမိပင် တူးဖြိုဖျက်ဆီးခဲ့တယ်။ တကယ်လို့သာ တရားမင်းဖြစ်တဲ့ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို မသတ်ခဲ့မိရင် အဇာတသတ်မင်းဟာ ဒီခန္ဓာအစဉ်နဲ့ ဒီနေရာ ဒီဒေသနာရဲ့အဆုံးမှာပဲ သောတာပတ္တိ မဂ်ဉာဏ်အသိအမြင် ဖြစ်ပေါ်ပြီး သောတာပန်အရိယာ ဖြစ်နိုင်တယ်' လို့ မိန့်ကြားတော်မူပါတယ်။

## အဇာတသတ်ရဲ့ နစ်နာမှုနဲ့ အကျိုးရမှု

မဆင်မခြင် ပတ်ဝန်းကျင်ရဲ့ပါးစပ်ထွက်စကား အဆိပ်မိုးကြောင့် ဒီဘဝ ဒီခန္ဓာနဲ့ သောတာပန်ဖြစ်နိုင်စွမ်းရှိတဲ့ ပါရမီမျိုးစေ့ ဆုံးရှုံးနစ်နာသွားပါတယ်။

မြတ်စွာဘုရားရှင်ထံမှာ သာမညဖလသုတ်ဒေသနာ အဆိပ်ဖြေမိုးကို သောက်ချိုးခွင့်ရတဲ့အတွက် ပန်းတစ်စည်းမျှနဲ့ သေဒဏ်က လွတ်တဲ့ ရာဇဝတ်သားလိုပဲ အဖကိုသတ်တဲ့ ပဉ္စာနန္တ ရိယကံကြောင့်

အန္တရကပ် တစ်ကပ်လုံး (နှစ်ပေါင်းအသင်္ချေကြာအောင်) အဝီစိငရဲမှာ ဖြစ်ထိုက်တဲ့အပြစ်ဒဏ်က ကင်းလွတ်ခွင့်ရပြီး သေပြီးနောက်မှာ လောဟကုမ္ဘီ ငရဲမှာသာ နှစ်ခြောက်သောင်းကျခံပြီး လွတ်မြောက်မယ်လို့ ဘုရားရှင်က ဆက်လက်ဟောပါတယ်။ လက်ငင်းလက်တွေ့ အဇာတသတ်မင်းရရှိတဲ့ အကျိုးများကတော့ (၁) အဖသတ်ကံကြီးကို ကျူးလွန်ပြီးချိန်မှ စပြီး နေ့နေ့ညဥ့်ညဥ့် အိပ်စက်ခွင့်မရအောင် တဖျတ်ဖျတ် တုန်လှုပ်ချောက်ချားနေရတဲ့ဘေးက ကင်းဝေးပြီး ချမ်းချမ်းသာသာ အိပ်စက်ခွင့်ရခြင်း၊ (၂) ရတနာသုံးပါးတို့အား အကြီးအကျယ်ပူဇော်သက္ကာရပြုရတဲ့ ကောင်းမှုကုသိုလ်ကို ရရှိခြင်း၊ (၃) ပုထုဇဉ်များထဲမှာ ဘယ်သူနဲ့မှ မတူအောင် သဒ္ဓါတရားသာလွန်တဲ့ ပေါထုဇ္ဇနိကသဒ္ဓါဓိကပုဂ္ဂိုလ် ဖြစ်ရခြင်း၊ (ဒီသဒ္ဓါတရားကြောင့်ပင် ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီးလို့ ပထမဆုံး ဘုရားရှင်ရဲ့ နှုတ်ခပတ်တော်တွေကို စုစည်းပြီး သင်္ဂါယနာတင်တဲ့အခါ အစစ ထမြောက်အောင်မြင်ပြည့်စုံရေးအတွက် တာဝန်ယူတဲ့ ပထမသင်္ဂါယနာ သာသနာ့ဒါယကာအဖြစ် ခံယူနိုင်ခဲ့တာပါ) အဲဒီအကျိုးတရားများအပြင် လောဟကုမ္ဘီငရဲက လွတ်မြောက်ပြီးတဲ့နောက်မှာ ပစ္စေကဗောဓိ ပါရမီတော်များကို ဖြည့်ကျင့်နိုင်ပြီး နောင်အနာဂတ်မှာ 'ဝိဇိတာဝီ' အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်ချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းရလိမ့်မယ်လို့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ထံက နိယတဗျာဒိတ်ကို ရရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

ခပ်ညံ့ညံ့လူများ မိုက်မှားမိတဲ့အခါ 'တစ်တက်စားလည်းကြက်သွန်ဖြူ' ဆိုတဲ့ ဆင်ခြေမျိုးနဲ့ မိုက်တွင်းနက်သည်ထက် နက်တတ်ကြပေမယ့် တိဟိတ်ယောကျ်ားစစ်စစ်ဖြစ်တဲ့ အဇာတသတ်ကတော့ လွတ်လမ်းမရှိဘူးလို့ ထင်ရတဲ့ အဝီစိငရဲက လွတ်အောင် ကြံဆောင်

တဲ့အပြင် ဆုံးရှုံးသွားတဲ့ သောတာပန်မျိုးစေ့အစား ပိုမိုမြင့်မြတ်တဲ့ ပစ္စေကဗောဓိ မျိုးစေ့သစ်အတွက် နိယတဗျာဒိတ်ကို ခံယူနိုင်တဲ့အထိ မဆုတ်မနစ် ကြိုးစားသွားခဲ့တဲ့ တိဟိတ်ယောကျ်ားကောင်းတို့ရဲ့ စိတ်ထားကတော့ လေးစားသင့်လှပါတယ်။

မျိုးစေ့ကောင်းတိုင်း အဆိပ်မိုးနဲ့ ကင်းလွတ်ပြီး မေတ္တာမိုးနဲ့ တွေ့ဆုံနိုင်ကြပါစေသော။

❐

## တပည့်ဆိုးလိမ္မာနဲ့ တပည့်ကောင်းမိုက်

ဒီခေါင်းစီးကို လွှတ်ခနဲကြည့်လိုက်ရင်တော့ အချင်းချင်းတွဲစပ်ပြီး မသုံးသင့်တဲ့ စကားလုံးတွေကို တမင်အဆန်းထွင်ပြီး တွဲစပ်ထားတယ်လို့တောင် ထင်စရာပါပဲ။ မြန်မာတို့ရဲ့နားနဲ့ နှုတ်မှာက ကောင်းတာနဲ့ လိမ္မာတာကို အဓိပ္ပာယ်အတူတူလို့ ယူဆပြီး ပြောနေ ကြားနေတာကလည်း နားယဉ် နှုတ်ယဉ်ဖြစ်နေကြပြီ ဆိုတော့ ဒီလိုပဲ ဆင်တူယိုးမှား ယောင်ဝါးရောကြိတ်နဲ့ အဓိပ္ပာယ်တိတိကျကျ မကွဲပြားဘဲ ပြောဆိုသုံးစွဲနေကြတဲ့ စကားလုံးတွေကလည်း အများသားကလား။

မိမိကိုယ်တိုင်လည်း တိတိကျကျ ခွဲခွဲခြားခြား တယ်မစဉ်းစားဖြစ်ခဲ့ပါဘူး။ နိကာယ်သင်တန်းမှာ ဒီဃနိကာယ် ပါထိကဝဂ်၊ ပါသာဒိကသုတ်ကို သင်ခဲ့ရစဉ်တုန်းကတော့ ဆရာသမားပြောတာကို ကြားခဲ့မိပါတယ်။ နောက်တော့လည်း ထပ်မစဉ်းစားဖြစ်ဘူး။ အသုံးအစွဲတော့ မမှားခဲ့ဖူးပါဘူး။ ရှင်းပြရကောင်းမှန်း သတိမထားမိခဲ့တာပါ။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့က စပြီး မော်ဘီ၊ အောက်ဝါးနက်ချောင်းမှာရှိတဲ့ ဓမ္မဒူတဆောက်နှာ ရာမကျောင်းတိုက်

မှာ ဆယ်တန်းအောင်ပြီးနဲ့ ဘွဲ့ယူ၊ ဘွဲ့လွန်တွေပါဝင်တဲ့ လူငယ်တရားစခန်းမှာ လူငယ်တချို့က 'ဆရာမိဘစကားကို နားထောင်တာဟာ တပည့်သားသမီး ကောင်းလား၊ တပည့်သားသမီးလိမ္မာလို့ ဆိုရမှာလား' ဆိုပြီး ခွဲခွဲခြားခြား မေးကြတာကို ကြားလိုက်ရတော့မှ ဒီအကြောင်းကို ပြန်စဉ်းစားဖြစ်ပါ တော့တယ်။

အဘိဓမ္မာကျမ်းများနဲ့ အဘိဓမ္မာပညာရှင် (အဋ္ဌကထာဆရာ) များရဲ့ ရှင်းပြချက်အရ 'ကောင်းတယ် ဆိုးတယ်' ဆိုတာဟာ တစ်ဦးချင်းစီရဲ့ကျေနပ်မှု၊ နှစ်သက်သဘောကျမှုအရ သတ်မှတ်ပြောဆိုကြတာဖြစ်လို့ တစ်စုံတစ်ခုကို အတိအကျသတ်မှတ်လို့ မရဘူး။ ပုဂ္ဂလိကခံစားချက်နဲ့သာ သတ်မှတ်ပြောဆိုလို့ ရတယ်။ ဒီလို သတ်မှတ်ပြောဆိုရာမှာလည်း တွေ့ကြုံရတဲ့ အာရုံအပေါ်မှာ ကျေနပ်စရာ ဣဋ္ဌာရုံနဲ့ မကျေနပ်စရာ အနိဋ္ဌာရုံလို့ သတ်မှတ်ချက်အပေါ် မူတည်ပြီး ကောင်းတယ်၊ ဆိုးတယ်လို့ ပြောဆိုကြတာပါ။

ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဆိုတာကလည်း 'သဘာဝ' နဲ့ 'ပရိကပ္ပ' ဆိုပြီး နှစ်မျိုးစီကွဲပြားပါတယ်။ ပင်ကိုသဘာဝအားဖြင့် လိုလားကျေနပ်စရာကောင်းတဲ့ ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘ စတဲ့ နာမပညတ်အာရုံများနဲ့ ပန်းနံ့သာ၊ ထမင်း၊ အဖျော် စတဲ့ အာရုံတွေဟာ သဘာဝဣဋ္ဌာရုံတွေ ဖြစ်ပါတယ်။ ဒီသဘာဝ ဣဋ္ဌာရုံများသည်ပင် ရတနာသုံးပါးကို မကြည်ညိုကြသူတွေ၊ မိဘဆရာသမားတို့ကို လေးစားချစ်ခင်ရကောင်းမှန်း မသိသူတွေကျတော့ အနိဋ္ဌာရုံတွေလို့ မှတ်ထင်တတ်ကြပါတယ်။ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသူများအနေနဲ့ ပန်းနံ့သာ စသည်တို့ဟာ နှစ်သက်မြတ်နိုး ခံစားရကောင်းမှန်းမသိတဲ့အတွက် အနိဋ္ဌာရုံများပဲ ဖြစ်ပါတယ်။ ရောဂါနှိပ်စက်ပြီး ခံတွင်းပျက်နေသူတို့အတွက် စားကောင်းသောက်ဖွယ်

ထမင်း၊ ဟင်းလျာ၊ အဖျော် စသည်တို့ဟာလည်း အနိဋ္ဌာရုံများပဲ ဖြစ်နေပါတယ်။ ဒီလိုဖြစ်တာဟာ ခံစားသူရဲ့ ခံယူကြဲဆချက်အတိုင်း သတ်မှတ်တာဖြစ်လို့ 'ပရိကပ္ပအနိဋ္ဌာရုံ' လို့ ခေါ်ပါတယ်။ သဘာဝ ဣဋ္ဌာရုံကနေ ပြောင်းလဲသွားတဲ့ အနိဋ္ဌာရုံပါ။

အလားတူပဲ မစင်တို့၊ အကောင်ပုပ်တို့ဟာ သဘာဝအားဖြင့် စက်ဆုပ်စရာ အနိဋ္ဌာရုံများဖြစ်ကြပေမယ့် ခွေးတို့၊ လင်းတတို့လို တိရစ္ဆာန်များအတွက်တော့ နှစ်သက်စရာ ဣဋ္ဌာရုံများ ဖြစ်နေပြန်ပါတယ်။ ဒါဟာလည်း ခံစားသူအကြိုက်အရ ပြောင်းလဲသွားတာဖြစ်လို့ 'ပရိကပ္ပဣဋ္ဌာရုံ' လို့ ခေါ်ပါတယ်။ သဘာဝအနိဋ္ဌာရုံက ပရိကပ္ပ ဣဋ္ဌာရုံအဖြစ် ပြောင်းလဲသွားကြတာပါ။

ဒီလို ကျေနပ်စရာ၊ မကျေနပ်စရာလို့ ထင်မှတ်မှုကို အကြောင်းပြုပြီး ကောင်းတယ်၊ ဆိုးတယ်လို့ ပြောဆိုကြတာလည်း ပင်ကိုသဘာဝ အတိုင်းမဟုတ်ဘဲ ပရိကပ္ပအလိုက် သတ်မှတ်ကြတာဖြစ်လို့ သေချာ ရေရာမှု မရှိပါဘူး။ ခံစားသူအကြိုက်ပေါ်မှာ မူတည်နေတဲ့ ဂုဏ်ပြုပုဒ် များလို့ပဲ ဆိုရပါတယ်။

'လိမ္မာတယ်၊ မိုက်တယ်' ဆိုရာမှာတော့ လိမ္မာတယ်ဆိုတာ 'အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ' လို့ လယ်တီဆရာတော် ဘုရားကြီး စပ်ဆိုထားတဲ့အတိုင်း ထိုးထွင်းသိမြင်တတ်၊ ခွဲခြားဝေဖန် တတ်တဲ့ ဉာဏ်ပညာ ဆိုတဲ့ ပရမတ္ထတရားကို အကြောင်းပြုပြီး သတ်မှတ်တာဖြစ်လို့ 'ဝိဇ္ဇမာန' (တကယ့်အရှိတရား) ကို အခြေခံပြီး ပြောဆိုရတာ ဖြစ်တဲ့အတွက် ပရိကပ္ပကို လိုက်ပြီး ပြောင်းလဲရိုးထုံးစံ မရှိပါဘူး။ တိကျသေချာပါတယ်။

မိုက်တယ်ဆိုတာဟာလည်း မသိ၊ မလိမ္မာ၊ မိုက်မဲ (တွေဝေ) တာ၊ အဝိဇ္ဇာမောဟ ဆိုတဲ့အတိုင်း အကြောင်းအကျိုး၊ အကောင်းအဆိုး

တို့ကို ခွဲခြားဝေဖန်နိုင်စွမ်း မရှိတဲ့ အဝိဇ္ဇာမောဟ ဆိုတဲ့ ပရမတ္ထတရားကို အကြောင်းပြု သတ်မှတ်ထားတဲ့ ဝိဇ္ဇမာန အခြေခံပညတ်ဖြစ်လို့ ပရိကပ္ပအလိုက် ပြောင်းလဲရိုး မရှိတဲ့ အမှန်အကန် ဝေါဟာရပဲ ဖြစ်ပါတယ်။ ဒါက အဘိဓမ္မာဆရာတို့ရဲ့ခွဲပြချက်ကို အကြောင်းတိုက်ဆိုင်လို့ ရှင်းပြရတာပါ။ စောစောကပြောခဲ့တဲ့ စကားကို ပြန်ဆက်ပါဦးမယ်။

ပါဠိပြည်မှာ မြတ်ဗုဒ္ဓနဲ့ ခေတ်ပြိုင် ဂိုဏ်းဆရာကြီး ခြောက်ဦးထဲက 'ဂျိန်း' ဝါဒကို စတင်တီထွင် ဟောကြားတဲ့ မဟာဝီရခေါ် နိဂဏ္ဌနာဋပုတ္တ ဆိုတဲ့ ဂိုဏ်းဆရာကြီး ကွယ်လွန်တဲ့အခါ ဒီဂိုဏ်းဆရာကြီးတွေက အသက်ထင်ရှားရှိစဉ်မှာ သူတို့ဝါဒရဲ့ အနှစ်သာရလို့ ဆိုတဲ့ အချက်ကို ဘယ်တပည့်ကိုမှ ပြောမပြဘဲ အာစရိယ မုဋ္ဌိဆိုပြီး လျှို့ဝှက်ထားတယ်။ သေရာညောင်စောင်း ရောက်တော့လည်း ဟိုတပည့်ကြီးကို တစ်မျိုး၊ ဒီတပည့်ကြီးကို တစ်မျိုး ပြောခဲ့ကြတာဆိုတော့ ဆရာကွယ်လွန်တဲ့အခါ တပည့်တွေ အုပ်စုကွဲပြီး ငြင်းကြ၊ ခုံကြ၊ ခိုက်ရန်ဖြစ်ကြနဲ့ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကြပြီး သူတို့ကို ကြည်ညိုတဲ့ ဒကာတွေကတောင် စိတ်ကုန်ငြီးငွေ့နဲ့ အော့ကြောလန်သူတွေက လန်ကုန်ကြတယ်။

ဒီအကြောင်းကို ပါဝါပြည်မှာ ဝါဆိုတဲ့ စုန္ဒသမဏုဒ္ဒေသလို့ ကိုရင်ဘဝက နာမည်အတိုင်း နှုတ်ကျိုးပြီး ခေါ်နေတဲ့ အရှင်စုန္ဒမထေရ် မြတ် ကြားသိရလို့ ဝါကျွတ်တဲ့အခါ အရှင်အာနန္ဒာမထေရ်မြတ်ရှိရာကို သွားပြီး လျှောက်ထားတင်ပြတယ်။ အရှင်အာနန္ဒက အရှင်စုန္ဒနဲ့အတူ ဘုရားရှင်ထံ သွားရောက်ပြီး လျှောက်ထားတင်ပြပါတယ်။ (တပည့်များရဲ့နောင်ရေးနဲ့ ပတ်သက်တဲ့ အဆုံးအမကို နာကြားမှတ်သားဖို့ ဖြစ် ပါလိမ့်မယ်။)

ဒီလိုလျှောက်ထားတဲ့အခါ ဘုရားရှင်က…

“ဒါမျိုးက ဒီလိုဖြစ်တတ်တာပဲ စုန္ဒ၊ လောကမှာ ဆရာကလည်း ကောင်းမွန်မှန်ကန်စွာသိတဲ့ ဆရာမျိုးမဟုတ်၊ ဟောထားတဲ့ တရားက လည်း ဒုက္ခငြိမ်းကြောင်း ကောင်းမွန်မှန်ကန်စွာ ဟောထားတဲ့တရား မဟုတ်ဘဲ ထင်ရာမြင်ရာ ဟောထားတဲ့ တရားမျိုး ဖြစ်နေတဲ့အခါ အဲဒီဆရာမျိုးရဲ့တပည့်အဖြစ် ခံယူပြီး အဲဒီလိုတရားမျိုးကို နာယူရတဲ့ တပည့်ဟာ ဆရာဟောတဲ့တရား (ဆရာ့စကား) ကို ရိုသေလိုက်နာ ကျင့်ကြံခြင်း မပြုဘဲ ရှောင်ဖယ်ငြင်းဆန်ပြီးနေတယ်ဆိုရင် ဒီလိုတပည့် မျိုးကို ‘ငါ့ရှင်… သင်ဟာ လူဖြစ်ရကျိုးနပ်ပါသေးတယ်။ လူဖြစ် မရှုံးသေးပါဘူး။ သင်ဟာ မစစ်မှန်တဲ့ ဆရာနဲ့ မမှန်ကန်တဲ့တရား ကို ရှောင်ရှားနိုင်ပါပေတယ်’ လို့ ချီးကျူး ပြောဆိုသင့်တယ်။ ဒီလို ဖြစ်ရပ်မျိုးမှာ ဆရာကလည်း ကဲ့ရဲ့စရာ၊ သူ့တရားကလည်း ကဲ့ရဲ့ စရာဖြစ်ပြီး တပည့်က ချီးကျူးသင့်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ (ပါထိက– ၉၈)

တကယ်လို့ ဒီလိုတပည့်မျိုးနဲ့ ကြုံရတဲ့အခါ ဆရာဖြစ်သူက ကြားလူတစ်ဦးဦးကို သူ့တပည့် သူ့စကားကို နားထောင်လိုက်နာ အောင် စည်းရုံးတိုက်တွန်းခိုင်းလို့ အဲဒီတစ်ဦးဦးက ဒီတပည့်ကို ဖျောင်း ဖျတိုက်တွန်းမယ်၊ တပည့်ကလည်း စိတ်ပြန်လည်ပြီး ဆရာရဲ့ဝါဒ မှားကြီးကို ပြန်လည်လက်ခံ လိုက်နာမယ်ဆိုလို့ရှိရင် တိုက်တွန်းခိုင်း သူ၊ တိုက်တွန်းသူ၊ လိုက်နာသူအားလုံးတို့ဟာ ကိုယ်ကျိုးနည်းတဲ့ မဟာအမှားများစွာကို တိုးပွားစေသူများ ဖြစ်ပါတယ်တဲ့။

ဒီနေရာမှာ ဖြည်းဖြည်းအေးအေး စဉ်းစားကြည့်ပါ။ တပည့် တစ်ယောက်က ဆရာ့စကား၊ ဆရာ့ဝါဒကို ကလန်ကဆန် တွန်းလှန် ဖယ်ရှားတယ်ဆိုတာ ဆရာ့ဘက်က လောကအမြင်အရ ပြောကြမယ်

ဆိုရင်တော့ ဒီတပည့်ဟာ တပည့်ကောင်းတစ်ယောက်လို့ မသတ်မှတ်တော့ပါဘူး။ တပည့်ဆိုးတစ်ဦးလို့သာ ဆိုကြရမှာပါ။ ဒါပေမဲ့ ဒီတပည့်ဟာ ဆရာစစ် ဆရာမှန် ဟုတ်မဟုတ်ကိုလည်း ခွဲခြားသိတတ်တယ်။ ဆရာဟောပြောတဲ့စကား (ဆရာ့ဝါဒ) ကိုလည်း အကျိုးရှိမှန်ကန်တဲ့တရား ဟုတ်၊ မဟုတ် ခွဲခြားသိနိုင်တဲ့ အသိဉာဏ်ရှိတယ်။ အမှားကို ပယ်လှန်ရဲတဲ့သတ္တိလည်း ရှိတယ်။ ဒီလိုသိတတ်တဲ့ အသိဉာဏ်နဲ့ ပြည့်စုံတဲ့အတွက် ဓမ္မဓိဋ္ဌာန်ကျကျကြည့်ရင် တပည့်လိမ္မာစစ်စစ် ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဒီအဆိုကို သဘောပေါက်ဖို့အတွက် ဗုဒ္ဓသာသနာစတင်ပေါ်ပေါက်လာပုံက စပြီး အဂ္ဂသာဝကကြီးနှစ်ပါးတို့ သာသနာဘောင် ရောက်လာပုံအထိ သေသေချာချာ စဉ်းစားကြည့်ပါ။ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးရဲ့ အလိုဆန္ဒအရ သိဒ္ဓတ္ထမင်းသားကို စကြဝတေးမင်းကြီး ဖြစ်စေချင်တာပါ။ သူ့ဆန္ဒအတိုင်း ဖြစ်လာဖို့အတွက်လည်း လောကီအာရုံ ကာမဂုဏ်များနဲ့ အမျိုးမျိုး ကြိုးစားစီစဉ်ခဲ့တာပါပဲ။ ဒါပေမဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသားက လက်မခံဘဲ စွန့်ဖယ်ရှောင်ခွာပြီး တောထွက်ခဲ့ပါတယ်။ အလောင်းတော် ထီးနန်းကို စွန့်ခွာသွားချိန်အထိ ခမည်းတော်ကြီးဘက်က ကြည့်မယ်ဆိုရင်တော့ အလောင်းတော်ဟာ ဖခင်ရဲ့စကားကို လက်မခံ နားမထောင်သူအဖြစ် မှတ်ထင်ခဲ့တာပါပဲ။ သဗ္ဗညုဘုရားရှင်အဖြစ် ရောက်တော်မူပြီးတဲ့အချိန်မှာ ခမည်းတော်ကြီးကိုယ်တိုင်ကလည်း ဇရာတရား ဖိစီးနှိပ်စက်လာလို့ ထီးနန်းစည်းစိမ်တွေနဲ့ ဘယ်လိုမှ ကာကွယ်တားဆီးလို့ မရဘဲ အားကိုးရာအစစ် ရှာမရဖြစ်လာတဲ့အချိန် ရောက်လာတော့မှသာ သားဘုရား ရှာဖွေတွေ့ရှိတယ်ဆိုတဲ့ မသေရာတရား ဆိုတာကို တောင့်တပြီး ဘုရားရှင်ကို အမရေးတကြီး အပင့်ခိုင်းတော့တာ။

ဘုရားရှင် ကြွရောက်ပြီး တရားဓမ္မ ဟောကြားလို့ တရားအသိ ရရှိလာတဲ့အခါရောက်မှ ဖခင်ကြီးရဲ့အဆုံးအဖြတ်နဲ့ သားတော်ရဲ့အဆုံးအဖြတ် ဘယ်ဟာက မှန်ကန်တယ်ဆိုတာ သေသေချာချာသိပြီး သားလိမ္မာစစ်စစ်ဖြစ်ကြောင်း အသိအမှတ်ပြုသွားခဲ့တာပါ။

အဂ္ဂသာဝက အလောင်းတော် ဥပတိဿနဲ့ ကောလိတ သူငယ်ချင်းနှစ်ဦးတို့ရဲ့ဖြစ်စဉ်ကို ကြည့်မယ်ဆိုရင်လည်း မသေရာကို ရှာဖွေလိုကြတဲ့ အလောင်းတော်နှစ်ဦးတို့ဟာ ပထမဆုံး သိဉ္စည်းဆရာကြီးထံမှာ တပည့်အဖြစ်ခံယူပြီး ပရိဗိုဇ်ပြုကြပါတယ်။ ဆရာကြီးရဲ့ အဆုံးအမကို နာခံပြီးလို့ နှစ်ရက်၊ သုံးရက်လောက် ကျင့်သုံးပြီးတာနဲ့ ဒီဆရာနဲ့ ဒီတရားဟာ အစစ်အမှန် မဟုတ်ဘူးဆိုတာ ကောင်းကောင်းကြီး သိကြပြီ။ ဆရာကြီးကတော့ ဒီလောက်ထက်မြက်တဲ့ တပည့်ကြီးနှစ်ဦးကို သဘောကျလွန်းလို့ သူ့မှာရှိတဲ့ တပည့်နှစ်ရာ့ငါးဆယ်ကိုပါ လွှဲအပ်ပြီး အရိုက်အရာအဖြစ် သတ်မှတ်ချီးမြှောက်ပေမယ့် အလောင်းတော်နှစ်ဦးတို့က လက်မခံဘဲ စွန့်ခွာခဲ့ပါတယ်။ ဒီအချိန်မှာ ပုထုဇဉ်ဖြစ်တဲ့ သိဉ္စည်းဆရာကြီးဘက်ကနေ ကြည့်မယ်ဆိုရင်တော့ ဘယ်နည်းနဲ့မှ တပည့်ကောင်းများလို့ သိမှတ်ခံယူနိုင်မှာ မဟုတ်တာ သေချာပါတယ်။

ဓမ္မမျက်စိ၊ ဓမ္မစံနဲ့ တိုင်းတာကြည့်မှသာ 'ဆရာမှား ဝါဒမှားကို ခွဲခြမ်းသိနိုင်တဲ့ အသိဉာဏ်နဲ့ပြည့်စုံတဲ့ အလောင်းတော်ကြီးနှစ်ဦးတို့ဟာ လိမ္မာသူစစ်စစ်များ ဖြစ်ကြတယ်' ဆိုတာ လက်ခံနိုင်ကြမှာပါ။ ဒီလို အသိအလိမ္မာနဲ့ ပြည့်စုံဖို့အတွက် အလောင်းတော်သူမြတ်နှစ်ဦးတို့ဟာ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလောက်ကြာအောင် ပါရမီတော်တွေကို စိတ်ရှည်သည်းခံ ဖွဲ့သန်သန်နဲ့ ဖြည့်ကျင့်ခဲ့ရတာဖြစ်လို့ ဒီလောက် ကာလရှည်ကြာ လွယ်လာခဲ့တဲ့ ပါရမီသန္တေသားကို

လျှော့မွေးဆရာလက်ထဲမှာ ပုံမအပ်ဘဲ ဇွတ်အတင်း စွန့်ခွာခဲ့ပြီး ဘုရားရှင်ရဲ့သာသနာတော်လက်တွင်းကို ရဲရဲတင်းတင်း ပုံအပ်ခဲ့လို့ လည်း ရင့်သန်တဲ့သန္ဓေသားဟာ ထိုက်ထိုက်တန်တန် အဂ္ဂသာဝက ကြီးများအဖြစ် ဖွားမြင်သန့်စင်ခဲ့တယ်ဆိုတာ ကြည့်ရင် တပည့်လိမ္မာ တစ်ယောက်ရဲ့ အရည်အချင်းဟာ ဆရာကြိုက် တပည့်ကောင်းတစ် ယောက်ဖြစ်ရေးအတွက် အရေးပါတယ် ဆိုတာ သဘောပေါက် လောက်ပါတယ်။ ဘုရားရှင်ကိုယ်တိုင်ကလည်း 'ဆရာစစ်၊ ဆရာမှန် ဆိုတဲ့ ကလျာဏမိတ္တကို ရွေးချယ်နိုင်မှုဟာ အကျင့်မြတ်ပြည့်စုံရေး အတွက် ရာနှုန်းပြည့် အရေးပါတယ်' လို့ ဟောတော်မူခဲ့တာ (သံ– ၁–ကလျာဏမိတ္တသုတ်) ဒီလို တပည့်လိမ္မာဖြစ်ရေးကို ရည်ရွယ် တော်မူရင်းပဲ ဖြစ်ပါလိမ့်မယ်။

ဆရာကလည်း ဒုက္ခငြိမ်းကြောင်း နည်းကောင်းလမ်းမှန်ကို သိသူမဟုတ်၊ ဟောထားတဲ့ တရားကလည်း ထင်မိထင်ရာ ပရမ်းပတာ တရားမျိုး ဖြစ်နေပါလျက် တပည့်က ဘာမှ မစိစစ် မဝေဖန်တတ်ဘဲ အရမ်းယုံ အကန်းယုံ လက်ခံပြီး လေးစားခံယူကာ စိတ်အားထက်သန် ကျင့်ကြံ လိုက်နာနေမယ်ဆိုရင်တော့ ဒီလိုတပည့်မျိုးကို တွေ့ခဲ့ရင် 'ငါ့ရှင်... သင်ဟာ အစစ်အမှန်မဟုတ်တဲ့ ဓမ္မဝိနယကို မစဉ်းစား၊ မဝေဖန်ဘဲ လက်ခံကျင့်သုံးနေသူဖြစ်လို့ လူဖြစ်ကျိုး မနပ်တော့ဘူး။ ရခဲတဲ့ လူ့ဘဝကြီး အချည်းနှီး ဆုံးရှုံးရတော့မယ်' လို့ သတိပေး ပြောဆိုပါတဲ့။ ဒီလိုမဟုတ်ဘဲ 'သင်ဟာ တပည့်ကောင်း ပီသပါပေ တယ်။ ဆရာ့စကားကို မပယ်မလှန် လိုက်နာကျင့်ကြံပါပေတယ်' လို့ ချီးကျူးအားပေးစကားနဲ့ မြှောက်တွန်းလုပ်မယ်၊ အမြှောက်ခံရသူက လည်း မြှောက်တဲ့အတိုင်း မြှောက်ပြီး ဆထက်ထမ်းပိုး ကြိုးစားမယ် ဆိုရင် တိုက်တွန်းစေသူ၊ တိုက်တွန်းသူ၊ လက်ခံသူအားလုံးတို့ဟာ

မကောင်းမှုတွေကို ဆိုးဆိုးဝါးဝါး တိုးပွားအောင် ကြိုးစားကြသူများသာ ဖြစ်လိမ့်မယ်။ (အားလုံး ကိုယ်ကျိုး နည်းစေသူများ ဖြစ်ကြလိမ့်မယ်) လို့ သတိပေးဆုံးမပါတယ်။ (ပါထိက ၉၉)

ဒီလို တပည့်ကောင်းလူမိုက်ဖြစ်ရတဲ့ ဖြစ်ရပ်တွေ ပိဋကတ်တော်မှာ အတော်များများရှိပါတယ်။ ထင်ရှားပြီး လူသိများတဲ့ဖြစ်ရပ်ကတော့ အင်္ဂုလိမာလရဲ့ လောကီပညာသင်ကြားချိန် ဖြစ်ရပ်ပါပဲ။

အင်္ဂုလိမာလရဲ့ ငယ်နာမည်က 'အဟိံသက' တဲ့။ မသတ်ဖြတ်မညှဉ်းဆဲတတ်သူ (မောင်ကြင်နာ) လို့ အဓိပ္ပာယ်ရပါတယ်။ သူ့ကို ကိုယ်ဝန်ဆောင်စအချိန်မှာ ရှင်ဘုရင်ရဲ့ လက်နက်တွေအားလုံးက တစ်ပြိုင်နက် အရောင်တွေ ထတောက်ကြသတဲ့။ အဲဒါ ရှင်ဘုရင်ရဲ့ အတိုင်ပင်ခံ ပုရောဟိတ်ကို မေးမြန်းတဲ့အခါ ပုရောဟိတ်ကြီးက 'မိမိရဲ့အိမ်ရှင်မမှာ ပဋိသန္ဓေစွဲကပ်တယ်။ အဲဒီကလေး ကြီးလာတဲ့အခါ သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲမယ်ဆိုတဲ့ အတိတ်နိမိတ်ဖြစ်တယ်' လို့ ဟုတ်မှန်တဲ့အတိုင်း သံတော်ဦးတင်ပါသတဲ့။

ရှင်ဘုရင်က 'ဒီလိုဆိုရင် သူ့အတွက် အန္တရာယ်ရှိပါသလား' လို့ မေးတော့ 'ရှင်ဘုရင်အတွက်တော့ ဘာမှ အန္တရာယ်မရှိပါဘူး' လို့ ပြောတဲ့အခါ ရှင်ဘုရင်ကြီးက သူ့အတွက် အန္တရာယ်မရှိတာလည်း တစ်ကြောင်း၊ သူ့ရဲ့ပုရောဟိတ်ကြီး ဖြစ်နေတာ တစ်ကြောင်းကြောင့် 'ဒီလိုဆိုရင်လည်း ဘာမှ အရေးယူမနေပါနဲ့။ ကလေးကို အန္တရာယ်ကင်းကင်းနဲ့ ဆက်လက်တည်ရှိနေပါစေ' ဆိုပြီး ခွင့်ပြုလိုက်လို့ ရှင်သန်ခွင့်ရခဲ့ပါတယ်။ မွေးဖွားလာတဲ့အခါမှာတော့ အတိတ်နိမိတ်ဆိုးများနဲ့ လွဲအောင်ဆိုတဲ့ ပုဗ္ဗနိမိတ်ကောင်းယူပြီး 'အဟိံသက = ကြင်နာတတ်သူ' လို့ အမည်ပေးခဲ့တာပါ။

ကလေးက နာမည်နဲ့လိုက်အောင် ကြင်နာတတ်သူပါ။ လူကြီးမိဘစကားကိုလည်း လေးစားလိုက်နာတတ်တဲ့ လူတော်ကလေးပါပဲ။ ပညာသင်ချိန်မှာ ဒိသာပါမောက္ခဆရာကြီးထံ အပ်နှံတော့ လိမ္မာထက်မြက်တဲ့ကလေးလည်း ဖြစ်၊ မင်းဆရာကြီးရဲ့သားလည်းဖြစ် ဆိုတော့ ဆရာကြီးကလည်း ဦးစားပေးပြီး သင်ကြားပေးတယ်။ ကျိုးနွံရိုသေပြီး ဘယ်အလုပ် မဆို ခိုင်းသမျှကို ကြိုးစားလုပ်ကိုင်ပေးဖော်ရတဲ့အတွက် ဆရာကတော်ကြီးရဲ့ လက်ကသုံး တောင်ဝှေးလည်းဖြစ်လာတယ်။ ဒါကို မနာလို မရှုဆိတ်တဲ့ တပည့်များက အဟိံသကနဲ့ ဆရာကတော်ကြီးကို စွပ်စွဲသမုတ်ပြီး ဆရာကြီးကို ကုန်းတိုက်စကား ပြောကြပါတယ်။

တပည့်ကောင်းလည်းဖြစ်၊ မျိုးရိုးဇာတိမြင့်မားတဲ့ မိကောင်းဖခင်သားလည်း ဖြစ်တာကြောင့် အစကတော့ မယုံကြည်ပါဘူး။ အကြိမ်ကြိမ် ပြောပါများကြ၊ ဆရာကတော်ကြီးကလည်း ဦးစားပေးလွန်းတာကို တွေ့ပါများလာတဲ့အခါမှာတော့ ဆရာကြီးလည်း အထင်မှားလာတော့တယ်။ ခွန်အားဗလ အလွန်ကြီးမားသန်မာသူဖြစ်လို့ တပည့်များကလည်း မယှဉ်ရဲ။ သူ့ဆီမှာလည်း မထားလိုတဲ့အတွက် ဆရာကြီးက ဥပါယ်တံမျဉ်နဲ့ ရာဇဝတ်သင့်အောင် ဆိုပြီး 'ငါ့တပည့်ကို အဆင့်အမြင့်ဆုံးပညာ သင်ပေးမယ်။ လူအရှင်လတ်လတ်တို့ရဲ့ လက်ညှိုးပေါင်းတစ်ထောင်ကို ဖြတ်ပြီး ပူဇော်ရမယ်' လို့ တိုက်တွန်းလိုက်ပါတယ်။ ဒါနဲ့ပဲ လူတော်လူကောင်းကလေး အဟိံသကဟာ ဆရာ့စကားကို ယုံကြည်ပြီး လူဖမ်း လက်ဖြတ်တဲ့ လူကြမ်းကြီးဘဝ ရောက်ရတော့တာပါပဲ။ လက်ညှိုးတွေကို နွယ်ကြိုးနဲ့သီကုံးပြီး လည်ပင်းမှာ ဆွဲထားတဲ့အတွက် သူ့အမည်ဟာလည်း 'အင်္ဂုလိမာလ = လက်ညှိုးပန်းကုံးဆွဲထားသူ' လို့ တွင်သွားပါတော့တယ်။

အင်္ဂုလိမာလဟာ တပည့်တစ်ယောက်အနေနဲ့ ကြည့်မယ်ဆိုရင် ဆရာကို အရမ်းလေးစားပြီး ဆရာ့စကားကို အရမ်း (တကယ့်ကို အရမ်း) ယုံကြည်လိုက်နာသူဖြစ်လို့ တပည့်ကောင်းတစ်ယောက်ဖြစ်တာ အမှန်ပါပဲ။ ဆရာ့စကားကို ကောင်းဆိုးမှားမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတဲ့ အရမ်းယုံသမားတစ်ယောက်ဖြစ်လို့ အရမ်းမိုက်တဲ့တပည့်မိုက်တစ်ဦး ဖြစ်သွားတာလည်း အထူးပြောစရာ မလိုတော့ပါဘူး။ မိုက်လိုက်သမှ နောက်ဆုံးလိုနေတဲ့ လက်ညှိုးတစ်ချောင်းအတွက် မိခင်ရင်းကို သတ်ပြီး ဖြတ်ယူဖို့အထိတောင် ဆုံးဖြတ်ပြီးသွားပြီ။

သူ့ရဲ့ပါရမီက ပစ္ဆိမဘဝိကသားစစ်စစ် (ယခုဘဝမှာ မုချရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ပြုပြီး သံသရာဝဋ်ဆာတ် အဆုံးသတ်ရမည့်သူ) ဖြစ်လို့သာ မင်္ဂတား ဖိုလ်တားဖြစ်တဲ့ အနန္တ ရိယကံကြီး မကျူးလွန်မိ ဘုရားရှင်နဲ့ တွေ့ခွင့်ရလိုက်လို့ အမိုက်ဆုံးအဖြစ်က လက်မတင်ကလေး လွတ်မြောက်ခဲ့တာပါ။ ဘုရားရှင်ရဲ့အဆုံးအမကို ခံယူပြီးတဲ့အခါမှာတော့ 'အဟိံသက' ဆိုတဲ့ ငယ်နာမည်နဲ့ လိုက်အောင် သတ္တဝါအားလုံးအပေါ်မှာ အလွန်အကြင်နာ ကြီးမားပါတယ်။ သားဖွားမှုအာဝေဏိကဒုက္ခနဲ့ ကြုံတွေ့ရတဲ့ မိခင်တို့အတွက် ဟောထားတဲ့ အင်္ဂုလိမာလသုတ်ဆိုတာ ဒီအရှင်မြတ်ရဲ့ ကရုဏာတရားကြီးမားမှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ သုတ်ပဲပေါ့။

အင်္ဂုလိမာလထက် အဖြစ်ဆိုးတဲ့ နောက်ထပ် တပည့်ကောင်းလူမိုက်တစ်ဦးကတော့ အဇာတသတ်ဘုရင်ပဲ ဖြစ်ပါတယ်။ ဆရာဖြစ်တဲ့ ရှင်ဒေဝဒတ်ရဲ့စကားကို အရမ်းသာမက မိုက်မိုက်ကန်းကန်းကြီးကို လိုက်နာမိတဲ့အတွက် အဖသတ် အနန္တ ရိယကံကြီးကို ကျူးလွန်မိတဲ့အထိ မိုက်တွင်းနက်မိပြီး ဘုရားရှင် ဆွဲတင်ပေးတာတောင်

တွင်းတိမ်သွားရုံပဲ ဖြစ်တော့တယ်။ ကုန်းပေါ်အထိ မရောက်လိုက်နိုင် ရှာတော့ပါဘူး။

ကေသမုတ္တိသုတ်မှာ ကာလာမမင်းတို့ကို ဘုရားရှင် ဟော တော်မူတဲ့ **'မာဗဟုဿုတာယ = ထင်ပေါ်ကျော်ကြား လူသိများတဲ့ ဘွဲ့ထူး ဂုဏ်ထူးရှိသူ၊ လေးစားအားထား ယုံကြည်ထိုက်သူတို့ရဲ့စကား ဖြစ်တယ် ဆိုတဲ့ ပုဂ္ဂိုလ်စွဲမျိုးနဲ့လည်း အရမ်းလက်မခံကြနဲ့'**

**'မာသမဏောနောဂရု = ငါတို့ကိုးကွယ်ရာ ရဟန်းရဲ့စကားဖြစ် တယ်ဆိုတဲ့ ဆရာစွဲမျိုးနဲ့လည်း အရမ်းလက်မခံကြနဲ့'** ဆိုတဲ့ သတိပေး ဆုံးမချက်ဟာ ဒီလိုအန္တရာယ်တွေကို မြင်တော်မူတဲ့အတွက်ကြောင့် ဟောတော်မူတာလို့ သဘောပေါက်စရာပါ။

ပါသာဒိကသုတ်တော်မှာ တပည့်ကောင်းမိုက်နဲ့ တပည့်ဆိုး၊ တပည့် လိမ္မာဆိုတဲ့ သမားရိုးကျနဲ့ ဆန့်ကျင်သယောင်ဖြစ်နေတဲ့ တပည့်နှစ်မျိုးအပြင် 'တပည့်ဆိုး၊ တပည့်မိုက်' နဲ့ 'တပည့်ကောင်း၊ တပည့်လိမ္မာ' ဆိုတဲ့ သမားရိုးကျ တပည့်နှစ်မျိုးကိုလည်း ညွှန်ပြခဲ့ ပါတယ်။

ဆရာက တရားအားလုံးကို မှန်မှန်ကန်ကန် ကိုယ်တော် တိုင် သိမြင်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ ပြည့်စုံတဲ့ဆရာဖြစ်တယ်။ တရားတော်ကလည်း ဒုက္ခငြိမ်းကြောင်း ကောင်းမွန်မှန်ကန်တဲ့တရား ဖြစ်တယ်။ တပည့်က ဒီလိုဆရာနဲ့ ဒီလိုတရားကို ဆန့်ကျင်ပယ်ရှား ပြီး ကျင့်သုံးနေတယ်ဆိုရင် ဒါဟာ ဆရာနဲ့ ဆရာ့တရားများက ချီးမွမ်းထိုက်ပြီး တပည့်က ကဲ့ရဲ့ပြစ်တင်ထိုက်တဲ့တပည့်မိုက် ဖြစ် တယ်။ ဒီလိုတပည့်မျိုးကို တွေ့ခဲ့ရင် 'ငါ့ရှင်... သင်ဟာ လူ့ဘဝ အရမတော်သူ လူဖြစ်ရကျိုးမနပ်သူဖြစ်နေပြီ။ သင်ဟာ ဆရာစစ် ဆရာမှန်၊ တရားစစ် တရားမှန်ကို ပယ်ရှားပြီး ကျင့်ကြံနေပြီလို့ သတိပေးသင့်တယ်' တဲ့။

ဒီလိုဖျောင်းဖျပေးလို့ တပည့်က အမြင်မှန်ရသွားခဲ့ရင် တိုက်တွန်းစေသူ၊ တိုက်တွန်းသူနဲ့ လိုက်နာသူအားလုံးဟာ ကောင်းကျိုးများစေတဲ့ ကောင်းမှုတွေကို တိုးပွားစေကြသူများ ဖြစ်တယ်။ ဒီလိုဆုံးမဖျောင်းဖျတာကို မခံယူဘဲ ဆက်လက်ပယ်ရှားနေတဲ့ တပည့် ဆိုရင်တော့ တပည့်ဆိုး တပည့်မိုက် ဖြစ်သွားပါတယ်။

ဒီအတွက် သာဓကတွေကတော့ နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ ဘုရားရှင်လက်ထက်တော်မှာလည်း ရှင်ဒေဝဒတ်တို့၊ သုနက္ခတ္တတို့၊ အရိဋ္ဌတို့၊ ကဏ္ဍကတို့ ဆိုပြီး အများကြီးရှိခဲ့ဖူးပါတယ်။

တကယ်လို့ ဒီလိုဆရာမျိုး ဒီလိုတရားမျိုးနဲ့ တွေ့ခွင့်ရပြီး တပည့်ကလည်း လေးစားလိုက်နာတယ်ဆိုရင်တော့ တပည့်ကောင်း တပည့်လိမ္မာဖြစ်လို့ ‘အားလုံးကောင်းပါတယ်’ လို့သာ ပြောရမှာပါ။ သာဓကတွေလည်း အလွန်ထင်ရှားလို့ အထူးပြောဖို့ မလိုတော့ပါဘူး။

ဒီတရားအားလုံးကို ကောက်ချက်ချကြည့်လိုက်မယ် ဆိုရင် တပည့်ကောင်းတစ်ယောက် ဖြစ်ရေးထက် တပည့်လိမ္မာဖြစ်ရေးဟာ အလွန်အရေးကြီးတယ် ဆိုတာကို ဖော်ပြနေကြောင်း ထင်ရှားပါတယ်။

ဒီလို တပည့်လိမ္မာဖြစ်သူများဟာ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးတည်ဆောက်နိုင်တဲ့ ‘အတ္တသမ္မာပဏိဓိ’ မင်္ဂလာနဲ့ ပြည့်စုံသူလို့လည်း ဆိုရပါတယ်။

အတ္တ = မိမိကိုယ်ကိုယ်လို့ ဆိုပေမယ့် မိမိရဲ့တစ်ကိုယ်လုံးကို အစိုးကြီးဆောင်တာက စိတ်ဖြစ်လို့ မိမိရဲ့စိတ်ဓာတ်ကိုလို့ ဆိုရပါလိမ့်မယ်။ သမ္မာပဏိဓိ = ကောင်းစွာ ဆောက်တည်တယ်ဆိုတာ သဒ္ဓါသတိ သမာဓိ ပညာဝီရိယ ဆိုတဲ့ စိတ်ဓာတ်ခွန်အားပေး စေတသိက်တရားများနဲ့ ကောင်းအောင် ဆောက်တည်ရတာပါ။ ဒီလို ကောင်းအောင် ဆောက်တည်ထားနိုင်သူဟာ ဆရာအမှားအမှန်၊ ဝါဒ

အများအမှန်တို့ကိုလည်း ခွဲခြားသိမြင်နိုင်စွမ်းရှိတဲ့အတွက် လောကီရေး၊ လောကုတ္တရာရေး ဆိုတဲ့ အရာရာတိုင်းမှာ အောက်တန်းမကျအောင် လိုရာပြီးမြောက် အထက်တန်းရောက်အောင် ပြည့်စုံစေနိုင်တယ်လို့ ဓမ္မပဒ ၁၉ မှာ ဆိုပါတယ်။

အပေါင်းအသင်းမှား၊ ဆရာမှား၊ အယူအဆမှားများဟာ အဓိကအားဖြင့် အတ္တသမ္မာပဏိဓိ မင်္ဂလာချို့တဲ့မှုကို အခြေခံပါတယ်။ 'ဘယ်သူမပြု မိမိမှု' ဆိုတာ ဒီသဘောကို ပြောတာပါပဲ။ မြတ်စွာဘုရားဟောတော်မူတဲ့ 'အတ္တာဟိ အတ္တနော နာထော = မိမိကိုယ်သာ မိမိရဲ့ကိုးကွယ် ရာဖြစ်တယ်' ဆိုတာဟာလည်း 'ဒီလိုကောင်းစွာဆောက်တည်ထားတဲ့ ကိုယ်ကို' လို့ ဆိုလိုတာပါပဲ။ ဒီစကားရဲ့ စကားဆက်အဖြစ် 'အတ္တနာဟိ သုဒန္တေန၊ နာထံလဘတိ ဒုလ္လဘံ = မိမိကိုယ်ကိုယ် ယဉ်ကျေးအောင် ကောင်းစွာဆုံးမဆောက် တည်ထားသူဟာ အရခဲဆုံးဖြစ်တဲ့ ကိုးကွယ်ရာကို ရတယ်' လို့ ဆက်လက်ဟောကြားထားတာကို ကြည့်ရင် ဒီသဘောကို နားလည်နိုင်ပါတယ်။

မော်ဘီ ဆေကိန္ဒာရာမကျောင်း လူငယ်ယဉ်ကျေးမှုသင်တန်းကာလမှာ ညီတော် အရှင်ဆေကိန္ဒနဲ့ ဒီအကြောင်းများကို ဆွေးနွေးဖြစ်ကြပြီး လူငယ်များကို သဘောပေါက်အောင် ရှင်းပြပေးဖို့ အကြံပြုခဲ့တဲ့အတိုင်း အရှင်ဆေကိန္ဒက ရှင်းလင်းဟောကြားပြပုံ ရပါတယ်။ သင်တန်း တတိယနေ့ရောက်တဲ့အခါ လူငယ် (ယောကျ်ားလေး၊ မိန်းကလေး) များ ကို ပွင့်ပွင့်လင်းလင်း ရင်ထဲရှိတဲ့အတိုင်း ပြောကြဖို့ တိုက်တွန်းလို့ ရင်ဖွင့်ကြတော့ မိဘနဲ့ သဘောထား၊ အယူအဆ မကိုက်ညီလို့ အရွဲ့တိုက်ကြပုံ၊ စိတ်လေလွင့်ကြပုံတွေ မကွယ်မဝှက် ဖွင့်အံပြောဆိုကြပြီး ဘယ်သူမပြု မိမိမှု ဆိုတဲ့အတိုင်း နောက်ဆုံးမှာ

ကိုယ်ပြုသမျှ အမှားအမှန်ကို ကိုယ်တိုင်သာ ခံကြ၊ စံကြမှာကို သဘောပေါက်တဲ့အတွက် မိမိကိုယ်ကိုယ် အကောင်းဆုံးတည်ဆောက်ကြမယ် ဆိုတဲ့အကြောင်း ပြောဆိုသွားကြတာကို ကြားလိုက်ရလို့ ပီတိသောမနဿအပြည့်နဲ့ သာဓုခေါ်လိုက်ရပါတယ်။

**မိမိကိုယ်ကိုယ် ကောင်းအောင် တည်ဆောက်နိုင်ကြတဲ့ လူကောင်း လူလိမ္မာလေးများ ဖြစ်ကြပါစေ။**

❐

## အစွမ်းနဲ့ အစ (၁)

လူတိုင်းမှာ အစွမ်းကိုယ်စီ ရှိကြပါတယ်။
ကိုယ့်စွမ်းရာက မစကြဘဲ
သူများပါးစပ်နဲ့ လမ်းဆုံးနေကြလို့သာ
အစွမ်းမပြနိုင်ကြတာပါ။

လူတစ်ယောက် ထွန်းထွန်းပေါက်ပေါက်၊ အောင်အောင်မြင်မြင်ဖြစ်ဖို့ အတွက် မြန်မာစကားမှာ ပြောလေ့ပြောထရှိတာကတော့ 'အစွမ်းအစ ရှိဖို့လိုတယ်' တဲ့။

ဒီစကားရဲ့ရည်ရွယ်ချက်က အများပြောဆိုနေကြတဲ့ အဓိပ္ပာယ် အရတော့ ပင်ကိုအရည်အချင်းကိုသာ ရည်ရွယ်တဲ့သဘောပါပဲ။ မိမိ အနေနဲ့တော့ မိမိတို့ရဲ့ ကံပါရမီအလျောက်ရှိနေတဲ့ အရည်အချင်း သတ္တိကို 'အစွမ်း' လို့ပဲ ရည်ညွှန်းပြီး အဲဒီအစွမ်းတွေ ပေါ်ထွက် လာအောင် စနစ်တကျ၊ နည်းမှန်လမ်းမှန် စတင်လုပ်ဆောင်တာကို 'အစ' လို့ ပြောချင်ပါတယ်။

ဘယ်လောက်ပဲ 'စ' ပြီး အလုပ်တွေကြိုးစားနေနေ အစွမ်းနဲ့ မကိုက်ညီရင် အစွမ်းမပြနိုင်ကြသလို ဘယ်လောက်ပဲ အစွမ်းတွေ

ရှိနေနေ စနစ်တကျ မစတတ်ရင်လည်း အစွမ်းပြနိုင်ကြမှာ မဟုတ်ပါဘူး။

အစွမ်းပြနိုင်ကြဖို့အတွက် မိမိတို့မှာရှိတဲ့အစွမ်းနဲ့ မိမိတို့စတင်လုပ်ဆောင်မှု ကိုက်ညီဖို့ အလွန်အရေးကြီးပါတယ်။ လောကရေးမှာပဲ ဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် ပညာသင်ယူတယ် ဆိုတာအစွမ်းနဲ့ ကိုက်ညီအောင် စတတ်ဖို့ နည်းစနစ်မှန်ကန်အောင် လေ့လာသင်ယူကြရတာပါ။

ဒီနေရာမှာ အောင်မြင်ရရှိတဲ့ 'ဘွဲ့' တို့၊ 'အတန်း' တို့နဲ့ 'ပညာ' ဆိုတာကို ကွဲကွဲပြားပြားနားလည်ဖို့ အရေးကြီးပါတယ်။ ဘယ်သူမဆို မိမိလေ့လာသင်ယူပြီး တတ်သိထားသမျှတွေ၊ အောင်မြင်ထားတဲ့ဘွဲ့တွေ၊ အတန်းတွေဆိုတာ မိမိတို့ရဲ့အစွမ်းကို စနစ်တကျ 'စ' တတ်တဲ့ နည်းစနစ် မဟုတ်ရင် အဲဒါဟာ ဘွဲ့တို့၊ အတန်းတို့သာဖြစ်ပြီး 'ပညာ' လို့ မဆိုနိုင်ပါဘူး။

မိမိရဲ့ကျောင်းက တပည့်များကို ပြောလေ့ရှိတဲ့စကားအတိုင်းပြောရမယ်ဆိုရင်တော့ 'ဘွဲ့' ဆိုတာ ဆိုင်းဘုတ်ပဲ။ 'ပညာ' ဆိုတာကဆိုင်ထဲမှာ တကယ်ရှိတဲ့ပစ္စည်းပဲ။ တချို့ နီယွန်ဆိုင်းဘုတ်ကြီးတွေတပ်ထားတဲ့ လေးထပ် ငါးထပ်အဆောက်အအုံကြီးတွေ အပြင်ကကြည့်ရင် တကယ်ခမ်းနားတယ်။ အထဲဝင်ကြည့်တော့ ဘီစကွတ်မုန့်နဲ့အဝတ်လျှော်ဆပ်ပြာပဲ ရှိတယ် ဆိုတာမျိုးလည်း ရှိတယ်။ တချို့မှာ ဆိုင်းဘုတ်ရယ်လို့ သားသားနားနားမရှိ။ အခန်းကျဉ်းကျဉ်းကလေးဖြစ်ပေမယ့် စိန်ရွှေ ကျောက်မျက်ရတနာတွေရောင်းနေတဲ့ ဆိုင်မျိုးလည်း ရှိတယ်။ ဘွဲ့နဲ့ ပညာဟာ အဲသလို ကွာခြားတယ်။ ကိုယ်ရထားတဲ့ဘွဲ့ဟာ နီယွန်ဆိုင်းဘုတ်ကြီးတွေလောက် ထင်ရှားနေပေမယ့် ကိုယ့်အစွမ်းကို စနစ်တကျစတတ်တဲ့ နည်းစနစ်မျိုးမဟုတ်ခဲ့ရင်၊

အခွင့်မရကြရင်တော့ ဒီဘွဲ့ဟာ ဖိတ်စာရိုက်ဖို့က လွဲလို့ ဘာမှ သုံးမရ ဘူးလို့။

ကဲ... ထားပါတော့။ အစွမ်းနဲ့ အစအကြောင်းကိုပဲ ဆက်ပြော ကြပါစို့။

လူတိုင်း လူတိုင်းမှာ လူ့ဘဝကို ရရှိပြီဆိုကတည်းက အစွမ်း ငါးမျိုး ပါရှိတယ်လို့ ဘုရားရှင်အလိုအရ သိရပါတယ်။ အဲဒီအစွမ်းများ ကတော့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ပဲ ဖြစ်ပါတယ်။ (ဗလငါးပါးလို့ အသိများပါတယ်)

ဟုတ်ပါတယ်။ လူ့ဘဝကို ရရှိတယ်ဆိုတာ အနည်းဆုံး ကာမာဝစရ ကုသိုလ်ကံမျိုးစေ့ ရှိလို့သာ ရောက်ခွင့်ရကြတာပါ။ ကုသိုလ်ကံတစ်ခုခုကို ပြုတိုင်း ပြုတိုင်းမှာလည်း အထက်ပါအစွမ်း ငါးမျိုးက မပါမပြီး ပါရစမြဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအစွမ်းငါးမျိုးတို့ ဆိုတာ လူရဲ့အခြေခံဗီဇ သတ္တိလို့တောင် ဆိုလို့ရပါတယ်။

အဲ... တစ်ခုတော့ရှိတယ်။ လူတိုင်းမှာ ဒီအစွမ်းငါးမျိုး ကိုယ်စီ ပါကြတယ်ဆိုပေမယ့် အားလုံးမှာ တူညီတဲ့အချိုးအစားနဲ့ တစ်ပြေးညီ ပါရှိတာတော့ မဟုတ်ပါဘူး။ မိမိတို့ရဲ့ ပါရမီဓာတ်ခံ အလေ့အထုံ အလျောက် တချို့က သဒ္ဓါစွမ်းအားသန်တယ်၊ တချို့က ဝီရိယစွမ်းအား သန်တယ် စတဲ့ အချိုးအစားကွာခြားမှုတော့ ရှိပါတယ်။

အထက်မှာ ပြောခဲ့သလိုပဲ 'အစွမ်းအစရှိဖို့လိုတယ်' ဆိုတဲ့ နေရာမှာ အစွမ်းဆိုတာ အစရှိပေးဖို့ လိုအပ်သလို မိမိတို့ စတင် ရာမှာလည်း 'ကိုယ့်အစွမ်းနဲ့ ကိုယ့်အစ' ကိုက်ညီဖို့ လိုအပ်ပါတယ်။ လောကပညာ၊ ဓမ္မပညာကို လေ့လာမှတ်သား နာယူကြတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘက်ကစွမ်းရင် ဘာလုပ်ငန်းနဲ့ စရမယ်ဆိုတာ သိတတ်ဖို့ သင်ယူကြရတာ ဖြစ်ပါတယ်။

ဒီအကြောင်းကို ဒီလောက်အထိ ရှည်ရှည်ဝေးဝေး ပြောနေရတာကတော့ လူတော်တော်များများကပဲ 'လုပ်လည်း လုပ်ပါတယ်။ ဘာမှလည်း ဖြစ်ဖြစ်မြောက်မြောက် မအောင်မြင်လာပါဘူး။ ဒါ ဘာကြောင့်လဲ ကံပဲ မကောင်းလို့လား၊ ဉာဏ်ပဲ မကောင်းလို့လား' ဆိုပြီး ညည်းညူကြလွန်းလို့ပါ။

တစ်လောဆီကတောင် ဒကာကြီးတစ်ယောက်နဲ့ တရားအကြောင်း စပ်မိကြတော့ ဒကာကြီးက 'တပည့်တော်ဖြင့် ဘုရားတရားအားထုတ်ဖို့ လိုအပ်တယ်ဆိုပြီး တရားစခန်းတွေ ဝင်ခဲ့တာလည်း အကြိမ်ကြိမ်ပဲ။ ရိပ်သာတွေလည်း ရောက်လှပြီ။ အိမ်မှာလည်း အိပ်ရာဝင် အိပ်ရာထတော့ ပုံမှန်အားထုတ်တာပါပဲ။ ဘာမှတော့ ဟုတ်တိပတ်တိ ဖြစ်မလာပါဘူး။ အကုသိုလ် ဒုစရိုက်နည်းသွားတာ လောက်ပဲ ရှိပါတယ်။ အဲဒါ ဘာကြောင့်ပါလိမ့်' ဆိုပြီး မေးဖူးတယ်။

မိမိက အကျိုးအကြောင်း နည်းနည်းပြောပြပြီးတော့မှ ကြားဖူးတဲ့ ပုံပြင်တစ်ခု ပြောပြမိတယ်။ အရင်က ဆေးနည်းတွေကူးပြီး ဆေးကုနေတဲ့ ဘုန်းကြီးလူထွက် ဆေးဆရာတစ်ယောက်ရှိတယ်။ 'မျက်စိနာပျောက်ဆေးနဲ့ မျက်စဉ်း' ဆိုတာ စာထဲရှိတဲ့အတိုင်း ဖော်စပ်ပြီး ကုသနေတယ်။ တစ်ခါတော့ တခြားတစ်ရွာက မျက်စိနာလို့ ဆရာကို လာပင့်တဲ့အခါ 'မျက်စဉ်းနဲ့ စားဆေး' ကို အရင်ပေးလိုက်ပြီး ဆရာကတော့ နောက်နှစ်ရက်ကျော်မှ လာခဲ့မယ်လို့ မှာလိုက်သတဲ့။

လူမမာရဲ့ရွာမှာ အဲဒီဆရာ ဘုန်းကြီးဘဝတုန်းက တပည့်တော်သူတွေလည်း ရှိသတဲ့။ သူတို့ဆရာကုလိုက်တဲ့ လူမမာတိုင်းလိုလို ဒုက္ခပိုသွားတတ်ကြတာလည်း သိနေလေတော့ လူမမာအကြောင်း တစေ့တစောင်း အကဲခတ် နားစွင့်နေကြတာပေါ့။ ဆရာလာမယ်ဆိုတဲ့ရက် မရောက်မီ ညပိုင်းမှာတော့ ထင်တဲ့အတိုင်းပဲ လူမမာရဲ့ မျက်လုံးကြီးတစ်ခုလုံး ရောင်ကိုင်းပြီး ပေါက်သွားပါလေရောတဲ့။

တပည့်တွေက ဒီအကြောင်းလည်း ကြားရော ဆရာအတွက် စိုးရိမ်ပြီး လမ်းကနေ သွားစောင့်နေကြတယ်။ ဆရာနဲ့ လမ်းမှာ ဆုံမိတဲ့အခါ 'ဟာ… ဆရာ မသွားနဲ့တော့၊ လူမမာ အခြေအနေ မကောင်းဘူး၊ မျက်လုံးကြီး ပေါက်ထွက်သွားပြီ' လို့ ပြောတဲ့အခါ ဆရာက 'တောက်' တစ်ချက် ခေါက်လိုက်တဲ့ပြီး 'ဒီဆေးတိုက်လိုက်မှဖြင့် ဒီအတိုင်းချည်းပဲကွာ' လို့ ညည်းတွားလိုက်သတဲ့။

ဆေးနဲ့ ရောဂါ သင့်မြတ်တယ်၊ မသင့်မြတ်ဘူးတော့ မစဉ်းစားဘဲ ဆေးအပေါ်သာ အပြစ်ပုံချတဲ့ ဆေးဆရာလိုပဲ ဒကာကြီးတို့လည်း ကိုယ့်ရဲ့စရိုက်၊ ဝါသနာ အထုံပါရမီအလျောက်ရှိနေတဲ့ ကိုယ့်အစွမ်းနဲ့ ကိုယ်အားထုတ်နေတဲ့တရား သင့်မြတ်တယ်၊ မသင့်မြတ်ဘူးဆိုတာ သုံးသပ်ရကောင်းမှန်း မသိဘဲ 'ဘယ်လိုပဲ အားထုတ်နေနေ ဒီအတိုင်းချည်းပဲ' လို့တော့ မညည်းကြပါနဲ့။ အစွမ်းနဲ့ အစကိုက်ညီမှ အစွမ်းပြနိုင်မှာပေါ့။ ကိုယ့်မှာ ဘယ်လိုအစွမ်းရှိရင် ဘာတရားက စရမယ်ဆိုတာ မြတ်စွာဘုရားဟောထားတာ ရှိတယ် ဆိုတဲ့အကြောင်း ရှင်းပြလိုက်ရပါသေးတယ်။ ဟုတ်ပါတယ်။ အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ဒဿဗ္ဗသုတ်မှာ ဘုရားရှင်က…

လူတိုင်းမှာ ယုံကြည်မှု 'သဒ္ဓါ' စွမ်းအား၊ အားထုတ်မှု 'ဝီရိယ' စွမ်းအား၊ အောက်မေ့မှု 'သတိ' စွမ်းအား၊ တည်ကြည်မှု 'သမာဓိ' စွမ်းအား၊ သိမှု 'ပညာ' စွမ်းအားဆိုတဲ့ အား (အစွမ်း) ငါးမျိုး ရှိကြတယ်။

အဲဒီငါးမျိုးထဲမှာ 'ယုံကြည်မှု' 'သဒ္ဓါ' စွမ်းအားသန်ကြသူများဟာ တရားထူးတရားမြတ်ကို ရနိုင်ဖို့အတွက် ဘယ်က စသင့်သလဲလို့ မေးခွန်းထုတ်ပြီးတော့မှ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးမျိုးတို့က စသင့်တယ်လို့ ကိုယ်တော်တိုင် ဖြေဆို ဟောကြားတော်မူပါတယ်။

သောတာပန်ဖြစ်ကြောင်း (သောတာပတ္တိယင်္ဂတရား) လေးပါး ဆိုတာ မြတ်စွာဘုရားရှင်ကို မတုန်မလှုပ် ယုံကြည် (ကြည်ညိုမှု)၊ တရားတော်ကို မတုန်မလှုပ်ယုံကြည် (ကြည်ညိုမှု)၊ အရိယာတို့ နှစ်သက် စောင့်ထိန်းလေ့ရှိတဲ့ ငါးပါးသီလကို မကျိုးမပေါက် လုံခြုံအောင် စောင့်ထိန်းမှုတို့ပဲ ဖြစ်ပါတယ်။ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ ပါဝင်တဲ့ အနုဿတိ တရားဆယ်ပါးထဲက ရှေ့ဆုံးလေးပါးဖြစ်တဲ့ 'ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ' တို့ပဲ ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ကြည့်ပါ။ တချို့ဆိုရင် မနက်အိပ်ရာက နိုးလိုက်တာနဲ့ တစ်ပြိုင်နက် ဘုရားဂုဏ်ကို အာရုံမပြုဘဲ မနေနိုင်ဘူး။ ဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူတာ၊ ဘုရားဝတ်ပြုတာတို့ကို လုပ်လိုက်ရမှဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေ ရှိပါတယ်။ အဲဒီလိုဘက်မှာ စိတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သဒ္ဓါစွမ်းအား သန်ကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

အဲဒီလို ကိုယ်အစွမ်းနဲ့ ကိုယ် အားသန်ရာကို လုပ်နေကြသူတွေကို နံဘေးလူများက 'ဟာ... ဒီလောက်ကလေး လုပ်နေရုံနဲ့တော့ နိဗ္ဗာန်ဆိုတာ အဝေးကြီး။ နိဗ္ဗာန်ရဖို့ဆိုတာ တရားထိုင်မှ၊ တရားအားထုတ်မှပေါ့။ ရှုမှတ်ပွားများ လုပ်မှပေါ့။ ဒီလို ဗုဒ္ဓနုဿတိလောက် လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ' လို့ ပြောချင် ပြောကြပါလိမ့်မယ်။

အဲဒီလို အပြောခံရတဲ့အတွက် ဘေးစကား နားယောင်ပြီး တရားစခန်းဝင်မယ်၊ အာနာပါန စတဲ့ သတိပဋ္ဌာန်အလုပ်တွေ လုပ်မယ်ဆိုရင် ဒီအလုပ်ဟာ သူ့အတွက် အဆင်ပြေလှမယ် မဟုတ်ပါဘူး။ ကိုယ်မှ မစွမ်းတဲ့ကိစ္စကို သွားစလို့ ဘယ်လိုလုပ် အဆင်ပြေပါ့မလဲ။ အဲဒီလို အဆင်မပြေတဲ့အခါကျတော့ ဘေးက ပြောပြန်ဦးမယ်။ 'ပါရမီ

ခံတော်ခံနည်းလို့' လို့။ အဲဒီလိုအပြောခံရတော့ စိတ်ခံတတ်တွေ ကျကောင်း ကျနေလိမ့်မယ်။ ဒါဟာ သူများစကား နားယောင်မိလို့ ဒုက္ခရောက်ရတာပါပဲ။

နောက်ဆုံးမှာ 'သတိပဋ္ဌာန်အလုပ်နဲ့ ဝိပဿနာဉာဏ်မပါဘဲ မဂ်ဖိုလ်ကို မရနိုင်ဘူး' ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဝိပဿနာလုပ်ငန်းဆိုတာ သာမညဖလသုတ်မှာ ဘုရားရှင် ဟောတော်မူသလိုပါပဲ။ စိတ်တည်ငြိမ် စင်ကြယ်ပြီး အကြမ်းစား၊ အပူစား ကိလေသာတွေ ကင်းဝေးလို့ စိတ်ထားနူးညံ့သိမ်မွေ့လာတော့မှ ကမ္မနိယ = ဝိပဿနာအလုပ်နဲ့ တန်တဲ့အဆင့်ရောက်ပြီး မတုန်မလှုပ် တည်ကြည်တာ။ အဲဒီအခါမျိုးမှ ဝိပဿနာနဲ့ တန်တာပါတဲ့။

အဲဒီလို ဝိပဿနာနဲ့တန်တဲ့ အဆင့်ရောက်အောင် သတိပဋ္ဌာန်လုပ်ငန်းကို ရှေ့ပြေးလုပ်ရတယ် ဆိုပြီး အာနာပါန စတဲ့ သတိပဋ္ဌာန်လုပ်ငန်းကို စပြီးလုပ်ရမယ်လို့ အများစုက မှတ်ထင်တတ်ကြပါတယ်။ 'သတိပဋ္ဌာန' ဆိုတာ သတိပြဋ္ဌာန်းတာ၊ သတိက ပဓာနဦးဆောင်ပြီး လုပ်ရတဲ့ အလုပ်ပါ။ ဒါဟာ သတိအားကောင်းမှသာ စတင်လုပ်သင့်ကြောင်း ရှေ့မှာ ဘုရားရှင်ကိုယ်တိုင် ပြပါလိမ့်မယ်။ 'သတိ' ဆိုတာ လူမှာရှိတဲ့ အစွမ်းငါးပါးထဲမှာ တစ်ပါးအပါအဝင်ပါပဲ။

'ဒဠှဗ္ဗသုတ်' မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောပြတော်မူတာကတော့ ဘယ်သူမဆို ကိုယ်စွမ်းရာကသာ စပြီး လုပ်ရမယ်လို့ ဆိုလိုတာပါ။ သဒ္ဓါအစွမ်းထက်သူက သဒ္ဓါနဲ့တန်တဲ့ သောတာပန်ဖြစ်ကြောင်း၊ အင်္ဂါဖြစ်တဲ့ အနုဿတိလေးပါးထဲက ကိုယ် ပိုပြီး အားသန်ရာက စပါ။ ဒီလိုစလိုက်လို့ သဒ္ဓါစွမ်းအားတက်လာတာနဲ့ အမျှ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စွမ်းအားတွေပါ တိုးလာမယ်။ အဲဒီတော့မှ သတိက သူ့ရဲ့အလုပ် ဖြစ်တဲ့ သတိပဋ္ဌာန်အလုပ်ကို

ထိထိရောက်ရောက် လုပ်နိုင်ပြီး မဂ်ပညာကို အထောက်အကူပြုသွားမှာပါ။

ဒီနေရာမှာ အဋ္ဌကထာဆရာတော်က ဥပမာတစ်ခု ပြောပြပါတယ်။ ရှင်ဘုရင်ရယ်၊ သူဌေးသားလေးဦးရယ် ပေါင်း သူငယ်ချင်း ငါးဦးတို့ နက္ခတ်သဘင် လှည့်လည်ပျော်ရွှင်ကြတယ်တဲ့။ နက္ခတ်သဘင်ဆိုတာ သူ့အိမ်၊ ကိုယ့်အိမ်မှာ စားသောက်ပျော်ရွှင်စရာတွေ စီစဉ်ပြီး လှည့်လည်စားသောက် သီဆိုပျော်ပါးကြတဲ့ပွဲပါ။

အဲဒီမှာ သူဌေးသားအိမ်တစ်အိမ် ရောက်တဲ့အခါ အိမ်ရှင်သူဌေးသားက အရာရာကို ဦးဆောင်စီစဉ်ပြီး ကျန်သူငယ်ချင်းများက အဖွဲ့ဝင်များအဖြစ် ကူညီရုံ ကူညီကြရပါတယ်။ အိမ်ရှင် ဦးဆောင်စီစဉ်လို့ ပြီးပြည့်စုံသွားပြီ ဆိုတဲ့အခါမှာတော့ သူငယ်ချင်းငါးဦးလုံး အတူတူ ပျော်ပါးခံစားကြပါတယ်။ အဲဒီမှာ ရှင်ဘုရင်ကလည်း 'ငါဘုရင်ပဲ' ဆိုပြီး အိမ်ရှင်ရဲ့ဦးဆောင်မှုထဲ ဝင်မစွက်ပါဘူး။

နန်းတော်မှာ ပျော်ကြမယ့်အလှည့် ရောက်တော့လည်း ရှင်ဘုရင်က သူကိုယ်တိုင်ပဲ အိမ်ရှင်တာဝန်ကျေအောင် အစစ ဦးဆောင်စီစဉ်ပါတယ်။ 'ငါဘုရင်ပဲ' ဆိုပြီး သူတစ်ပါးကို အမိန့်ပေး စေခိုင်းတာမျိုး မလုပ်ဘူး။ ကိုယ့်တာဝန် ကိုယ်လုပ်ပါတယ်။ ပြီးတော့ အားလုံး မျှဝေခံစား ပျော်ပါးကြပါတယ်တဲ့။

အဲဒီဥပမာအတိုင်းပါပဲ။ အစွမ်းငါးပါးထဲမှာ 'ပညာ'က အာဏာအရှိဆုံးဖြစ်လို့ ရှင်ဘုရင်နဲ့ တူတယ်။ ကျန်တဲ့ အစွမ်းလေးပါးက သူဌေးသားလေးဦးတို့နဲ့ တူပါတယ်။ 'သဒ္ဓါ' သူဌေးသားအိမ်မှာ အိမ်ရှင်သဖွယ်ဖြစ်တဲ့ သဒ္ဓါတရားက သူ့သန်ရာ အနုဿတိလေးပါးနဲ့ ပတ်သက်လို့ စီမံဆောင်ရွက်နေတဲ့အခါ ကျန်တဲ့ အစွမ်းလေးမျိုးတို့က သူငယ်ချင်းကောင်းပီပီ လိုအပ်တာကို ဝိုင်းဝန်းကူညီကြပါတယ်။

တစ်ခုရဲ့ကိစ္စကို တစ်ခုက ဝင်ရောက်စွက်ဖက်ခြင်းတော့ မပြုကြပါဘူး။ သဒ္ဓါတရား ဦးစီးစိမ်တဲ့ အနုဿတိတရားများ တိုးပွားလာတဲ့အခါမှာတော့ သဒ္ဓါတရားနဲ့အတူ ကျန်တဲ့စွမ်းအားတွေလည်း တိုးတက်အားကောင်းလာတဲ့အတွက် မဂ်ပညာအထိ ပြီးပြည့်စုံသွားနိုင်ပါတယ်။

မြတ်စွာဘုရားရှင် တရားဦး ဓမ္မစကြာကို ဟောတော်မူတဲ့ ညသန်းခေါင်ယံမှာ ရာဇဂြိုဟ်မြို့ရဲ့ သူဌေးအိမ် ပြာသာဒ်အထက်မှာ 'ကာဠီ' ဆိုတဲ့ မိခင်လောင်း အမျိုးသမီးတစ်ဦးက မီးဖွားခါနီးအချိန် ကိုယ်ဝန်ကြောင့်ဖြစ်တဲ့ ဒုက္ခကို ပယ်ဖျောက်ဖို့အတွက် လေညင်းခံရင်း အနားယူနေပါတယ်။

အဲဒီအချိန်မှာပဲ အထက်ကောင်းကင်ယံမှာ သာတာဂိရိနဲ့ ဟေမဝတဆိုတဲ့ နတ်ဘီလူးနှစ်ဦးတို့က ရတနာသုံးပါးနဲ့ ပတ်သက်လို့ မေးဖြေဆွေးနွေးနေကြတာကို ကာဠီအမျိုးသမီးက အတိုင်းသားကြားနေရတယ်။ သဒ္ဓါစွမ်းအားထက်တဲ့ အမျိုးသမီးပီပီ ရတနာသုံးပါးနဲ့ စပ်တဲ့ အသံကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် ရတနာသုံးပါးတို့ရဲ့ ဂုဏ်အပေါ်မှာ (အထူးသဖြင့်တော့ အဲဒီအချိန်မှာ ပြောဆိုနေတဲ့ ဘုရားရတနာ၊ တရားရတနာအပေါ်မှာ) စိတ်ကရောက်ပြီး ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့ ကြည်နူးတဲ့ပီတိတွေဖြစ်ပြီး ခံစားနေရတဲ့ အာဝေဏိက ဒုက္ခကြီးကိုတောင် မေ့သွားတယ်။

သဒ္ဓါတရားတွေ အားကောင်းတာနဲ့အမျှ ကျန်တဲ့ စွမ်းအားတွေကလည်း ထက်မြက်လာတော့ သတိတရားက ခန္ဓာအစဉ်မှာ မပြတ်ဖြစ်ပေါ်နေတဲ့ ပီတိသောမနဿကလေးကို မပြတ်ရှုမှတ်ရင်း တစ်ချိန်နဲ့ တစ်ချိန် မတူအောင် ပြောင်းလဲဖောက်ပြန်နေတဲ့ အနိစ္စသဘောနဲ့အတူ လက္ခဏာသုံးပါးတို့ကို ပိုင်းခြားသိမြင်တဲ့ ပညာပါရင့်ကျက်ပြီး အဲဒီနေရာမှာပဲ သောတာပန်ဖြစ်သွားပါတယ်။

ကာဋ္ဌိအမျိုးသမီးဟာ မိမိစွမ်းရာက စနိုင်ခဲ့တဲ့အတွက် အမျိုးသမီးအရိယာအားလုံးတို့ရဲ့ အဦးအစ 'အရိယာအစ်မကြီး' အဖြစ် ထင်ရှားအောင် အစွမ်းပြနိုင်ခဲ့တာပါ။ 'ဘယ်ရိပ်သာ ဘယ်စခန်းမှ မသွားဘဲ တစ်နေ့ ဘယ်နှကြိမ် ဘယ်နှနာရီ ထိုင်တယ်ဆိုတာ မပါဘဲနဲ့ ရတနာသုံးပါးဂုဏ်ကို အာရုံပြုတာလေးနဲ့ စလိုက်တာဟာ တရားအားထုတ်တာမှ မဟုတ်ဘဲ အရိယာဖြစ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး' လို့တော့ တစ်ယူသန် အထင်မမှားလိုက်ပါနဲ့။

စွမ်းနိုင်ရာကသာ စမယ်ဆိုရင် အစမှန်တဲ့အတွက် 'အစွမ်း' လည်းသန်လာပြီး ပင်ကိုအစွမ်းရှိသလောက် အစွမ်းပြနိုင်လာပါတယ်။ ဒါဟာ ဘုရားရှင်ကိုယ်တော်တိုင် အာမခံအပြည့်နဲ့ ဟောတော်မူခဲ့တာပါ။

❒

## အစွမ်းနဲ့ အစ (၂)

လူတိုင်းမှာရှိတယ်ဆိုတဲ့ အစွမ်းတွေ တစ်ယောက်နဲ့ တစ်ယောက် အချိုးအစားချင်းမတူကြတာဟာ သူတို့အလေ့အထုံ ဝါသနာအလျောက် ပြုလုပ်ခဲ့ရာမှာ အကြိမ်များရာက စွမ်းအားသာသွားကြတယ်လို့ပဲ ပြောရမှာပါ။ ရတနာသုံးပါးကြည်ညိုလို့ အနုဿတိတွေ အလေ့အထုံ များသူက သူအလေ့အထုံများရာဘက် အားပါပြီး သဒ္ဓါတရားဦးဆောင် ရာပဲ အကျင့်သန်လာတယ်။ ဒီတော့ သူ့မှာ သဒ္ဓါစွမ်းအားက ကျန် စွမ်းအားလေးမျိုးထက် အစွမ်း ပိုပြီးကြီးမားသလို ဖြစ်နေတော့တာပေါ့။

တချို့ကျတော့ အဲဒီလို ဘုရားဂုဏ်ပွားများတာတို့၊ ဆွမ်းပန်း၊ ရေချမ်းကပ်တာတို့ ဆိုတဲ့ အလုပ်တွေကို ဝါသနာမပါကြပြန်ဘူး။ ဒါတွေကို အပိုအလုပ်တွေလိုလိုတောင် ထင်ချင် ထင်နေကြတတ်သေးတယ်။ အဲ... ဒီလို နိစ္စပတ်အလုပ်တွေကိုသာ ဝါသနာနည်းတာ၊ ကံနဲ့ ကံရဲ့အကျိုးကို လုံးဝ မယုံလောက်အောင်အထိ တော့လည်း သဒ္ဓါတရားက မနည်းလှပါဘူး။ ကောင်းကံအားရှိမှ ကောင်းကျိုးရမယ်။ ဆိုးကံတွေရှိနေရင် ဆိုးဒဏ်တွေ ပိမယ်ဆိုတာ လောက်တော့လည်း အမြဲယုံကြည် လက်ခံထားတတ်ကြပါတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ သဒ္ဓါစွမ်းအားထက် ဝီရိယစွမ်းအား ကောင်းနေတဲ့ပုဂ္ဂိုလ်မျိုး ဖြစ်တယ်လို့ ခန့်မှန်းရပါတယ်။ ဝီရိယ စွမ်းအားထက်တယ်ဆိုတာ အရပ်ထဲမှာ လူသိများတဲ့ ဇွဲလုံ့လဝီရိယ ဆိုတဲ့အတိုင်း နေ့မနား၊ ညမနား ကြိုးစားရှာဖွေ လုပ်ကိုင်နေတဲ့ ဝီရိယမျိုးကို ဆိုလိုတာတော့ မဟုတ်တတ်ဘူး။ လောကရေးအရ အလုပ်ကြိုးစားတယ် ဆိုတာမျိုး မဟုတ်ဘူး။ အကုသိုလ်အလုပ်တွေ ကင်းနေရေး၊ ကုသိုလ်ကံတွေ တိုးနေရေးအတွက် ကြိုးစားတာမျိုး ကိုသာ 'ဝီရိယဗလ = ဝီရိယ စွမ်းအား' လို့ ဆိုလိုတာပါ။

ဒီလို ဝီရိယစွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ခမ္မနယ်ပယ် မှာ သမ္မပဒါလေးပါးက စရပါမယ်တဲ့။ သမ္မပဒါန်ဝီရိယ ပွားစေရမယ် လို့ ဆိုတာပေါ့။ သမ္မပဒါန်လေးပါးဆိုတာ...

(၁) မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်အောင် ကြိုးစားခြင်း။

(၂) ဖြစ်ပြီးတဲ့ (ပြုမှားမိခဲ့တဲ့) အကုသိုလ်တရားတွေကို ပယ်ဖို့ ကြိုးစားခြင်း။

(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေကို ဖြစ်အောင် ကြိုးစား ခြင်း။

(၄) ဖြစ်ပြီး (ပြုလုပ်ဖူးပြီး) တဲ့ ကုသိုလ်တွေကို တိုးပွား အောင် ကြိုးစားခြင်းဆိုတဲ့ 'ကောင်းစွာအားထုတ်မှု' များပဲ ဖြစ်ပါတယ်။

ဒီလေးမျိုးထဲမှာ တချို့ သဘောမပေါက်တတ်သလိုလို ဝေ့ လည်လည်ဖြစ်နေတတ်တာကတော့ ဖြစ်ပြီး (ပြုပြီး) တဲ့ အကုသိုလ်တွေ ကို ဘယ်လိုပယ်ရမလဲဆိုတဲ့ အချက်ပါပဲ။ ပြုမှားမိတဲ့ အကုသိုလ်အမှု ကို 'ကြွေး' လို့ သဘောထားလိုက်ရင် ဒီကိစ္စကို သဘောပေါက်မှာပါ။

ကြွေးတင်နေတဲ့ လူတစ်ယောက်ဟာ ကြွေးကျေအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာတော့ လူတိုင်း သဘောပေါက်ပြီးသားပါ။ အလုပ်ကို ကြိုးစားပြီး ရတဲ့လုပ်ခနဲ့ ပြန်ဆပ်ရတာပေါ့။ ဒီသဘောပါပဲ။ ဖြစ်ပြီးသားအကုသိုလ်တွေ ပယ်ဖျက်ဖို့ဆိုတာ ကုသိုလ်အလုပ်တွေကို လုပ်လိုက်ရတာပါပဲ။

ဒီနေရာမှာ ဘုရားရှင်ကတော့ (၁) အပြစ်ကို အပြစ်လို့ အသိရှိရှိ ရှုမြင်ခြင်း၊ (၂) တရားနဲ့အညီ ကုစားခြင်း၊ (၃) နောက်နောင် ဒီအပြစ်မျိုး မကျူးလွန်တော့ဘူးလို့ အခိုင်အမာ ဆုံးဖြတ်ချက်ချခြင်းဆိုတဲ့ ဒီအချက်သုံးချက်နဲ့ ပြည့်စုံရင် ဖြစ်ပြီးတဲ့အကုသိုလ်ကို ပယ်ရှားနိုင်တယ်။ 'အရိယာတို့ရဲ့အဆုံးအမ သာသနာတော်အလိုအားဖြင့် ဒီပုဂ္ဂိုလ်မျိုးဟာ ဆုတ်ယုတ်စရာ အကြောင်းမရှိတော့ဘူး။ တိုးတက်ဖို့သာ ရှိတယ်' လို့ မိန့်ကြားပါတယ်။ (ဒီဃ–သာမညဖလသုတ်)

ဖြစ်ပြီး (ပြုပြီး) တဲ့ ကုသိုလ်တွေကို တိုးပွားအောင် ကြိုးစားတယ်ဆိုတာကတော့ သီလကုသိုလ်ကို ပြုလုပ်ပြီးတယ်ဆိုရင် ဒီကုသိုလ်ကို အကြောင်းပြုပြီး ပတ်ဝန်းကျင်အပေါ်မှာ ကောင်းကျိုးတွေ သက်ရောက်သွားတာ။ ဥပမာ– သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လိုက်တဲ့အတွက် သက်ရှိလောကကြီးမှာ ဘဝလုံခြုံမှုအကျိုးတွေ သက်ရောက်သွားတာ။ သူ့ဥစ္စာကို မတော်မတရား လုယက်သိမ်းပိုက်ခိုးယူခြင်းက ရှောင်ကြဉ်လိုက်တဲ့အတွက် သူတစ်ပါးတို့ရဲ့ စည်းစိမ်ဥစ္စာတွေ လုံခြုံမှုရှိသွားတာတို့လိုပေါ့။ အဲဒါကို သိမြင်ဆင်ခြင်ပေးရင်ဖြစ်စေ၊ ဒီသီလကုသိုလ်ကို ပြုလုပ်လိုက်တဲ့အတွက် မိမိသန္တာန်မှာ လောဘ၊ ဒေါသစတဲ့ တရားဆိုး၊ တရားမိုက်တွေ လျော့ပါးသွားတာကို

ဖြစ်စေ အထပ်ထပ်နှလုံးသွင်း ဆင်ခြေပေးနေရင် သီလကုသိုလ်တွေ အသစ်အသစ် ထပ်ပြုနေရသလို တိုးပွားနေပါတယ်။

ဒါနကုသိုလ်ကို ပြုပြီးတဲ့အခါမှာလည်း မိမိစွန့်လှူလိုက်တဲ့ ကုသိုလ်ကြောင့် အလှူခံပုဂ္ဂိုလ် (အလှူခံတစ်ကျိပ်လေး ခွေးပါမကျန် ဆိုသလိုပေါ့) အားလုံးမှာ ချမ်းသာသုခ ရရှိသွားတာတွေကို ဖြစ်စေ၊ မိမိနဲ့ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတို့အကြားမှာ တွယ်တာကပ်ငြိတဲ့ လောဘတရားဆိုးတွေ၊ ဣဿမစ္ဆေရ တရားဆိုးတွေ ကင်းလွတ်သွားတာကို ဖြစ်စေ အထပ်ထပ် နှလုံးသွင်းတဲ့ (အနုဿတိ) ပြုလုပ်ပေးရင် ကုသိုလ်တွေ အသစ်အသစ် ပြုနေရသလို တိုးပွားနေပါတယ်။

မိမိရဲ့ သီလကုသိုလ်၊ ဒါနကုသိုလ် စသည်ကို အနုဿတိ မြောက်အောင် အထပ်ထပ် နှလုံးသွင်းရာမှာ အထူးသတိထားရမယ့်အချက်ကတော့ မိမိအတွက်ဆိုရင် ဒီလို ကုသိုလ်ပြုလုပ်ရာမှာ 'အကြောက်အမျှော်' ဆိုတဲ့ ကိလေသာတရားစုတွေ ကင်းစင်တာကိုသာ အာရုံပြု ဝမ်းမြောက်ရပါတယ်။ ကိုယ့်အတွက် ဘယ်လိုကောင်းကျိုးတွေ ရနိုင်တယ်ဆိုတာကို မျှော်တွေး ဝမ်းမြောက်တာမျိုး မဖြစ်စေရပါဘူး။ အကြောင်းကံကိုသာ အာရုံပြုမှ ကုသိုလ်အားတက်တယ် (ပါရမီဖြစ်တယ်)။ အကျိုးကို အာရုံပြု (မျှော်ကိုး) ရင် ကုသိုလ်အားပျက်ပါတယ် (ပါရမီမမြောက်တော့ပါဘူး)။ ဒါကြောင့် ကိုယ့်အတွက်ဆိုရင် အကြောင်းကိုသာ အလေးအနက် နှလုံးသွင်းရပါတယ်။

သူတစ်ပါးအတွက်ကတော့ ဒီကုသိုလ်ကို အကြောင်းပြုပြီး ခံယူရရှိကြတဲ့ သတ္တဝါဝေနေယျတွေ ဘယ်လောက်အထိ ဘဝလုံခြုံမှု စည်းစိမ်ဥစ္စာတိုးတက် လုံခြုံမှုရသွားတယ်ဆိုတာကို အာရုံပြုတွေးတော ဝမ်းမြောက်တတ်ရပါတယ်။ မိမိရဲ့လုပ်ရပ်ကြောင့် လောကကြီး တိုးတက်ချမ်းသာတာကို သိရှိခံစားတတ်လေလေ လောကအကျိုးကို

ဆောင်ရွက်လိုစိတ်တွေ တိုးလာလေလေဖြစ်လို့ အတွေးအကြံတွေ၊ ခံယူချက်တွေ၊ အပြောအဆို၊ အပြုအမူတွေအားလုံး ကောင်းမွန်မြင့်တက်သွားပါတယ်။ ပါရမီဆိုတဲ့ ပါဠိစကားရဲ့ အဓိပ္ပာယ်က တစ်ဆင့်ထက် တစ်ဆင့် မြင့်မြတ်အောင် ကြိုးစားခြင်းပဲ ဖြစ်ပါတယ်။

ဒီလို ဝီရိယအစွမ်းက ဦးဆောင်ပြီး အကုသိုလ်ပွားရေးနဲ့ ကုသိုလ်ပွားရေးအလုပ်က စတင်လိုက်လို့ ဝီရိယစွမ်းအားတွေ တိုးသည်ထက် တိုးပြီး စွမ်းအားတွေပြည့်လာပြီဆိုရင် ကျန်စွမ်းအားလေးမျိုးတို့လည်း တိုးတက်ပြည့်စုံလာတဲ့အတွက် ကိုယ့်အစွမ်းနဲ့အညီ ကိုယ့်တာဝန်ကိုယ် အပြည့်အဝ ဆောင်ရွက်နိုင်လာကြပါတယ်။ ဒီလိုနဲ့ ပညာစွမ်းအားပြည့်သွားပြီး အမြင့်ဆုံး အရိယာအဆင့်အထိ ရောက်နိုင်ကြတာပါ။

ကန္ဒရသာလ ကျောင်းတိုက်ကြီးရဲ့ ပဓာန နာယက မထေရ်မြတ်ကြီးဟာ ဝါတော်ခြောက်ဆယ်ရချိန်အထိ ရဟန်းသီလကို မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူပါတယ်။ အလွန် ဝီရိယစွမ်းအားထက်မြက်တဲ့ မထေရ်မြတ်ကြီးပါပဲ။ မထေရ်မြတ်ကြီးရဲ့ သီလဂုဏ်နဲ့ တပည့်အပေါင်းတို့ကို သင်ကြားပို့ချပေးမှုကြောင့် ရှင်ဘုရင်က စလို့ ဆင်းရဲသားအထိ တစ်တိုင်းပြည်လုံးက လေးစားကြည်ညိုကြပါတယ်။

ဝါတော်ခြောက်ဆယ် (သက်တော်ကတော့ အနည်းဆုံး ရှစ်ဆယ်ကျော်) အရွယ်ရောက်လို့ သေရာ ညောင်စောင်း လဲလျောင်းရချိန်အထိတော့ မဂ်ဖိုလ်ပေါက် အရိယာပုဂ္ဂိုလ် မဖြစ်သေးပါဘူး။ မထေရ်မြတ်ကြီး ရောဂါအသည်းအသန်ဖြစ်နေချိန်မှာ တိဿရှင်ဘုရင်ကြီးက ဖူးမြော်ဖို့လာတဲ့အခါ ကျောင်းဝိုင်းတံခါးဝမှာ ရပ်နေတုန်း မထေရ်မြတ်ကြီးရဲ့ ညည်းညူတဲ့အသံကို ကြားရတော့ 'ရဟန်းဖြစ်လို့

ဝါခြောက်ဆယ်ရနေတာတောင် ဝေဒနာလေးမှ မခွာနိုင်ဘူး၊ မဖူး တော့ဘူး’ ဆိုပြီး မဟာဗောဓိပင်ကို ဖူးမြော်ဖို့ လှည့်ပြန်သွားတယ်။

အလုပ်အကျွေးဖြစ်တဲ့ သာမဏေငယ်က ‘အလွန်ကြည်ညိုတဲ့ ဘုရင်ကြီး သဒ္ဓါတရားပျက်သွားပြီ’ ဆိုတဲ့အကြောင်းကို ဖြစ်ကြောင်း စုံလင်လျှောက်ထားတဲ့အခါ မထေရ်မြတ်ကြီးက ‘ကဲ… ကဲ… ခဏလောက် အချိန်ပေးကြပါကွယ်’ လို့ ပြောပြီး တရားကို နှလုံးသွင်း ရင်း ဝေဒနာကို ခွာပြီး ပွားများလိုက်တာ ရဟန္တာအထိ ဖြစ်သွားပါ တယ်။

မထေရ်မြတ်ကြီးဟာ ပထမဆုံး မိမိရဲ့သီလကို ဆင်ခြင် လိုက်တော့ ဘာတစ်ခုမှ ညစ်နွမ်းကျိုးပေါက် မရှိတာကို ဆင်ခြင်မိပြီး ပီတိသောမနဿ ဖြစ်လာတာပေါ့။ စိတ်ဆိုတာ တစ်ချိန်မှာ တစ်မျိုး သာ ဖြစ်ခွင့်ရှိတဲ့အတိုင်း မထေရ်မြတ်သန္တာန်မှာ သီလကို နှလုံးသွင်း ပြီး ပီတိသောမနဿဖြစ်ပြီ ဆိုတာနဲ့ တစ်ပြိုင်နက် ခံစားနေရတဲ့ ဒုက္ခဝေဒနာက ကွာသွားတော့တာပေါ့။

တရားထူးကို ရရှိပြီးချိန်ရောက်တော့ မထေရ်မြတ်က အချက် ပေးလိုက်တဲ့အတွက် အလုပ်အကျွေး သာမဏေငယ်က ဘုရင်ကြီး ကို အကျိုးအကြောင်း အသိပေးပြီး ဖူးမြော်ဖို့ တိုက်တွန်းတယ်။ ဘုရင်ကြီးက မထေရ်မြတ်ရဲ့ခြေရင်းမှာ မိချောင်းလို ဝပ်စင်းပြီးတော့မှ ‘တပည့်တော်ဟာ အရှင်မြတ်ရဲ့ အရဟတ္တဂုဏ်ကို ရှိခိုးတာ မဟုတ်ပါ ဘုရား။ ပုထုဇဉ်အဖြစ်နဲ့ နှစ်ပေါင်းခြောက်ဆယ်တိုင်တိုင် မကျိုး မပေါက်အောင် ကြိုးစားစောင့်ထိန်းခဲ့တဲ့ သီလဂုဏ်ကို အာရုံပြုပြီး ရှိခိုးတာပါဘုရား’ လို့ ပြောပြောပြီး ရှိခိုးပါတော့သတဲ့။

ဝီရိယအစွမ်းထက်သူပီပီ ဝီရိယအစွမ်းနဲ့ ကိုက်ညီတဲ့ သမ္မပဒါန် လုံ့လကို စတင်ကြိုးစားခဲ့ရာက အစွမ်းအားလုံးပြည့်ပြီး နောက်ဆုံး

သီလရဲ့အစွမ်းနဲ့ မဂ်ပညာရောက်အောင် သုတ်သင်ပို့ဆောင်ပေးလိုက်တာပါပဲ။ စွမ်းရာက စနိုင်ခဲ့လို့ အစွမ်းကုန်ပြနိုင်တဲ့ ရဟန္တာအဖြစ်အထိ ရောက်သွားခဲ့တာ ဖြစ်ပါတယ်။

ကြားစကားနဲ့ အချိန်မကုန်စေဘဲ ပွားများခဲ့တဲ့ အထုံအရကိုယ့် အစွမ်းသန်ရာနဲ့ တန်ရာက စပြီး အစွမ်းပြနိုင်ကြပါစေ။

❐

# အစွမ်းနဲ့ အစ (၃)

အစွမ်းနဲ့အစ ကိုက်ညီဖို့အတွက် ပထမဆုံး အရေးကြီးတာက 'ကိုယ့်မှာ ဘယ်အစွမ်း ပိုပြီးထက်သလဲ' ဆိုတာ အကဲခတ်တတ်ဖို့ ပါပဲ။ ဒဋ္ဌဗ္ဗသုတ်မှာ ဘုရားရှင် ဟောတော်မူထားတာကို ကြည့်ပြီး မိမိသဘောပေါက်သလို ပြောရမယ်ဆိုရင်တော့ 'ကိုယ် ဘယ်လိုကိစ္စမျိုးမှာ စိတ်အားပိုပြီး ထက်သန်သလဲ' ဆိုတဲ့ 'ကိုယ့်စရိုက် ကိုယ့်ဝါသနာ' ကို ကြည့်ပြီး အကဲခတ်ရမယ်လို့ ထင်ပါတယ်။ ဟုတ်တယ်လေ။ 'စရိုက်၊ ဝါသနာ' ဆိုတာ ကိုယ်အလေ့အထုံများခဲ့တဲ့အတိုင်း ဖြစ်ကြရတာဆိုတော့ စရိုက်ဝါသနာကိုကြည့်ပြီး အလေ့အထုံများကို အကဲခတ်မိလာမယ်။ အဲဒီ အလေ့အထများခဲ့တဲ့ အလုပ်တွေမှာ ဦးဆောင်တဲ့တရားဟာ ကိုယ့်သန္တာန်မှာ အစွမ်းပိုပြီးထက်နေမှာပဲပေါ့။

သိပ်မရှင်းသေးဘူးများ ဖြစ်နေမလားပဲ။ ဒီလိုလေ ဘုရားရှင်က သဒ္ဓါစွမ်းအားထက်သူဟာ ဗုဒ္ဓါနုဿတိ စတဲ့ အနုဿတိလေးပါးက စသင့်တယ်လို့ ဟောတယ် မဟုတ်လား။ ဒီလိုဆိုရင် မိမိရဲ့စိတ်ဟာ ရတနာသုံးပါးဂုဏ်ကို အာရုံပြုတဲ့နေရာမှာ၊ ဘုရားဝတ်ပြုရာမှာ၊ ဆွမ်း ပန်း ရေချမ်းကပ်တဲ့ အလုပ်တွေများမှာ၊ ပြီးတော့ သီလဥပုသ်

စောင့်ထိန်းရာမှာ ထက်သန်နေတယ်ဆိုရင် ဒီအလုပ်တွေမှာ အလေ့အထုံများခဲ့လို့ပဲ။ ဒီအလုပ်တွေကို လုပ်ရာမှာလည်း သဒ္ဓါတရားကသာ ဦးဆောင်ပြီး လုပ်ရတာဆိုတော့ ဒီအလုပ်မျိုးတွေမှာ စိတ်ထက်သန်သူကို သဒ္ဓါစွမ်းအားကြီးမားသူလို့ အကဲခတ်မိရမယ်လို့ ဆိုလိုတာပါ။

အဲဒီလိုပဲပေါ့။ အကုသိုလ်ကင်းရှေးဖြစ်တဲ့ သီလခိုင်မာမှုကိုသာ အလေးအနက်ထားချင်နေတယ်ဆိုရင် ဝီရိယစွမ်းအားကောင်းတယ်လို့ ဆိုရမှာပေါ့။ သဒ္ဓါစွမ်းအားထက်သူက ဥပုသ်စောင့်သုံးရတာ၊ ကျောင်းကန်ဘုရား သွားရတာကို ဝါသနာတစ်ခုလို ထက်သန်တယ်။ ဝီရိယစွမ်းအားသမားက ကျောင်းကန်ဘုရားသွားတာထက် သီလမကျိုးမပေါက်ရေးကို ပိုပြီး အားသန်တယ်။ စဉ်းစားကြည့်ရင် နည်းနည်းထူးပါတယ်။

အဲ… တချို့ကျတော့ 'အတော်သတိကောင်းတယ်' လို့ အသိအမှတ်ပြုရလောက်အောင် ဟိုးငယ်ငယ်ကလေးက တွေ့ကြုံခဲ့ရတာတွေကိုတောင် ပြန်ပြီး ပြောနိုင်ကြသူတွေလည်း ရှိတာပဲ။ သူတို့ကိုတော့ 'သတိစွမ်းအားကောင်းသူ' လို့ ဆိုရပါလိမ့်မယ်။

'သတိ' ဆိုတဲ့ ပါဠိစကားကို မြန်မာတွေက ကိုယ်ပိုင်စကားလို တရင်းတနှီး သုံးနေကြတာပါပဲ။ ဒီနေရာမှာ အဘိဓမ္မာသဘောအရ ပြောရရင် 'ဘုရား' အစရှိတဲ့ ကောင်းတဲ့အာရုံတွေကို သတိရနေတာကိုသာ 'သတိ' လို့ ဆိုရမယ်။ 'ငယ်ငယ်က ဘယ်လိုဖြစ်ခဲ့တယ်' လို့ ပြန်ပြီး သတိရတာမျိုးကိုတော့ 'သညာ' လို့သာ ဆိုရမယ်လို့ ပြောတာလည်း ရှိပါတယ်။ ဒါပေမဲ့ အဋ္ဌကထာမှာ မထေရ်မြတ်တစ်ပါးက သူ ပက်လက်အိပ်တတ်စအရွယ်မှာ မိခင်က သူ့မျက်နှာကို ငုံ့ပြီး နမ်းလိုက်တဲ့အခါ ခေါင်းမှာပန်ထားတဲ့ မြလေးပန်းကုံးကြီး သူ့မျက်နှာပေါ် ပြုတ်ကျတာကို သတိရတယ် ဆိုတာကိုလည်း သတိ

ကောင်းသူလို့ပဲ မှတ်ချက်ချတဲ့အတွက် ဘာကိုပဲ သတိရရ သတိအား ကောင်းတယ်လို့ ဆိုရမှာပါပဲ။ ကောင်းတာကို သတိရတော့ သမ္မာသတိပေါ့။ မကောင်းတာကို သတိရတော့ မိစ္ဆာသတိပေါ့။

အဋ္ဌကထာမှာ သတိဟာ ကိစ္စတိုင်းမှာ လိုအပ်တယ်။ သတိတရားဟာ ပိုလွန်းတယ်လို့ မရှိဘူးလို့လည်း ဆိုတယ်။ ပြီးတော့ 'သတိဟာ ဟင်းတိုင်း ဟင်းတိုင်းအတွက် လိုအပ်တဲ့ ဆားလိုပဲ' လို့လည်း ဆိုပြန်ပါတယ်။ ဟင်းတိုင်းမှာ ဆားသင့်မျှဖို့ လိုအပ်သလို သတိဆိုတာလည်း သင့်မျှဖို့တော့ လိုအပ်တယ်လို့ပဲ ဆိုရမှာပါ။ ဟုတ်တယ်လေ၊ သတိက အမျိုးမျိုးရှိနေတာဆိုတော့ သဒ္ဒါစတဲ့ အစွမ်းတွေအကူအညီရထားတဲ့ သတိမျိုးက ပိုတယ်လို့ မရှိပေမယ့် တချို့သတိမျိုးတွေကျတော့ 'ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်တယ်' ဆိုတာမျိုးလည်း ရှိနိုင်တာပေါ့။

တောင်စွန်းမှာ ဆရာတော်တစ်ပါး မိန့်ကြားဖူးတယ်။ သူ့ကျောင်းအနီးက ဒကာမကြီးတစ်ယောက် ညအိပ်ရာဝင်ခါနီးမှာ ဘုရားကိုလည်း အသံကျယ်ကျယ်နဲ့ ရှိခိုးလေ့ရှိတယ်။ အဲ... ဘုရားစပြီး ရှိခိုးဝတ်ပြုချိန်မှာ အစိန္တေယျ... အစိန္တေယျ... လို့ စလိုက်တာနဲ့ တစ်ပြိုင်နက် 'ဟဲ့... သမီး စားပွဲပေါ်မှာ နင့်အဖေဖို့ ချန်ထားတဲ့ ဟင်းခွက်တွေ သေချာအုပ်ထားလိုက်နော်၊ ကြောင်စားသွားမယ်။ အပ္ပမေယျ... အပ္ပမေယျ... ဟိုအငယ်ကောင်... မနက် ဈေးဝယ်သွားရမယ့်ပိုက်ဆံကို သေသေချာချာထည့်ထား၊ ဩကာသ... ဩကာသ... ဟိုအကြီးကောင်... ဟိုဘက်ပိုင်းက ဈေးဖိုးတွေ သွားတောင်းရမှာ သွားတော့လေ' ဆိုပြီး ဘုရား ဝတ်တက် တစ်ပိုဒ်၊ အစီအစဉ်တစ်ခုနဲ့ စီမံလိုက်တာ၊ ဘုရားဝတ်ပြုတာလည်း ဆုံးရော နောက်တစ်နေ့

အတွက် အိမ်မှုကိစ္စတွေ၊ စီစဉ်စရာရှိတာတွေလည်း ပြီးရောပဲတဲ့။ ဒီလိုသတိမျိုးကျတော့ ပြည်ပန်းညိုဟင်းကိုဖျက်တဲ့ ဆားတွေလို ဖြစ်သွားတာပေါ့။

ထားပါတော့၊ ဒီဒင္ဂဗ္ဗသုတ်မှာ ဘုရားရှင်ပြောလိုတဲ့ သတိဆိုတာကတော့ အထူးသဖြင့် မိမိရဲ့ခန္ဓာကိုယ်ပေါ်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ထွက်လေဝင်လေက စပြီး မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့သဘောတွေ၊ ခန္ဓာကိုယ်ရဲ့ပြောဆိုပြုမူ လှုပ်ရှားမှုတွေကို မပြတ်စောင့်ကြည့်သလို ဖြစ်ပေါ်နေတဲ့သတိကို ပြောလိုရင်းပါ။

အဲဒီလို သတ္တိစွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်များကတော့ ဒီနေ့ 'တရားအားထုတ်တယ်' ဆိုတဲ့ နယ်ပယ်မှာ အများလက်ခံ သိမှတ်ထားတဲ့ သတိပဋ္ဌာန်အလုပ်နဲ့ ထိုက်တန်တဲ့အတွက် သတိပဋ္ဌာန်လေးပါးက စသင့်ပါတယ်တဲ့။ သတိပဋ္ဌာန်လေးပါးရဲ့ အကျယ်ကတော့ ဟောပြောချက်၊ ရေးသားချက်တွေ အတော်စုံပါတယ်။ လေ့လာကြရမှာပါ။ အတိုချုပ်ကတော့ ထွက်လေဝင်လေ ရှူရှိုက်မှုလေးကိုပင် မပြတ်သတိရှိအောင် အားထုတ်မှုမျိုး၊ သွားသတိ၊ လာသတိ၊ စားသတိ၊ အိပ်သတိ ဆိုတာမျိုး၊ လောဘ ဒေါသစတဲ့ တရားဆိုးတွေပဲဖြစ်ဖြစ်၊ သဒ္ဓါ၊ ဝီရိယ၊ အလောဘ၊ အဒေါသ စတဲ့ တရားကောင်းတွေပဲဖြစ်ဖြစ် မိမိသန္တာန်မှာ ဖြစ်ပေါ်နေတာကို ဖြစ်ပေါ်နေမှန်းသိအောင် သတိပြုရတဲ့အလုပ်ပါ။

'လူ' ဆိုတာ ကုသိုလ်ကံမျိုးစေ့နဲ့ ဖြစ်လာကြသူများပီပီ၊ အပြစ်ကင်းခြင်းနဲ့ ကောင်းကျိုးချမ်းသာကိုသာ နှစ်သက်လက်ခံတတ်ခြင်းဆိုတဲ့ ကုသိုလ်ရဲ့လက္ခဏာနှစ်ပါးက အခြေခံလူ့ဗီဇအဖြစ်နဲ့ ပါရှိလာတာဖြစ်လို့ မကောင်းတဲ့တရားတွေ ဖြစ်ပေါ်နေတာကို သတိ

ထားရှိလာရင်လည်း 'ဒါဟာ အပြစ်မကင်းတဲ့တရား၊ ကောင်းကျိုး ချမ်းသာကို မပေးနိုင်တဲ့တရား' ဆိုတာ သိပြီး ပြုပြင်ရကောင်းမှန်း သိလာတဲ့အတွက် သတိရှိသူတိုင်း အသိက နောက်ကလိုက်ပြီး ဖြစ် ပေါ်လာမြဲ ဓမ္မတာဖြစ်ပါတယ်။ သတိမပါဘဲ ဘယ်လိုအသိမှ မဖြစ် နိုင်ပါဘူး။ ဒါကြောင့်လည်း ဘုရားရှင်က အသိပညာအကြောင်း ဟော တော်မူတိုင်း 'သတိသမ္ပဇဉ = သတိနဲ့ အသိ' ဆိုပြီး တွဲလျက် ဟောတော်မူတာပါ။ တကယ်လို့ သမ္ပဇဉ (အသိ) လို့သာ သီးခြား ခွဲပြီး ဟောတော်မူတယ်ဆိုရင်တောင် 'သတိနဲ့ အသိ' ဆိုပြီး တရား နှစ်မျိုးလုံးကို အတွဲလိုက်ပဲ အဓိပ္ပာယ်ယူရမယ်လို့ အဋ္ဌကထာဆရာက မှာကြားပါတယ်။

သတိစွမ်းအားကောင်းလို့ သတိပဋ္ဌာန်အလုပ်ကို စပြီး အား ထုတ်ရာက သတိတရားတွေ ပိုပြီး အားကောင်းလာပြီဆိုရင် ကျန်တဲ့ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ စွမ်းအားတွေလည်း သူ့အချိုးအစား အလိုက် အားကောင်းလာတာပါပဲ။ နောက်ဆုံး ပညာဉာဏ် အားပြည့် လာပြီဆိုရင်တော့ ရည်မှန်းချက်ကိစ္စကို အပြီးတိုင် အဆုံးအဖြတ်ပေး သွားပါတယ်။

မြတ်စွာဘုရားရှင် လက်ထက်တော်က ဝေသာလီပြည်မှာ 'ထေရိ ကာ' ဆိုတဲ့ မင်းမျိုးမင်းနွယ် သူဌေးသမီးလေး ရှိပါတယ်။ သူက ကောဏာဂုံမြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းက သာသနာ တွင်းကုသိုလ်တွေ ပြုလုပ် ဆည်းပူးခဲ့ဖူးသူဖြစ်တဲ့အတိုင်း သာသနာ တွင်း သဒ္ဓါတရားနဲ့ သာသနာတွင်း ဓမ္မအသိ အလွန်ဓာတ်ခံကောင်း ပါတယ်။ တည်ငြိမ်အေးဆေးပြီး ဣန္ဒြေရရ သွားလာပြုမူလေ့ရှိလို့ 'ထေရိကာ' လို့ ခေါ်ကြတာပါ။

အရှယ်ရောက်တဲ့အခါ အရှယ်တူ မင်းမျိုးမင်းနွယ် အမျိုးသားနဲ့ မိဘများက ထိမ်းမြားလက်ထပ်ပေးလို့ အိမ်ထောင်ရှင်မ ဖြစ်သွားပေမယ့် ကဿပဘုရားရှင်လက်ထက်မှာလည်း ဘိက္ခုနီဝတ်ပြီး တရားအားထုတ်ခဲ့ဖူးတဲ့ ပါရမီဓာတ်ခံ ရှိနေတာကြောင့် မြတ်စွာဘုရားရှင် ဝေသာလီပြည်ကို ကြွလာပြီး တရားဟောတာ နာကြားရလို့ သာသနာတော်ဘက်ကိုပဲ စိတ်ပါနေတယ်။ နောက်တော့ မဟာပဇာပတိဂေါတမီထေရီမကြီးထံမှာ တရားနာပြီးတဲ့အခါ ဘိက္ခုနီပြုလိုတဲ့စိတ် အမြဲဖြစ်ပေါ်နေပါတယ်။

လင်သားရဲ့ခွင့်ပြုချက်မရလို့ ဘိက္ခုနီပြုခွင့် မရပေမယ့် သတိပဋ္ဌာန် ပါရမီဓာတ်ခံအား ကောင်းခဲ့သူပီပီ သတိပဋ္ဌာန်အလုပ်ကို အမြဲမပြတ် အားထုတ်တယ်။ 'သတိပဋ္ဌာန်အလုပ်' ဆိုတာ ရိပ်သာတစ်ခုခုကိုသွားပြီး ဆယ်ရက်တန်သည်၊ တစ်လတန်သည်နေပြီး တရားထိုင်တာတော့ မဟုတ်ပါဘူး။ တရားအားထုတ်နေတာပါ။ တရားစွမ်းအားတွေဖြစ်တဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားတွေ တိုးပွားနေအောင် သတိနဲ့ ဦးဆောင်ပြီး အိမ်မှုကိစ္စတွေကိုပဲ လုပ်နေတာပါ။ တရားအားထုတ်တာနဲ့ တရားထိုင်တာ မတူပါဘူး။ 'တရားထိုင်တယ်' ဆိုတာက အထူးသဖြင့်တော့ 'အာနာပါန' ကို ရှုမှတ်တယ်ဆိုရင် ကိုယ်ကို ဖြောင့်မတ်အောင်ထားပြီး တရားထိုင်ရပါတယ်။ သတိပဋ္ဌာန်တရားဆိုတာ အာနပါနတစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ ဒီခန္ဓာကိုယ်ကြီး လှုပ်ရှားပြုမူတာမှန်သမျှ သွားတာ၊ လာတာ၊ ချက်ပြုတ်စားသောက်တာ၊ အညစ်အကြေးစွန့်တာတွေ အားလုံးအပေါ်မှာ သတိနဲ့မပြတ် ရှုမှတ်ပြီး သတိထားနေတာပါ။

တစ်နေ့တော့ မီးဖိုချောင်မှာ ချက်ပြုတ်နေရင်းကပဲ မီးတောက်တွေက ဟင်းအိုးကြီးတစ်ခုလုံးကို ဖျစ်ဖျစ်မြည် လောင်မြိုက်နေတာ၊

ပွက်ပွက်ဆူတဲ့ အပူထဲမှာ ဟင်းရွက် လတ်လတ်ဆတ်ဆတ်ကလေးတွေ နွမ်းလျကျက်ကြေသွားတာတွေကို တွေ့မြင်ရပြီး ပွားများလိုက်တဲ့အခါ တရားစွမ်းအားတွေ တိုးတက်ဖြစ်ပေါ်လာပြီး သင်္ခါရတရားတို့နဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ထိုးထွင်းသိမြင်တဲ့ ဝိပဿနာပညာတွေ တိုးတက်ရင့်ကျက်လာတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်မြင့်တက်ပြီး အနာဂါမ်အရိယာအဆင့် အထိ ရောက်သွားပါတော့တယ်။

အနာဂါမ်အဆင့်ရောက်တဲ့ ပုဂ္ဂိုလ်များဟာ ကြောက်ရွံ့စိုးရိမ်ခြင်းဆိုတဲ့ ဒေါသတရားနဲ့ လောကီအာရုံတွေကို ခင်တွယ်တဲ့ ကာမရာဂတရားတွေ အမြစ်ပြတ် ကင်းစင်သွားပြီဖြစ်တဲ့အတွက် ထေရိကာ အမျိုးသမီးလည်း အဲဒီအချိန်ကစပြီး ဝတ်ကောင်းစားလှတွေ၊ လက်ဝတ်ရတနာတွေ ဆင်မြန်းတာတို့၊ အမွှေးနံ့သာ လိမ်းကျံတာတို့ ဘာမှ မလုပ်တော့ပါဘူး။ 'အဝတ်ဆိုတာ အရှက်ကို ကာကွယ်စောင့်ရှောက်ဖို့၊ အစားဆိုတာ အသက်အန္တရာယ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့' ဆိုတဲ့ ခံယူချက်နဲ့သာ ဝတ်စားနေထိုင်လာပါတော့တယ်။

ခင်ပွန်းသည်က ထေရိကာအမျိုးသမီးရဲ့ ဝတ်စားနေထိုင်ပုံကို ကြည့်ပြီး အကျိုးအကြောင်းမေးတဲ့အခါ မိမိဟာ လူ့ဘောင်ဘဝနဲ့ မနေထိုက်တော့တဲ့ အနာဂါမ်အဆင့်ရောက်တဲ့အကြောင်း ပြောပြပြီး ဘိက္ခုနီပြုခွင့်ပေးဖို့ တောင်းပန်ပါတယ်။ ထေရိကာရဲ့ ဣန္ဒြေသမ္ပတ္တိနဲ့ တရားအရှိန်အဝါကို တွေ့ရတဲ့အခါ ခင်ပွန်းသည်ကလည်း ဝမ်းမြောက်ဝမ်းသာပဲ ဝိသာခသူဌေးကြီးက အနာဂါမ်ဖြစ်တဲ့ ဓမ္မဒိန္နာ သူဌေးကတော်ကြီးကို ဘိက္ခုနီပြုဖို့ ကျောင်းကို ပို့ပေးတဲ့ထုံး နှလုံးမူပြီး ထေရိကာကိုလည်း အလားတူ တခမ်းတနား ရိုရိုသေသေနဲ့ပဲ မဟာ

ပဇာပတိ ဂေါတမီထေရီမကြီးထံ ပို့ပေးလို့ နောက်တော့ ရဟန္တာ ထေရီမကြီး ဖြစ်သွားပါတယ်။

ဘယ်သူမဆို မိမိတို့စွမ်းရာက စနစ်တကျ စတတ်ခဲ့ရင် ကိုယ့်အစွမ်းနဲ့ တန်ရာ တန်ရာအစွမ်းတွေကို ပြနိုင်ကြတာချည်းပါပဲ။

အစွမ်းပြနိုင်အောင် အစ မှန်ကန်ကြပါစေ။

❐

## အစွမ်းနဲ့ အစ (၄)

လက်တစ်ဖက်သန့်စင်ရင် တခြားလက်တစ်ဖက်ကို
သန့်စင်အောင် ဆေးကြောပေးနိုင်သလို
သီလစင်ကြယ်ရင် ပညာကို စင်ကြယ်စေနိုင်တယ်။
ပညာစင်ကြယ်ရင်လည်း သီလကို စင်ကြယ်စေနိုင်တယ်။
ဒါကြောင့် သီလနဲ့ ပညာကို အမြတ်ဆုံးလို့ ဆိုရတာ။

**(သီလက္ခန္ဓဝဂ္ဂ၊ သောဏဒဏ္ဍသုတ်)**

လူတွေမှာရှိတဲ့ နောက်ထပ်အစွမ်းတစ်ခုကတော့ 'သမာဓိဗလ = သမာဓိစွမ်းအား' ပဲ ဖြစ်ပါတယ်။ သမာဓိစွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်များကတော့ 'ရျာန်လေးပါး' က စသင့်တယ်လို့ မြတ်စွာဘုရားရှင်က ဟောညွှန်ပါတယ်။

ဈာန်လေးပါးဆိုတာ စတုက္ကနည်းနဲ့ ရေတွက်တဲ့အခါ ရူပဈာန်လေးပါးလို့ ပြောတာပါ။ ဈာန်အင်္ဂါ တစ်ခုချင်းစီကိုသာ ပယ်ခွာပြီး တစ်ဆင့်ချင်းအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ (ဉာဏ်နုန့်တဲ့ပုဂ္ဂိုလ်များ) ကျတော့ ဈာန်ကို ငါးဆင့်ထားပြီး (ပဉ္စကနည်းနဲ့) အားထုတ်ရတာဖြစ်လို့ ဈာန် ငါးပါးလို့လည်း သုံးတာ ရှိပါတယ်။

ဒီနေရာမှာ ဗုဒ္ဓဘာသာဝင် အတော်များများဟာ 'ဈာန်' နဲ့ 'အဘိညာဏ်' တို့ကို အတူတူလို မှတ်ထင်နေတတ်ကြပါတယ်။ ဒါကြောင့်လည်း 'ဈာန်' လို့ ပြောလိုက်ရင် မြေလျှိုးမိုးပျံတဲ့ အလုပ်လို့ ထင်နေကြတာပါ။ အမှန်ကတော့ 'ဈာန်' ဆိုတာ...

**'စိုက်စိုက်စူးစူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်'** ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ လင်္ကာအတိုင်းပါပဲ။ ပထဝီကသိုဏ်း စတဲ့ ပညတ်အာရုံ တစ်ခုခုအပေါ်မှာ စိတ်ကို တခြားလွင့်မသွားအောင် စိုက်စိုက်စူးစူး ရှုနေတဲ့အလုပ် ဖြစ်ပါတယ်။ အဲဒီလို ရှုနေနိုင်တဲ့ စွမ်းအားကိုပဲ 'သမာဓိ = အာရုံအပေါ်မှာ ကောင်းစွာ ဆောက်တည်ထားတတ်တဲ့တရား' လို့ ဆိုတာပါ။ အဘိဓမ္မာမှာတော့ 'ဧကဂ္ဂတာ' တရားလို့ သုံးပါတယ်။ အာရုံတစ်ခုတည်းအပေါ်မှာသာ မပြတ်ကျရောက်နေတဲ့တရားလို့ ဆိုလိုတာပါပဲ။

ကြားဖူးနားဝဖြစ်နေတဲ့ 'မြေလျှိုးမိုးပျံ' ဆိုတာက အဘိညာဏ်ရဲ့ကိစ္စပါ။ ဈာန်ကို အမြင့်ဆုံးဖြစ်တဲ့ ရူပါဝစရဈာန်အထိ ရရောက်အောင် ပွားများအားထုတ်နိုင်တဲ့အခါမှာ အဲဒီအမြင့်ဆုံးဖြစ်တဲ့ ပဉ္စမဈာန်ကို အခြေခံပြုပြီးတော့မှ အဘိညာဏ်ရအောင် အားထုတ်ရပါတယ်။ အဘိညာဏ် ရပြီးတော့မှ နတ်မျက်စိ၊ နတ်နားတို့လို မြင်နိုင်ကြားနိုင်ခြင်း၊ မြေလျှိုး မိုးပျံနိုင်ခြင်း စတဲ့ အံ့ဖွယ်သရဲတွေကို ဖြစ်စေနိုင်တာပါ။ အဲဒါကို 'အဘိညာဏ်' လို့ ခေါ်ပါတယ်။

ထားပါတော့။ သမာဓိစွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဘုရားဂုဏ်၊ တရားဂုဏ်စတဲ့ တစ်ခုချင်းစီကို လိုက်ပြီး အာရုံပြုနေရတာမျိုး တို့၊ အကုသိုလ်ကင်းရေး၊ ကုသိုလ်ပွားရေး စတဲ့ အာရုံအမျိုးမျိုး နောက်လိုက်ပြီး လုပ်နေရတာတို့ကို ဝါသနာမပါပါဘူး။ ပထဝီကသိုဏ်း စတဲ့ အာရုံတစ်ခုခုအပေါ်မှာသာ စူးစိုက်ရှုမှတ်နေရတဲ့

ဈာန်အလုပ်ကို ပိုပြီး စိတ်အားသန်ကြပါတယ်။ ဒါကြောင့် သမာဓိ စွမ်းအားကောင်းရင် ဈာန်လေးပါးတို့က စသင့်တယ်လို့ ဟောတော်မူတာပါ။

ဈာန်လေးပါးနဲ့ စလို့ သမာဓိစွမ်းအားကောင်းလာတာနဲ့အမျှ ကျန်တဲ့စွမ်းအားတွေလည်း အားပြည့်လာတာပါပဲ။ ဈာန်က ထတဲ့အခါ (ဈာန်အာရုံကို အာရုံမပြုတော့တဲ့အခါ) ဝင်စားခဲ့တဲ့ဈာန်နဲ့ ဈာန်မှာ ပါဝင်တဲ့ တရားအစိတ်အပိုင်းများကို သတိက သုံးသပ်မိလာပြီး အသိကလည်း မြင့်သည်ထက် မြင့်လာပါတယ်။ နောက်ဆုံး ပညာ စွမ်းအား အထွတ်အထိပ်လည်း ရောက်တဲ့အခါ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ အဆင့်ဆင့်တက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု သွားကြတာပါပဲ။

တရားအားထုတ်တယ်ဆိုတာ အသိ(ပညာ)တိုးအောင် လုပ်နေတာပါ။ အသိဆိုတာ သတိရှိသူများမှ ရှိနိုင်တဲ့ တရားပါ။ အလုပ်တိုင်းကို သတိထားနေရင် အလုပ်တိုင်းကို သိနေပါတယ်။ အလုပ်တိုင်းကို သိနေသူဟာ အသိကိုလုပ်နေသူ ဖြစ်ပါတယ်။ အလုပ်ကို အမြဲသိနေရင် အသိကို အမြဲလုပ်နေသူ ဖြစ်ပါတယ်။ အသိကို အမြဲ လုပ်နေသူဟာ နောက်ဆုံးတော့ အသိအဆင့်ပြည့်စုံပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရတယ် ဆိုတာ သတိစွမ်းအားအကြောင်းမှာ ပြောခဲ့တဲ့ ထေရိကာအမျိုးသမီးရဲ့ဖြစ်စဉ်ကို ကြည့်ရင် သဘောပေါက်လောက်ပါတယ်။ အရေးကြီး တာက အလုပ်တိုင်းကို သိအောင် သတိထားနိုင်ဖို့အတွက် သတိစွမ်းအားတိုးလာအောင် စတဲ့နေရာမှာ ကိုယ်စွမ်းရာက ကိုယ်စတတ်ဖို့ပါပဲ။

သမာဓိစွမ်းအားသန်လို့ ဈာန်လမ်းကစပြီး နိဗ္ဗာန်အထိ ရောက်ကြတဲ့ပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရားရှင်အပါအဝင် စွယ်စုံပါရမီရှင်

တွေအားလုံးဖြစ်လို့ သီးခြားသာဓက ထုတ်မပြတော့ပါဘူး။ တချို့ ပုဂ္ဂိုလ်တွေကျတော့ ဘာမဆို ဝေဖန်တာ၊ လေကန်တာ၊ အတွန့်တက်တာ၊ အဲဒါတွေ သိပ်ဝါသနာပါတယ်။ 'ဗုဒ္ဓါနုဿတိ' ပွားများတယ် ဆိုရင်ပဲ 'အတုလံ = အတုမရှိ အနှိုင်းမဲ့' လို့ ဆိုနေကာမှ ဘယ်လို ပုဂ္ဂိုလ်က ပွားနိုင်မှာလဲဆိုတာမျိုး။ ထွက်တယ်၊ ဝင်တယ်၊ ထိတယ်၊ လှုပ်တယ်ဆိုတာလောက် သိရုံနဲ့ မဂ်ဖိုလ်ရမယ်ဆိုရင်ကွာ ခွေးတောင် ခဲနဲ့ထိရင် ထိမှန်းသိတာပေါ့ ဆိုတာမျိုးတွေပေါ့။ ဒီလိုပုဂ္ဂိုလ်တွေကိုလည်း အရမ်းတော့ အထင်မသေးလိုက်ပါနဲ့။ တမင်သက်သက် ကတ်ဖဲ့လုပ်နေတာမျိုး မဟုတ်ဘဲ သူ့စိတ်ထဲမှာ ဘဝင်မကျနိုင်လို့ ဝေဖန်တာဆိုရင် ဒါဟာ 'ဓမ္မဝိစယ' လို့ ခေါ်ပါတယ်။ ဓမ္မဝိစယ ဆိုတာ တရားကို စိစစ်ဝေဖန်တာဖြစ်လို့ အသိအမြင်ရှင်းလိုတဲ့ဆန္ဒနဲ့ ဝေဖန်ဆန်းစစ်တာဆိုရင် အမှန်တရားကို သိမြင်ကြောင်းဖြစ်တဲ့ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်မျိုးဟာ (အမှန်တရားကို သိလိုမှုအတွက် ဦးတည်ပြီး ဆန်းစစ်ဝေဖန်လေ့ရှိသူ မှန်ခဲ့ရင်) သူ့မှာ ပညာစွမ်းအားကောင်းနေတတ်ပါတယ်။ ပညာစွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်များဆိုရင်တော့ 'သစ္စာလေးပါး က စသင့်တယ်' လို့ ဘုရားရှင်က ဟောညွှန်ပါတယ်။ သစ္စာလေးပါးက စရတယ်ဆိုပေမယ့် အဓိကအားဖြင့်တော့ 'တရားရှာကိုယ်မှာတွေ့' ဆိုတဲ့ အတိုင်း ဒုက္ခသစ္စာဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးက စရမှာပါ။

သဘောကတော့ 'မင်း ဒီလောက်တောင် ဝေဖန်တာ၊ ဆန်းစစ်တာတွေ အားသန်နေရင် တခြား ပြင်ပဝတ္ထုတွေကို ဝေဖန်မနေနဲ့။ မင်းရဲ့ခန္ဓာကိုယ်ကြီးကို အသေအချာ ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်စမ်းကွာ။ ဘာတွေရှိသလဲ၊ ဘာတွေ ဘယ်လိုဖြစ်နေသလဲဆိုတာ သိရအောင်ပေါ့။

အဲဒီလိုဝေဖန်တဲ့အလုပ်က စပါ' လို့ ပြောလိုတာပါပဲ။

ဝေဖန်တာတွေ၊ ဆန်းစစ်တာတွေရယ်လို့ ထင်ထင်ရှားရှား ပါးစပ်က ဖွင့်ပြောလေ့မရှိပေမယ့်လည်း ပညာစွမ်းအား ထက်မြက်အားသန်တဲ့ ပုဂ္ဂိုလ်မှန်သမျှ သစ္စာလေးပါးက တိုက်ရိုက် စသင့်တာချည်းပါပဲ။ မြတ်စွာဘုရားရှင်လက်ထက်တော်က ထင်ရှားခဲ့တဲ့ ဗာဟိယဒါရုစီရတို့၊ ပဋာစာရီတို့၊ ကိသာဂေါတမီတို့၊ သန္တတိအမတ်ကြီးတို့လို ပုဂ္ဂိုလ်တွေကို ဟောတဲ့တရားဟာလည်း ဒုက္ခသစ္စာဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးကို တိုက်ရိုက်ပြပြီး ဟောတော်မူတာပါ။ အဲဒီအထဲမှာ သန္တတိအမတ်ကြီးရဲ့ဖြစ်ရပ်က ပတ်ဝန်းကျင်တစ်ခုလုံး တအံ့တသြကြီးကို ဖြစ်သွားစေခဲ့ပါတယ်။

'သန္တတိအမတ်ကြီး' ဆိုတာ ပသေနဒီကောသလမင်းကြီးရဲ့ လက်စွဲတော်အမတ်ကြီးပေါ့။ တိုင်းစွန်ပြည်ဖျားမှာ ထကြွသောင်းကျန်းနေသူတို့ကို နှိမ်နင်းအောင်မြင်တဲ့အတွက် ရှင်ဘုရင်က သဘောကျပြီး ခုနစ်ရက်တိတိ ရှင်ဘုရင့်စည်းစိမ်ခံစားခွင့်နဲ့အတူ အကအဆိုအလွန်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ကိုပါ ပေးအပ်လိုက်ပါတယ်။ အမတ်ကြီးကလည်း ရတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ၇ ရက်လုံးလုံး သောက်စားမူးယစ် ပျော်ပါးပါသတဲ့။

၇ ရက်မြောက်နေ့ နံနက်ပိုင်းမှာ ဝတ်စားတန်ဆာတွေ အပြည့်အစုံဝတ်ဆင်ပြီးတော့မှ ဆင်ကြီးကိုစီးပြီး မြစ်ဆိပ်ကို ရေချိုးဆင်းတဲ့အခါ သာဝတ္ထိမြို့ထဲကို ဆွမ်းခံကြွတော်မူလာတဲ့ ဘုရားရှင်နဲ့ မြို့တံခါးမှာ ဆုံမိပါတယ်။ ရှင်ဘုရင်စည်းစိမ်နဲ့ရော၊ သေအရက်နဲ့ပါ ယစ်မူးနေတဲ့ အမတ်ကြီးက ဘုရားရှင်ကိုတောင် ဆင်ကျောက်ကုန်း

ထက်ကပဲ ဦးခေါင်း ညွှတ်ပြီး အရိုအသေပေးပါသတဲ့။ ဒါကိုမြင်တော့ ဘုရားရှင်က ပြုံးတော်မူပြီး 'တွေ့လား အာနန္ဒာ၊ သန္တတိအမတ်ကြီးဟာ ဒီနေ့ပဲ ဝတ်စားတန်ဆာအပြည့်အစုံနဲ့ ငါဘုရားထံ ရောက်လာပြီး လေးပါးရှိတဲ့ တရားဂါထာတစ်ပုဒ်အဆုံးမှာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်လိမ့်မယ်။ ပြီးတော့ ကောင်းကင်ယံ ထန်းခုနစ်ဆင့်လောက်မှာ ပရိနိဗ္ဗာန်ပြုလိမ့်မယ်' လို့ မိန့်ကြားတော်မူပါတယ်။

ဘုရားရှင်ရဲ့စကားတော်ဟာ တစ်ခဏချင်းဆိုသလို ပြန့်သွားတော့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တွေက 'ကြားကြရဲ့လားဟေ့၊ ရဟန်းဂေါတမ လုပ်လိုက်ပုံ ကြည့်ကြစမ်း။ ပါးစပ်ပါတိုင်း လျှောက်ပြောနေတာ။ ဒီနေ့ပဲ သောက်စားမူးယစ်နေတဲ့သူကို ဒီနေ့ပဲ သူ့ဆီရောက်လာပြီး တရားနာယူလို့ ပရိနိဗ္ဗာန် ပြုနိုင်မတဲ့။ ဒီနေ့တော့ ရဟန်းဂေါတမကို မုသာဝါဒနဲ့ နှိပ်ကွပ်ကြစို့' ဆိုပြီး ပြောဆို ကြိမ်းဝါးကြပါသတဲ့။ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်များကတော့ 'ဒီနေ့ ဘုရားရှင်ရဲ့ တင့်တယ်ခြင်းနဲ့ သန္တတိအမတ်ကြီးရဲ့တင့်တယ်ခြင်းကို မျက်ဝါးထင်ထင် ဖူးတွေ့ကြရလိမ့်မယ်' လို့ အောက်မေ့ပြီး ဝမ်းသာနေကြတာပေါ့။

❐

## အစွမ်းနဲ့ အစ (၅)

ကသန္တတိအမတ်ကြီးက ရေဆိပ်မှာ တစ်နေ့ခင်းလုံး ရေကစားပြီးမှ ဥယျာဉ်တော်ထဲက သေရည်သောက်ပွဲ ကျင်းပတဲ့နေရာ ပြန်ရောက်လာတယ်။ သူ့နဲ့တွဲပြီး ကခုန်ပျော်ပါးနေတဲ့ မိန်းကလေးကလည်း အဆိုအကနဲ့ ဖျော်ဖြေဖို့ အားထုတ်ပါတယ်။ ဒီမိန်းကလေးက သူ့ရဲ့ ခန္ဓာကိုယ် လှပကြော့ရှင်း သေးသွယ်ပျော့ပျောင်းကြောင်း ပြသနိုင်ဖို့အတွက် ၇ ရက်လုံးလုံး အစားအသောက် သိပ်ကိုလျှော့ပြီး စားနေသတဲ့။ အစားအသောက်လည်းပျက်၊ အအိပ်အနေလည်းပျက်၊ ၇ ရက်လုံးလုံးလည်း မနားမနေဆိုသလို သီဆိုကခုန်နေလေတော့ ခန္ဓာကိုယ်က ဘယ်ခံနိုင်တော့မလဲ။ အဲဒီနေ့မှာ ဆိုကဖို့လည်း စပြီး လှုပ်ရှားလိုက်ရော တစ်ခါတည်း လေဖြတ်ပြီး အသက်ပါ ပါသွားပါတော့တယ်။ (မော်ဒယ်လ်တွေ ခန္ဓာကိုယ် သေးသွယ်လှပအောင် ဆိုပြီး အစားအသောက်လျှော့ကြတာ အဲဒီခေတ်ကတည်းက ခေတ်စားခဲ့ပုံရပါတယ်။ အဲဒီကချေသည်လေးလို မဖြစ်အောင်တော့ သတိပြုဖို့ လိုပါလိမ့်မယ်။)

သန္တတိအမတ်ကြီးလည်း ဗြုန်းစားကြီး ကြုံလိုက်ရတော့

ထိတ်လန့်တုန်လှုပ်တဲ့ ဒေါသပူရော၊ ပြင်းထန်တဲ့ သောကအပူပါ ခန္ဓာကိုယ်ကို လောင်မြိုက်လိုက်တဲ့အတွက် ၇ ရက်လုံးလုံး သောက်ထားတဲ့ အရက်တွေဟာ ဒယ်အိုးပူပေါ်ကျတဲ့ ရေပေါက်လို တစ်ခါတည်း အငွေ့ပျံပြီး မူးတာတွေ ဘယ်ရောက်သွားမှန်းတောင် မသိလိုက်တော့ဘူးတဲ့။

နောက်ဆုံးတော့ 'ဒီသောက ငြိမ်းအေးအောင် ဖြေဖျောက်ပေးနိုင်မှာဆိုလို့ ဘုရားရှင်ကလွဲလို့ တခြားမရှိနိုင်တော့ဘူး' ဆိုတဲ့ အသိဝင်လာပြီး ဗိုလ်ပါအပေါင်း အခြံအရံတွေနဲ့အတူ ဘုရားရှင်ထံ ရောက်ပါတယ်။ ဖြစ်ကြောင်းကုန်စင် လျှောက်ထားပြီးတော့မှ 'တပည့်တော်အတွက် အားထားကိုးကွယ်ရာ ဖြစ်တော်မူပါဘုရား' လို့ လျှောက်ထားလို့ ဘုရားရှင်က...

'သန္တတိ၊ မင်းမှာ အရင်ကဖြစ်ခဲ့တဲ့ စိုးရိမ်ကြောင့်ကြခြင်းတွေကိုလည်း သုတ်သင်ဖယ်ရှားပစ်လိုက်။ ရောက်မလာသေးတဲ့ စိုးရိမ်ကြောင့်ကြမှုတွေလည်း ဖြစ်ခွင့်မပေးနဲ့။ အလယ်ဖြစ်တဲ့ ပစ္စုပ္ပန်မှာ ခံစားနေရတဲ့ စိုးရိမ်ကြောင့်ကြမှုတွေကိုလည်း စွဲလမ်းမနေနဲ့။ အဲဒီလိုဆိုရင် အပူတွေငြိမ်းသွားလိမ့်မယ်' လို့ ဟောကြားလိုက်ပါတယ်။

တရားက ဒီတစ်ဂါထာ ပါဠိမှာ အက္ခရာ ၃၂ လုံးပဲ ရှိပါတယ်။ ဒီဂါထာရဲ့အဆုံးမှာပဲ သန္တတိအမတ်ကြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်သွားတယ်ဆိုတော့ လွယ်လှချည်လားလို့တော့ တချို့က ထင်ကြမှာပဲ။ ဒီလိုပုဂ္ဂိုလ်များအတွက် မိမိပြောလေ့ရှိတာကတော့ 'ညောင်ပင်ကြီးကိုင်းဖျားမှာ ငှက်တစ်ကောင် နားလိုက်ရုံနဲ့ အမြစ်ပါပြုတ်ပြီး စင်းကော်လဲသွားတာကိုသာ မြင်တာ။ ပင်ခြေမှာ အမြစ်တွေအားလုံး ပြတ်ခမန်း ဆင်ထိုးထားတာကိုမှ မမြင်ဘဲကိုး' ပြောလေ့ ရှိပါတယ်။

ဟုတ်ပါတယ်။ အခုပြောတဲ့ သန္တတိအမတ်ကြီးဟာလည်း ဟိုးလွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ ကဿပဘုရားရှင် ပွင့်တော်မူစဉ်ကတည်းက 'သူတစ်ပါးတို့ကို သတ်ဖြတ်နှိပ်စက်ခြင်းကင်းတဲ့အလုပ်ကို လုပ်မယ်' ဆိုတဲ့ ခံယူချက်နဲ့ လူအပေါင်းကို တရားနာဖို့ နှိုးဆော်တိုက်တွန်းခြင်း၊ ဒါန သီလ ဥပေါသထတည်ဆောက်စေခြင်း၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ဖို့ တိုက်တွန်းခြင်းစတဲ့ နိဗ္ဗာန်ဆော်အလုပ်နဲ့ သူတစ်ပါးတို့ကိုလည်း နှိုးဆော်တိုက်တွန်း၊ ကိုယ်တိုင်လည်း ကြိုးစားခဲ့တာပါ။

'မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စူးစမ်းဉာဏ်ကြီးသည်' ဆိုတဲ့အတိုင်း တရားဓမ္မကို နာယူ၊ ဖတ်ရှု၊ စူးစမ်းလေ့လာသူများဟာ ဉာဏ်ပညာကြီးမားပါတယ်။ ပညာစွမ်းအား သူများထက် သာလွန်ပါတယ်။ သန္တတိအလောင်းဟာ ဒီကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း ဉာဏ်ပညာကြီးမားပြီး ခန္ဓာကိုယ်က စန္ဒကူးနံ့များလည်း အမြဲကြိုင်လှိုင်နေပါသတဲ့။ ခုလို ဂါထာတစ်ပုဒ်လောက် နာကြားရရုံနဲ့ အရဟတ္တဖိုလ်ပေါက်အထိ တရားအသိ ရရှိသွားတယ်ဆိုတာလည်း ဉာဏ်အစွမ်းကြောင့်ပါပဲ။

ဘုရားရှင်ဟောတော်မူတဲ့ တရားဂါထာရဲ့အဓိပ္ပာယ်ကို စဉ်းစားကြည့်မယ်ဆိုရင် ဒုက္ခသစ္စာရဲ့ သရုပ်မှန်သဘောကို လှစ်ပြလိုက်တာဖြစ်ကြောင်း ထင်ရှားပါတယ်။

ဟုတ်တယ်။ 'ဒုက္ခ' ဆိုပြီး လူတွေ ခြိုးသံပါအောင် ညည်းညူနေကြတာတွေ၊ မကျေမချမ်းဖြစ်နေကြတာတွေ၊ မချိတင်ကဲ ခံစားနေရတာတွေကို အားလုံးခြုံကြည့်လိုက်ရင် ဒုက္ခအများစုဟာ ပြန်မဖြစ်နိုင်တော့တာတွေ၊ ဖြစ်မလာသေးတာတွေ၊ လုံးဝမဖြစ်နိုင်တာတွေနဲ့ ဘာမှ ထူးခြားမှုမရှိနိုင်တဲ့ကိစ္စတွေ များနေတာကို တွေ့ရပါလိမ့်

မယ်။ တကယ်ဖြစ်နိုင်တာတွေနဲ့ ဖြစ်နေတာတွေကြောင့် ခံစားရတဲ့ ဒုက္ခက နည်းပါတယ်။ အခု သန္တတိအမတ်ကြီး ခံစားနေရတာဟာ လည်း တကယ်တော့ လုံးဝ အသက်ရှင်နိုင်စွမ်း မရှိတော့ဘူး၊ ခုခါ ကျမှ ပြန်ပြင်လို့လည်း မရတော့ဘူးဆိုတဲ့ ကိစ္စတစ်ရပ်ဖြစ်နေတာ တွေ့ရမှာပါ။

တချို့ကျတော့ အခုခံစားနေရတဲ့ ဖြစ်ရပ်အပေါ်မှာပဲ ဖြေ မထူးခြားနိုင်ဘဲ အဖြစ်သည်းနေကြတာမျိုးတွေလည်း ရှိပါတယ်။ ဒေးဒရဲ၊ ကွင်းကျောင်းတိုက်မှာ နိကာယ်သင်တန်း ကာလတုန်းက တောင်တွင်းကြီး နတ်မီတောရ ဆရာတော်ဘုရားကြီး မတော်တဆ လဲကျရာက သွားနှစ်ချောင်းကျိုးပြီး နှုတ်ခမ်းစပ်က မေးဖျားအထိ ကွဲသွားပါတယ်။ ဆရာဝန်ခေါ်ပြတော့ 'ကိုးချက်လောက် ချုပ်ရမှာ ဖြစ်လို့ ဆေးရုံသွားရမယ်။ ထုံဆေးထိုးပြီးမှ ချုပ်ရမယ်' ဆိုတဲ့ အကြောင်း ပြောပါတယ်။ ဆရာတော်ကြီးက 'ဒီမှာပဲ အရက်ပြန်ဆွတ် ပြီး ချုပ်လိုက်ပါ' ဆိုတာနဲ့ နောက်ဆုံးတော့ ဆရာတော်ကြီးပြော သလိုပဲ ချုပ်ပါတယ်။

ဆရာဝန်က ချုပ်ပေးနေတဲ့အချိန်မှာ ဆရာတော်ကြီးက နည်းနည်းမော့ပေးပြီး ငြိမ်ခံနေတာ။ တစ်စုံတစ်ယောက်က မုတ်ဆိတ် မွေးရိတ်ပေးနေတာကို ခံယူနေတဲ့ပုံစံမျိုးပါ။ ဆရာဝန်က တအံ့တသြ နဲ့ ကြည့်နေရင်း ချုပ်လို့ပြီးသွားတော့ 'ဆရာတော် မနာဘူးလား ဘုရား' လို့ မေးပါတယ်။ ဆရာတော်ကြီးက 'နာပါတယ်ကွ၊ ဘာဖြစ် လို့လဲ' တဲ့။ 'ဆရာတော် မျက်နှာလည်း မမဲ့၊ စုတ်လည်းမသပ်လို့ ဘုရား' ဆိုတော့ 'စုတ်သပ်လည်း ထူးပြီး မသက်သာဘူးကွာ' လို့ ခပ်အေးအေးပဲ မိန့်ကြားလိုက်ပါတယ်။ ဆရာဝန်က ခေါင်းတညိတ် ညိတ်နဲ့ သဘောပေါက်နေပုံပဲ။ အရင်က ဘာသာရေးနဲ့ ခပ်ကင်းကင်း

လို နေခဲ့တယ်ဆိုတဲ့ ဆရာဝန်ကြီး အချိန်အားတိုင်း ဆရာတော်ကြီး နားမှာ ဆည်းကပ်နေပါတော့တယ်။

သန္တတိအမတ်ကြီးကလည်း ဘုရားရှင်ရဲ့ ဟောညွှန်ချက်ကို နာယူရတဲ့အခါ ပညာစွမ်းထက်မြက်သူပီပီ မဖြစ်နိုင်တော့တာတွေ လည်း ပြန်မလွှမ်း၊ ဖြစ်မလာသေးတာတွေလည်း မတမ်းတ၊ ဖြစ်ဆဲ ပစ္စုပ္ပန်အပေါ်မှာ ဉာဏ်စိုက်ရင်း သင်္ခါရဒုက္ခရဲ့ သရုပ်မှန်ကို သိမြင်သွား ပြီး ရဟန္တာအဆင့်အထိ ရောက်သွားတာပါ။ သီလသိက္ခာ၊ သမာဓိ သိက္ခာရယ်လို့ အရင်က ကြိုးစားခဲ့ခြင်းမရှိဘဲ အခု ပညာသိက္ခာနဲ့ ရဟန္တာဖြစ်သွားတယ် ဆိုတာမျိုးက ပညာနဲ့ သီလကို စင်ကြယ်အောင် သုတ်သင်လိုက်လို့ သိက္ခာသုံးပါးလုံး ပြီးပြည့်စုံသွားတာပါ။ ဝီရိယ စွမ်းအားတုန်းက ပြောခဲ့တဲ့ ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးလို ပုဂ္ဂိုလ်မျိုးကတော့ သီလနဲ့ ပညာကို စင်ကြယ်မြင့်မြတ်အောင် သုတ် သင်တယ်လို့ ခေါ်ပါတယ်။ စွမ်းရာက စကြလို့ စွမ်းအားတွေ အကုန် ပြည့်သွားတဲ့အခါ ဆိုင်ရာကိစ္စတွေကို ထိထိရောက်ရောက် ဆောင် ရွက်နိုင်ကြပြီး အထွတ်အထိပ်ရောက်သွားကြတာပါပဲ။

အစွမ်းငါးပါးတို့ဆိုတာ တစ်ခုချင်းစီ သီးခြားရယ်လို့ ဖြစ်ရိုး ထုံးစံ မရှိပါဘူး။ ဦးဆောင်ရာကို ပဓာနနည်းနဲ့ အမည်တပ်ကြပေမယ့် ငါးမျိုးလုံး ပူးပေါင်းပါဝင်ပြီး ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်ကြတာပါ။ ဒါကြောင့် ဒီဖြစ်ရပ်မျိုးတွေမှာ 'သတိပဋ္ဌာန်အလုပ်မပါဘူး' လို့ ပြော စရာမရှိပါဘူး။ သတိကလည်း သူ့အလုပ်သူ လုပ်ဆောင်ပြီး ပူးပေါင်း ပါဝင်တယ်လို့ သဘောကျကြရမှာပါ။ စွမ်းရာက စပြီး အစွမ်းပြနိုင်တဲ့ အထိ စောင့်စားနိုင်စွမ်းပါ အားဖြည့်ဖို့တော့ လိုပါတယ်။

အစွမ်းရှိသမျှ အစွမ်းပြနိုင်ကြပါစေသော။

❐

## ကံစွမ်းနဲ့ ဉာဏ်စွမ်း

ကံစွမ်းကို ဉာဏ်စွမ်းနဲ့ အသုံးမချတတ်ဘဲ ကံဟောင်းတွေကို များများ ခံစားမိခြင်းဟာ ကံဆိုးကံတိုးတွေကို မတန်တဆ များများပေးဆပ်ရ စမြဲ ဖြစ်တယ်။

'သဗ္ဗေသတ္တာ ကမ္မသကတာ – သတ္တဝါတိုင်းဟာ ကောင်းကံ ဆိုးကံတို့ရဲ့ ကောင်းမွေ ဆိုးမွေများ ဖြစ်ကြတယ်' ဆိုတဲ့ ကမ္မသကတ သမ္မာဒိဋ္ဌိနဲ့ ယှဉ်တဲ့ သဒ္ဓါတရားဟာ ဗုဒ္ဓဘာသာဝင်တိုင်း အပြည့်အဝ လက်ခံရမယ့် အခြေခံယုံကြည်ချက် ဖြစ်ပါတယ်။

လူတိုင်း လူတိုင်း ယခုဘဝမှာ ရရှိပိုင်ဆိုင်ထားပြီလို့ ထင်မှတ် စွဲယူထားတဲ့ 'အရှိ'တရားများဆိုတာ အကျဉ်းချုပ်လိုက်ရင် ငါ ငါလို့ပြောနေကြတဲ့ ဒီခန္ဓာအစုအဝေးကြီးရယ်၊ ဒီခန္ဓာကြီးနဲ့ ကံချင်း ဆက်စပ်မှုကို အကြောင်းပြုသံယောဇဉ်ကြိုးများနဲ့ ဖွဲ့နှောင်ထားတဲ့ မိဘ၊ သားသမီး၊ ဇနီးခင်ပွန်း၊ သားချင်းပေါက်ဖော် စတဲ့ အတွယ် အတာများရယ်၊ ဒီခန္ဓာ ကိုယ်ကြီးကို အရင်းတည်ပြီး ရှာဖွေရယူထား တဲ့ စီးပွားဥစ္စာတွေရယ် ဒီသုံးမျိုးပါပဲ။ ဒီအရှိတရား သုံးမျိုးလုံးဟာ အတိတ်ကံဟောင်းနဲ့ ပစ္စုပ္ပန်ကံသစ်တို့ ပေါင်းဆုံပြီး ဖြစ်ပေါ်လာကြတာ

ဖြစ်လို့ ကံစွမ်းတွေလို့ ဆိုနိုင်ပါတယ်။ အလုပ်အကိုင် အရအမိကလေးတွေ အဆင်ပြေလာကြတဲ့အခါ ရှေးလူကြီးသူမများ ပြောလေ့ရှိတဲ့ 'ကံစွမ်းကံစလေး တက်လာပြီ' ဆိုတဲ့ စကားဟာ ဒီသဘောကို ပြောတာပါပဲ။

ဒီကံစွမ်းဖြစ်တဲ့ 'အရှိ' တရားတွေဟာ ဉာဏ်စွမ်း 'အသိ' တရားနဲ့ အသုံးမချတတ်ရင် ကံဟောင်းကံစွမ်းတွေကို များများခံစားရသလောက် ကံဆိုးကံတိုးတွေကို များများပေးဆပ်ရစမြဲ ဖြစ်ပါတယ်။ ဒီလို ပေးဆပ်ရတာကိုပဲ ရှေးသူတော်စင်ကြီးများကတော့ **'အရှိကို အသိကနိုင်အောင် မထိန်းနိုင်တဲ့အတွက် အရှိနှိပ်စက်တာကို ခံရတယ်'** လို့ မှတ်ချက်ချတော်မူကြပါတယ်။

ဒီနေရာမှာ ထင်ရှားတဲ့သာဓကအဖြစ်နဲ့ အဇာတသတ်ရဲ့ဘဝဖြစ်စဉ်ကို သုံးသပ်ကြည့်ရင် ပိုပြီး သဘောပေါက်လောက်မယ် ထင်ပါတယ်။ အဇာတသတ်ဟာ အတိတ်ကံအားကောင်းလို့ ရှင်ဘုရင်သားဖြစ်လာပြီး ထီးမွေနန်းလျာတို့ရဲ့စည်းစိမ်ကို ခံစားရပါတယ်။ ဒါပေမဲ့ သူ့မှာ ကံစွမ်းကို ဉာဏ်စွမ်းနဲ့ အသုံးချတတ်လောက်အောင် ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ထားနိုင်တဲ့ အတ္တသမ္မာပဏိဓိ သမ္ပတ္တိစက်နဲ့ မပြည့်စုံပါဘူး။ ဒါကြောင့်လည်း သူဟာ ကံရဲ့ နောက်တစ်ဆင့်အကျိုးပေးချိန်အထိ စောင့်ရကောင်းမှန်း မသိတော့ဘဲ ဆရာဖြစ်တဲ့ ရှင်ဒေဝဒတ် ညွှန်ကြားတဲ့အတိုင်း အဖကိုသတ်တဲ့ ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်ပြီး ထီးနန်းစည်းစိမ်ဆိုတဲ့ ကံဟောင်းစွမ်းကြီးကို ရယူခံစားလိုက်ပါတယ်။

အများသိထားပြီးဖြစ်တဲ့ အတိုင်းပါပဲ။ သူ့သား အရွယ်ရောက်လာတဲ့အခါကျတော့လည်း သူ့လိုပဲ ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်ပြီး ထီးနန်းစည်းစိမ်ကို သိမ်းပိုက်လိုက်ပါတယ်။ အဇာတသတ်ဟာ

သက်တမ်းပြည့်နေနိုင်ခွင့်နဲ့ ထီးနန်းစည်းစိမ်ကိုသာ စွန့်လွှတ်သွားရတာ မဟုတ်ပါဘူး။ ဘုရားရှင်နဲ့ အချိန်စောပြီး တွေ့ခဲ့ရင် ရနိုင်ခွင့်ရှိတဲ့ သောတာပန်ဖြစ်နိုင်တဲ့ ပါရမီမျိုးစေ့ကိုလည်း လက်လွှတ်ဆုံးရှုံးရပြီး လောဟကုမ္ဘီငရဲမှာ အနှစ်ခြောက်သောင်းအထိ ခံရဦးမှာပါ။

ဒီနေရာမှာ စဉ်းစားပြီး သတိသံဝေဂပွားစရာကတော့ အဇာတသတ်ဟာ အဖကိုသတ်တဲ့ ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်ခဲ့မိတယ် ဆိုပေမယ့် သူရယူခံစားထားတဲ့ ကံစွမ်းဟာ ထီးနန်းစည်းစိမ် ဆိုတဲ့ ကြီးကြီးမားမားကြီးမဟုတ်ဘဲ တစ်နေ့လုပ် တစ်နေ့စားဆိုတဲ့ ဆင်းရဲသားရဲ့ကံစွမ်းမျိုးလောက်သာ ဖြစ်ခဲ့မယ်ဆိုရင်တော့ သူ့သားဟာ သူ့စည်းစိမ်ကို တပ်မက်ပြီး အဖသတ်ကံကြီးကို အတုလိုက်လောက်မယ် မဟုတ်ပါဘူး။ ဒီလိုဖြစ်ခဲ့ရင် တစ်ဘဝသက်တမ်း ပြည့်ရုံလောက်တော့ နေခွင့်ရှိလောက်ပါတယ်။ သေခါမှသာ သူ့ထိုက်နဲ့သူ့ကံ ခံရမှာပါ။ လောကီအာရုံ ကာမဂုဏ်ဆိုတာ 'ကျီးစွန်တို့ဘောင်၊ တစ်ကောင်ရလစ်၊ ဝိုင်းအော်ဟစ်သည့်၊ သားတစ်နှင့် ပမာတူကြကုန်၏' ဆိုတဲ့ မြတ်စွာဘုရားရှင်ရဲ့ စကားတော်အတိုင်းပါပဲ။ 'ဉာဏ်စွမ်းနဲ့ နိုင်အောင်မထိန်းတတ်ဘဲ ကံဟောင်းကံစွမ်းတွေကို များများခံစားမိခြင်းဟာ ကံဆိုးကံတိုးတွေကို အဆမတန် များများပေးဆပ်ရစမြဲဖြစ်တယ်' ဆိုတာဟာလည်း ဒီသဘောကိုပဲ ပြောတာပါ။

တချို့ကတော့ ထင်ကြမှာပေါ့။ အဇာတသတ် အခုလိုဖြစ်ရတာဟာ ရှင်ဒေဝဒတ်ကို ဆရာတင်ခဲ့မိတဲ့ ပါပမိတ္တအပေါင်းအသင်း မှားမှုကြောင့်လို့။ ဒါဟာ အခြံအရံ အကြောင်းတရားတစ်ခုအနေနဲ့တော့ မှန်ပါတယ်။ တကယ့်အကြောင်းအရင်းကတော့ ကံစွမ်းကို ဉာဏ်စွမ်းနဲ့ အသုံးချတတ်လောက်အောင် ကိုယ့်ကိုယ်ကိုယ် တည်ဆောက်မှု အတ္တသမ္မာပဏိဓိသမ္ပတ္တိစက် ချို့တဲ့မှုကြောင့်သာ ဖြစ်

တယ်လို့ ရွှေကျင် ဥပသာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီးက သုံးသပ်တော်မူပါတယ်။

ဒါ အမှန်ပါပဲ။ လက်ဝဲရံ၊ လက်ယာရံ အလောင်းအလျာကြီး များဟာလည်း ပထမဆုံးအနေနဲ့ သိဥ္စည်းဆရာကြီးနဲ့ ပေါင်းသင်းမိကြ တာပါပဲ။ ဒါပေမဲ့ အရာရာကို ဉာဏ်စွမ်းနဲ့ သုံးသပ်ဆုံးဖြတ်နိုင်တဲ့ အတ္တသမ္မာပဏိဓိသမ္ပတ္တိစက် ပြည့်ဝတော်မူကြတဲ့အတွက် ဆရာမှား၊ အပေါင်းအသင်းမှားကို အချိန်မီ စွန့်ခွာနိုင်ကြလို့ နောက်ဆုံးတော့ ဘုရားရှင်ရဲ့သာသနာတော်မှာ အမြတ်ဆုံးတပည့် (အဂ္ဂသာဝက) ကြီးများအဖြစ်နဲ့ ပရိနိဗ္ဗာန် စံဝင်တော်မူနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ဉာဏ်စွမ်းကသာ ပဓာနလို့ ဆိုရတာပါ။

အဇာတသတ်ရဲ့ ဘဝဖြစ်စဉ်မှာ နောက်ထပ် သတိထားပြီး အသိပွားစရာတစ်ခုကတော့ ကံစွမ်းကံကျိုးတွေဆိုတာ မကောင်းကံရဲ့ မကောင်းစွမ်း မကောင်းကျိုးတွေကို မဆိုထားနဲ့၊ ကောင်းကံရဲ့ ကောင်းစွမ်း ကောင်းကျိုးတွေသည်ပင် ဉာဏ်စွမ်းချို့တဲ့သူများအတွက် ကံတိုးတက်စေနိုင်တာမို့ ကံစွမ်းကံကျိုးမှန်သမျှဟာ အဆိုးဆီကိုသာ ဦးတည်စေတယ်လို့ သတိထား အသိပွားစရာပါ။ ဒါကြောင့်လည်း ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ 'ကံကောင်းကံဆိုး နှစ်မျိုးလုံးတို့ဟာ နောက်ဆုံးမှာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝတို့နဲ့သာ နိဂုံးချုပ်ရမြဲ ဖြစ်တယ်' လို့ ဟောတော်မူခဲ့တာ ဖြစ်ပါလိမ့်မယ်။

(စကားလုံး သုံးသပ်ရလွယ်ကူအောင် ကံစွမ်းကို 'အရှိ'၊ ဉာဏ်စွမ်းကို 'အသိ' လို့ပဲ သုံးလိုက်ပါမယ်။) ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာ တော်အရ အရှိနှိပ်စက်တဲ့ဒဏ်က လွတ်မြောက်ချင်ရင် အရှိကို အသိနဲ့ နိုင်အောင် ထိန်းပြီး အသုံးချတတ်အောင် ကြိုးစားရမယ်လို့ ဆိုပါ တယ်။

မှန်ပါတယ်။ အရှိတရားများလို့ လူတွေ ထင်မှတ်စွဲလမ်းနေတဲ့သုံးမျိုးသုံးစားထဲမှာ ဒီဘဝလို့ ပြောပြောနေကြတဲ့ ခန္ဓာကိုယ်အစုအဝေးကြီးဆိုတာဟာတကယ်တော့ ကံအပေါင်ကြေးပေးပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရားလေးမျိုးနဲ့ စောင့်ထိန်းစောင့်ရှောက်ထားရတဲ့ အငှားပစ္စည်းမျှသာ ဖြစ်ပါတယ်။ အချိန်တန်ရင်ပြန်ပေးရမြဲဖြစ်လို့ ဘယ်သူမှ အပိုင်မရနိုင်ပါဘူး။

လူ့ဘဝလို သုဂတိဘုံသားဖြစ်ဖို့အတွက်ဆိုရင် ပေးရတဲ့ကုသိုလ်ကံကြေးကလည်း ကြီးမားခဲ့သလို စားဝတ်နေရေး၊ ကျန်းမာရေးအတွက်နေ့စဉ်ပေးနေရတဲ့ အတိုးကလည်း ကြီးမားပါတယ်။ အတိုးကြီးတဲ့အငှား ဆိုတာ အမြတ်များအောင် အသုံးမချတတ်ရင် အရှုံးကြီးမားမြဲဖြစ်တာ ဓမ္မတာပါပဲ။ ခုလက်ရှိ လူ့ဘဝလို သာသနာတော်နဲ့ ကြုံရဖို့ ဆိုတာက ဘုရားရှင်ဟောကြားခဲ့သလို တကယ့် 'ဒုလ္လဘ' တရားကြီးဆိုတာ သတိပြုကြရမှာပါ။ ကောသလအိပ်မက်ထဲက 'တစ်သိန်းတန်ရွှေခွက် ရက်တက်(စိမ်ရည်)နဲ့ လဲသောက်' ဆိုသလို ရခဲတဲ့ဒုလ္လဘရတနာကို တစ်ဘဝစာတောင် မသေချာတဲ့စည်းစိမ်ဥစ္စာများနဲ့အပြီးတိုင် လဲလှယ်မပစ်မိကြအောင် ကိုယ့်ဘဝကိုယ် တန်ဖိုးထားအသုံးချတတ်ဖို့ အရေးကြီးပါတယ်။

မြတ်ဗုဒ္ဓရဲ့အဆုံးအမများနဲ့အညီ အရှိကို အသိနဲ့ အသုံးချတတ်ဖို့အတွက် အရှိတို့ရဲ့သဘောအမှန်ကို သိအောင် ကြိုးစားရပါလိမ့်မယ်။ သတ္တဝါတို့ကျင်လည်နေရတဲ့ သံသရာဆိုတာဟာ ထောက်ရာ၊ တည်ရာ အခိုင်အမာမရနိုင်တဲ့အတွက် ရေပြင်နဲ့ ပမာတူတယ်လို့ဆိုလိုပါတယ်။ သံသရာရေပြင်မှာ ဖြစ်နေရတဲ့ ဘဝခန္ဓာဆိုတာ တကယ်တော့ အငှားနဲ့ ခဏရထားတဲ့ လှေငယ်လေးတစ်ခုမျှသာဖြစ်တယ်။ ကောင်းဆိုးနှစ်တန် လောကဓံလှိုင်းပုတ်သလို လှုပ်နေရပြီး ရေဆန်ကို

လှေမဆန်နိုင်ရင်တော့ ဖြစ်ချည် ပျက်ချည် မြုပ်ချည် ပေါ်ချည်နဲ့ မျော နေကြရမှာပါ။

အခုလို သာသနာတော်နဲ့ ကြုံခိုက်မှာ မြတ်ဗုဒ္ဓတည်ဆောက် ပေးခဲ့တဲ့ ရွှေဖောင်မဂ္ဂင် သင်္ဘောယာဉ်ကြီး စီးခွင့်ကြုံတုန်း အပိုင်စီးပြီး လိုက်နိုင်သူတို့သာ ထောက်တည်ရာ တစ်ဖက်ကမ်းကို ရောက်နိုင် ကြပါလိမ့်မယ်။ မဂ္ဂင်ဖောင်သင်္ဘောကို စီးခွင့်ရဖို့အတွက် ပေးရမယ့် လက်မှတ်ခ ဆိုတာကတော့ အထွေအထူး မဟုတ်ပါဘူး။ 'သတိ' တရားပဲ ဖြစ်ပါတယ်။ သတိပဋ္ဌာန်လက်မှတ်လို့ ဆိုနိုင်ပါတယ်။ အရှိကို သတိနဲ့ကပ်ပြီး ရှုမှတ်နိုင်ရင် အရှိတိုင်းရဲ့ မခိုင်မမြဲတဲ့အနိစ္စ သဘော၊ သည်းခံ ကျေနပ်စရာမရှိတဲ့ ဒုက္ခသဘော၊ အစိုးမရ အလိုကျ မဖြစ်တဲ့ အနတ္တသဘောတို့ကို သိမြင်တဲ့ ဝိပဿနာ ပညာဉာဏ် ရင့်သန်ပြီး နိဗ္ဗာန်ကမ်းကို ဆိုက်ရောက်မယ်လို့ မြတ်ဗုဒ္ဓက ညွှန်ပြ တော်မူခဲ့ပါတယ်။

နောက်ထပ် အရှိတစ်မျိုးဖြစ်တဲ့ 'အတွယ်အတာ' ဆိုတာက လည်း ကံလှေကြုံတုန်းအခိုက်အတန့်မှာ ခိုစီးလာကြတဲ့ ကံကြုံစီးများ သာ ဖြစ်ပါတယ်။ တကယ်တော့ လာရာလမ်းကြောင်း ကံအကြောင်း တရားကလည်း သီးခြားစီ (နာနာဘာဝ) ဖြစ်သလို၊ လက်ရှိဖြစ်တည်နေ တဲ့ ခန္ဓာကိုယ်ချင်းကလည်း သီးခြားစီ (ဝိနာဘာဝ) ဖြစ်တဲ့အတွက် ရှေ့ဆက်ရမယ့်ခရီး ဆိုတာကလည်း ကိုယ့်ကံအကြောင်းနဲ့ ကိုယ် သီးခြားစီ (အညထာဘာဝ) ဖြစ်တာမို့ 'တစ်တွဲတည်း မခွဲဘဲ' ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ဘူး ဆိုတာကို အမှန်အတိုင်းသိရှိ လက်ခံ ထားရမှာ ဖြစ်ပါတယ်။ ဒီလို ကိုယ်ပိုင်အသိနဲ့ ကြိုတင်လက်ခံ မျှော် လင့်ထားသူများအတွက် 'မမျှော်လင့်ဘဲ ဗြုန်းခနဲ' ဆိုတာမျိုး မဖြစ် နိုင်တော့လို့ သောကဖြစ်စရာနဲ့ ကြုံရရင်တောင် သောကကို ပါးပါး

လေးမျှပဲ ဖြစ်ရနိုင်ပါတယ်။ နောက်ထပ် အရိုတစ်ခုဖြစ်တဲ့ 'စီးပွား ဥစ္စာ' ဆိုတာဟာလည်း ကံကြုံတုန်း ခဏတင်လာတဲ့ အခိုက်အတန့် (တာဝကာလိက) ပစ္စည်းတွေပါ။ ကံမကြုံတော့ရင် တခြားကံကြုံရာ နောက် ပါသွားစမြဲပါပဲ။ ဒီအသိတရား လက်ကိုင်မထားနိုင်ကြရင် တော့ ဒီစီးပွားဥစ္စာဆိုတဲ့ အရိုကလေးအတွက် အချင်းချင်း ရက်ရက် စက်စက် သတ်ဖြတ်ညှဉ်းဆဲကြရင်း ပွက်ပွက်ဆူနေကြမှာပါပဲ။ ဒီနေ့ ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေတဲ့ မငြိမ်မသက်မှုတွေ အများစုဟာ ဒီအရို တရားလေးအတွက် ဖြစ်နေကြတာပါပဲ။ အသိနဲ့ နိုင်အောင် မထိန်း တတ်ကြလို့ အရိုနှိပ်စက်တဲ့ဒဏ် ခံနေကြရတယ်လို့ပဲ ဆိုရပါလိမ့်မယ်။

ကံနဲ့ ဆက်စပ်ပြီးမှ ရရှိလာတဲ့ ဒီကံစွမ်းအရိုများဟာ တစ်ဘဝ တာအတွက် ခဏသာ ပိုင်ဆိုင်ခွင့်ရှိတာမို့ သံသရာတစ်လျှောက် သယ်ဆောင်ချင်လို့ မရနိုင်ဘူးဆိုတာ သတိထားတတ်သူတိုင်း သတိ ထားပြီးသားချည်းပါပဲ။ အဲ... အသိတရားနဲ့ ထိန်းချုပ် အသုံးချ တတ်သူများအနေနဲ့တော့ ဒီအရိုတရားတွေဟာ ဒီအတိုင်းသာ နောင် ဘဝရောက်အောင် သယ်ဆောင်မသွားနိုင်ကြပေမယ့် 'ကံ' အဖြစ် ပြောင်းလဲနိုင်ရင်တော့ နိဗ္ဗာန်ထိအောင် သယ်ဆောင်လို့ ရနိုင်ကြ ပါတယ်။ အရိုကို အသိနဲ့ အသုံးချပြီး နိဗ္ဗာန်အထိ သယ်ဆောင်သွား တယ်လို့ ဆိုရမှာပါ။

ဟုတ်ပါတယ်။ ခန္ဓာဆိုတဲ့ အရိုကို အသိနဲ့ အသုံးချနိုင် ရင် ကာမာဝစရကုသိုလ်ကံတွေထဲမှာ အမြင့်ဆုံးဖြစ်တဲ့ ဝိပဿနာ ကုသိုလ်ကံအဖြစ် ပြောင်းလဲပြီး မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာနယ် ရောက်အောင် သယ်ဆောင်နိုင်သလို ပစ္စည်းဥစ္စာအရိုတို့ကို အထောက် အကူပစ္စည်းများအဖြစ် အသုံးချပြီးတော့လည်း ဒါန သီလ ဘာဝနာ ကုသိုလ်ကံများအဖြစ်နဲ့ နိဗ္ဗာန်အထိ အထောက်အကူရအောင် သယ်

ဆောင်နိုင်ပါတယ်။ အတွယ်အတာ အရှိများကိုလည်း ကံကောင်းများ တည်ဆောက်ပြောင်းလဲနိုင်ရေးအတွက် အကူအညီ (ဥပနိဿယ) များအဖြစ် အသုံးချနိုင်တာပါပဲ။

ဒါကြောင့် ကံစွမ်း 'အရှိ' များဟာ ဉာဏ်စွမ်း 'အသိ' နဲ့ အသုံးမချတတ်ရင် ပိုင်ဆိုင်မှုကို နှိပ်စက်တတ်ကြပြီး ဉာဏ်စွမ်း 'အသိ' နဲ့ နိုင်အောင် ထိန်းချုပ် အသုံးချတတ်သူများကိုတော့ လောကုတ္တရာနယ်အထိ ပို့ပေးနိုင်တယ်လို့ ဆိုချင်ပါတယ်။ အပါယ်နဲ့ နိဗ္ဗာန် ကြိုက်ရာလမ်းကိုရွေးပြီး ကြိုက်ရာခရီးအတွက် 'ကံ' လက်မှတ်ဝယ်ခွင့် ပေးနေတယ်လို့ပဲ ဆိုပါရစေ။ ကိုယ်ပြုသမျှကံများသည်ပင် ကိုယ်ရှေ့ဆက်ရမည့် ရှေ့ခရီးအတွက် ခရီးသွားလက်မှတ်များ ဖြစ်ပါတော့သတည်း။

❒

## အနန္တမော်ကွန်းဝင် ကုသိုလ်ရှင်များ

'ကုသလ = ကုသိုလ်' ဆိုတဲ့ ပုဒ်ကို 'ကောင်းတဲ့အလုပ်' လို့ ဝေါဟာရအနက် ပြန်ဆိုကြတယ်။ တိုက်ရိုက်အနက်ကတော့ 'အကျိုးမဲ့များကို ဖြတ်တောက်ပယ်ရှားတတ်တဲ့အလုပ်' လို့ အဓိပ္ပာယ်ရပါတယ်။ ဒီအလုပ်ဟာ ပြုလုပ်သူတို့ရဲ့စေတနာနဲ့ ရည်ရွယ်ချက်ကို လိုက်ပြီး သုံးမျိုးသုံးစားကွဲပြားတာကို တွေ့ရတယ်။

အနိမ့်ဆုံးနဲ့ အဖြစ်အများဆုံးကတော့ အများက အထင်ကြီးဖို့ဆိုတဲ့ လောကပကာသနကို ငဲ့ကွက်ပြီးလုပ်တဲ့ ကုသိုလ်မျိုးပါ။ 'ကုသိုလ် ဖြစ်ဖို့ထက် မဏ္ဍပ်တိုင်တက်ပြဖို့ အဓိကထားတဲ့ အလုပ်မျိုးဖြစ်လို့ စွန့်လွှတ်တဲ့စေတနာထက် တောင့်တတဲ့ အလိုဆန္ဒတွေက လွှမ်းမိုးနေတဲ့ အညံ့စားကုသိုလ်မျိုး ဖြစ်ပါတယ်။ ပျော်ပွဲရွှင်ပွဲ သောက်ပွဲစားပွဲများနဲ့ ပူးတွဲနေတဲ့ မွေးနေ့ပါတီပွဲ ဆိုတာတွေနဲ့ တယ်မထူးပါဘူး။ အဘိဓမ္မာမှာတော့ ဩမက (အောက်တန်းစား) ကုသိုလ်' လို့ ခေါ်ပါတယ်။

နောက်တစ်ဆင့်မြင့်တဲ့ ကုသိုလ်မျိုးကျတော့ 'ကောင်းတာလုပ်မှ

ကောင်းကျိုးရတယ်' ဆိုတဲ့ အမြင်ရှိတယ်။ ဒါပေမဲ့ ကိုယ့်အတွက် ကောင်းကျိုးရဖို့ဆိုတဲ့ ရည်ရွယ်ချက်သာရှိတယ်။ အများအကျိုးဆောင် လိုမှုကို အဓိကမထားဘူး။ ဒီကုသိုလ်မျိုးက ကမ္မသကတ သမ္မာဒိဋ္ဌိ အမြင်ရှိလို့ ကုသိုလ်ရိုးရိုးတော့ ဖြစ်ပါတယ်။ တောင့်တမှုတွေပါနေလို့ ပါရမီတော့ မမြောက်ဘူး။ အဆင်းလှပြီး ချမ်းသာရချင်လို့ ပစ္စေက ဗုဒ္ဓါကို 'ဝတ်ပန်းပုဆိုး' လှူတဲ့ ဥမ္မာဒန္တီ လောင်း သူငယ်မရဲ့အလှူမျိုး လိုပေါ့။

အမြင့်ဆုံးဖြစ်တဲ့ ကုသိုလ်စစ်စစ်ဆိုတာ ကိုယ့်အတွက် လောက ပကာသနတို့၊ လောကီချမ်းသာတို့ကို ဘာမျှမတောင့်တဘဲ တစ်စ တစ်စ စွန့်ဝံ့မှ စွဲလမ်းမှုအားလုံးတို့ လွတ်ကင်းရာနိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်မယ် ဆိုတဲ့ လောကလွတ်မြောက်ဖို့ ရည်ရွယ်ပြီး အများ အကျိုးဆောင် ရွက်လိုမှုသက်သက်နဲ့ ပြုလုပ်တဲ့ ကုသိုလ်မျိုးပါ။ ဒီ ကုသိုလ်မျိုးဟာ အမြင့်ဆုံးဆီကို ဦးတည်နေတဲ့အတွက် ပါရမီ(မြင့်မြတ် ခြင်းရဲ့အကြောင်း) ကုသိုလ်လို့လည်း ခေါ်ပါတယ်။

ဒီကုသိုလ်သုံးမျိုးထဲမှာ အောက်ကျတဲ့ကုသိုလ်မျိုးက အထက် ကုသိုလ်တို့ရဲ့ အကျိုးတရားမျိုးကို မရနိုင်ပေမယ့် အထက်ကုသိုလ်တို့ ကတော့ အောက်ကုသိုလ်တို့ရဲ့အကျိုးကို ရနိုင်ပါတယ်။

ဥပမာ– ကျော်ကြားမှုအတွက်သာ လုပ်တဲ့ ကုသိုလ်ဟာ ကောင်းကျိုးချမ်းသာကို မရနိုင်ပေမယ့် ကောင်းကျိုးချမ်းသာအတွက် လုပ်တဲ့ ကုသိုလ်ကတော့ ကျော်ကြားမှုရော၊ ကောင်းကျိုးချမ်းသာပါ နှစ်မျိုးလုံးကို ရနိုင်ပါတယ်။ ဥမ္မာဒန္တီဟာ ကျော်ကြားမှုနဲ့ ကောင်းကျိုး ချမ်းသာ နှစ်မျိုးလုံးကို ရရှိသလိုပေါ့။ ပါရမီမမြောက်တဲ့အတွက် နိဗ္ဗာန်ရဲ့အထောက်အပံ့တော့ မဖြစ်ပါဘူး။

ပါရမီမြောက်အောင်ပြုလုပ်တဲ့ အမြင့်ဆုံးကုသိုလ်ရှင်များ

ကျတော့ အမြင့်ဆုံးအကျိုးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရနိုင်တယ်။ ဒီကုသိုလ်မျိုးကို ဓမ္မအတွက်သာ အဓိကထားတာဖြစ်လို့ ဓမ္မပကာသန ကုသိုလ်လို့လည်း ခေါ်ဆိုပါတယ်။ ကျော်ကြားမှုနဲ့ လောကီကောင်းကျိုး ချမ်းသာအရာမှာလည်း ဘုရားအဆူဆူတို့ကိုယ်တိုင် စဉ်ဆက်မပြတ် မော်ကွန်းထိုးရလောက်အောင် ကြီးကျယ်ကြလို့ အနန္တမော်ကွန်းဝင် ကုသိုလ်ရှင်များလို့ ဆိုရပါလိမ့်မယ်။

ထင်ရှားတဲ့ သာဓကအဖြစ်နဲ့ ပွင့်တော်မူပြီးတဲ့ ဘုရားရှင်တွေ ထဲက ဘုရားရှင် ၂၈ ဆူတို့ရဲ့ ကျောင်းဒကာကြီးများရဲ့ ဂုဏ်သတင်းဟာ ဘုရားရှင်တို့ရဲ့ ပိဋကတ်တော်တွေထဲမှာ ဘုရားရှင်ကိုယ်တော်တိုင် မော်ကွန်းတင်ခဲ့တာကို ကြည့်ရင် သိနိုင်ပါတယ်။ နောက် ဘုရားရှင် အဆက်ဆက်တို့ကလည်း ဆက်လက်မော်ကွန်းထိုးတော်မူကြဦးမှာ မလွဲပါဘူး။

ဒီလောက်ကြီးကျယ် မြင့်မြတ်တဲ့ ကုသိုလ်ရှင်ကြီးတွေ ဘယ်လို စိတ်စေတနာထားကြတယ် ဆိုတာ အားကျအတုယူနိုင်အောင် အခု ကျွန်ုပ်တို့ဘုရားရှင်ရဲ့ ကျောင်းဒကာကြီး အနာထပိဏ်ရဲ့စိတ်ထားပုံကို အာရုံပြုကြည့်ရအောင်ပါ။

ဘုရားရှင် အများဆုံး သီတင်းသုံးတော်မူခဲ့ရာလည်း ဖြစ်၊ မြတ်ဗုဒ္ဓခေတ် သာသနာတော်နဲ့ အဓိကဌာနချုပ်ကြီးသဖွယ်လည်း ဖြစ်တဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ဒါယကာက ငယ်နာမည် 'သုဒတ္တ' လို့ ခေါ်ပြီး သူဌေးရာထူး ရလာတဲ့အခါမှာ တော့ ခိုကိုးရာမဲ့တို့ကို အစားအစာပေးတတ်တဲ့ ဂုဏ်ထူးကို အကြောင်း ပြုပြီး အနာထပိဏ္ဍိက (ခိုကိုးရာမဲ့တို့ရဲ့ ထမင်းရှင်) လို့ အများက ခေါ်ကြပါတယ်။ ရဋ္ဌသညာ သုဒတ္တ၊ အန္ဝတ္ထသညာက အနာထပိဏ် လို့ ဆိုကြပါစို့။

မြတ်စွာဘုရား ပွင့်တော်မူပြီး ဒုတိယဝါ ရာဇဂြိုဟ်ပြည် ဝါကပ်သီတင်းသုံးနေစဉ်မှာ သာဝတ္ထိပြည်က အနာထပိဏ် သူဌေးကြီးဟာ အရောင်းအဝယ်နဲ့ ရာဇဂြိုဟ်ကိုရောက်တုန်း ဘုရားရှင်နဲ့တွေ့ပြီး တရားနာခွင့်ရတဲ့အတွက် သောတာပန် အရိယာပုဂ္ဂိုလ်ကြီးအဖြစ် ရောက်ရှိပါတယ်။

တရားတော်ရဲ့ကျေးဇူးနဲ့အတူ ရတနာသုံးပါးရဲ့ကျေးဇူးကို အပြည့်အဝသိရှိ ခံစားရတဲ့အခါ မိမိရဲ့နေရပ် သာဝတ္ထိပြည်မှာ ရတနာ အစစ်များ ထွန်းကားစေချင်တဲ့ဆန္ဒ ဖြစ်လာတယ်။ လောကီရတနာလို့ခေါ်တဲ့ ရတနာအတုတွေဟာ ငွေကြေးအရှိန်အဝါတို့နဲ့ ပြည့်စုံတဲ့ လူနည်းစုအတွက်သာ ကန့်သတ်ထားသလို ဖြစ်နေလို့ လူတန်းစား အစုံအတွက် ရနိုင်ခွင့်မရှိသလောက် ဖြစ်ပေမယ့် လောကုတ္တရာဖြစ်တဲ့ ရတနာအစစ်များကတော့ မျက်နှာကြီးငယ်မရွေး၊ ရာထူးအာဏာရှိ/မဲ့မရွေး သဒ္ဓါတရားရှိသူတိုင်း ရရှိနိုင်တဲ့အတွက် လူတန်းစားမရွေး ရရှိခံစားခွင့်ရှိကြမယ်ဆိုတာကိုလည်း မျှော်တွေးမိတယ်။

မိမိဆန္ဒကို လျှောက်ထားတဲ့အခါ ဘုရားရှင်က သင့်လျော်တဲ့ နေရာကျောင်းကန်နဲ့ ပြည့်စုံရင် သီတင်းသုံးမယ် ဆိုတဲ့ ဝန်ခံချက်ပေးပြီး ခွင့်ပြုလိုက်ပါတယ်။ သာဝတ္ထိပြည်ပြန်ရောက်လို့ ဘုရားရှင်နှင့် သံဃာတော်တို့အတွက် သင့်လျော်မယ့်နေရာကို ရှာတဲ့အခါ ဇေတမင်းသားပိုင်တဲ့ ဥယျာဉ်ခြံမြေကို သွားတွေ့ပါတယ်။ ဟုတ်ပါတယ်။ ဒီနေရာဟာ ဂေါစာရဂါမ်မြို့ရွာနဲ့လည်း အလှမ်းအကမ်းကောင်းသလို၊ မြေမျက်နှာပြင်ကလည်း ပြန့်ပြူးကျယ်ဝန်းပြီး၊ မဇ္ဈိမဒေသရဲ့ ဗဟို အချက်အချာလိုဖြစ်တဲ့အတွက် ရှေးဘုရားအဆူဆူတို့ရဲ့ ကျောင်းတိုက်ဟောင်းနေရာကြီးလည်း ဖြစ်ပါတယ်။

မြေနေရာအရောင်းအဝယ် စကားပြောကြတဲ့အခါ ပထမပိုင်းမှာ ရှောရှောရှူရှူ မဖြစ်ပါဘူး။ စကားအချေအတင် ပြောကြရပြီး ရုံးပြင်ကနားရောက်တော့မှပဲ မြေနေရာကွက်လပ်ပြည့် ရွှေဒင်္ဂါးခင်းပြီး တန်ဖိုးပေးချေရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြီးပြတ်သွားပါတယ်။

တန်ဖိုးပေးချေတဲ့အခါမှာ ရေကွက်၊ ရေအိုင်နေရာအကျယ်အဝန်းများအတွက်ပါမကျန် မြေကွက်လပ်ပြည့်စေဖို့အတွက် ရွှေဒင်္ဂါးပြားများကို တစ်ခုပေါ် တစ်ခု နဘေထပ်ခင်းပြီး ပေးချေရတယ်။ ဒီလိုခင်းတဲ့အခါ ရွှေဒင်္ဂါးပြားများက တစ်ဖက်စောင်းထောင်နေသလိုဖြစ်လို့ စာမှာတော့ 'စောင်းထောင်ခင်းပေးချေရတယ်' လို့ သုံးပါတယ်။

ဘဏ္ဍာတိုက်ကနေ ရွှေဒင်္ဂါးတွေကို လှည်းနဲ့ တိုက်ထုတ်ပြီး ပေးချေနေစဉ်မှာ အနာထပိဏ်သူဌေးကြီးရဲ့ စိတ်ထဲကတော့ ဒီရတနာအတုတွေခင်းလိုက်ရတဲ့နေရာမှာ ရတနာအစစ်တွေ ထွန်းကားလာတော့မယ့်အရေးကို မျှော်တွေးမိပြီး တစ်လှည်းကုန်သွားတိုင်း တစ်ဆတိုးပြီး ဝမ်းသာအားရ ဖြစ်နေပါတယ်။ ဒါကိုကြည့်ပြီး ဇေတမင်းသားက 'ဘယ့်နှယ် ဒီသူဌေးကြီးမျက်နှာဟာ ဥစ္စာတွေ တစ်လှည်းပြီး တစ်လှည်းကုန်သွားတာကို ကြည့်ပြီး တစ်လှည်းပြီး တစ်လှည်းရနေတာထက် ဝမ်းသာအားရ ဖြစ်နေပါလား။ ကေန္တ ဒါဟာ အကြောင်းမဲ့ အချည်းနှီး မဟုတ်တန်ရာဘူး' လို့ အတွေးပေါက်လာတယ်။

ဒါကြောင့် နောက်ဆုံးမုခ်ဦးနေရာကို ပေးချေမယ်လုပ်တဲ့အခါမှာတော့ 'တော်ပါတော့ သူဌေးကြီး... ဒီမုခ်ဦးနေရာလေးကိုတော့ ကျွန်ုပ် ကုသိုလ်ပါဝင်ပါရစေ။ မြေနေရာနဲ့အတူ မုခ်ဦးကိုလည်း ဆောက်လုပ်လှူဒါန်းပါ့မယ်၊ အဲ... မုခ်ဦးမှာ ကမ္ပည်းထိုးတဲ့အခါမှာတော့ ကျွန်ုပ်ရဲ့အမည်နဲ့ 'ဇေတဝန ဝိဟာရ' လို့ ရေးထိုးခွင့်ပြုပါလို့ တောင်းဆိုလာပါတယ်။

အနာထပိဏ်သူဌေးကြီးက ကျောင်းတိုက်ကြီး ဖြစ်ပေါ်ရေးမှာ မြေနေရာရယ်၊ အဆောက်အအုံရယ်၊ ကျောင်းလွှတ်လှူဒါန်းပွဲ ကုန်ကျစရိတ်ရယ် တစ်မျိုး ၁၈ ကုဋေနှုန်းနဲ့ အားလုံး ၅၄ ကုဋေကုန်ကျခံရတဲ့ ကျောင်းတိုက်ကြီးတစ်ခုလုံးအတွက် မှခ်ဦးကုသိုလ်ရှင်က သူ့နာမည်နဲ့ ကမ္ပည်းထိုးခွင့်တောင်းတယ် ဆိုတာ သာမန်လူတစ်ယောက်သာဖြင့် 'ရန်စကားပြောတာလား' လို့ ထင်လောက်စရာပေါ့။ အနာထပိဏ်ကတော့ ဒီလိုမတွက်ပါဘူး။ ဒီနေရာမှာ ကျောင်းတိုက်ကြီး တည်ဆောက်တာဟာ ဘုရားရှင်နဲ့ သံဃာတော်တို့အတွက် အဆင်ပြေပြေ သီတင်းသုံးနိုင်ဖို့သာ ဖြစ်တယ်။ ဒီလို သီတင်းသုံး နေထိုင်စေလိုတာကလည်း ဒီအရပ်မှာရှိကြတဲ့ လူတွေ ရတနာသုံးပါးကို သိမြင်ယုံကြည်ကိုးကွယ်ခွင့်ရကြဖို့နဲ့ ဘုရားရှင်နှင့် သာသနာတော် ထွန်းကားပြန့်ပွားဖို့ဖြစ်တယ်။ အခု ဘုရားရှင်နဲ့ သံဃာတော်တွေ ရောက်မလာသေးခင်ကတည်းက ဇေတမင်းသားလို ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ဦး သာသနာတော်ကို ကြိုတင်ကြည်ညိုလာတယ်ဆိုတာ တကယ့်ပုဗ္ဗမင်္ဂလာကြီး တစ်ခုပဲလို့ တွက်ပြီး ဇေတမင်းသားရဲ့တောင်းဆိုချက်ကို လိုက်လျောခွင့်ပြုခဲ့ပါတယ်။ သောတာပန်အရိယာကြီးရဲ့အသိအမြင်မှာ ကံဆိုတာ ရေးထိုးထားတဲ့ကမ္ပည်းက အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး။ မှန်ကန်တဲ့ရည်ရွယ်ချက်နဲ့ စေတနာ ကသာ အဆုံးအဖြတ်ပေးတယ် (စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ) ကိုလည်း အမြင်ရှင်းထားပြီးဖြစ်လို့ စာလုံးနဲ့ ရေးထိုးမည့် ကမ္ပည်းမော်ကွန်းဟာ သူ့အတွက် ဘာမှ အရေးမပါတော့ပါဘူး။ နှလုံးသားမှာ ထိုးထားတဲ့ စေတနာမော်ကွန်းက အနန္တခိုင်မြဲနေပါပြီ။

ဒါ အမှန်ပါပဲ။ ဘယ်လိုပဲ အမည်ကမ္ပည်း ထိုးထားထား ဘုရားရှင်ရဲ့ကျောင်းဒကာကြီးဟာ အနာထပိဏ်ဖြစ်တယ် ဆိုတာက

တော့ အခု ဘုရားရှင်ရဲ့ပိဋကတ်တော်မှာ မော်ကွန်းတင်ထားသလို နောက်ဘုရား အဆူဆူတို့လက်ထက်ထိလည်း အနန္တမော်ကွန်းဝင် ကုသိုလ်ရှင်ကြီးများ ဖြစ်နေမှာ သေချာပါတယ်။

အမြင့်ဆုံးကုသိုလ်အစစ်ကို အားကျ အတုယူ အနန္တမော်ကွန်း ဝင်စစ်စစ်များ ဖြစ်နိုင်ကြပါစေ။

❐

# လူရည်သန့်

ဓမ္မနယ်ပယ်မှာ အရှိအသေ အလေးအမြတ်ပြုထိုက်တယ်၊ တန်ဖိုး မဖြတ်နိုင်အောင် မြင့်မြတ်တယ်၊ အတုလည်းမရှိဘူး၊ တွေ့မြင်ရဖို့ လည်း ခဲယဉ်းတယ်၊ အဆင့်မီ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တို့သာ သုံးဆောင် ခွင့်ရှိတယ်ဆိုတဲ့ အရာမျိုးကို 'ရတနာ' လို့ သတ်မှတ်ကြတယ်။

လောကနယ်ပယ်ကတော့ နှစ်သက်ရွှင်လန်းခြင်း၊ ကျေနပ်ဝမ်း မြောက်ခြင်းကို ဖြစ်စေတတ်ပြီး ရှားပါးအဖိုးတန်တဲ့ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ စိန် စတဲ့ အရာတွေကို 'ရတနာ' လို့ သတ်မှတ်ပြီး တန်ဖိုး ထား နှစ်သက်တတ်ကြတယ်။ ဒီရတနာတွေထဲမှာလည်း စစ်မှန်ပြီး အပြစ်အနာကင်းစင်ကြရင် ပတ္တမြားတို့ စိန်တို့ကို ပိုပြီး တန်ဖိုးရှိ တယ်လို့ သတ်မှတ်ကြပြန်သေးတယ်။

ဒါပေမဲ့ ရှေးခေတ်အဆက်ဆက်က စပြီး ခုချိန်အထိ အခိုင် အမာ အလေးအနက်ထားတဲ့ အရာတို့ရဲ့အမည်ကို အမြတ်တနိုး အမွှမ်း တင်လိုတဲ့အခါမှာတော့ အမည်နာမတွေရဲ့ရှေ့မှာ စိန်တို့၊ ပတ္တမြား တို့ကို အသုံးမပြုကြဘူး။ 'ရွှေ' ဆိုတဲ့ ဂုဏ်ပုဒ်နဲ့သာ တပ်ဆင်အသုံးပြု လေ့ရှိပါတယ်။ ဥပမာ– ရွှေစိတ်တော်၊ ရွှေကိုယ်တော်၊ ရွှေဘုံရွှေနန်း၊ ရွှေမန္တလေး ဆိုတာမျိုးပေါ့။

ဘာဖြစ်လို့ စိန်တို့၊ ပတ္တမြားတို့ထက် ရွှေကိုသာ အလေးထားပြီး ဂုဏ်ပုဒ်အဖြစ်နဲ့ အသုံးပြုရတာပါလိမ့်လို့ စဉ်းစားကြည့်တဲ့အခါ ရွှေမှာ တခြားရတနာတွေထက် ထူးခြားတဲ့ အခိုင်အမာအရည်အချင်း တွေရှိတယ်။ ဟုတ်တယ်။ စိန်တို့၊ ပတ္တမြားတို့ဆိုတာ ငရဲမီးနဲ့ တို့ တာကိုတော့ ခံနိုင် ရည်ရှိချင် ရှိမယ်၊ ရွှေလိုတော့ မီးဖုတ်တာ၊ တူ ထုတာ၊ နန်းဆွဲတာတို့ကို ခံနိုင်ရည်မရှိဘူး။ ရွှေက ဒီစမ်းသပ်ချက် တွေကို ခံနိုင်ရည်ရှိရုံသာမကဘူး။ ဒီလိုစမ်းသပ်လိုက်တဲ့အခါ သူ့အရည် အသွေးက ပိုပြီးတော့တောင် မြင့်တက်လာသေးတယ်။ ဒါကြောင့် လည်း မြတ်စွာဘုရားရှင်ရဲ့တရားတော်တွေထဲမှာ ပြောဆိုဆုံးမဖို့ လွယ်ကူတဲ့သူများကို 'အထပ်ထပ်လော်ပြီးတဲ့ရွှေလို နူးညံ့တဲ့စိတ်ထား ရှိတယ်' လို့ အမွှမ်းတင် ချီးကျူးတော်မူတာ တွေ့ရတယ်။ အမြတ်တနိုး ရှိတဲ့ အမည်တွေကို အမွှမ်းတင်ဂုဏ်ပြုပြီး ခေါ်ဆိုတဲ့အခါမှာလည်း 'ရွှေ' ဆိုတဲ့ ဂုဏ်ပုဒ်ကို သုံးတာဟာ ဒါကြောင့်များလားလို့ တွေးမိပါ တယ်။

ပန်းထိမ်ဆရာတွေပြောလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ 'ရွှေ မှန်ရင် မီးဖုတ်လို့ မမည်းရဘူး၊ တူထုလို့ မကွဲရဘူး၊ နန်းဆွဲလို့ မပြတ် ရဘူး၊ ငရဲမီးနဲ့တွေ့လည်း မဖြုံရဘူး' တဲ့။ ဒီစမ်းသပ်ချက်တွေကို မခံနိုင်ဘူး ဆိုရင်တော့ ရွှေရည်မပြည့်ဘူး၊ ရွှေရည်မသန့်ဘူးတဲ့။ ဒါမှ မဟုတ် ရွှေမစစ်ဘူးလို့ ဆိုကြတယ်။

လူအချင်းချင်း အကဲခတ်ပြောဆိုကြတဲ့အခါ ဥပမိရုပ်ပြေပြစ် ပြီး ဝတ်ဆင်နေထိုင်ပုံ သပ်သပ်ရပ်ရပ်ရှိတဲ့လူကို 'လူရည်သန့်' တယ် လို့ ပြောလေ့ရှိကြတယ်။ တကယ်တော့ 'လူ' ဆိုတာ သတ္တလောက ထဲမှာ အဆင့်အမြင့်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို အကဲခတ်တဲ့ နေရာမှာလည်း သတ္တုတို့ရဲ့အဆင့်အမြင့်ဆုံးဖြစ်တဲ့ 'ရွှေ' ကို အကဲခတ်

သလို စမ်းသပ်အကဲခတ်ကြရင် ပိုပြီးမှန်ကန်မယ်ထင်တယ်။

ဟုတ်တယ်။ လူတစ်ယောက် လောကထဲကို ရောက်လာတာနဲ့ တစ်ပြိုင်နက် သူရင်ဆိုင်ရမယ့် လောကဓံဆိုတာကလည်း ဖွားဖက်တော် ပမာ ပူးတွဲပါလာစမြဲပဲ။ ဒီလောကဓံတွေဆိုတာကလည်း တစ်ခါတလေ မီးလိုလည်း ပူတတ်တယ်။ တူထုသလိုလည်း ပြင်းထန်တတ်တယ်။ နန်းဆွဲပေါက်ထက်လည်း အကျဉ်းအကျပ် ကြုံချင်ကြုံတယ်။ ငရဲမီးလို လောင်တတ် စားတတ်တာမျိုးလည်း ရှိနိုင်တယ်။ ဒီလို ရင်ဆိုင်ရတဲ့ အခါ မည်းသွားမယ်၊ ကွဲသွားမယ်၊ ပြတ်သွားမယ်၊ စားသွား၊ ဖြုံ သွားမယ် ဆိုရင်တော့ ပန်းထိမ်ဆရာစကားနဲ့ ပြောရရင် လူရည်မပြည့် ဘူး၊ လူရည်မသန့်ဘူးလို့ပဲ ဆိုရလိမ့်မယ်ထင်ပါတယ်။

'လူ' ဆိုတာကို ပါဠိလိုတော့ 'မနုဿ' လို့ ခေါ်တယ်။ အဓိပ္ပာယ် ကတော့ စိတ်ထားမြင့်မြတ်သူ (စိတ်သဘောထားကြီးသူ) လို့ ဆိုလို တာပါ။ ဟုတ်ပါတယ်။ တိရစ္ဆာန်များဟာ မနာလိုဝန်တိုမှုတွေ၊ လောဘ ဒေါသ မောဟတွေ လွှမ်းကဲတဲ့အတွက် မြင့်မြတ်တဲ့စိတ်ထား မရှိတတ်ကြပါဘူး။ လူမှာသာ မေတ္တာ၊ ကရုဏာ စတဲ့ ဗြဟ္မစိုရ် တရားများ ထားနိုင်တတ်ကြလို့ စိတ်ထားမြင့်မြတ်သူများ ဖြစ်နိုင် ကြတာပါ။ တကယ့်လူ့အရည်အသွေး၊ လူ့အရည်အချင်း ဆိုတာ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ ချီးမွမ်းဝမ်းမြောက်ခြင်း၊ ခွင့်လွှတ်သည်းခံ ခြင်းဆိုတဲ့ ဗြဟ္မစိုရ်စိတ်ထားများပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က ဓမ္မပဒ (ဂါထာ- ၁၉) မှာ 'မကောင်းတဲ့စိတ်ထားဟာ အဲဒီစိတ်ထားရှိသူကို ယုတ်ညံ့ ဆိုးဝါးသူဖြစ်အောင် ပြုတတ်တယ်။ ကောင်းတဲ့စိတ်ထားက အဲဒီလို စိတ်ထားရှိသူကို အထက်တန်းကျသူဖြစ်အောင် ပြုတတ်တယ်' လို့ ဟောတော်မူတာ ဖြစ်ပါလိမ့်မယ်။ ကောင်းတဲ့စိတ်ထား (ဝါ) စိတ်ကို

ကောင်းအောင်ထား ခြင်းကို မင်္ဂလာတရားတော်မှာတော့ 'အတ္တသမ္မာပဏိဓိမင်္ဂလာ' လို့ ခေါ်ပါတယ်။

ဒီတရားတော်များရဲ့ အလိုအရကတော့ အထက်တန်းကျသူ၊ အောက်တန်းကျသူ၊ လူရည်သန့်သူ၊ မသန့်သူ ဆိုတာကို 'အတ္တသမ္မာပဏိဓိမင်္ဂလာ' ရှိ မရှိ ဆိုတာနဲ့ တိုင်းတာသတ်မှတ်မှသာ တိကျမှန်ကန်မယ်လို့ ဆိုလိုတဲ့သဘောပါ။

'အတ္တသမ္မာ ပဏိဓိမင်္ဂလာ'နဲ့ ပြည့်စုံအောင် ကိုယ်နှုတ်စိတ်ထားပြုပြင်ပုံနဲ့ ပတ်သက်လို့တော့ အရှင်ရာဟုလာကို မြတ်စွာဘုရားရှင်က ညွှန်ကြားဆုံးမခဲ့တာ ရှိတယ်။

'မိမိသွားရောက်လိုတဲ့ ပရိသတ်အလယ်မှာ ဂုဏ်သိက္ခာရှိရှိဝင်ဆံ့နိုင်ဖို့အတွက် မှန်ပေါ်မှာကြည့်ပြီး မိမိရဲ့ဝတ်ဆင်ပုံ၊ ဖြီးလိမ်းထုံးဖွဲ့ပုံ၊ အချိုးကျ မကျ၊ မျက်နှာနဲ့ ကိုယ်ပေါ်မှာ အစွန်းအပြစ် ရှိမရှိ ဆင်ခြင်ကြည့်သလို၊ မိမိရဲ့ကိုယ်နှုတ်စိတ်ထားများဟာလည်း မိမိရောက်လိုတဲ့ နေရာနဲ့ လိုက်လျောညီထွေမှု ရှိ မရှိ အသိဉာဏ်မှာ ထင်မြင်အောင် ဆင်ခြင်ကြည့်ပြီး အပြောအဆို၊ အပြုအမူ၊ စိတ်နေစိတ်ထားတို့ကို ပြုပြင်တည်ဆောက်ရမယ်' တဲ့။ ဒီလိုကောင်းအောင် ဆောက်တည်ထားနိုင်သူများသာ လူရည်သန့်စစ်စစ်များ ဖြစ်တယ်လို့ ဆိုပါတယ်။

လူရည်သန့်ကြပါစေ။

❐